www.burmeseclassic.com

# ဝ
# သျှူး

## ဝတ်ရည်မသိတဲ့လိပ်ပြာ



GRAPHIC DESIGN THEIN SHWE KYI

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဖျူးစာပေ)
အမှတ်- ၅၂၀(က)၊ အင်း၀ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် (မြ-၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ စော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
တိုပေါက် (Image Art Work)
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ
အုပ်ရေ - ၁၀၀၀ တန်ဖိုး - ၅၀၀
ဖြန့်ချီရေး
ဖျူးစာပေ
၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊
၀၁ ၈၅၀၀၆၉၆

| |
|---|
| ၈၉၅. ၈၃ |
| သိုး |
| ဝတ်ရည်မသိတဲ့လိပ်ပြာ |
| ဖျူးစာပေ ၊ ၂၀၁၄။ |
| ၂၄၈ - စာ ၊ ၁၂ × ၁၈ စင်တီ။ |
| (၁) ဝတ်ရည်မသိတဲ့လိပ်ပြာ |

## အခန်း (၁)

ကားမီးအလင်းရောင်အောက်မှာ မြင်လိုက်ရသောမြင်ကွင်းကြောင့် ခြေတစ်ဖက်က ဘရိတ်နင်းရပ်လိုက်ပြီး ဖြစ်သွားခဲ့သည်။

ကားပေါ်က ချက်ချင်းမဆင်းဖြစ်သေးဘဲ အခြေအနေမှန်ကို သိချင်တာမို့ အကဲခတ်စောင့်ကြည့်နေလိုက်၏။

ပလပ်စတစ်ဆွဲခြင်းလေးကို ကိုင်ထားသော မိန်းကလေးကို ဝန်းရံရပ်နေကြသည့် လူရွယ်က သုံးယောက်ဖြစ်သည်။ အမှောင်ရိပ်ကျနေသော နေရာမှာမို့ မျက်နှာတွေကို သဲကွဲစွာ မမြင်ရပါ။

ကြာကြာစောင့်မကြည့်လိုက်ရပါဘဲ ရဲရင့် သဘာပေါက်လိုက်ပါသည်။ မိန်းကလေးတစ်ယောက်ကို လူရွယ်သုံးယောက် အနှောင့်အယှက်ပေးနေတာတော့ သေချာနေသည်။

ကောင်မလေးအသွင် ကြည့်ရတာ ဒီစက်မှုဇုံထဲက စက်ရုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရုံမှာ အလုပ်လုပ်သူပဲဖြစ်မည်။ လူရွယ်ချာတိတ်သုံးယောက် ပုံစံတွေကတော့ သိပ်အချိုးပြေပုံမရှိတာ အထင်အရှား။

ရဲရင့် ကြည့်နေတုန်းမှာပဲ ဆံပင်အနီအရှည်နှင့် ဂျင်းဘောင်းဘီဝတ်ဆင်ထားသော ချာတိတ်က ကောင်မလေးလက်ကို လှမ်းဆွဲ၏။

"အို လွှတ် လွှတ်ပါ ကျွန်မ တောင်းပန်ပါတယ်"

"ကဲ မူယာပိုမနေစမ်းပါနဲ့ကွာ တို့နဲ့ဒီတစ်ည လိုက်ခဲ့၊ မင်းပျော်ရမယ် ရေရမယ် အေးဆေး"

"ဟင့်အင်း ရှင်တို့ထင်သလို ကျွန်မ မဟုတ်ဘူး၊ ကျွန်မ (...)စက်ရုံက ဝန်ထမ်းပါ"

"ဒါမျိုးတွေ ရိုးနေပြီ၊ ဒီမှာ မင်းအတွက်တစ်ညကြေးကို ငါတို့ ထိုက်ထိုက်တန်တန် ပေးနိုင်ပါတယ်ကွ"

"ဟင့်အင်း ဟင့်အင်း ကျွန်မ တောင်းပန်ပါတယ်"

"ဟာကွာ ဂျိုးလေး မင်းဟာက ဘာဖယားလဲကွာ၊ ငါတို့က စိတ်ရှည်တာ မဟုတ်ဘူး"

ဆံနီကောင်ဆိုတော့ နံဘေးက ဆံရှည်နှင့် မျက်နှာပေါက်ကြမ်းကြမ်း လူရွယ်က

"ကွိုင်မရှိပါဘူး မော်ကြီးရာ၊ တချို့က ကြမ်းကြမ်းလေးမှ သဘောကျတာမျိုးကွ"

စကားတွေက ကြမ်းတမ်းသလို ပုံစံတွေကလည်း နမသားချင်းစာနာတတ်မည့်ပုံမရှိတာ အထင်အရှား။ ကိုယ်နှင့်မဆိုင်တာမှန်ပေမယ့် ဥပေက္ခာပြု ရှောင်ထွက်သွားဖို့ကိုလည်း အသိစိတ်က လက်မခံနိုင်တော့





ရဲရင့် ကားတံခါး ဖွင့်ဆင်းလိုက်သည်။

"မင်းတို့ သူ့ကို ဆက်ဒုက္ခမပေးတာ ကောင်းမယ်"

သုံးယောက်စလုံးအကြည့်တွေ သူ့ဆီ ဖျတ်ခနဲ ရောက်လာကြသည်။ မြင့်မားသော အရပ်အမောင်းနှင့် ကျစ်လျစ်သော ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားကာ စတိုင်ကျသပ်ရပ်လွန်းသော ရဲရင့်အသွင်ကြောင့် ချာတိတ်သုံးယောက် နည်းနည်းတော့ ရှိန်သွားပုံရှိသည်။

"ခင်ဗျားနဲ့မဆိုင်ဘူး ထင်တယ်၊ ဒါ ကျွန်တော်တို့ပြဿနာပါ"

"မင်းတို့စကားတွေ ငါ နားထောင်စရာမရှိဘူး၊ ပြောနေတာတွေကိုလည်း ငါ ကြားပြီးပြီ၊ ရိုးရိုးသားသား ရှင်သန်နေတဲ့ မိန်းကလေးတစ်ယောက်ကို မင်းတို့ဒုက္ခမပေးသင့်ဘူး"

"ခင်ဗျား ဘာမှမသိပါဘူး၊ ဆရာကြီး မလုပ်ဘဲ ကိုယ့်လမ်းကိုယ်သွားနော်၊ ဂျိုးလေး ဘာကောင်လဲ မသိဘူးထင်တယ်"

"မင်းဘာသာ ဘာကောင်ဖြစ်ဖြစ် ငါ စိတ်မဝင်စားဘူး၊ ငါ တစ်ခုပဲ မေးမယ်၊ မင်းတို့ အေးအေးဆေးဆေး လှည့်ပြန်မလား၊ သူ့ကို ထပ်နှောင့်ယှက်နေဦးမှာလား ဒါပဲပြော"

ဂျိုးလေး ဆိုသည့်ကောင် မကျေမနပ် ဘုကြည့်ကြည့်ပေမယ့် ခွန်းတုံ့မပြန်ပါ။ ဆံနီနှင့် လူရွယ်က နံဘေးက အဖော်ကို လက်တို့ခေါ်ရင်း

"ဂျိုးလေး လာကွာ သွားကြမယ်"

ဂျိုးလေး မကျေနပ်ပေမယ့် အဖော်နှစ်ယောက် နောက်ဆုတ် ရှောင်ထွက်သွားတော့ နောက်က ခပ်သုတ်သုတ်ပြေးလိုက်သွားခဲ့သည်။

သွေးမရှိဘဲ လှုပ်ရှားနေကြသည့်ကောင်တွေပဲ ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချွေးတစ်စက်မခလိုက်ရဘဲ ပြီးဆုံးသွားသည့်ပွဲက ပျင်းစရာတော့ အကောင်းသား။

"ကျေး ကျေးဇူးပါပဲရှင်"

အသံတုန်တုန်ယင်ယင်လေးနှင့် ဆိုလာသော မိန်းကလေးကို အခုမှပဲ ရဲရင့် လှည့်ကြည့်လိုက်မိသည်။

နုဖတ်ဝင်းမွတ်နေသော မျက်နှာလေးက အလင်းရောင်မှိန်မှိန်အောက်မှာတောင် ကြည်လင်ဝင်းပနေသည်။ မျက်တောင်ကော့ကြီးတွေဝန်းခသော မျက်ဝန်းတွေက သူ့ကို စူးစူးနစ်နစ် စိုက်ကြည့်နေခဲ့၏။

နက်မှောင်သော ဆံပင်ဖြောင့်စင်းစင်းတွေကို နဖူးပြေပြေလေးပေါ်အောင် သပ်တင်စုနှောင်ထားသော မိန်းကလေးကို ရဲရင့်စိတ်က သိကျွမ်းရင်းနှီးနေသလို ထင်မိ၏။

ဆုံဖူးသည်လား။ မြင်ဖူးသည်လား ဝေခွဲမရတာတော့ အမှန်ပဲဖြစ်သည်။ သူမလေးကလည်း မျက်တောင်ရှည်ကြီးတွေ ပုတ်ခတ်ကာ ရဲရင့်လိုပဲ ဇဝေဇဝါ ဖြစ်နေပုံနှင့်

"ဟို ဟို အစ်ကိုက ကို ကိုရဲရင့်လားဟင်"

သူ့နာမည်ကို ကောင်မလေး ရေရွတ်လိုက်တာဖြစ်ပေမယ့် အပြည့်အစုံမဟုတ်တာကြောင့်

"ငါ့နာမည်က နိုင်ငံရဲရင့်ပါ နေပါဦး မင်းက"

"ဝမ်းသာလိုက်တာ ကိုကိုရယ်၊ အလင်္ကာကို မမှတ်မိတော့ဘူးလားဟင် အလင်္ကာချို လေ ကိုကိုရဲ့"

ရဲရင့် မျက်ခုံးနှစ်ဖက် ပင့်တက်ကာ အံ့သြသွားခဲ့တာ အမှန်။



ဘယ်လိုမှ မျှော်လင့်မထားခဲ့တာကြောင့်လည်း ချက်ချင်း ဘာမှခွန်းတုံ့မပြန်နိုင်ခဲ့ပါ။

ကောင်မလေး မျက်နှာလေးကတော့ ဝမ်းသာကြည်နူးရိပ်တွေ ဟန်မဆောင်နိုင်အောင် ဖြာလဲ့သွားခဲ့သည်။

သည်မျက်ဝန်းလေးတွေ အပြုံးချိုချိုလေးတွေကို သူ ရင်းနှီးကျွမ်းဝင်ဖူးသလို ဖြစ်နေတာ ဒါကြောင့်ကိုး။ ချက်ချင်း မမှတ်မိနိုင်ခဲ့လောက်အောင် အလင်္ကာချို အရွယ်က ပြောင်းလဲသွားပြီ။

"ကိုကိုရယ် အလင်္ကာ အရမ်းဝမ်းသာတယ် သိလား၊ ကိုကိုနဲ့ တစ်နေ့ကျရင် ပြန်ဆုံဖို့အတွက် အလင်္ကာ အမြဲတမ်း ဆုတောင်းနေခဲ့ရတာ သိလား"

အလင်္ကာက သူနှင့်ပြန်ဆုံချင်သည်တဲ့လား။ သူ့ရင်ထဲမှာတော့ ဆတ်ခနဲ နာကျင်သွားမှုနှင့်အတူ နှုတ်ခမ်းကိုမဲ့ပစ်မိ၏။ အမှောင်ရိပ်မှာမို့ အလင်္ကာ မမြင်တာဖြစ်လိမ့်မည်။

"ကို ကိုကို အခု ဘယ်မှာနေ နေတာလဲဟင်၊ ရန်ကုန်မှာပဲလား"

အလင်္ကာ ဝမ်းသာအားရလေး မေးသည်။ အလင်္ကာရဲ့ဆက်ဆံမှုလေးတွေက ဟိုတုန်းကအတိုင်း မပြောင်းလဲပါ။ ပြောင်းလဲမသွားခဲ့တာ အလင်္ကာချိုဆိုသော မိန်းကလေးသည် သူ နောက်ဆုံးတွေ့ခဲ့ရသော တစ်ဆယ့်လေးနှစ်အရွယ် ကောင်မလေးမဟုတ်တော့တာပဲ ဖြစ်သည်။

ဆယ်နှစ်နီးပါး ကြာခဲ့သော ကာလမှာ အလင်္ကာချိုသည် အပျိုကြီးဖားဖား ဖြစ်နေခဲ့ပြီ။ နိုင်ငံရဲရင့် ဆိုသော သူ့အသက်တောင် သုံးဆယ့်နှစ်နှစ်ရှိခဲ့ပြီ မဟုတ်လား။

www.burmeseclassic.com



"ကိုကို အလက်ာ မေးတာကို ဖြေပါဦး"

သူ့လက်မောင်းလေးကို ဆုပ်ကိုင်ပြီး အလက်ာမေးမှ သူ့အတွေးတွေ ပြန်စုစည်းမိရင်း

"အင်း ကိုယ်အခု ရန်ကုန်ရောက်နေတယ်၊ မင်းတို့မိသားစုကကော ဘယ်မှာနေကြတာလဲ အလက်ာ"

"အလက်ာတို့ ရွှေပြည်သာမှာ နေတယ် ကိုကို"

အလက်ာ စကားကြောင့် ရဲရင့် မျက်မှောင်ကုပ်သွားရသည်။ ရွှေပြည်သာတဲ့လား။ ဒါကြောင့် သူ ရှာဖွေရခက်ခဲနေခဲ့တာကိုး။

"ကိုကို မရှိတော့တဲ့နောက်ပိုင်း မာမီတို့စီးပွားရေးတွေ ကျဆင်းကုန်တယ် ကိုကို၊ ဘိုးဘွားပိုင်ခြံနဲ့တိုက်ကို ရောင်းပြီး အခု ရွှေပြည်သာမှာ နေကြတယ်၊ အလက်ာ အခု အထည်ချုပ်စက်ရုံမှာ အလုပ်လုပ်နေတာပါ ကိုကို"

အလက်ာ အလုပ်လုပ်နေသည့် စက်ရုံအမည်ကို စောစောကတည်းက သူ ကြားသိပြီးပြီမို့ ဘာမှမမေးဖြစ်တော့ပါ။ ပြောင်းလဲသွားသည့် အလက်ာတို့မိသားစု အခြေအနေတွေကိုတော့ သူ သိလိုက်ရပြီ။

"ဒါနဲ့ မင်းက အခုမှအလုပ်က ပြန်တာလား၊ အဖော်တွေ မပါဘူးလား အလက်ာ"

"ဒီနေ့ စက်ရုံရဲ့အရေးပေါ် မီတင်အစည်းအဝေးရှိလို့ ကိုကို၊ စက်ရုံအထက်ပိုင်းအရာရှိတွေနဲ့ အလက်ာတို့လို စုပါတွေ တက်ရတယ်လေ၊ ဒါကြောင့် ဖယ်ရီနဲ့ မပြန်ဖြစ်တာပါ"

မိန်းကလေးတစ်ယောက်တည်း အဖော်မပါတာမို့ အလက်ာ





စောစောက ချာတိတ်အုပ်စုနှင့် ရင်ဆိုင်တိုးမိတာ ထင်သည်။

"မင်းပြန်ရမှာ တော်တော်ဝေးသလား အလက်ာ"

"အင်း သိပ်မဝေးပါဘူး ကိုကို၊ လိုင်းကားတွေရှိပါသေးတယ်"

"လိုင်းကားနဲ့မပြန်ပါနဲ့ ကိုယ် တက္ကစီငှားပေးလိုက်မယ်"

"ဟင့်အင်း နေပါစေ ကိုကို၊ အလက်ာ ပြန်နေကျပါ"

အလက်ာ တားပေမယ့် သူ လမ်းမပေါ်လှမ်းတက်ကာ မောင်းလာသော တက္ကစီတစ်စီးကို လှမ်းတားပြီး ဖြစ်နေသည်။

"လာ အလက်ာ မင်းတက္ကစီနဲ့ပဲ ပြန်လိုက်၊ ကိုယ် ကားခရှင်းပေးလိုက်မယ်"

အလက်ာ တွန့်ဆုတ်ဆုတ်လေး ဖြစ်နေပေမယ့် ကားနောက်ခန်းတံခါးကို သူ ဖွင့်ပေးတော့ ဝင်ထိုင်ရှာသည်။

တက္ကစီသမားကို ဈေးမေးကာ ရဲရင့် ငွေထုတ်ပေးနေတော့ အလက်ာ မဝံ့မရဲလေးကြည့်ရင်း

"ဟို ဟိုလေ ကိုကိုကော အခုဘယ်မှာနေတာလဲဟင်"

အလက်ာ မျက်ဝန်းနက်နက်လေးတွေထဲကို သူ စေ့စိုက်ကြည့်မိသည်။ သူ့အပေါ်မှာ ခင်မင်တွယ်တာရိပ်တွေ အရိပ်ထင်နေတာကို အထင်အရှား မြင်တွေ့နေရသည်။

"ကိုယ်တို့မကြာခင် ထပ်ဆုံကြဦးမှာပေါ့ အလက်ာ အဲဒီကျမှ အလက်ာ သိချင်တာတွေပြောရင်း အေးအေးဆေးဆေး တွေ့ကြတာပေါ့ ဟုတ်လား"

အလက်ာ မျက်ဝန်းလေးတွေ ရွှန်းလဲ့တောက်ပသွားရင်း ပုတ်



www.burmeseclassic.com

www.burmeseclassic.com



သင်ညို့လေးတစ်ကောင်လို ခေါင်းလေးညိတ်၏။

"လာမယ့် ဆန်းဒေး အလက်ာတို့အလုပ်ပိတ်ရက် ကိုကို၊ ကိုကို အိမ်လာလည်မလားဟင်"

"မင်းစက်ရုံကို ကိုယ် သိပါတယ်၊ စက်ရုံကို လာခဲ့မှာပေါ့၊ ကဲ သွားတော့ အချိန်လင့်နေပြီ"

"ဟုတ်ကဲ့ ကိုကို"

အပြုံးချိုချိုလေးတွေနှင့် ခေါင်းလေးညိတ်ပြသည်။ အလက်ာတို့ကားလေး မောင်းထွက်သွားတော့မှပဲ သူ့ကားဆီ ပြန်လျှောက်ခဲ့လိုက်သည်။

သူ့စိတ်ထဲမှာ ကျေနပ်စွာ ပြုံးလိုက်မိသေးသည်။ အာရုံထဲမှာလည်း ဒေါ်ခင်ထားချို မျက်နှာကို ပြေးမြင်မိသည်။

ဘာပဲဖြစ်ဖြစ် ကံကြမ္မာက ပြန်ဆုံစည်းခွင့်ပေးခဲ့ပြီ။ တကယ်ကို လှပစွာ ပြန်ဆုံစည်းခွင့်ပေးခြင်းမျိုးပါပဲ။

တစ်ချိန်တုန်းက အခြေအနေတွေနှင့် ဆန့်ကျင်ဘက် အခြေအနေတွေမှာ ဒေါ်ခင်ထားချိုတို့မိသားစုနှင့် ပြန်ဆုံစည်းရသည့်အဖြစ်က သူ့အတွက်တော့ ကျေနပ်စရာပါပဲ။

ရင်ထဲမှာ နာကျင်ခံစားခဲ့ရသော ဒဏ်ရာဒဏ်ချက်တွေက မပျောက်မပျက် တည်ရှိနေဆဲ။

အတိတ်ဆိုတာ မေ့ပျောက်ရခက်အောင် 'နိုင်ငံရေးရှင်' ရဲ့ဘဝမှာ ခါးသီးခဲ့ဖူးတာပဲလေ။

■ ■ ■

## အခန်း (၂)

အလက်ာအတွက် တကယ့်ကို ရင်ခုန်ခြင်းတွေ အံ့သြမှုတွေနှင့် အတူပိုင်ဆိုင်လိုက်ရခြင်းပါပဲ။

ကိုကိုနှင့်ပြန်ဆုံနိုင်ဖို့ဆိုတာ အလက်ာ အမြဲတမ်း တောင်းဆိုခဲ့တဲ့ ဆုတောင်းတစ်ခုပဲလေ။ အခုတော့ အလက်ာရဲ့ဆုတောင်းတွေ ပြည့်ဝခဲ့ရပြီ။

ကံကြမ္မာက ကိုကိုနဲ့ပြန်ဆုံခွင့်ပေးခဲ့ပြီ။

ဆယ်နှစ်ကျော်ဆိုတဲ့ ကာလရှည်ကြီးတစ်ခုလုံးမှာ ကိုကို့ကို အလက်ာ အမြဲသတိတရ ရှိနေခဲ့သည်။ ကိုကိုနှင့်ပြန်ဆုံစည်းရပါစေဟု သည်း အလက်ာ နေ့စဉ်ဆုတောင်းမျှော်လင့်ခဲ့သည်။

တစ်နေ့နေ့မှာ ပြန်ဆုံတွေ့ရမည်ဟုလည်း အလက်ာ ယုံကြည်ထားခဲ့ပါသည်။

ဇူ ၊ ၁၇၉၆

www.burmeseclassic.com

www.burmeseclassic.com



အလင်္ကာ အသိအာရုံထဲမှာ စွဲမြဲနေသော ကိုကို့ရဲ့ပုံရိပ်သွင်ကို လည်း တစ်နေ့မှ မမေ့ခဲ့ပါ။ ဒါကြောင့်လည်း ကိုကိုနှင့်ပြန်ဆုံချိန်မှာ အလင်္ကာ ချက်ချင်းပဲ မှတ်မိခဲ့တာ ဖြစ်သည်။

ကိုကို့ရဲ့မျက်ခုံး မျက်ဝန်းတွေနှင့် နီမြန်းတူပြည့်သော နှုတ်ခမ်း တွေသည် ဟိုးအရင်တုန်းကအတိုင်း မပြောင်းလဲပါ။

အလင်္ကာကသာ ကိုကို့ကို ချက်ချင်းမှတ်မိတာဖြစ်ပေမယ့် ကိုကို ကတော့ အလင်္ကာကို မမှတ်မိခဲ့ပါ။

ကိုကိုနှင့်အလင်္ကာတို့ ဝေးခဲ့ကြတာ ဆယ်နှစ်ကျော်ကြာခဲ့ပြီမို့ ကိုကိုနှင့်နောက်ဆုံးဆုံချိန်မှာ အလင်္ကာအသက်က တစ်ဆယ့်နှစ်နှစ် အရွယ် ခြောက်တန်းကျောင်းသူပဲ ရှိသေးသည်။

အခု အလင်္ကာ အသက်က နှစ်ဆယ့်တစ်ကျော်လို့ နှစ်ဆယ့်နှစ် ထဲဝင်နေပြီဆိုတော့ ကိုကို မှတ်မိဖို့ ခက်မှာလည်း အမှန်။

ဆယ်နှစ်ကျော်ဆိုသော အချိန်ကာလကြီးတစ်ခုသည် အလင်္ကာ တို့မိသားစုဘဝကို ကြီးမားစွာပြောင်းလဲစေခဲ့တာတော့ အမှန်ပဲဖြစ်၏။

ပြည့်စုံထည်ဝါခဲ့သော အလင်္ကာတို့မိသားစုဘဝသည် ထိုဆယ် နှစ်တာကာလအတွင်းမှာ မယုံကြည်နိုင်လောက်အောင် ပြောင်းလဲသွားခဲ့ ရသည်။

ဒါတွေကို ကိုကို သိရှာမည်မဟုတ်ပါ။

ကိုကို့ဘဝကော ဘာတွေဘယ်လို ပြောင်းလဲသွားသည်လဲ။ အလင်္ကာ သိပ်သိချင်သည်။ ကိုကိုနှင့်ဆုံရသည့် အချိန်လေးမှာ အလင်္ကာ ဘာမှမေးခွင့်မရလိုက်ပါ။





"သမီး"

ခေါ်သံနှင့်အတူ အခန်းထဲဝင်လာသော မာမီ့ကိုမြင်တော့ အလင်္ကာ အတွေးတွေ ပြတ်တောက်သွားရ၏။

အလင်္ကာ ထိုင်နေသည့် ခုတင်စွန်းမှာပဲ မာမီ ဝင်ထိုင်သည်။

"မာမီ ဘာပြောစရာရှိလို့လဲဟင်"

အလင်္ကာ မေးတော့ မာမီ ချက်ချင်းဘာမှမပြောသေးဘဲ အလင်္ကာကိုပဲ ကြည့်နေသည်။ ညှိုးရိပ်သန်းနေသော မာမီ့မျက်ဝန်းတွေ ကို မြင်ရုံနှင့် အလင်္ကာ ကြိုသိနေသလိုရှိ၏။

မာမီ အခက်အခဲတစ်ခုနှင့် ရင်ဆိုင်နေရတာတော့ သေချာ သည်။ အလင်္ကာကိုပြောဖို့ မာမီ တွန့်ဆုတ်နေတာပဲဖြစ်မည်။

"မာမီ ပြောလေ ဘာပြောစရာရှိလို့လဲဟင်"

"ဟိုလေ သမီးလေးမှာ ပိုက်ဆံနည်းနည်းလောက် ကျန်သေး သားလို့"

"ဘာလို့လို့လဲ မာမီ၊ သမီးမှာလည်း သိပ်မရှိတော့ဘူး"

"လကုန်ရက်အထိ အိမ်စားစရိတ်က မလောက်ငတော့ဘူး သမီးရယ်၊ သမီးမှာနည်းနည်းပါးပါး ကျန်ဦးမလားလို့"

တကယ်ဆို လခထုတ်ကတည်းက အလင်္ကာ ရသည့်လခကို အမေ့လက်ထဲ အပြည့်အဝ အပ်ခဲ့တာ လစဉ်ပဲဖြစ်သည်။ အလင်္ကာအတွက် နည်းနည်းလေးလောက်သာ ယူထားတာဖြစ်၏။

"ဒီလက သားကြီးပေးတာ သုံးသောင်းထဲ၊ သမီးမမကလည်း သိပ်မပေးနိုင်ဘူး၊ မာမီလည်း အတတ်နိုင်ဆုံး အဆင်ပြေအောင်စီစဉ်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ပြီးခဲ့တဲ့အပတ်က သားကြီး အရေးပေါ်ငွေလိုလို့ဆိုပြီး တစ်သောင်း ယူသွားတော့ ကသီကလင်ဖြစ်ကုန်တယ်"

လစဉ်တိုင်း မာမီ့ဆီက ကြားနေကျပြဿနာတွေက အလက်ာ အတွက် အသစ်အဆန်း မဟုတ်တော့ပါ။ မာမီ စိတ်ဒုက္ခရောက်နေတာ ကိုလည်း မမြင်ရက်တော့တာမို့ ခုတင်ဘေး စားပွဲမှအံဆွဲကိုပဲ ဆွဲဖွင့်ပြီး ဖြစ်နေပြီ။

လက်ကိုင်အိတ်လေးကို အလက်ာ ဖွင့်လိုက်တော့ ကျန်နေသော ငွေက တစ်သောင်းပင် မပြည့်တော့ပါ။

"သမီး ခြေစောင့်လက်စောင့် သုံးထောင်ပဲ ယူထားမယ် မာမီ၊ ကျန်တာ မာမီ ယူထားလိုက်ပေါ့"

အလက်ာ ကမ်းပေးသောငွေကို လှမ်းယူရင်း မာမီ ပင့်သက် ရှိုက်သည်။ ပြီးတော့ အလက်ာကိုမော့ကြည့်သော မျက်ဝန်းတွေမှာ သား အမိချင်း တွန့်ဆုတ်အားနာမှုအရိပ်တွေ ထင်ဟပ်လျက်

"မာမီ့သမီးလေးကို မာမီ သနားလိုက်တာကွယ်၊ တစ်မိသားစု လုံးအတွက် သမီးလေး ရုန်းကန်နေရတာ မာမီ စိတ်မကောင်းဘူး"

ကြေကွဲအားငယ်ရိပ်တွေနှင့် မာမီ့မျက်နှာသည် ဟိုးအရင်က မာမီနှင့် ဘယ်လိုမှ မသက်ဆိုင်သလိုပါပဲ။

လွန်ခဲ့သော ဆယ်နှစ်ခန့်က ဒေါ်ခင်ထားချိုဆိုသော မာမီသည် မာနတွေ အတ္တတွေနှင့် ခက်ထန်ထည်ဝါခဲ့သူ ဖြစ်သည်။ အခုတော့ ထိုအရာအားလုံးသည် ကျဆုံးသွားသော စီးပွားငွေကြေးတွေနှင့်အတူ ပါသွားခဲ့ပြီထင်၏။





"အင်း မာမီ့သမီးလို သားကြီးနဲ့သမီးကြီးကလည်း ကိုယ့်ဘဝ တွေကိုယ် နားလည်ကြရင် ဘယ်လောက်ကောင်းမလဲ၊ ဒါဆို သမီးလေး တစ်ယောက်တည်း ပင်ပန်းစရာမလိုတော့ဘူးပေါ့ကွယ်"

အလက်ာ့အထက်က အကြီးနှစ်ယောက်ဖြစ်သော သားနှင့်သမီး အတွက် မာမီ မချင့်မရဲ ညည်းညူတတ်သည်က မကြာခဏဖြစ်သည်။ မာမီ ညည်းလောက်အောင်လည်း မမအေးသင်နှင့် ကိုကြီးဝေယံက ဆိုး ပါသည်။

မပြေလည်သော မိသားစုစီးပွားရေးကို မြင်နေသိနေလျက် ဆိုကျိုးကျွံပြုကာ ရွှေထီးဆောင်းခဲ့စဉ်ဘဝတုန်းကအတိုင်း နေချင်သလို နေနေကြတုန်းဖြစ်သည်။

အဆံမရှိတော့ပါဘဲ ဟန်လုပ်ချင်ကြသည်။

ကိုကြီးဝေယံဆိုလျှင် အသက်ပဲ သုံးဆယ်ကျော်လို့ သုံးလေးနှစ် ရှိနေပြီ ယခုအချိန်ထိ မယ်မယ်ရရ အလုပ်အကိုင် မရှိသေး။

ပညာရေးမှာ ဆယ်တန်းမအောင်ဘဲ ကျောင်းထွက်ခဲ့ရသည်။ ဒယ်ဒီ့ရဲ့ကုမ္ပဏီမှာ ဒယ်ဒီက အလုပ်ပေးကာ နေစေတော့လည်း ကိုကြီး ဝေယံက မလိမ္မာခဲ့ပါ။

ဝါ့ဒယ်ဒီကုမ္ပဏီကြီးဆိုသော အရှိန်အဝါနှင့် ထင်တိုင်းကြဲခဲ့ သည်။ ကိုကြီးဝေယံ မလိမ္မာသလို မမအေးသင်ကလည်း ကိုကြီးရဲ့ခြေရာ ကို နင်းနိုင်သူဟု ဆိုရမည်။

မမအေးသင်က အသုံးအဖြုန်းကြီးသည်။ သူငယ်ချင်းအပေါင်း အသင်းကို ခင်တွယ်လွန်းသည်။ ပညာရေးမှာတော့ ဆယ်တန်းအောင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာမို့ မမအေသင် တက္ကသိုလ် ဆက်တက်နိုင်ခဲ့သည်။

တက္ကသိုလ်ကျောင်းသူ တစ်ယောက် ဖြစ်လာတော့ ပိုလို့တောင် အသုံးအဖြုန်း ကြီးတော့သည်။

မိသားစုအတွက် လုံလောက်ပြည့်စုံစွာ ဒယ်ဒီ ရှာဖွေပေးနိုင်ခဲ့စဉ် ကာလတွေမှာတော့ အားလုံးသည် ဘာမှပူပန်စရာမရှိ ဖြစ်ခဲ့သည်။ ဒါပေမဲ့ ဒယ်ဒီရဲ့စီးပွားရေးလုပ်ငန်းတွေ ကျရှုံးမှုတွေနှင့်အတူ ဒယ်ဒီဆုံးပါးသွားခဲ့ချိန်တွင် မိသားစုအတွက် ရင်ဆိုင်ရသည့် အခက်အခဲတွေက ဆက်တိုက်ပါပဲ။

နောက်ဆုံး အိုးစဉ့်အိုးဆက် နေထိုင်လာခဲ့သော ဘိုးဘွားပိုင် ခြံနှင့်တိုက်ကြီးကိုလည်း ရှုံးခဲ့ရသည်။

မိသားစုလေးယောက်ဘဝ ဒီလိုအခြေအနေ ရောက်နေသည့်တိုင် ကိုကြီးဝေယံနှင့် မမအေသင်တို့က ဆင်ခြင်နောင်တတွေ ကင်းလွတ်နေဆဲ။ ကိုယ့်ဘဝကိုယ့်အခြေအနေကို မသိမြင်နိုင်ကြသေးတာ ခက်သည်။

"သမီးလေး အိပ်ချင်အိပ်တော့လေ၊ မနက်စောစော အလုပ်သွားရဦးမှာမဟုတ်လား"

မာမီ့အသံကြားမှ အလင်္ကာ အတွေးတွေ ပြတ်တောက်သွားရကာ မာမီ့ကို မော့ကြည့်မိ၏။

"မာမီလည်း အိပ်တော့လေ"

"အင်း မာမီ မအိပ်သေးပါဘူး။ သမီးမမ ဒီနေ့အပြန်နောက်ကျမယ် ထင်တယ်၊ ကဲ သမီးအိပ်ပါ၊ မာမီ အခန်းထဲဝင်လှဲပြီး စောင့်လိုက်ဦးမယ်"





မာမီ အခန်းထဲက ထွက်သွားတာကို ငေးကြည့်ရင်း အလင်္ကာ ပင့်သက်မောလေး ချမိသည်။

မာမီ့ခမြာ မမအေသင်၏ဝင်္ခုက္ခကြောင့်လည်း မလွယ်ပါ။ ကုမ္ပဏီအလုပ်တွေ ဝန်ထမ်းအလုပ်တွေ စိတ်မဝင်စားဟုဆိုထားသော မမအေသင်က စားသောက်ဆိုင်တွေမှာ သီချင်းဆိုသည်။

ဝါသနာဆိုတာထက် လွတ်လပ်မှုရှိသော အလုပ်ကိုပဲ လုပ်ချင်သည့် မမအေသင်က အလင်္ကာ အထည်ချုပ်စက်ရုံမှာ အလုပ်ဝင်မည်ဆိုတော့

"ဘာလုပ်မှာလဲ အလင်္ကာရယ်၊ ငါနဲ့အတူ သီချင်းလိုက်ဆိုပါလား၊ နင်ရမယ့် လခထက် အပုံကြီးသာတယ်"

"ဟင့်အင်း အလင်္ကာ အဲဒီအလုပ်မျိုး မလုပ်ရဲပါဘူး မမအေသင်ရယ်"

"ဘာမလုပ်တတ်စရာရှိလဲ ညီမလေးရယ်၊ အစပိုင်း မရဲသေးခင် နောက်ပိုင်းကျ တဖြည်းဖြည်းနဲ့အဆင်ပြေသွားမှာပါ၊ တစ်ပတ်မှာ သုံးလေးရက်လောက် အချိန်ပိုင်းလေးနဲ့ ဝင်ငွေရတဲ့အလုပ်နော်၊ နင့်ရုပ်နဲ့ဆိုရင် ငါတို့ထက်တောင် ဝင်ငွေကောင်းဦးမှာ"

မမအေသင် ဘယ်လိုပဲ စည်းရုံးပါစေ အလင်္ကာ ခေါင်းခါပြင်းကာ စက်ရုံမှာပဲ အလုပ်ဝင်ခဲ့သည်။

စားသောက်ဆိုင်မှာ သောက်စားမူးယစ်နေကြသူတွေကို မြူဆွယ်ဖျော်ဖြေရသည့် အလုပ်ထက် ရိုးသားစွာ လိပ်ပြာသန့်သန့် လုပ်ရသော အလုပ်ကိုပဲ အလင်္ကာ လုပ်ချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အစပိုင်းက မာမိကိုယ်တိုင် မမအေးသင်းနှင့်အတူ အလုပ်လိုက်လုပ်စေချင်ပေမယ့် နောက်ပိုင်းမှာ အလက်ာကို နားလည်စွာလက်ခံသွားခဲ့သည်။

အလက်ာထက် လစာဝင်ငွေ ကောင်းသည်ဆိုသော မမအေးသင့် မာမီလက်ထဲ ပေးနိုင်တာက ပုံမှန်မရှိပါ။ သူ့အသုံးငွေ အဝတ်အစားအလှပြင်ပစ္စည်းဖိုးနှင့်သာ ကုန်သည်။

တကယ်တမ်းကျ အလက်ာ လခဝင်ငွေကပဲ အိမ်ရဲ့စားစရိတ်ဖြစ်ခဲ့တာပဲဖြစ်သည်။

ဒီကြားထဲမှာ ကိုကြီးဝေယံက ဒုက္ခပေးတော့ မာမီခမြာ ကသီကလင်ဖြစ်ရတာ မဆန်းတော့။

မွေးထားသည့် သားသမီးသုံးယောက်မှာ အကြီးနှစ်ယောက်အတွက် သောကပွေ ပူပန်နေရရှာသော မာမီ့ကို အလက်ာ သနားပါသည်။

■ ■ ■

## အခန်း (၃)

လူကော စိတ်ပါ နိုးလာပေမယ့် မျက်ဝန်းတွေကို မဖွင့်ဖြစ်သေးဘဲ သူ ဆက်ပြီး မှေးနေလိုက်သည်။

ဒီနေ့တစ်နေ့လုံး ဘယ်မှသွားစရာမရှိတာမို့လည်း သူ စိတ်လွတ်ကိုယ်လွတ် အိပ်လိုက်ခြင်းဖြစ်သည်။ သွားစရာမရှိဆိုပေမယ့်လည်း သူ့မှာ အစီအစဉ်တော့ ရှိသည်။

ဒါကို အာရုံထဲဝင်လာတော့ မှေးမှိတ်ထားသော မျက်ဝန်းတွေက အလိုလိုပွင့်ကာ နိုးသွားပြီးဖြစ်သည်။ နံတင်ကျယ်ကြီးပေါ်က သူ အသာပဲ ထိုင်လိုက်သည်။

ညဝတ်အင်္ကျီကြီးနှင့်ပဲ ပြတင်းတံခါးဆီ လျှောက်ခဲ့လိုက်သည်။ အပြာရောင်ခန်းဆီးကို ဆွဲဖယ်လိုက်တော့ မနက်ခင်း၏နေရောင်ခြည်တွေ သူ့အိပ်ခန်းထဲ ဖြာကျလာ၏။

www.burmeseclassic.com

www.burmeseclassic.com



မှန်ပြတင်းတံခါးကို ဆွဲဖွင့်ကာ အပေါ်စီးမှ မြင်နေရသော ခြံဝင်းထဲက မြင်ကွင်းတွေကို သူ ငေးကြည့်လိုက်မိသည်။ မြက်ခင်းစိမ်းစိမ်းမြမြနှင့် ရောင်စုံပန်းခင်းတွေ အရိပ်ရသစ်ပင်လေးတွေကလည်း စိတ်ကို ကြည်နူးစေသည်။

ရေကူးကန် တင်းနစ်ကွင်းနှင့် တစ်ခါတစ်ရံမှာ စိတ်အပန်းဖြေနားနိုင်အောင် ရောင်စုံကျောက်စားပွဲနှင့် ထိုင်ခုံလေးတွေ အစီအရင်ထွင်းထုထားသော နေရာလေးလည်း ရှိသည်။

ဒီခြံဝင်းကြီးနှင့် နှစ်ထပ်တိုက်ကြီးကို သူ စိတ်တိုင်းကျရွေးချယ်ဝယ်ယူကာ ပြုပြင်ထားခြင်း ဖြစ်သည်။

ရန်ကုန်ကို ပြောင်းရွှေ့လာကတည်းက သူ နေထိုင်ဖို့ ကြိုတင်စီစဉ်ထားခဲ့တာဖြစ်သည်။

မိုးကုတ်ကလုပ်ငန်းတွေနှင့် ခြံကို လူယုံတော်တွေနှင့် အသေအချာ စီစဉ်ထားခဲ့သည်။ ပြင်ဦးလွင်က ခြံနှင့်တိုက်ကိုလည်း ထိန်းသိမ်းစောင့်ရှောက်ပေးမည့်သူတွေနှင့် လွှဲအပ်ထားခဲ့သည်။

ရန်ကုန်ရောက်ခဲ့သည့် ရည်ရွယ်ချက်က နှစ်ချက်ပဲဖြစ်သည်။ ရန်ကုန်မှာခိုင်မာသော စီးပွားရေးလုပ်ငန်းတစ်ခု တည်ဆောက်မည်။ နောက်တစ်ချက်က ဒေါ်ခင်ထားချိုတို့မိသားစုနှင့် ပြန်ဆုံတွေ့အောင်ကြိုးစားဖို့ဖြစ်သည်။

အချိန်တိုလေးအတွင်းမှာပဲ သူ့ရည်ရွယ်ချက်တွေ ပြည့်မြောက်ခဲ့သည်ဟု ဆိုရမည်။

ရန်ကုန်ရောက်သည့် သုံးလအတွင်းမှာပဲ ကျွမ်းကျင်သောသူ





မိတ်ဆွေများအကူအညီနှင့် သူ အချိုရည်စက်ရုံကြီးတစ်ခု တည်ထောင်နိုင်ခဲ့သည်။

စက်မှုဇုံထဲမှာ စက်ရုံကြီးကိုပင် တည့်ဆောက်ပြီးနေပြီ။ နိုင်ငံခြားမှ ပညာရှင်များနှင့် လည်ပတ်ဖို့ပင် စီစဉ်ပြီးဖြစ်နေသည်။

စက်ရုံကိစ္စတွေနှင့် ရှုပ်ထွေးလုံးပန်းနေသော သူ့မှာ အဓိကရည်ရွယ်ချက်ကြီးကို အကောင်အထည်မဖော်နိုင်ခဲ့သေးပါ။

ကံကောင်းချင်တော့ ကံကြမ္မာက ဒေါ်ခင်ထားချိုနှင့်ပြန်ဆုံနိုင်ခွင့်ကို သူ ခက်ခက်ခဲခဲ မကြိုးစားလိုက်ရပါဘဲ ဖန်တီးပေးလာသည်။

အလက်ာချိုနှင့်ပြန်ဆုံစည်းမိချိန်မှာ သူ လုံးဝမမှတ်မိခဲ့တာအမှန်ပဲဖြစ်သည်။ ဒေါ်ခင်ထားချိုတို့၏ 'ချိုဂေဟာ'ကြီးမှ သူ ထွက်ခွာခဲ့ချိန်မှာ အလက်ာချိုရဲ့အသက်က ဆယ်နှစ်သာသာပဲရှိဦးမည်။

ဂါဝန်လေးဖားဖား ဆံပင်လေးကုတ်ကုတ်နှင့် အလက်ာချို ပုံရိပ်လေးကို သူ ခပ်ရေးရေး မှတ်မိနေဆဲ။ မထင်မှတ်ဘဲ ပြန်ဆုံလိုက်ရချိန်မှာ ဒီကောင်မလေးက အပျိုကြီးဖားဖား ဖြစ်နေခဲ့ပြီပဲ။

သူ့ကို မှတ်မိနေသော အလက်ာချို မျက်နှာလေး ဝမ်းသာအားရဖြစ်သွားတာ သူ သတိထားမိသည်။

ဒီကောင်မလေးရဲ့ မျက်ဝန်းနက်နက်လေးတွေက ဟိုးငယ်ငယ်တုန်းကအတိုင်း ချစ်ခင်ဖွယ်ကောင်းနေသည်။ 'ချိုဂေဟာ'ကြီးမှာ ဒီကောင်မလေး တစ်ယောက်က သူ့အပေါ်ခင်တွယ်ခဲ့ ကောင်းမွန်ခဲ့တာဖြစ်သည်။

ဒေါ်ခင်ထားချိုနှင့် အလက်ာချို ထက်က အကြီးနှစ်ယောက်တုန်းကတော့ သူ့အပေါ်မှာ အနိုင်ကျင့်ခဲ့ကြသည်။ ဒါတွေကို သူ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



တော့မှ မမေ့သေးပါ။

ဒေါ်ခင်ထားချို၏ မောက်မာလွန်းသော ဆက်ဆံမှုတွေ၊ အေသင်ချိုရဲ့ အနိုင်ယူစော်ကားမှုတွေ၊ ပြီးတော့ ကောင်းဝေယံရဲ့ မိုလ်ကျမှုတွေကို သူ နာကျင်စွာ ခံယူခဲ့ရဖူးသည်။

ဒါတွေက နိုင်ငံရဲရင့်ဆိုသော သူ့ဘဝမှာ ဘယ်လိုမှ မေ့ပျောက်မရနိုင်သော ဒဏ်ရာဒဏ်ချက်တွေပဲ ဖြစ်သည်။

ဒီဒဏ်ရာ ဒဏ်ချက်တွေအတွက်လည်း ပြန်လည်ပေးဆပ်ခွင့်ကိုတော့ အခုချိန်မှာ သူ ရနိုင်နေပြီ။

တစ်ခါတုန်းက နိုင်ငံရဲရင့်ဆိုသော သူ့ဘဝသည် တစ်ပါးသူ၏ အရိပ်အောက်မှာ မှီခိုရှင်သန်ခဲ့ရသည်။ တစ်ဝမ်းတစ်ခါးအတွက် နေထိုင်ဖို့ နေရာလေးအတွက် လူတကာ၏ရှေ့မှာ သူ ခေါင်းငုံ့နေခဲ့ရသည်။

အခုတော့ သူ့ကို အနိုင်ယူ မောက်မာခဲ့ကြသူတွေဘဝက ပြောင်းလဲနိမ့်ကျသွားခဲ့ပြီ ထင်သည်။

အလက်ာချို ပြောပြတော့ သူ အံ့သြမိသည်၊ ဒေါ်ခင်ထားချိုရဲ့ ဘဝက ဒီလောက်အထိတောင် ပြောင်းလဲနိမ့်ကျသွားခဲ့သည်လား။

မမြင်နိုင်သော ကံကြမ္မာတရားက မျက်လှည့်ပြသလို ဆန်းကြယ်လွန်းသည်။ ဒါကိုတော့ နိုင်ငံရဲရင့် ဆိုသော သူကိုယ်တိုင် ရင်ဆိုင်ကြုံတွေ့ခဲ့ရတာ ဖြစ်သည်။

ပြန်စဉ်းစားကြည့်မိလျှင် အတိတ်ဆိုတာ မေ့ပစ်ရခက်သော ဒုက္ခပင်လယ်ပြင်ကြီးလိုပါပဲ။

■ ■ ■



## အခန်း (၄)

ကံကြမ္မာက သူ့ကို လူ့လောကပို့လိုက်ကတည်းက မေတ္တာတရားနှင့် ကင်းဝေးစေခဲ့တာ ဖြစ်သည်။

သူ့ကိုမွေးပြီး မီးတွင်းထဲမှာပဲ မေမေ ဆုံးပါးခဲ့၏။ မိခင်ရဲ့မေတ္တာဆိုတာ သူ့ဘဝမှာ ပိုင်ဆိုင်ခွင့်မရခဲ့ပါ။

ဒါပေမဲ့ သူ ကံကောင်းသည်က ဖေဖေနှင့်ဘွားဘွားတို့ရဲ့ မေတ္တာကိုတော့ သူ ပြည့်ဝစွာ ပိုင်ဆိုင်ခဲ့ရသည်။

ဖေဖေက ဝမ်းရေးအတွက် ရိုးသားစွာ ဒရိုင်ဘာအလုပ်နှင့် ရှာဖွေသူဖြစ်သည်။ ဖေဖေ့ဝင်ငွေက မိသားစုဘဝကို လောက်ပြည့်စုံစေခဲ့တာတော့ အမှန်ဖြစ်သည်။

ဆင်ခြေဖုံးရပ်ကွက်လေးမှာ အိုးပိုင်အိမ်ပိုင်လေးနှင့် နေနိုင်အောင် စွမ်းဆောင်ထားနိုင်သည်က ဖေဖေ့အရည်အချင်းကြောင့်ပဲ ဖြစ်၏။ ခရီးသည်တင် လိုင်းကားမောင်းသည့် ဒရိုင်ဘာဆိုပေမယ့် ဖေဖေက



www.burmeseclassic.com

အသောက်အစားကင်းသည်။

ဆေးလိပ်၊ ကွမ်းတောင် မစားမသောက်တတ်သူမို့ ရသမျှ ဝင်ငွေက အိမ်ပါသည်။

မေမေဆုံးပါးတော့ ဖေဖေ့မိခင် အဘွားက ဖေဖေ့ကို ဒရိုင်ဘာ အလုပ်ကို ဆက်မလုပ်စေချင်ခဲ့။

"သားရယ် ဒရိုင်ဘာအလုပ်က အန္တရာယ်များပါတယ်ကွယ်၊ ဖြစ်နိုင်ရင် အမေကတော့ တခြားအလုပ်ပဲ လုပ်စေချင်တယ်"

"အမေရယ် သားမှ တခြားအလုပ် မလုပ်တတ်တာ"

တကယ်လည်း ဖေဖေတတ်သည့် အတတ်ပညာက ကားကို ကျွမ်းကျင်စွာ မောင်းတတ်သည့် ပညာပဲဖြစ်သည်။ ပြောရလျှင် ဖေဖေ့ရဲ့ အဖေသည်လည်း ယာဉ်မောင်းတစ်ဦးပဲဖြစ်၏။

ဒါကြောင့်လည်း အဖေ့နည်းတူ ဖေဖေ အချိန်တန်တော့ ဒရိုင်ဘာတစ်ယောက် ဖြစ်လာခဲ့သည်။ မေမေနှင့်အိမ်ထောင်မကျခင်ကတည်းက အဘွားကို ဖေဖေ ရှာဖွေကျွေးမွေးခဲ့တာဖြစ်သည်။

"အမေက သားအတွက် စိုးရိမ်လို့ ပြောတာပါကွယ်"

"မစိုးရိမ်ပါနဲ့ အမေရယ်၊ သားအိမ်ထောင်မကျခင်ကတည်းက ဒရိုင်ဘာလုပ်ပြီး အမေ့ကို ရှာဖွေကျွေးမွေးခဲ့တာပဲ"

"ဒါကို အမေသိပါတယ် သားရယ်၊ ဒါပေမဲ့ သားရဲ့ရင်သွေး အမေ့မြေးလေးအတွက်တော့ အမေ စိုးရိမ်တယ်၊ မြေးလေးမှာက အမေ ဆိုတာ မရှိတော့ဘူးလေ၊ ငါ့မြေးလေး အရွယ်ရောက်တဲ့အထိ သား ရှိနေမှဖြစ်မှာ"





ဘွားဘွားစကားကြောင့် ဖေဖေ တွေဝေသွားခဲ့သည်။ အမိမဲ့ မြေးလေးအတွက် ကြိုတင်စိုးရိမ်ပူပန်နေသော အဘွားမေတ္တာကို အဖေ နားလည်မှာတော့ သေချာသည်။

"အမေပြောတာ သား သဘောပေါက်ပါတယ်၊ သား အဆင်ပြေတဲ့အလုပ်တစ်ခု ရှာပါ့မယ်၊ လတ်တလောတော့ လက်ရှိအလုပ်ကိုပဲ သား ခဏာမှေးပြီး လုပ်ပါရစေ"

"အေးပါကွယ် အမေပြောတာက အမေ့မြေးလေးအတွက်ပါ၊ သားက မိုးလင်းမိုးချုပ် အလုပ်သွားနေရတော့ အမေ့မြေးလေးခမြာ အဖေမျက်နှာကိုမြင်ရဖို့ဆိုတာတောင် မရှိသလောက်ပဲလေ"

တကယ်လည်း ဖေဖေ့အလုပ်က သူတို့သားအဖ မျက်နှာချင်းဆိုင် ဆုံတွေ့နိုင်ဖို့တောင် ခပ်ရှားရှားဖြစ်သည်။

မနက်မိုးမလင်းခင် ကားမောင်းထွက်သွားရသော ဖေဖေ ကားသိမ်းပြီးပြန်ရောက်တော့ ညကိုးနာရီကျော် ဆယ်နာရီဖြစ်နေပြီ။ ဖေဖေ အလုပ်သွားချိန်မှာ အိပ်ရာကမထသေးသော သူ ဖေဖေ ပြန်ရောက်တော့ အဘွားလက်ပေါ်မှာ စောင့်ရင်း အိပ်ပျော်သွားတတ်စမြဲ။

ဒါတွေကို မြင်သိနေသော အဘွားက ဖေဖေ့ကို ဒရိုင်ဘာ အလုပ်ကြီးက စွန့်လွှတ်စေချင်ပြီ။

ဒါပေမဲ့ ဝမ်းရေးအတွက် ဖေဖေကတော့ အဆင်ပြေနေသော အလုပ်ကို မစွန့်နိုင်သေးခဲ့။

သူ ငါးတန်းနှစ်သားလောက်မှာ ဘွားဘွားကျန်းမာရေးက ဆိုးလာသည်။ ဘွားဘွားကို ဆေးရုံတင်ရတော့မှပဲ ဖေဖေ့အလုပ်က



www.burmeseclassic.com

www.burmeseclassic.com



နားနိုင်တော့သည်။

နာတာရှည် ဘွားဘွားရောဂါက အမြစ်ပြတ်ပျောက်ကင်းသည့်ရောဂါမဟုတ်ခဲ့ပါ။ ဆေးရုံက ဆင်းခဲ့တော့လည်း နေအိမ်မှာနေကာ ဆေးဝါးတွေ ပုံမှန်သောက်သုံးရသည်။

အရင်လို လိုင်းကားဒရိုင်ဘာအလုပ်ကိုလည်း ဖေဖေ ပြန်လုပ်ဖို့မလွယ်တော့တာမို့ နောက်ထပ်အလုပ်တစ်ခု ရှာရသည်။

"အလုပ်ကတော့ အဆင်ပြေတယ် အမေ၊ သူဌေးတစ်ယောက်အိမ်မှာ သား ကားမောင်းရမှာ"

"ဟင် သား အလုပ်ကလည်း ကားမောင်းဒရိုင်ဘာအလုပ်ပဲလား"

"ဩော် အမေရယ် သားအတွက် ရနိုင်တဲ့အလုပ်က ဒီအလုပ်ပဲရှိတယ်လေ၊ ပြီးတော့ အခုအလုပ်က လိုင်းကား ဒရိုင်ဘာအလုပ်ထက် အများကြီးအဆင်ပြေတယ် အမေရဲ့၊ မနက်အစောကြီး ထသွားစရာလည်း မလိုဘူး၊ ညဘက် မိုးချုပ်ညဉ့်နက်နေစရာလည်း မလိုဘူးလေ၊ သူဌေးမိသားစုကားကိုပဲ မောင်းရမှာဆိုတော့ အရမ်းလည်း မပင်ပန်းဘူးလေ"

ဘွားဘွား ခေါင်းတညိတ်ညိတ်နှင့်ပဲ သဘောတူရတော့သည်။ ဘွားဘွား ဆေးရုံတက်စဉ်နှင့် ဘွားဘွား အတွက် ဆေးဝါးစရိတ်ကြောင့် ဖေဖေ စုဆောင်းထားသမျှလေး ပါသွားခဲ့ပြီ။

ပြီးတော့ သူကလည်း ဒီနှစ်ကျောင်းတက်ရတော့မည်။

မိသားစုသုံးယောက်အတွက်တော့ ဝင်ငွေရှိသော အလုပ်တစ်ခု

ဗျူး၁၇၄၁



တော့ ဖေဖေ မဖြစ်မနေ လိုအပ်နေသည်။

မိသားစုအရေးတွေ စားဝတ်နေရေးတွေ ဘာမှနားမလည်သေးသော သူကတော့ ကျောင်းကို ဖေဖေလိုက်ပို့ပေးကာ ညနေစောစောအိမ်ပြန်လာတတ်တာမို့ ဝမ်းသာကျေနပ်နေမိခဲ့၏။

မေမေ့မေတ္တာကို မရနိုင်ပေမယ့် ဖေဖေနှင့်ဘွားဘွားတို့ရဲ့ မေတ္တာတွေကို သူ ပိုင်ဆိုင်ခဲ့ရတာမို့ ကျေနပ်စရာကောင်းခဲ့သည်။

ဒါပေမဲ့ ကံကြမ္မာဆိုတာက မြင်နိုင်သောအရာမဟုတ်လေတော့ ..။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဒုတိယအကြိမ် ဆိုးဝါးလာသော ဘွားဘွား ကျန်းမာရေးကြောင့် ဆေးရုံတင်ရပြန်သည်။

ဖေဖေ့ခမြာ အလုပ်နှင့်ဆေးရုံ မနားတမ်း ပြေးလွှားရင်း ချာလည်ရိုက်နေခဲ့သည်။

ဆေးရုံမှာ တစ်လလောက် ဘွားဘွား ဆေးကုသခွင့်ရခဲ့ပေမယ့် ဘွားဘွားရောဂါ မသက်သာခဲ့ချေ။ ဘွားဘွား တိမ်းပါးခဲ့သည်။

ဘွားဘွား မရှိတော့ချိန်မှာ ဖေဖေက သူ့အတွက် အဆင်ပြေရေးကို စီစဉ်ပေးသည်။ အိမ်နီးချင်းမိသားစုက ဖေဖေ အလုပ်သွားနေချိန်တွေမှာ သူ့ကိုစောင့်ရှောက်ပေးကြသည်။

ဘွားဘွား မရှိတော့ပေမယ့် ဖေဖေ ရှိနေသေးသည်ဟူသော အသိနှင့် သူ ကျေနပ်ခဲ့ရသည်။ ဖေဖေ အလုပ်နားသည့်ရက်တွေမှာ





သူလည်း ကျောင်းပိတ်ရက်မို့ ပျော်စရာကောင်းခဲ့သည်။

ပျော်စရာကောင်းသော သူတို့သားအဖ ဘဝထဲက အဖေ စောစီးစွာ ထွက်ခွာသွားမည်ဟု မထင်ထားခဲ့ပေမယ့် ကံကြမ္မာက ရက်စက်လွန်းခဲ့ပါသည်။

ထိုနေ့က သူ ကျောင်းဆင်းပြီး အိမ်ပြန်ရောက်ခဲ့ချိန်မှာ အိမ်ရှေ့မှာ မြင်တွေ့လိုက်ရတာ ဖေဖေ အိမ်ကို တစ်ခါတစ်ရံ မောင်းယူလာတတ်သော နက်ပြာရောင်ကားကြီးကို တွေ့ရ၏။

"ဟာ ဖေဖေ ပြန်ရောက်နေပြီ"

သူ ဝမ်းသာအားရနှင့် အိမ်ထဲအထိ အပြေးလှမ်းဝင်ခဲ့သည်။

"ဖေဖေ ဖေဖေ သားပြန်လာပြီ"

အော်ဟစ် ပြေးဝင်လာမိသော သူ့ခြေလှမ်းတွေက အိမ်ခန်းထဲမှာ မြင်လိုက်ရသောမြင်ကွင်းကြောင့် တုံ့နှေးမင်သက်သွားခဲ့သည်။

ဧည့်ခန်းထဲမှာ ရှိနေသည်က နံဘေးအိမ်က ဦးလေးသောင်းတို့လင်မယားနှင့် သူတစ်ခါမှ မမြင်ဖူးသော လူစိမ်းကြီးတစ်ဦးဖြစ်နေသည်။ ရွှေကိုင်းမျက်မှန်နှင့် လူကြီးက သူ့ကိုကြည့်နေသည်။

"ဟော့ မောင်ရဲရင့် လာလေ သား"

ဦးလေးသောင်း အသံကြားမှ သူ အိမ်ထဲဆက်ဝင်ခဲ့ရင်း ဦးလေးသောင်းအနားမှာ ထိုင်လိုက်မိ၏။

"ဦးလေးသောင်း ဖေဖေကောဟင်၊ အိမ်ရှေ့မှာ ဖေဖေ့ကားတော့တွေ့တယ်လား"

သူမေးတော့ ဦးလေးသောင်း ဘာမှမဖြေဘဲ ငြိမ်သက်နေခဲ့၏။

www.burmeseclassic.com



ချက်မှန်နှင့်လူကြီးက

"သားသားက မောင်ရဲဖော်ရဲ့သား နိုင်ငံရဲရင့် ဆိုတာလားကွ"

"ဟုတ်ကဲ့ ဦးဦး"

"အေး အေး သားသား ဘယ်နှစ်တန်းရောက်ပြီလဲ"

"ရှစ်တန်းပါ ဦးဦး"

"ဟုတ်လား တော်တာပေါ့ကွ ကဲ ကဲ ကျောပိုးအိတ်ကြီး သွားသိမ်းပြီး ကျောင်းဝတ်စုံလဲလိုက်ဦးကွ"

"လာ သားသား ဒေါ်ကြီးမြဆီ လာ"

ဦးလေးသောင်းမိန်းမ ဒေါ်ကြီးမြက သူ့ကိုဆွဲခေါ်ကာ အခန်းထဲ ခေါ်ခဲ့သည်။ ပြီးတော့ သူ့ကျောင်းဝတ်စုံတွေ လဲလှယ်ပေးသည်။

"ဒေါ်ကြီးမြ ဖေဖေကောဟင် ဖေဖေ ပြန်မလာသေးဘူးလား"

"သားအဖေ ပြန်မလာသေးဘူးကွဲ့၊ စောစောက ဦးဦးက သားဖေဖေရဲ့အလုပ်ရှင် သူဌေးကြီးလေ"

ဒေါ်ကြီးမြစကားကို သူ ခေါင်းညိတ်မိသည်။ ဖေဖေ မောင်းလာတတ်သော နက်ပြာရောင်ကားကြီးက ဖေဖေ့ရဲ့အလုပ်ရှင်သူဌေးကြီးရဲ့ ကားဟု ဖေဖေပြောပြထားဖူးသည်။

ထိုကားကြီးနှင့် ဖေဖေ သူ့ကိုကျောင်းလိုက်ပို့ဖူး၏။

"အဲဒီဦးဦးကြီးက ဘာလာလုပ်တာလဲ ဒေါ်ကြီးမြ၊ ဖေဖေနဲ့ အတူတူလာတာ မဟုတ်ဘူးလား"

"သားဖေဖေ မောင်ရဲဖော်က အဲဒီဦးဦး ခိုင်းလိုက်တဲ့အလုပ်ကိစ္စနဲ့ မန္တလေးကို ခရီးထွက်သွားတယ် သားရဲ့၊ ဒါကြောင့် သားဖေဖေ



ဒီည ပြန်လာမှာမဟုတ်ဘူး"

တစ်ခါတစ်ရံမှာ ဖေဖေ ဒီလိုပဲ သူဌေးကြီးအလုပ်ကို လုပ်ပေးရတာ သူ သိပါသည်။ အစလည်း ဒေါ်ကြီးမြ စကားကို သူ ယုံခဲ့မိသည်။

ဖေဖေ အိမ်ပြန်မအိပ်သည့်ညတွေမှာ ဦးလေးသောင်းတို့အိမ်မှာပဲ သူ အိပ်ရသည်။

"ကဲ သား ရေမိုးချိုး ပြီးရင် ဒေါ်ကြီးမြတို့နဲ့ လိုက်ခဲ့နော်၊ ထမင်းစားရအောင်၊ သား ဒီည ဒေါ်ကြီးမြတို့အိမ်မှာ အိပ်ပေါ့"

"ဖေဖေက မနက်ဖြန် ပြန်လာမှာလားဟင် ဒေါ်ကြီးမြ"

"အင်း ပြန်လာမှာပေါ့ သားရယ်"

တကယ်ဆို ဖေဖေ ဘယ်တော့မှ ပြန်မလာနိုင်သော အဝေးကြီးကို ထွက်သွားခဲ့ပြီဟု သူ နောက်တစ်နေ့မနက်မှ သိခဲ့ရသည်။

ကားတိုက်မှုကြောင့် ဆေးရုံကို အရေးပေါ်ရောက်ခဲ့ရှာသော ဖေဖေ ဆေးရုံရောက်ပြီး နာရီပိုင်းမှာပဲ ဆုံးသည်တဲ့။

"အီး ဟီး ဖေဖေ ဖေဖေ့ သားဆီပြန်လာပါ၊ သားဆီ ပြန်လာပါ ဖေဖေရဲ့"

သူ ငိုကြွေးနေတော့ ဒေါ်ကြီးမြက သူ့ခေါင်းကိုပွတ်သပ်ကာ နှစ်သိမ့်သည်။ ဦးလေးသောင်းနှင့်သူဌေးကြီး ဦးဦးက စိတ်မကောင်းမျက်ဝန်းတွေနှင့် စိုက်ကြည့်နေခဲ့၏။

ဘွားဘွားလိုပဲ သူ့ကို ဖေဖေ ထားရစ်ခဲ့ပြီဟူသော အသိနှင့် သူ ကြေကွဲမျက်ရည်တွေ တားဆီးမရနိုင်ခဲ့။

"တိတ်ပါ သားရယ် မငိုနဲ့တော့နော်"

www.burmeseclassic.com

www.burmeseclassic.com



"အိး ဟီး သား ဖေဖေ မရှိတော့ဘူး ဒေါ်ကြီးမြရဲ့ သား ဘယ်သူနဲ့နေရမှာလဲဟင်"

"သား သား ဘာမှအားမငယ်ပါနဲ့ကွာ သားသားကို ဦးဦး ခေါ်သွားမှာပါ၊ ဦးဦးရဲ့အိမ်မှာ သားသား လိုက်နေပေါ့"

သူ မျက်ရည်တွေကြားက ဦးဦးကြီးကို မော့ကြည့်မိသည်။ ပါဝါမျက်မှန်ထဲမှ သူ့ကိုငေးစိုက်ကြည့်နေသော ဦးဦးကြီးမျက်ဝန်းတွေက စာနာရိပ်တို့ ယှက်သမ်းနေခဲ့၏။

"ဒီကလေးကို ကျွန်တော် တာဝန်ယူပါတယ်၊ မောင်ရဲဇော်ရဲ့ နာရေးကိစ္စပြီးတာနဲ့ ခေါ်သွားပါ့မယ်၊ ဒီရက်တွေမှာတော့ ကိုသောင်းတို့ပဲ စောင့်ရှောက်ပေးထားကြပါ"

"ဟုတ်ကဲ့ပါ ကျွန်တော်တို့ စောင့်ရှောက်ပေးထားမှာပါ"

"ကျေးဇူးတင်ပါတယ်ဗျာ ကဲ မောင်ရဲရင့် သား ဘာမှအား မငယ်နဲ့ကွာ၊ မကြာခင် ဦးဦး လာခေါ်မယ်၊ ဦးဦးမှာလည်း မင်းအရွယ် သားတစ်ယောက်နဲ့ သမီးနှစ်ယောက် ရှိတယ်၊ ဟိုရောက်ရင် သား ပျော်သွားမှာပါ"

သူ့ကိုနှစ်သိမ့်အားပေးနေသော ဦးဦးစကားတွေကို နားထောင် ရင်း သူ ဘာမှမတုံ့ပြန်နိုင်ခဲ့။

လောကကြီးထဲမှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့ပြီဆိုသော အသိနှင့် ဝမ်းနည်းစိတ်ကြီးက ရင်ထဲမှာ ဆို့နစ်နေသည်။

ကံကြမ္မာက ရက်စက်ခဲ့သည်ဆိုပေမယ့်လည်း သူ့ဘဝကို စောင့် ရှောက်ပေးမည့် အခြေအနေတစ်ခုတော့ ဖန်တီးပေးထားခဲ့၏။





အဖေဆိုသော အရိပ်တစ်ခုအောက်မှ တခြားသော အရိပ်တစ် ခုအောက်မှာ ရှင်သန်ရမည့် သူ့အနာဂတ်ကြီးဟာ . . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

နက်ပြာရောင် လင်ခရူဆာကားကြီး၏ နောက်ခန်းထဲမှာ သူ ငြိမ်ငြိမ်လေးထိုင်ရင်း လိုက်ခဲ့ရ၏။ နံဘေးမှာရှိနေသော ဦးဦးသည်လည်း နှုတ်ဆိတ်ငြိမ်သက်နေခဲ့သည်။

ဘယ်တော့မှ ပြန်လာခွင့်မရှိတော့သည့် ဖေဖေ့ရဲ့အိမ်က ထွက် ခဲ့စဉ်ကတည်းက ရင်ထဲမှာ ဝမ်းနည်းစိတ်နှင့် မျက်ရည်တွေ ဝဲနေခဲ့သည်။

ဖေဖေ၏ရက်လည်ကိစ္စ ပြီးပြတ်သည်နှင့် ရှင်းလင်းရမည့် ကိစ္စ အားလုံးကို ဦးဦးကပဲ ဖြေရှင်းပေးခဲ့သည်။

ဘွားဘွားရှိစဉ်ကတည်းက ပေါင်နှံထားရသော အိမ်ကို ရောင်း ချကာ ရှင်းလင်းစရာအကြွေးတွေကို ဦးဦး ရှင်းလင်းပေးခဲ့သည်။

"ကားအက်ဆီးဒင့်ဖြစ်ပြီး မောင်ရဲရင့် အဖေ ဆေးရုံရောက် တော့ ဦးဦး ချက်ချင်းလိုက်သွားခဲ့တယ်၊ သူ သတိရလာတဲ့ ခဏလေး ဦးဦးကို မှာသွားတဲ့အတိုင်း ဦးဦး စီစဉ်ပေးတာပဲ မောင်ရဲရင့်၊ ခြံနဲ့အိမ်





ကိုရောင်းပြီး အကြွေးဆပ်ပြီး ပိုတဲ့ငွေဆယ်သိန်းကို မောင်ရဲရင့်အမည်နဲ့ ဦးဦး ဘဏ်မှာအပ်ပေးထားတယ်၊ မောင်ရဲဖေက သူ့ရဲ့နောက်ဆုံးအချိန် မှာ လောကထဲမှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့တဲ့သားကို စိတ်မချခဲ့ ဘူး။ ဒါကြောင့် ဦးဦးက တာဝန်ယူမယ်လို့ ကတိပေးခဲ့တယ်"

ဖေဖေက နောက်ဆုံးအချိန်မှာတောင် သူ့အတွက် စိတ်မချနိုင် ဘဲ မှာသွားခဲ့သည်တဲ့လား။

"မောင်ရဲရင့် ဖေဖေက ဦးအပေါ်မှာ သစ္စာရှိရှိတာဝန်ကြေခဲ့တဲ့ အမှုထမ်းကောင်းတစ်ယောက်ပဲ၊ ဒါကြောင့် ဦးဘက်က သူ မသေခင်ပေး ခဲ့တဲ့ ကတိအတိုင်း မောင်ရဲရင့်ကို တာဝန်ယူခဲ့တာ၊ မောင်ရဲရင့် ခြေ ဆောက်ပေါ် မောင်ရဲရင့် ရပ်တည်နိုင်တဲ့အထိ ဦးတာဝန်ယူတယ်၊ မင်းကို ဦး ကျောင်းဆက်ထားပေးမယ်၊ မင်းကြိုးစား ဟုတ်လား"

ဦးကောင်းမြတ်ကျော် ဆိုသော ဦးဦးစကားတွေကြောင့် သူ အခုအားဖြစ်ခဲ့ရသည်။ ဘဝသစ်တစ်ခုမှာ ရှင်သန်နေထိုင်ဖို့ ဦးကောင်းမြတ် ကျော် အရိပ်အောက်ကို သူ လိုက်ခဲ့ရခြင်းပင်။

လှပသော အုတ်တံတိုင်းခြံကြီးရှေ့ကို ကားကြီးရောက်သည်နှင့် ခြံတံခါးကြီးကို အဘိုးကြီးတစ်ဦး လာဖွင့်ပေးသည်။

"ဒါ ဦး အိမ်ပဲ မောင်ရဲရင့်"

ထည်ဝါလှသော နှစ်ထပ်တိုက်ကြီးကို သူ ငေးငေးမောမောကြီး ကြည့်နေမိ၏။ ခြံတံခါးမှ ဆင်ဝင်အောက်အထိ ကားမောင်းဝင်လာစဉ် နှစ်ထပ်တိုက်ကြီးကို သူ ငေးမောကြည့်မဆုံးရှိသည်။

ဖေဖေနှင့်သူတို့ နေထိုင်သော ပျဉ်ထောင်အိမ်လေးနှင့်က မိုး



www.burmeseclassic.com

www.burmeseclassic.com



နဲ့မြေလို ကွာခြားလှသည်။ ခြံဝင်းကြီးက ကျယ်ဝန်းသလို နှစ်ထပ်တိုက်ကြီးကလည်း လှပခန့်ညားလွန်း၏။

ဆင်ဝင်အောက်မှာ ကားထိုးရပ်သည်နှင့် အိမ်ထဲမှ ပြေးဆင်းလာတာ အဖြူရောင် ဂါဝန်လေးနှင့် ကောင်မလေးတစ်ယောက်။

"ဒယ်ဒီ ဒယ်ဒီ"

မျက်နှာလေးက ဝိုင်းဝိုင်း၊ မျက်ဝန်းလေးတွေကလည်း တောက်ပဝိုင်းစက်ကာ နှာတံလေးက စင်းကာ နှုတ်ခမ်းရဲရဲလေးတွေက ဖူးဖူးငုံငုံလေးနှင့် ကော်ပတ်ရုပ်လေးလို ချစ်စရာကောင်းသည်။

ဦးဦးက တံခါးဖွင့်ဆင်းရင်း ကော်ပတ်ရုပ်မလေးကို ပွေ့ချီလိုက်ကာ ပါးလေးကိုနမ်းသည်။

"သမီး ကိုကြီးနဲ့မမကော ကျောင်းက ပြန်ရောက်ကြပြီလား"

"မရောက်သေးဘူး ဒယ်ဒီ၊ မာမီ သွားကြိုနေတယ်"

"ဟုတ်လား ကဲ မောင်ရဲရင့် ဆင်းကွာ"

ပြောရင်း ဖွင့်ပေးလာသော တံခါးက သူ ဆင်းလိုက်တော့ ကော်ပတ်ရုပ်မလေး မျက်ဝန်းတွေက သူ့ဆီရောက်လာကာ စူးစမ်းသလို ကြည့်နေ၏။

"ဒယ်ဒီ သူက ဘယ်သူလဲဟင်"

ဦးကောင်းမြတ်ကျော် သဘောကျသလို ပြုံးရင်း ကောင်မလေးကို အောက်ပြန်ချပေး၏။

"သူက ဒယ်ဒီတို့အိမ်မှာနေမယ့်သူ၊ နာမည်က နိုင်ငံရဲရင့်တဲ့ သမီးလေးရဲ့"





"နိုင်ငံရဲရင့် ဘယ်လိုကြီးလဲ မသိဘူး"

သူ့နာမည်ကို ရေရွတ်ရင်း မျက်တောင်လေးတွေ ပုတ်ခတ်ပြောတော့ ဦးကောင်းမြတ်ကျော် အသံထွက်အောင် ရယ်ပါသည်။

"ဟား ဟား သမီးမခေါ်တတ်ရင် ကိုကိုလို့ပဲ ခေါ်ပေါ့ကွ၊ သူက သမီးကိုကြီးဝေယံနဲ့ အသက်အတူတူပဲလေ"

"ကိုကြီးလိုပဲ သမီးကိုကိုပေါ့ ဟုတ်လား ဒယ်ဒီ"

"ဟုတ်တယ် သမီး၊ ကဲ လာ မောင်ရဲရင့် အိမ်ထဲဝင်ရအောင်"

ဦးကောင်းမြတ်ကျော် အိမ်ကြီးထဲခေါ်လာသည်။

အပြင်ကမြင်ကတည်းက ငေးမောကြည့်ရသော အိမ်ကြီးက အတွင်းမှာလည်း ခန့်ညားလှသည်။

နှင်းရက်စရာမရှိအောင် တောက်ပြောင်နေသော ရောင်စုံကျောက်ပြားတွေကော ဆိုဖာထိုင်ခုံကြီးတွေကပါ အိစက်နေသည်။

နံရံပေါ်က ပန်းချီကားတွေ နံရံကပ်မီးလုံးလေးတွေပါမကျန် သူ ငေးမောကြည့်နေမိသည်။

"တီ တီ"

ဟွန်းသံနှင့်အတူ ခြံထဲမောင်းဝင်လာသော ကားတစ်စီးကြောင့် သူ လှမ်းကြည့်မိသလို ကောင်မလေးက သုတ်ခနဲ ထပြေးသွား၏။

"မာမီရေ မာမီ ပြန်လာပြီ"

ဆင်ဝင်အောက်ကို ကားကြီးရောက်မလာခင်ကတည်းက ကောင်မလေး အော်ဟစ်ခုန်ပေါက် ကြိုနေ၏။

"အဲဒါ ဦးသမီး အငယ်ဆုံး အလက်ာချို တဲ့၊ အသက်က



www.burmeseclassic.com

www.burmeseclassic.com



ငါးနှစ်ပဲ ရှိသေးတယ်၊ နောက်နှစ်မှ ကျောင်းစတက်ရမှာ''

အလက်ာချို တဲ့၊ နာမည်လေးနှင့်လိုက်ဖက်သော ကော်ပတ်ရှင်မလေးဟု သူ့စိတ်ထဲက မှတ်ချက်ပြုမိသည်။

''မာမီ ကိုကြီး မမ အိမ်ထဲမှာ ဒယ်ဒီခေါ်လာတဲ့ အစ်ကိုတစ်ယောက် ရောက်နေတယ် သိလား''

အလက်ာချို အသံချိုချိုလေးနှင့် ကြိုတင်သတင်းပေးနေသည်။ ဂကားတံခါး ဖွင့်ဆင်းလာသော အမျိုးသမီးကြီးမျက်ဝန်းတွေက သူတို့နှစ်ဦးထံ ဦးတည်ရောက်လာသည်။

နောက်ခန်းတံခါး ဖွင့်ဆင်းလာကြသော နှစ်ယောက်ကလည်း သူ့ဆီကိုပဲ မျက်ဝန်းတွေ ဦးတည်ကြည့်လာကြသည်။

''အဲဒါ ဦးသားကြီး ကောင်းဝေယံ မောင်ရဲရင့်နဲ့အတူတူပဲ ရှစ်တန်းတက်နေတာ၊ သမီး အေသင်ချိုက ခြောက်တန်း''

ဦးကောင်းမြတ်ကျော် ပြောပြနေတုန်းမှာပဲ အားလုံး အိမ်ထဲလှမ်းဝင်လာကြသည်။

အရယ်အပြုံး ကင်းစင်နေသော မျက်နှာတွေပေါ်က မျက်ဝန်းတွေထဲမှာ သူ့ကို အလိုမကျရိပ်တွေ လွှမ်းနေသည်လား မသိ။

''ထား ဒါ မောင်ရဲဇော်ရဲ့သား နိုင်ငံရဲရင့် တဲ့''

မဲ့ခနဲဖြစ်သွားသော နှုတ်ခမ်းနှင့်အတူ ဦးကောင်းမြတ်ကျော် နံဘေးမှာ ဒေါ်ခင်ထားချို ဝင်ထိုင်သည်။

''နာမည်ကတော့ တင်တင်စီးစီးပါလား၊ နေပါဦး ကိုကျော် သူ့ကို ကိုကျော် ဘာရည်ရွယ်ချက်နဲ့ ခေါ်လာတာလဲ''





''ဘာရည်ရွယ်ချက်ရမှာလဲ ထားရဲ့၊ ကိုရဲဇော်ကို မသေခင်ပေးခဲ့တဲ့ ကတိအတိုင်း ကိုယ်တာဝန်ယူရမှာပေါ့''

''အင်းလေ တာဝန်ယူတယ်ဆိုရင်လည်း တတ်နိုင်သလောက်ထောက်ပံ့လိုက်ရမှာပေါ့''

''မဟုတ်သေးဘူးလေ ထားရဲ့၊ သူ့မှာက ဘာဆွေမျိုးသားချင်းမှ မရှိဘဲ ဒါကြောင့် ကိုယ့်အိမ်ကိုခေါ်လာတာပါ၊ သူ့ခြေထောက်ပေါ်မှာ သူ ရပ်တည်နိုင်တဲ့အထိ ကိုယ် တာဝန်ယူပေးမယ်''

''ကိုကျော် ဒီတာဝန်ဆိုတဲ့စကားကြီးကိုပဲ ထား မကြိုက်တာ၊ လူတစ်ယောက်ကို အိမ်ပေါ်ခေါ်တင်ပြီး တာဝန်ယူရလောက်အောင်လည်း မလိုအပ်ဘူး ထင်တယ်''

သူ့ကို ရှေ့မှောက်မှာထားပြီး ဒေါ်ခင်ထားချို ပြောနေသည့်စကားတွေကြောင့် သူ သိမ်ငယ်စွာနှင့် ခေါင်းကိုငုံ့ထားမိသည်။

''ထား ဖြစ်စေချင်တာက သူ့ကို ကိုကျော် ငွေကြေးထောက်ပံ့ပေးလိုက်ရင် ပြီးပြီ၊ ကိုကျော် ဒီလောက်ကြီး တာဝန်ယူရအောင် ဘာဆွေမျိုးသားချင်းမှ မတော်စပ်ပါဘူး''

''ထား ဘယ်လိုပြောလိုက်တာလဲ၊ ကိုရဲဇော်ဆိုတာ ကိုယ့်အပေါ်ကောင်းတဲ့သူတစ်ယောက်၊ ကိုယ့်အကျိုးစီးပွားကို ရိုးရိုးသားသားကြိုးစားရှာဖွေပေးခဲ့တဲ့ ဝန်ထမ်းတစ်ယောက်၊ သူ သေသွားတဲ့အချိန်မှာ ကျွဲရောက်နေတဲ့ ကလေးတစ်ယောက်ကို ကိုယ် တာဝန်ယူရမှာပဲပေါ့''

''လူတစ်ယောက်ကို တာဝန်ယူရတာ လွယ်လွယ်လေးလို့ ကိုကျော် ထင်မနေနဲ့ ပြီးတော့ ကိုယ့်မှာ သားသမီးတွေ သုံးယောက်တောင်ရှိနေတာနော်''

www.burmeseclassic.com



"ထား အားလုံးကို ကိုယ် တာဝန်ယူနိုင်တယ်၊ ဒီတော့ ဒီကိစ္စကို ထား ပြဿနာမရှာပါနဲ့၊ လုပ်သင့်တာကို ကိုယ်ဆုံးဖြတ်ပြီး လုပ်ခဲ့တဲ့ ကိစ္စပဲ"

ဦးကောင်းမြတ်ကျော် မျက်နှာကြီး ရဲရဲနီလျက် ယတိပြတ်ဆိုတော့ ဒေါ်ခင်ထားချို ဆတ်ခနဲ ထရပ်သည်။ မာထန်နေသော မျက်နှာနှင့် သူ့ကိုစိုက်ကြည့်တော့ သူ ရင်မဆိုင်ရဲစွာ အကြည့်လွှဲမိသည်။

"ကဲ လာကြ သားနဲ့သမီးတို့"

ဧည့်ခန်းထဲက ချာခနဲ လှည့်ထွက်သွားသော ဒေါ်ခင်ထားချို နောက်မှ ကောင်းဝေယံနှင့် အေးသင်ချိုတို့ လိုက်ပါသွားခဲ့ကြသည်။

အလင်္ကာချို ဆိုသော ကော်ပတ်ရုပ်မလေးက ဖခင်ဖြစ်သူအနားမှာ ထိုင်ရင်း ကျန်ခဲ့၏။

"မောင်ရဲရင့် မင်းဘာမှ အားမငယ်နဲ့၊ မင်းအတွက် ဦး အားလုံး တာဝန်ယူတယ်၊ မင်းပညာရေးကို ကြိုးစား၊ ဦးအားလုံး ကူညီထောက်ပံ့မယ်"

သူ ခေါင်းညိတ်ပြလိုက်ရပေမယ့် ချို ဂေဟာ ဆိုသော ခြံကြီးထဲမှာ ရင်ဆိုင်နေထိုင်ရမည့် အနာဂတ်အတွက် ရင်လေးနေမိတာ အမှန်။

မကြည်ဖြူသူတွေရဲ့ မျက်ဝန်းအရိပ်အောက်မှာ သူ ဘယ်လောက်အထိ နေနိုင်မည်လဲ။

အားကိုးရသည့် ဦးကောင်းမြတ်ကျော်မှလွဲ၍ ဘယ်သူမှ မရှိတာတော့ သေချာနေပြီ။

■ ■ ■

## အခန်း (၇)

နှစ်ထပ်တိုက်ကြီး၏အပေါ်ထပ်မှာ သူ့အတွက် အခန်းတစ်ခန်းကို ဦးကောင်းမြတ်ကျော်က စီစဉ်ပေးသည်။

"မနက်ဖြန်ကျရင် ဦးကိုယ်တိုင် မောင်ရဲရင့်ကို ကျောင်းအပ်ပေးမယ်၊ ဦးပြောချင်တာက မောင်ရဲရင့် ပညာရေးကို ထွန်းပေါက်အောင်ကြိုးစား ဟုတ်လား၊ သားဖေဖေကို ကတိပေးထားတဲ့အတိုင်း ဦးဘက်က တာဝန်ကြေစေရမယ်"

သူ့အပေါ်မှာတော့ ဦးကောင်းမြတ်ကျော်က တကယ့်ကို ကောင်းနိုင်ခဲ့ပါသည်။ သို့ပေမယ့် ဒေါ်ခင်ထားချိုကတော့ မကြည်ဖြူတာ အထင်အရှားဖြစ်သည်။

ခင်ပွန်းဖြစ်သူ ဦးကောင်းမြတ်ကျော်ကို မလွန်ဆန်နိုင်တာကြောင့် နှုတ်ဆိတ်လက်ခံထားရပေမယ့် သူ့ကိုတော့ ယတိပြတ်ဘဲ ရင်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ပြောသည်။

"ဟော့ ကောင်လေး လာဦး"

ခြံထဲကို တံဆင်းဖတ်နေမည့် စိတ်ကူးနှင့် သူ ဆင်းဖို့ထွက်ခဲ့တုန်း ဒေါ်ခင်ထားချို ခေါ်သံ မာဆတ်ဆတ်ကို ကြားလိုက်ရတာမို့ ယောင်နန လှည့်ကြည့်မိ၏။

"ဟဲ့ ဘာကြည့်နေတာလဲ၊ နင့်ကိုခေါ်နေတာ"

"ခင်ဗျာ ဟုတ် ဟုတ်ကဲ့"

သူ့နာမည်ကို သိနေလျက် တမင်မခေါ်ဘဲ တင်တင်စီးစီး ခေါ်နေတာ သိပေမယ့် သူ ခေါင်းလေးငုံ့ကာ လှမ်းခဲ့ရ၏။

"ဒီမှာကောင်လေး မင်း အဝတ်အစားတွေယူပြီး ဒီနေ့ကစပြီး ဦးလှထွန်းနဲ့အတူ သွားနေပါ"

"ခင်ဗျာ"

"ဟဲ့ နင် နားကန်းနေသလား၊ ပြောလိုက်ရင် တဗျာဗျာနဲ့၊ ငါပြောတာ နားလည်လား၊ ဒီနေ့ကစပြီး နင် ဦးလှထွန်းနဲ့အတူ သွားနေ၊ ဒီတိုက်ကြီးပေါ်မှာ ငါတို့မိသားစုနဲ့အတူ နင်နေခွင့်မရှိဘူး၊ ငါပြောတာ ရှင်းလား"

"ဟုတ်ကဲ့ပါ"

"အေး ရှင်းတယ်ဆို ခုချက်ချင်း နင့်အဝတ်အစားတွေကို ချက်ချင်းသိမ်းတော့၊ နေဦး နေဦး နင်အိပ်ထားတဲ့ အိပ်ရာခင်း ခြင်ထောင်တွေပါ တစ်ခါတည်း ယူသွား"

သူ့ကို ရွံရှာသလိုကြည့်ရင်း ဒေါ်ခင်ထားချို နှာခေါင်းရှုံ့ပြော



သည်။

ဦးကောင်းမြတ်ကျော် အလုပ်ကိစ္စတစ်ခုကြောင့် မန္တလေးကို ခရီးထွက်သွားချိန်လေးမှာ ဒေါ်ခင်ထားချို စီစဉ်လိုက်ခြင်းဖြစ်သည်။ အရင်ကတည်းက သူ ဒီတိုက်ကြီးပေါ်မှာ ရှိနေတာကို ဒေါ်ခင်ထားချို အလိုမရှိမှန်း သူသိပါသည်။

ဒေါ်ခင်ထားချိုတင်မကဘဲ ကောင်းဝေယံနှင့် အေးသင်ချိုတို့ကလည်း မကျေနပ်တာ သေချာသည်။

ဖခင်ကို ကြောက်၍သာ ဘာမှမပြောကြတာဖြစ်ပေမယ့် သူ့ကိုတော့ တွေ့တာနဲ့ မကျေမနပ် အမူအယာတွေနှင့် တမင်ကြားအောင်ပြောတတ်တာ မကြာခဏ ဖြစ်သည်။

"ဒယ်ဒီကလည်းဗျာ ဘယ်က ကလေကဝကောင်ကို အိမ်ပေါ်ခေါ်တင်ထားတာလဲ မသိဘူး"

"ဟုတ်တယ် မာမီရယ်၊ ကျောင်းမှာလည်း သူငယ်ချင်းတွေက မေးကြတယ်၊ နိုင်ငံရဲရင့်က နင်တို့နဲ့ မောင်နှမတွေလားတဲ့၊ သိပ်ရှက်ဖို့ကောင်းတာပဲ၊ သမီးတော့ အတူတူကို ကျောင်းမသွားချင်တာ တကယ်"

"ဒယ်ဒီကကို မမိုက်တာ၊ ဒီလိုကောင်နဲ့ ကျောင်းအတူသွားခိုင်းတာ သားတော့ လုံးဝမကျေနပ်ဘူး၊ သူငယ်ချင်းတွေ မေးရင် သားကတော့ ပြောလိုက်တယ် ငါ့ဒယ်ဒီရဲ့ ဒရိုင်ဘာသားလို့"

"ဟုတ်သားပဲ သားကြီးပြောသလို သမီးကလည်း ပြောပြမယ်၊ မာမီဆို အိမ်မှာကို မထားချင်တာ၊ သမီးတို့ဒယ်ဒီကြောင့်ပေါ့"

သူ့အပေါ်မှာ ဒေါ်ခင်ထားချိုတို့ သားအမိသုံးယောက် လုံးဝ

www.burmeseclassic.com

www.burmeseclassic.com



မကြည်ဖြူတာသိပေမယ့် သူ့ဘဝက ခိုနားစရာမရှိသေးတော့ ရောင့်ရှူတ်ပိတ်နေရသည်။ အခုလည်း အိမ်ပေါ်က နှင်ချကာ အလုပ်သမားတန်းလျားလေးမှာ ဦးလှထွန်းနှင့်နေဆိုတော့လည်း သူ အသာတကြည်ဆင်းခဲ့လိုက်သည်။

"ဟဲ့ နိုင်ငံရဲရင့် အမလေး နှင့်နာမည်ခေါ်ရတာ အာကလောတယ်။ ဒီမှာ နင့်ဦးလေး ပြန်လာရင် ဟိုပြော ဒီပြော လုပ်မယ်မစဉ်းစားနဲ့နော်၊ နင်ကိုယ်တိုင်က အိမ်ပေါ်မှာ မနေတတ်လို့ ဦးလှထွန်းနဲ့နေမယ်ပြော ကြားလား"

"ဟုတ်ကဲ့ပါ ဒေါ်လေး"

"ဘာရယ် ဒေါ်လေး ဟုတ်လား။ မခေါ်နဲ့ မခေါ်စမ်းနဲ့ အန်တီချိုဆို ရပြီ၊ တစ်ခါတည်း ပြောထားမယ်၊ နင့်ဘဝ နင့်အဆင့်အတန်းကိုနင်သိထားပါ၊ သနားလို့ ငါ့ယောက်ျား ခေါ်လာပေမယ့် နင်နဲ့ငါတို့ ဘာမှမသက်ဆိုင်ဘူး။ အဝေးကြီး ဒါကို နင့်ခေါင်းထဲက ဘယ်တော့မှ မမေ့ပါနဲ့"

ဒေါ်ခင်ထားချိုရဲ့ ခွဲခြားဆက်ဆံမှုတွေအတွက် သူ အမြဲတမ်းခေါင်းငုံ့အရှုံးပေးနိုင်ဖို့ ဆုံးဖြတ်ထားသည်။

ဦးကောင်းမြတ်ကျော်က နေခွင့်ပြုသည်ဆိုပေမယ့် ကိုယ့်ကိုမကြည်ဖြူသောသူတွေနှင့် မျက်နှာချင်းဆုံရတိုင်း သူ အားငယ်ရစမြဲ။

"ဆရာမရှိရင် သူတို့ မင်းကို ဒီလိုဆက်ဆံကြမယ်ဆိုတာ ဦးထွန်း ကြိုသိပြီးသားပါ၊ မင်း စိတ်မကောင်းဖြစ်နေသလား မောင်ရဲရင့်"

"မဖြစ်ပါဘူး ဦးလေးထွန်း၊ တိုက်ကြီးပေါ်မှာ နေရတာထက်စာရင် ဒီနေရာလေးမှာနေရတာက ကျွန်တော့်အတွက် ပိုပြီး စိတ်ချမ်းသာ



ပါတယ်ဗျာ"

သူ့စကားကို ဦးလေးထွန်း ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေပြီးမှ

"အေး အေး မင်းကို ဦးထွန်း နားလည်တယ် မောင်ရဲရင့်၊ သူ့ဆန္ဒစားမှုတော့ ရဲရမှာပေါ့ကွယ်၊ သူတို့က မကောင်းပေမယ့် ဆရာကကောင်းပါတယ်၊ ဒီတော့ သည်းခံနေပြီး မင်းဘဝ တိုးတက်အောင်ကြိုးစား ကလေးရေ"

ဒရိုင်ဘာကြီး ဦးလှထွန်းကတော့ ဦးကောင်းမြတ်ကျော်၏လူယုံတော်လည်းဖြစ်သလို တစ်ယောက်တည်းသမားကြီးမို့ သူလာနေမည်ဆိုတော့လည်း ကြည်ဖြူကျေနပ်နေသည်။

သွပ်မိုးပျဉ်ကာ အလုပ်သမားတန်းလျား နေအိမ်လေးက ခမ်းနားသော တိုက်အိမ်ကြီးနှင့်ယှဉ်လျှင် အပုံကြီး ကွာခြားပါသည်။ ဒါပေမဲ့ သူ့အတွက်တော့ စိတ်ချမ်းမြေ့စရာကောင်းမှာတော့ သေချာသည်။

မကြည်ဖြူသူတွေရဲ့မျက်စိရှေ့မှောက်မှာ သူလည်း မနေချင်ပါ။

ဘာပဲဖြစ်ဖြစ် မကြည်ဖြူသော မျက်ဝန်းတွေနှင့် ကင်းလွတ်ရာမှာပဲ သူ နေချင်ပါသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဦးကောင်းမြတ်ကျော် မန္တလေးက ပြန်ရောက်လာတော့ ဒေါ်ခင်ထားချို ဘယ်လိုပြောလိုက်သည် မသိပါ။

အလုပ်သမားတန်းလျားက ဦးလှထွန်း အိမ်လေးမှာ ရောက်နေသော သူ့ကို ကိုယ်တိုင်လာတွေ့သည်။

"မောင်ရဲရင့် မင်း ဦးထွန်းနဲ့နေရတာ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ဦး၊ အဆင်ပြေပါတယ်"

ဦးကောင်းမြတ်ကျော် ဘာမှမဆိုဘဲ သူ့ကိုကြည့်ကာ အတော်ကြာ ငြိမ်သက်နေပြီးမှ ဦးလှထွန်းဘက်လှည့်ကာ

"ဦးလှထွန်း မောင်ရဲရင့်ကို ဒီမှာပဲ နေပါစေ၊ ပြီးရင် သူ့ကိုလည်း ဂရုစိုက်လိုက်ပါ"

"ဟုတ်ကဲ့ စိတ်ချပါ ဆရာ"



"မောင်ရဲရင့် မင်းလိုတာအားလုံးကို ဦးထွန်းကိုပြော၊ ဦး အားလုံးစီစဉ်ပေးထားမယ် ဟုတ်ပြီလား၊ ဦး နားလည်တယ် ဒီမှာနေရတာက မင်းအတွက် ပိုအဆင်ပြေလိမ့်မယ်"

ဦးကောင်းမြတ်ကျော် ဘာကိုဆိုလိုသည်ဆိုတာ သူ သဘောပေါက် နားလည်ပါသည်။ ဇနီးနှင့်သားသမီးတွေ မကြည်ဖြူသည့်ကြားမှ သူ နေထိုင်ရသော ဘဝအခြေအနေကို ဦးကောင်းမြတ်ကျော် တွက်ဆပြီးလောက်ပြီဆိုတာ သေချာ၏။

သူ့အတွက်ကတော့ ဦးလှထွန်း၏အိမ်ကလေးကပဲ အဆင်ပြေခဲ့တာ အမှန်ပဲဖြစ်သည်။

ဦးထွန်းက စိတ်ရင်းကောင်းသလို သူ့အပေါ်မှာလည်း စာနာစိတ်နှင့် ကြင်နာတတ်သူဖြစ်ခဲ့၏။

တိုက်အိမ်ကြီးပေါ်က ဆင်းခဲ့လျှင် သူ့ဘဝအေးချမ်းခဲ့ပြီထင်ပေမယ့်လည်း ဒေါ်ခင်ထားချိုတို့မိသားစုတွေ၏ အနှောင့်အယှက်က သူ့အပြီးတိုင် လွတ်ကင်းခဲ့တာတော့ မဟုတ်ခဲ့ပါ။

"ဟေ့ကောင် ရဲရင့် ဒီနေ့ကစပြီး မင်း ငါတို့ကားနဲ့ လိုက်စရာမလိုဘူး၊ မင်းဘာသာ ကျောင်းကို လမ်းလျှောက်သွား"

ကောင်းဝေယံတို့မောင်နှမ နှစ်ယောက်စလုံး သူ့ကားနှင့်ကျောင်းလိုက်နေတာကို ကျေနပ်ပုံမရှိကြတာ သူ သိသည်။

"မောင်ဝေယံ ဘာဖြစ်လို့လဲ သူ အရင်ကလည်း ဒီလိုပဲသွားနေကြပဲကွယ်"

"ဟာ ခင်များကြီးနဲ့ ဘာဆိုင်လို့လဲ၊ ဒီကောင်နဲ့ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



မောင်နုမ အတူတူ မစီးချင်ပါဘူး''

''ဟုတ်တယ် ဦးထွန်း အေသင်လည်း လုံးဝမကျေနပ်ဘူး။ သူ့လိုလူနဲ့ အတူသွားရတာ သိက္ခာကျတယ်၊ အလုပ်သမားသားက အလုပ်သမားသားလိုနေပေါ့''

မောင်နုမနှစ်ယောက်စလုံးဆီက မကျေမနပ် တိုက်ခိုက်သံတွေထွက်လာတော့ ဦးလေးထွန်းလည်း မျက်စိမျက်နှာပျက်နှင့် ဘာမှမပြောနိုင်ရှာပါ။

''ဟော့ကောင် ငါပြောတာ ကြားတယ်နော်၊ မင်းက ငါ့ဒယ်ဒီ ပစားပေးတိုင်း အခွင့်အရေးလိုချင်တဲ့ကောင်ပဲ၊ မရဘူးကွ၊ ကိုယ့်အဆင့်အတန်းကိုယ့်အခြေအနေကို ကိုယ်သိ၊ ကဲ ဦးထွန်း မောင်းတော့ဗျာ''

''မောင်ရဲရင့် ရော့ ရော့ ဒီမှာ ကားခယူသွား၊ လိုင်းကားစီးပြီးသွား ဟုတ်လား''

ဦးထွန်း အိတ်ထဲကငွေအကြွေကို ထုတ်ပေးသည်။ သူ ခေါင်းခါပြရင်း

''ရပါတယ် ဦးလေးထွန်း ကျွန်တော် လမ်းလျှောက်သွားလိုက်ပါ့မယ်''

''မဟုတ်တာကွယ် ကျောင်းမမီဖြစ်နေဦးမယ်''

''ရတယ် ဦးလေးထွန်း ခပ်သွက်သွက်လျှောက်သွားရင် မီပါတယ်၊ ကျွန်တော် သွားပြီ''

သူပြောပြီး ကျောင်းလွယ်အိတ်ကို စလွယ်သိုင်းလွယ်ကာ လှည့်ထွက်ခဲ့၏။ နောက်က ကောင်းဝေယံ၏အသံက နားစည်ထဲ တိုးဝင်လာ





သေးသည်။

''ဦးလှထွန်း ခင်ဗျားကြီးက တော်တော်လျှာရှည်တယ်၊ သူ့ဘာသာလမ်းလျှောက်သွားစမ်းပါစေဗျာ''

ထိုနေ့ကတည်းက ကျောင်းသွားကျောင်းပြန်ခရီးကို သူ တစ်ယောက်တည်းပဲ လမ်းလျှောက်သွားဖြစ်ခဲ့သည်။ တကယ်ဆို ကောင်းဝေယံတို့ ကားနှင့်လည်း သူ မသွားချင်ပါ။ တစ်လမ်းလုံး သူ့ကို မကျေနပ်အကြည့်တွေနှင့် ကြည့်တာကိုလည်းမခံချင်ပါ။

မဝေးလှသော ကျောင်းနှင့်အိမ်ခရီးကို သူတစ်ယောက်တည်း ဆယ်မိနစ်လောက် လမ်းလျှောက်သွားရတာက ပိုလို့ စိတ်ချမ်းသာသေးသည်။

''ဒီကိစ္စကို ဦးထွန်း ဆရာ့ကိုပြောလိုက်တော့ ဆရာတော်တော်ဒေါသဖြစ်သွားတယ် မောင်ရဲရင့်''

''ဟာ ဘာလို့ ပြောလိုက်တာလဲ ဦးလေးထွန်းရာ၊ တော်ကြာ ကောင်းဝေယံတို့မောင်နှမသိရင် ကျွန်တော့်ကို ပြဿနာရှာနေပါဦးမယ်''

''ဦးထွန်း သိတယ် မောင်ရဲရင့်၊ ဆရာလည်း ဒါကို နားလည်ပါတယ်၊ ဒါကြောင့် မောင်ရဲရင့်ကိုယ်တိုင်ကလည်း တစ်ယောက်တည်း လမ်းလျှောက်သွားရတာ အဆင်ပြေတယ်လို့ ဆရာ့ကိုပြောပြလိုက်ပါတယ်''

ဦးလှထွန်းက သူ စိုးရိမ်ပူပန်နေသည်ကို နားလည်စွာနှင့်ပြောပြတော့မှ သူ ပင့်သက်ရှိုက်ရင်း ခေါင်းညိတ်ပြမိသည်။

''အေးကွာ ဆရာကတော့ မင်းအပေါ်မှာ တကယ်စေတနာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါတယ် မောင်ရဲရင့်၊ သူ့မိန်းမနဲ့သားသမီးတွေ ဘယ်လိုပဲ ဆက်ဆံပါစေ မင်းသည်းခံပြီး ပညာတတ်ကြီးဖြစ်အောင် ကြိုးစား၊ ဆရာက မင်းဘဝလေး ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်နိုင်တဲ့အထိ စောင့်ရှောက်ပေးမယ်တဲ့''

ဦးကောင်းမြတ်ကျော်ရဲ့စေတနာကို သူ နားလည်ပါသည်။ သူ့ဘဝသူလည်း သဘောပေါက်ပါသည်။ ဒါကြောင့်လည်း သူ ကြိုးစားဖြစ်ခဲ့သည်။

သူ့ပညာရေးအတွက် ဦးကောင်းမြတ်ကျော်က လိုလေသေးမရှိအောင် ထောက်ပံ့ပေးခဲ့သည်။

ကျောင်းစာအုပ်နှင့် လိုအပ်တာမှန်သမျှကို ပြည့်စုံအောင် ဝယ်ပေးသည်။

''မောင်ရဲရင့် မင်းအတွက် အဝတ်အစားတွေ ဦးထွန်းဝယ်ပေးလိမ့်မယ်၊ ရော့ ဒါက မင်းအတွက်မုန့်ဖိုး၊ မင်းလိုချင်တာ ဝယ်ချင်စရာရှိရင်လည်းပြော''

''ကျွန်တော့်အတွက် ဘာမှမလိုပါဘူး ဦး၊ ပြည့်စုံပါတယ်''

''အေး အေး စာကိုတော့ ကြိုးစား၊ စာမလိုက်နိုင်ရင်ပြော မင်းအတွက် ဦး ဆရာခေါ်သင်ပေးမယ်''

''ရပါတယ် ဦး၊ ကျွန်တော် လိုက်နိုင်ပါတယ်ခင်ဗျာ''

ကောင်းဝေယံနှင့် အေသင်ချိုတို့ကတော့ အိမ်မှာစာသင်ပေးသည့် ဂိုက်ဆရာမနှင့်ဖြစ်သည်။ ဦးကောင်းမြတ်ကျော်ကလည်း သူ့အတွက် စီစဉ်ပေးပေမယ့် သူ ငြင်းခဲ့သည်။

ဗျူးဒေါ်ဝေ



တစ်နေ့စာကို တစ်နေ့ကျက်သောဖတ်သောသူ့အတွက် အခက်အခဲမရှိတာ အမှန်ပဲဖြစ်၏။

သူ နားမလည်သောပုစ္ဆာတွေကိုလည်း ကျောင်းကဆရာမဆီမှာပဲ မေးဖြစ်တာကြောင့် အဆင်ပြေသည်။

ဒါကြောင့်လည်း သူ ရုပ်တန်းကို အခက်အခဲမရှိ အောင်ခဲ့သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ဒေါ်ခင်ထားချို ခေါ်နေသည်ဟု အိမ်ဖော်မလေး မစိမ်း လာပြောကတည်းက သူ နည်းနည်းတော့ ထိတ်ခနဲ ဖြစ်သွားခဲ့သည်။

ဒီရက်တွေမှာ ဦးကောင်းမြတ်ကျော်လည်း အိမ်မှာမရှိပါ။ အလုပ်ကိစ္စနှင့် တောင်ကြီးကို ခရီးထွက်သွားခဲ့သည်။ တစ်ပတ်လောက်ကြာမည်ဟု ဦးလေးထွန်းပြောလို့ သူ သိထား၏။

ဆင်ဝင်အောက်မှာ ဦးလေးထွန်း မောင်းသည့် ဆလွန်းကားလေးကို မတွေ့ရပါ။ ဦးလေးထွန်းလည်း ဒေါ်ခင်ထားချို စေခိုင်းလိုက်လို့ အပြင်သွားတာဖြစ်မည်။

အိမ်ကြီးထဲဝင်ဖို့ ခြေလှမ်းတွေတွန့်ဆုတ်နေသော သူ့ကို ဧည့်ခန်းဆိုဖာထိုင်ခုံကြီးမှာ ထိုင်နေသော ဒေါ်ခင်ထားချို လှမ်းကြည့်နေတော့ မဝံ့ရဲသည့် ခြေလှမ်းတွေ ပိုလို့ ရွံ့တွန့်တွန့် ဖြစ်ရသေးသည်။

ဗျူး၊၁၁၄၀



"ဟော့ကောင် မင်း ဘာလုပ်နေတာလဲ"

အနောက်က မာဆတ်ဆတ်အသံကြောင့် သူလှည့်ကြည့်တော့ မျက်မှောင်ကုပ် ခါးထောက်ကြည့်နေသော ကောင်းဝေယံကိုတွေ့၏။

"မာမီ ခေါ်ထားတာ သား၊ ဟဲ့ ရဲရင့် ဝင်လေ၊ ပုံစံကိုက သူခိုးလိုလိုနဲ့ ဘာလုပ်နေမှန်းကို မသိဘူး"

လူကိုမြင်သည်နှင့် နှိမ်ချသော စကားလုံးနှင့် ဆီးကြိုတဲ့ပြန်ဘတ်တာ ဒေါ်ခင်ထားချိုရဲ့ အကျင့်ဖြစ်နေပြီ။ သူ ခပ်ရို့ရို့ပဲ ဧည့်ခန်းထဲ လှမ်းဝင်လိုက်သည်။

"မာမီက ဒီကောင့်ကို ဘာလုပ်ဖို့ ခေါ်ရတာလဲ"

ကောင်းဝေယံ မကျေနပ်သလို ပြောရင်း ဒေါ်ခင်ထားချိုနံဘေးက ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်သည်။ သူကတော့ ဝင်မထိုင်ဖြစ်ဘဲ အလိုက်သင့် ရပ်နေလိုက်သည်။

"သား မသိပါဘူး သူ့ကျောင်းစရာရှိလို့ ဒီမှာ ရဲရင့် အခုကျောင်းပိတ်ထားတဲ့ ရက်တွေမှာ နင် ဒီအတိုင်းစားလိုက်သောက်လိုက် အိပ်လိုက် နေလို့မရဘူး၊ ခြံသန့်ရှင်းရေးကို နင်လုပ်ရမယ် ကြားလား၊ ဦးအောင်ကြီး တောပြန်လို့ ခွင့်ယူထားတဲ့အချိန်မှာ ခြံသန့်ရှင်းရေးက နင့်တာဝန်ပဲ"

"ဟုတ်ကဲ့ပါ အန်တီချို"

"အေး နင်သိထားရမှာက သူစိမ်းတစ်ယောက်က ပညာသင်အစားကျွေး၊ နေစရာပေးထားရတဲ့ ကုန်ကျစရိတ်က အလွယ်လေးမထင်နဲ့ ကိုကောင်းမြတ်က သဘောကောင်းတိုင်း ငါ မကောင်းနိုင်ဘူး၊ ဒီအိမ်

ဗျူး၊၁၁၄၀

www.burmeseclassic.com

www.burmeseclassic.com



အရိပ်မှာနေရင် ကိုယ်နဲ့ထိုက်တန်တဲ့အလုပ်တော့ လုပ်ရမှာပဲ၊ ဦးအောင်ကြီး ပြန်လာရင်လည်း နင် လုပ်ရမယ့်အလုပ် လုပ်ရမယ် ကြားလား''

''ဟုတ်ကဲ့ပါ''

ဦးကောင်းမြတ်ကျော် မရှိချိန်မှာ ဒေါ်ခင်ထားချို ဘာနှောင့်ယှက်ပေးလာမည်လဲဟု သူ ကြိုတွေးမျှော်လင့်ထားပြီး ဖြစ်သည်။ အခုလည်း ဒေါ်ခင်ထားချို သူ့ကို တမင်ခေါ်ကာ စေခိုင်းခြင်းဖြစ်၏။

''လူဆိုတာ ကိုယ့်အခြေအနေ ကိုယ့်အဆင့်အတန်း ကိုယ့်ဘာသာ သိရမယ်၊ ကိုယ့်ကျေးဇူးရှင်အပေါ်မှာ ဘာမှသိတတ်မှုမရှိဘူးဆိုရင်တော့ မွေးကျွေးထားလည်း အလကားပဲ ကဲ သွားတော့''

ဒေါ်ခင်ထားချို စကားတွေကို နာကျင်ခံရခက်ပေမယ့်လည်း သူ့ဘဝက တခြားသော အားကိုးရာ နေရာမရှိတာမို့ ခေါင်းငုံ့သည်းခံနိုင်ဖို့ပဲ အစဉ်ကြိုးစားထားရသည်။

တကယ်ဆို နွေကျောင်းပိတ်ရက်တွေဆိုပေမယ့် နောင်နှစ်တက်ရမည့် စာတွေကို သူ ကြိုတင်ကျက်နေတာဖြစ်သည်။

သူ့ဆန္ဒစားတော့ ရဲရတော့မည်ဆိုသော ဦးလေးထွန်း စကားအတိုင်း သူ ခြံထဲမှာ ရှင်းလင်းစရာတွေကို ရှင်းလင်းရသည်။

သစ်ရွက်ကြွေတွေ အမှိုက်သရိုက်တွေကို လှဲကျင်းကာ အမှိုက်ပုံးထဲ ထည့်နေတုန်းမှာ ဦးလေးထွန်းကားက ခြံထဲဝင်လာသည်။ သူ အလုပ်တွေလုပ်နေတာ မြင်တော့ ဦးလေးထွန်း အိမ်ထဲမဝင်သေးဘဲ သူ့ဆီလျှောက်လာသည်။

''မောင်ရဲရင့် ဘာလုပ်နေတာလဲ''





''ခြေဘ် ဦးထွန်း ခြံထဲက အမှိုက်တွေ ရှင်းနေတာပါ''

''နေ နေဦး ဒီအလုပ်တွေ မင်းကိုဘယ်သူခိုင်းတာလဲ''

''ဘယ်သူခိုင်းရမှာလဲ မာမီခိုင်းတာပေါ့ဗျ''

သူတို့ဆီ ဦးတည်လျှောက်လာသော ကောင်းဝေယံအသံကြောင့် ဦးလှထွန်း လှည့်ကြည့်သည်။ စကားပြော ရိုင်းစိုင်းတတ်သော ကောင်းဝေယံကို ဦးလှထွန်း ဘယ်လိုမှ ကြည့်မရပေမယ့်လည်း. . .။

''ခြေဘ် မောင်ဝေယံ ဦးထွန်းက မသိလို့မေးကြည့်တာပါ''

''ဘာမှ မမေးနေနဲ့၊ ဒါ ခင်ဗျားအလုပ်မှ မဟုတ်ဘဲ၊ ကိုယ့်အလုပ်ကိုယ်လုပ်၊ မာမီ ခေါ်နေတယ်''

ကောင်းဝေယံ ဆိုသည့်ကောင်က လူကြီးကို လူကြီးမှန်းမသိဘဲ ပြောဆို ဆက်ဆံတတ်တာက ရိုင်းစိုင်းသည်။ ကောင်းဝေယံကော အေသင်ချိုကော စရိုက်အကျင့်တွေက အတူတူဖြစ်သည်။

အငယ်ဆုံးသမီးလေး အလင်္ကာချိုလေးကတော့ ခင်မင်စရာကောင်းသည်။ သုံးနှစ်ခွဲပဲ ရှိသေးတာမို့ ကလေးဆန်ပြီး ချစ်စရာကောင်းသည်။ သွေးရင်းမောင်နှမတွေပေမယ့် အကြီးနှစ်ယောက်နှင့် ကွာခြားလှ၏။

ဦးလှထွန်း အိမ်ဘက်ထွက်သွားတော့ ကောင်းဝေယံက သူ့ကို မျက်မှောင်ကုပ် ခါးထောက်ကြည့်ရင်း

''ဟောကောင် ငရဲ မင်းလုပ်စရာရှိတာလုပ်၊ ဦးလှထွန်းဆိုတဲ့ လူကြီးက ငါတို့အိမ်က ဒရိုင်ဘာ၊ မင်းဘာမှ အားကိုးမနေနဲ့၊ ငါ့မာမီ ခိုင်းတာလုပ်၊ ဒါ မင်းလုပ်ရမယ့်အလုပ်ပဲ''



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာမှမပြောဘဲ လုပ်စရာရှိတာကိုပဲ ဆက်လုပ်နေလိုက်သည်။ ထိုအခိုက်မှာပဲ ခြံထဲ မောင်းဝင်လာသော စက်ဘီးနှစ်စီးကြောင့် ကောင်းဝေယံ လှည့်ကြည့်သည်။

"ဟာ နေနိုင်နဲ့ ဘုန်းထက်တို့ပါလား"

"အေး ဒီလမ်းထဲလာရင်း မင်းအိမ်ဝင်လာတာကွ"

"ဟာ နိုင်ငံရဲရင့် ဘာလုပ်နေတာလဲ"

ဘုန်းထက်က သူ့ကိုမြင်တော့ အံ့သြသလိုကြည့်ရင်း မေး၏။ သူ ဘာမှမဖြေခင်မှာဘဲ ကောင်းဝေယံက

"ဒီကောင်လား ခြံထဲက အမှိုက်တွေ ရှင်းခိုင်းထားတာလေ"

"နိုင်ငံရဲရင့်က မင်းနဲ့ ဘာတော်လဲ ကောင်းဝေယံ"

"ဘာမှမတော်ဘူး။ ဒီကောင့်အဖေက ငါ့ဒယ်ဒီရဲ့ဒရိုင်ဘာ ဒီကောင့်အဖေသေတော့ သနားလို့ အိမ်မှာခေါ်ထားတာ၊ ဒီကောင့်အလုပ်က အခုမင်းတို့မြင်တဲ့အတိုင်း ခြံရှင်းအမှိုက်ကောက်လေ"

ဘုန်းထက်နှင့်နေနိုင်တို့ သူ့ကိုကြည့်နေသော အကြည့်တွေထဲမှာ အထင်သေးရှုတ်ချမှုတွေ တွေ့နေရ၏။ ကောင်းဝေယံမျက်နှာက ကျေနပ်စွာ ပြုံးလို့နေသည်။

ကျောင်းက သူငယ်ချင်း အပေါင်းအသင်းတွေကြားထဲမှာ ကောင်းဝေယံက သူ့ကိုအမြဲနှိမ်ချ ပြောဆိုတတ်တာ မကြာခဏဖြစ်သည်။

သူ့အတွက်တော့ အရာရာကို ရင်ဆိုင်နိုင်ဖို့ ဆုံးဖြတ်ထားခဲ့ပြီးပြီမို့ . . . ။

■ ■ ■

ဗျူး၈၁၀၁

## အခန်း (၁၀)

"ကိုကို ကိုကို"

ခြံဝင်းထဲက ပေါင်းပင်တွေကို သူ ရှင်းနေတုန်း အလက်ာချို အသံချိုချိုလေးနှင့် ခေါ်ရင်း ရောက်လာသည်။

ပန်းနုရောင်ဂါဝန်ဖားဖားလေးနှင့် အလက်ာချို လက်ထဲမှာ ချောကလက်တွေက လက်တစ်ဆုပ်ကြီးပါလာ၏။

"ကိုကို စားဖို့ အလက်ာ ယူလာတာ ရော့"

သူ့ဆီရောက်လာတိုင်း အလက်ာချိုသည် စားစရာမုန့်တွေ ယူလာတတ်တာ အမြဲဖြစ်သည်။ အခုလည်း ချောကလက်တွေကို လှမ်းပေးနေသည်။

"ညီမလေး စားပါ၊ ကိုကို မစားချင်ဘူး"

"ဟင့်အင်း မရဘူး ကိုကိုစားစေချင်လို့ အလက်ာ ယူလာတာ၊ ဒီမှာ အများကြီးပါတယ် ကိုကိုစားစမ်းပါ"

ဗျူး၈၁၀၆

www.burmeseclassic.com

www.burmeseclassic.com



သူ မယူမချင်း ဒီကောင်မလေး ဖွတ်ပေးတော့မှာသိနေတာမို့ ကမ်းပေးနေသည့် ချောကလက်တွေကို လှမ်းယူလိုက်ရသည်။

“အကုန်မပေးနဲ့လေ၊ ညီမလေးလည်း စားဦးလေ”

“ဟင့်အင်း အလက်ာ စားပြီးပြီ၊ ကိုကိုစားဖို့ တမင်ယူလာတာ ကိုကိုပဲ အကုန်စားလိုက်”

“ဘာလို့ အများကြီးယူလာတာလဲ ညီမလေးရဲ့၊ တော်ကြာ အန်တီချို သိနေရင် ညီမလေး အဆူခံနေရဦးမယ်”

“မာမီ မသိပါဘူး ကိုကိုရဲ့၊ တမင်မသိအောင် ယူလာတာပေါ့ ကိုကို့အလုပ်တွေ မပြီးသေးဘူးလား၊ ညီမလေး ဝိုင်းကူလုပ်ပေးမယ်”

“ဟာ မလုပ်ပါနဲ့ ညီမလေးလက်တွေ ပေကုန်မယ်၊ ဖယ် ကိုကို့ဘာသာ လုပ်ပါ့မယ်”

စုပုံထားသည့် ပေါင်းပင်တွေကို အလက်ာချို လှမ်းကိုင်ဖို့ လက် လှမ်းရွယ်နေတာမို့ သူ တားလိုက်ရသည်။ အလက်ာချိုက နံဘေး ဆောင့်ကြောင့်လေးထိုင်ရင်း

“ကိုကို့ကို မာမီက ဘာလို့ ဒီအလုပ်တွေ လုပ်ခိုင်းတာလဲ ဒယ်ဒီ့ကို အလက်ာ ပြန်တိုင်မယ် သိလား”

“ဦးကို သွားမပြောပါနဲ့ကွာ၊ တော်ကြာ ကိုကို့ကို အန်တီချို ဆူနေဦးမယ်၊ ပြန်မပြောနဲ့နော် ညီမလေး၊ ကိုကို အလုပ်တွေပြီးရင် ညီမလေးကစားဖို့ စက္ကူလှေလေးတွေ လုပ်ပေးမယ် ဟုတ်လား”

“တကယ်နော် ပြီးရင် ကိုကိုနဲ့ ညီမလေး အတူတူ စက္ကူလှေ လေးတွေ လွှတ်ကြမယ်နော် ကိုကို”





သူ့ ကျောင်းပိတ်ရက်တွေမှာ အလက်ာချိုလေးက ခြံထဲရောက် လာကာ အတူကစားတတ်သည်။ အစ်ကို အစ်မရင်းတွေရှိပေမယ့် အလက်ာချိုက မခင်မင်ဘဲ သူ့ကိုပဲ ခင်မင်နေသည်။

ကောင်းဝေယံနှင့် အေးသင်ချိုတို့ကလည်း အလက်ာချိုကို ညီမ လေးရယ်လို့ ကြင်ကြင်နာနာမရှိကြတာကြောင့်လည်း အလက်ာက မခင် ချွယ်တာ ထင်သည်။

သူကတော့ အလက်ာလေးကို သနားတာကြောင့် ကစားစရာ အရုပ်လေးတွေ လုပ်ပေးတတ်သည်။

သူလုပ်ပေးသော စက္ကူလှေကလေးတွေ စက္ကူငှက်လေးတွေကို အလက်ာက သဘောကျသည်။ ဒါကြောင့်လည်း မိခင်ဖြစ်သူ အိမ်မှာမရှိ သည်နှင့် အလက်ာ သူ့ဆီရောက်လာတတ်စမြဲဖြစ်သည်။

“မာမီက ကိုကိုနဲ့အတူတူ မကစားရဘူးတဲ့၊ အလက်ာက ဘယ် သူနဲ့ ကစားရမှာလဲ၊ ကိုကြီးဝေယံနဲ့ မမအေးသင်တို့က အလက်ာနဲ့မှ မကစားတာ၊ ကိုကိုနဲ့မှ အလက်ာ ကစားမှာပေါ့”

“တော်ကြာ အန်တီချိုက အလက်ာ့ကို ရိုက်နေဦးမယ်”

“မရိုက်ပါဘူး မာမီ မရှိတဲ့အချိန်ရွေးကျမှ ကိုကိုနဲ့လာကစား တာပေါ့”

ဒီအိမ်ကြီးမှာ ဦးကောင်းမြတ်ကျော်နှင့် အလက်ာချိုလေးက သူ့ကို ခင်တွယ်တာမို့ သူလည်း အလက်ာချိုကိုတော့ ခင်မင်ပါသည်။ ဒါကြောင့်လည်း သူ ကျောင်းကပြန်လာတိုင်း အလက်ာချိုလေးအတွက် မုန့်လေးတွေ ဝယ်လာပေးတတ်စမြဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးနဲ့မမက ကိုကို့လို တစ်ခါမှ မုန့်မဝယ်လာတတ်ဘူး၊ အလက်ာကျောင်းတက်ရင် ကိုကိုနဲ့ပဲ သွားမယ်သိလား"

နောက်တစ်နှစ်ဆိုလျှင် ကျောင်းတက်ရတော့မည့် အလက်ာချိုက သူနှင့်အတူ ကျောင်းတက်ဖို့ ပြောနေတော့ သူ ပြုံးမိသေးသည်။ တကယ်ဆိုလျှင် အလက်ာချိုလေး ကျောင်းတက်လျှင် သူက ကိုးတန်း တက်ရမှာဖြစ်သည်။

အလက်ာပြောသလို သူနှင့်အတူတူ ကျောင်းတက်ဖို့ဆိုသည်က ဘယ်လိုမှ မဖြစ်နိုင်သောကိစ္စပဲဖြစ်သည်။

နိုင်ငံရဲရင့်ဆိုသော သူ့အတွက်က ဒီအိမ်ကြီးရဲ့အရိပ်အောက်မှာ နိကာ ဘဝအတွက် ရုန်းကန်နေရသူတစ်ယောက်ပဲဖြစ်သည်။

ဦးကောင်းမြတ်ကျော်က သူ့ဘဝကို တာဝန်ယူပေးထားသည်ဆို ပေမယ့်လည်း ဒါကို မကြည်ဖြူသူတွေက အများကြီးရှိသည်။

မမြင်ရသောအနာဂတ်မှာ သူ့အတွက် မျှော်လင့်ချက်တွေက ပြည့်ဝနိုင်မည်လား မသေချာသေးပါ။

■ ■ ■

သူ ကိုးတန်းတက်သည့်နှစ်မှာ အလက်ာချိုလေး ကျောင်းစ တက်ရသည်။ သူနှင့်ကောင်းဝေယံက ကိုးတန်းအတူ အောင်ချိုကတော့ ခုနစ်တန်းတက်ခွင့်ရပြီဖြစ်၏။

ကောင်းဝေယံတို့မောင်နှမသုံးယောက်ကတော့ ဦးလှထွန်းမောင်း သောကားကြီးနှင့် ကျောင်းသွားရသည်။

သူကတော့ ယခင်နှစ်ကအတိုင်း ကျောင်းကိုလမ်းလျှောက်၍





သွားသည်။ ကောင်းဝေယံတို့ကားနှင့် လမ်းမှာဆုံတိုင်း အလက်ာချိုလေး က ခေါင်းလေးပြူကာ အော်သွားတတ်စမြဲ။

"ကိုကို အလက်ာ ကျောင်းကစောင့်နေမယ်နော်"

"ဟာ ဒီကောင်မလေး ဘာမဟုတ်တဲ့ကောင်ကို နှုတ်ဆက်နေ သေးတယ်၊ ငါလုပ်လိုက်ရ နာတော့မယ်"

"ဟင် ကိုကြီးကလည်း ညီမလေးဘာသာ နှုတ်ဆက်တာကို"

"ဘာမှနှုတ်ဆက်စရာမလိုဘူး၊ ဒီကောင်က ငါတို့အိမ်က အလုပ် သမားသား၊ နင် အပေါင်းအသင်းလုပ်စရာမလိုဘူး"

ကောင်းဝေယံတို့ရှေ့မှောက်မှာ အလက်ာချို သူ့ကိုမခေါ်မပြော ခဲ့ပေမယ့် ကျောင်းမှာတော့ မုန့်စားဆင်းချိန်တိုင်း သူ့အခန်းကို ရောက် လာတတ်သည်။

"ကိုကို ဒီမှာ ကိုကိုစားဖို့ အလက်ာ မုန့်တွေလာပေးတာ"

"ဟာ အလက်ာလေးစားပါကွ ကိုကို မဆာပါဘူး"

"မဆာ ဆာဆာ စားရမယ်၊ အလက်ာမှာ မုန့်တွေအများကြီး အမေထည့်ပေးလိုက်တာ"

"အင်း အင်းပါကွာ ကဲ ညီမလေး သွားတော့နော်၊ တော်ကြာ ကောင်းဝေယံတို့တွေ့သွားရင် ညီမလေး ဆူနေကြဦးမယ်"

"အမလေး သူတို့လား အလက်ာဆီကိုလာမှာ၊ သူတို့သူငယ် ချင်းတွေနဲ့ သူတို့ပျော်နေကြတာပါ ကိုကိုရာ"

အလက်ာပြောတာလည်း မမှားပါ။ ကောင်းဝေယံနှင့် အောင် ချိုတို့က အလက်ာကို ညီမလေးတစ်ယောက်ရယ်လို့ ကြင်ကြင်နာနာ



www.burmeseclassic.com

www.burmeseclassic.com



ဂရုတစိုက်မရှိကြပါ။

ဒါကြောင့်လည်း အလက်ာက သူမကို ခင်မင်ဂရုစိုက်သော သူ့ကိုပဲ ပိုမိုခင်တွယ်နေခဲ့တာဖြစ်သည်။

အလက်ာချိုလေးကို သူညီမအရင်းအချာလို ခင်မင်တွယ်တာပေမယ့်လည်း ဒေါ်ခင်ထားချိုနှင့်ကောင်းဝေယံတို့မောင်နှမရှေ့မှာတော့ ခင်ခင်မင်မင် နေမပြခဲ့ပါ။

နဂိုကတည်းက သူ့ကိုမကြည်လင်သော ကောင်းဝေယံက အိမ်မှာလည်း သူ့ကိုနှိပ်ကွပ်ဖို့ အမြဲချောင်းမြောင်းနေတတ်သူဖြစ်သည်။

"ဟော့ကောင် ငရဲ မင်း ဒီမှာ ဘာထိုင်လုပ်နေတာလဲ"

တစ်မနက်လုံး ခြံထဲကအလုပ်တွေ လုပ်ပြီးပြီမို့ သစ်ရိပ်အောက်က ခုံတန်းလေးမှာ သူ စာကျက်နေတာဖြစ်သည်။ ဒါကိုမြင်နေလျက်နှင့် ကောင်းဝေယံ လာမေးနေ၏။

"ငါ စာကျက်နေတာပါ ကောင်းဝေယံ"

"ဟော့ကောင် မင်းအလုပ်မလုပ်ချင်တာနဲ့ ကျောင်းစာအုပ်ကိုင်ပြီး ဟန်ရေးပြမနေနဲ့"

"ခြံထဲက အလုပ်တွေ အကုန်လုပ်ပြီးပါပြီ ကောင်းဝေယံ"

"ဒါဆို ငါ့ရဲ့ဖိနပ်တွေ ရေဆေးပေးစမ်း။ သောကန်ဖိနပ်ကိုလည်း ပြောင်အောင်ဆေးပြီး နေလှမ်းပေးစမ်း"

ကောင်းဝေယံ သူ့ကိုတမင် စေခိုင်းနေတာသိပေမယ့် သူ ငြင်းလို့မရတာလည်း အမှန်။ ကောင်းဝေယံ စေခိုင်းသည့်အတိုင်း နာခံပြီး လုပ်ပေးရ၏။





"ကိုကောင်း ဖိနပ်တွေဘာလို့ ရဲရင့်ကိုပေးနေတာလဲ"

အေသင်ချို မေးလာတော့ ကောင်းဝေယံ မထီတရီပြုံးရင်း

"ဘယ်ကလာ ငါ့ဖိနပ်တွေ ဒီကောင့်ကိုပေးရမှာလဲ၊ ဖိနပ်တွေ ရေဆေးခိုင်းနေတာ"

"ဟင် ဟုတ်လား ဒါဆို အတော်ပဲ၊ အေသင်ဖိနပ်တွေပါ ဆေးခိုင်းလိုက်စမ်းပါ"

"ရတာပေါ့ ဟော့ကောင် ငရဲ ငါ့ညီမ အေသင်ဖိနပ်တွေပါ ဆေးကြောပေးလိုက် ကြားလား"

ဒီမောင်နှမနှစ်ယောက်က သူ့ကိုအမြဲတမ်း နှိပ်ကွပ်ဒုက္ခပေးတတ်ကြတာ သူ့အတွက် အဆန်းမဟုတ်တော့ပါ။

ဒါတွေကို ဒေါ်ခင်ထားချို မြင်သိနေပေမယ့် မသိကျိုးကျွံပြုမျက်နှာလွှဲထားသည်။ ဦးကောင်းမြတ်ကျော်ကတော့ ဘာမှသိရှာမည်မဟုတ်ပါ။

"ဟင် ကိုကို အဲဒီဖိနပ်တွေ ဘာလုပ်နေတာလဲ"

သူ ဖိနပ်တွေ ဆေးကြောတိုက်ချွတ်နေတော့ အလက်ာချို အနားရောက်လာကာ မေးသည်။

"ကောင်းဝေယံနဲ့ အေသင်ချိုရဲ့ဖိနပ်တွေလေ၊ သူတို့ဆေးခိုင်းလို့ ညီမလေးရဲ့"

"ဟင် အဲဒါ ကိုကြီးတို့ အနိုင်ကျင့်ကြတာ၊ မမအေသင်ကလည်း ဘာလို့ဒီလိုခိုင်းရတာလဲ၊ ကိုကိုက သူ့ထက်အသက်ကြီးတာ သူ ရဲ့ကြီးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အလက်ာချို ပြောနေတာလေးကို နားထောင်ရင်း သူ မချိတရိ ပြုံးမိသည်။ တကယ်ဆိုလျှင် ယယ်ရွယ်လွန်းသော အလက်ာရဲ့နှလုံးသားလေးက ဖြူစင်ရိုးသားသလောက် ကောင်းဝေယံတို့တွေက ဘာကြောင့် ညစ်ထေးလွန်းနေခဲ့တာလဲ။

သူ့စိတ်ကိုလည်း သူတို့အပေါ်မှာ ဖြူစင်စွာပဲထားခဲ့သည်။ သူတို့အရိပ်မှာ ခိုနေခဲ့ရသောကျေးဇူးကိုလည်း မမေ့ခဲ့ပါ။

ဒါနဲ့တောင် သူတို့ ဘာကြောင့် သူ့ကို မုန်းတီးနေခဲ့တာလဲ။ ဝဋ်ကြွေးမကုန်သ၍တော့ သူ ပေးဆပ်နေရဦးမည်ထင်ရဲ့။

■ ■ ■

## အခန်း (၁၁)

သူ ကိုးတန်းစာမေးပွဲအောင်ကာ ကောင်းဝေယံ စာမေးပွဲကျခဲ့တော့ ဦးကောင်းမြတ်ကျော် ဒေါသထွက်ပေါက်ကွဲတော့သည်။

"မင်းတော်တော် အသုံးမကျတဲ့ကောင်ပဲ ကောင်းဝေယံ၊ ကိုးတန်းတောင် ကျတယ်ဆိုတော့ ညံ့ဖျင်းလိုက်တာ"

"ဟာ ဒယ်ဒီကလည်း သားလည်းကျက်တာပါ၊ စာမေးပွဲမှာ မေးတာနဲ့ မတိုးတော့ ဘယ်တတ်နိုင်မှာလဲ"

"ဘာကွ မင်းအသုံးမကျလို့ မအောင်တာပေါ့ကွ၊ ကျူရှင်ဆိုလည်း မင်းစိတ်တိုင်းကျထားပေးတယ်၊ ဒါနဲ့တောင် ကျတယ်ဆိုတော့ မင်း အသုံးမကျတာ ထင်ရှားနေပြီ၊ မောင်ရဲရင့်ကို ကြည့်စမ်း မင်းလို ကျူရှင်လည်းမတက်ရဘဲ အောင်ခဲ့တာ၊ တကယ်ကြိုးစားလို့ပေါ့ကွ"

သူ့ရှေ့မှောက်မှာထားပြီး ခိုင်းနှိုင်းခံရတော့ ကောင်းဝေယံ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြီး ညှိုညစ်သွားသည်၊ ဒေါ်ခင်ထားချို မျက်နှာကလည်း သုန်မှုန်နေသည်။

"မင်း ဘယ်လောကအသုံးမကျသလဲ မကြိုးစားသလဲဆိုတာ အထင်အရှားဖြစ်နေပြီ ကောင်းဝေယံ"

"အခုမှတော့ ပြောနေလည်း စာမေးပွဲက ပြန်အောင်တော့မှာ မှမဟုတ်ဘဲ ကိုကောင်းရယ်၊ ဒီတစ်နှစ်မအောင်ရင်လည်း နောက်တစ်နှစ် ပေါ့ရှင်"

"ထား မင်းကြားက ဒီလိုကာဆီးကာဆီး မလုပ်ပါနဲ့ ဒါကြောင့် ဒီကောင် ဆိုးသွမ်းနေတာ"

"အလိုတော် ကျွန်မသားက ဘာဆိုးသွမ်းနေလို့လဲ၊ စာမေးပွဲ လေးကျတာနဲ့ လူဆိုးကြီးဖြစ်ရပြီလား"

"ဟ ကျောင်းသားဆိုတာ ပညာကိုကြိုးစားရမှာပဲလေ၊ အခု ဒီကောင် မကြိုးစားတာ အထင်အရှားပဲလေ၊ သူသာ ပညာကိုကြိုးစား ရင် မောင်ရဲရင့်လို အောင်ရမှာပေါ့"

"ဟာဗျာ ဒယ်ဒီ ဒီကောင်ငရဲနဲ့ သားကိုမနှိုင်းစမ်းပါနဲ့ဗျာ"

"ဘာကွ ဘာဖြစ်လို့လဲ မောင်ရဲရင့်က မင်းထက်တော်လို့ သာ လို့ဆိုတာ ထင်ရှားနေတာပဲ၊ ဒါဆို မင်းက ဘာမခံချင်ဖြစ်နေရတာလဲ"

"ဒီကောင်က ဒယ်ဒီ့အလုပ်သမားရဲ့သား၊ မိဘမဲ့တစ်ကောင် ကြွက်၊ သူများအိမ်ခိုကပ်နေတဲ့ကောင် သားနဲ့ဘာမှမဆိုင်ဘူး"

ကောင်းဝေယံ အနာပေါ်တုတ်ကျသလို ခံရခက်စွာနှင့် သူ့ လက်ညှိုးထိုးကာ အော်ဟစ်နေတော့ ဦးကောင်းမြတ်ကျော် မျက်နှာကြီး





နီမြန်းကာ ဝုန်းခနဲ ထရပ်သည်။

"ဟေ့ကောင် မင်းပါးစပ်ပိတ်စမ်း"

ဦးကောင်းမြတ်ကျော် တားမြစ်ပေမယ့် ကောင်းဝေယံ လက်သီး ကို တင်းတင်းဆုပ်ကာ သူ့ဆီ ဝုန်းခနဲ ရောက်လာ၏။

"ဟေ့ကောင် ငရဲ မင်းကဗြိုဟ်ကောင်ပဲ"

"ကောင်းဝေယံ"

ဦးကောင်းမြတ်ကျော် တားမြစ်ပေမယ့် ကောင်းဝေယံ၏လက် သီးချက်က သူ့မေးရိုးပေါ် ကျရောက်ပြီး ဖြစ်နေခဲ့၏။

"ခွပ်"

"ဟာ ဒီကောင် ငါ တစ်ယောက်လုံးတားနေတဲ့ကြားက မိုက် ရိုင်းလိုက်တဲ့ကောင် ကဲကွာ"

"ခွပ် ခွပ်"

"ကိုကောင်း မလုပ်နဲ့ ရှင် သားကိုမလုပ်နဲ့"

ဒေါ်ခင်ထားချို ဝင်ဆွဲသည်။ ဦးကောင်းမြတ်ကျော်၏လက်သီး ချက်နှင့် ကောင်းဝေယံ မှောက်ကျသွား၏။

"ရှင် တော်တော်ရက်စက်ပါလား၊ ဒါ ရှင့်သွေးသားပါ၊ ဒီလောက် ထိ ရှင်လုပ်ရသလား"

"မင်း ဘာမှဝင်မပြောနဲ့ ထား၊ မင်းသားက သိပ်ရိုင်းစိုင်းတယ်၊ ဒီ ရှိနေရက်နဲ့တောင် မောင်ရဲရင့်ကို ကိုယ်ထိလက်ရောက် ထိုးကြိတ်ရ သလားကွ"

"ရှင်ကကော သားမခံချင်အောင် ဘာလို့ပြောရတာလဲ၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက သားပြောသလို တကယ့် ဂြိုဟ်ကောင်လေးပဲ၊ သူ ဒီကို ရောက်လာကတည်းက ကျွန်မ သဘောတူခဲ့တာမဟုတ်ဘူး။ ရှင်က သွေး သားရင်းချာထက် ဘာလို့ ဒီကောင်လေးကို ခင်တွယ်နေရတာလဲ"

"ဟာ ထား မင်းဘာတွေပြောနေတာလဲ၊ မောင်ရဲရင့်က မိဘမဲ့ သနားစရာကောင်လေးပါကွ၊ ဒါကို မင်းတို့က ဝိုင်းပြီး အနိုင်ယူနှိမ်ချ နေတာ ငါသိတယ်"

"ရှင်က ဒီလောက်အထိ ဖနီးသားသမီးတွေထက် သူ့ကိုခင် တွယ်နေတယ်လား၊ ဒါဆိုရင် ရတယ် ကျွန်မတို့သားအမိတွေ ဒီအိမ်မှာ မနေဘူး"

အခြေအနေတွေက အတင်းမာဆုံးဖြစ်ကုန်သည်။ ဒေါ်ခင်ထား ချို ကောင်းဝေယံကို တွဲထူကာ သူ့ကိုစူးရူးရဲရဲ စိုက်ကြည့်သည်။

"နင်က ငါတို့မိသားစုအတွက် တကယ့် ဂြိုဟ်ကောင်ပဲ၊ နင် ဒီမှာရှိနေသ၍ ငါတို့မိသားစု စိတ်သောကရောက်နေဦးမှာပဲ၊ လာ သား မာမီတို့သွားကြမယ်"

သားသမီးသုံးယောက်ကိုခေါ်ကာ ဒေါ်ခင်ထားချို အိမ်ပေါ်က ဆင်းသည်အထိ ပြဿနာတွေက ရှုပ်ထွေးကုန်သည်။

သူ့ကြောင့် ဦးကောင်းမြတ်ကျော်တို့မိသားစု ပြဿနာတွေမဖြစ် စေချင်ပါ။ ချိုဂေဟာကြီးမှာလည်း သူ ဆက်မနေချင်တော့တာမို့

"ဦး ကျွန်တော့်ကြောင့် ဦးတို့မိသားစု ဒီလိုအခြေအနေတွေ မဖြစ်စေချင်ပါဘူး၊ ကျွန်တော် ဒီအိမ်ကြီးက ထွက်သွားပေးပါ့မယ်"

"မဟုတ်တာ မောင်ရဲရင့်ရယ်၊ အခုကိစ္စမှာ မင်းအပြစ်တစ်ခု





မှ မရှိပါဘူးကွာ"

"ကျွန်တော် ဒီခြံကြီးထဲမှာ မရှိရင် အားလုံးအတွက် အဆင်ပြေ နိုင်မှာပါ ဦးရယ်၊ ကျွန်တော် ထွက်သွားပေးပါ့မယ်၊ ဒီလိုအခြေအနေ တွေနဲ့လည်း ကျွန်တော် မနေသင့်တော့ပါဘူး ဦးရယ်"

ဦးကောင်းမြတ်ကျော် ပင့်သက်ရှိုက်ကာ တွေဝေငြိမ်သက်သွား ခဲ့သည်။ ဖနီးသည် ဒေါ်ခင်ထားချိုအကြောင်းကို သူ အသိဆုံးဖြစ်သည်။

ငွေဂုဏ်၊ ခေါဂုဏ်မောက်ကာ သားသမီးတွေအပေါ်မှာလည်း ထိုစရိုက်မျိုးတွေ ထည့်သွင်းပေးနေတာဆိုးပါသည်။ ဒီလိုအခြေအနေမှာ ဥပေက္ခာပြုလိုက်လို့လည်း မဖြစ်တာအမှန်။

သားသမီးသုံးယောက်ရဲ့ မျက်နှာကိုတော့ သူ ထည့်တွက်ရဦး မှာ သေချာသည်။

"အင်း ဦးသဘောပေါက်တယ် မောင်ရဲရင့်၊ မင်း ဒီမှာဆက် နေနေရင်လည်း သူတို့မင်းကို အငြိုးထားကြဦးမှာ၊ မောင်ရဲရင့်အတွက် အကောင်းဆုံးဖြစ်အောင် ဦးစီစဉ်ပေးပါ့မယ်"

■ ■ ■

သည့်နောက်ပိုင်းမှာ ဦးကောင်းမြတ်ကျော်က သူ့အတွက် နေ ထိုင်စရာတစ်ခု စီစဉ်ပေးခဲ့သည်။

"ဒါ ဦးပိုင်တဲ့တိုက်ခန်းပဲ မောင်ရဲရင့်၊ ဟောဒီတိုက်ခန်းမှာ မောင်ရဲရင့်နဲ့ ကိုလှထွန်းနဲ့ အတူနေကြပါ၊ မောင်ရဲရင့်တို့ စားဝတ်နေရေး ကိစ္စတွေ ဦး အားလုံးစီစဉ်ပေးထားမယ်၊ ဒီနှစ် မောင်ရဲရင့် ဆယ်တန်း ဆက်ရမှာဆိုတော့ အရေးကြီးတယ်၊ မောင်ရဲရင့် ကြိုးစားပါ၊ ပညာတတ်



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ရတဲ့အထိ ဦး တာဝန်ယူမယ်''

ဦးကောင်းမြတ်ကျော်က သူ့အတွက် အဆင်ပြေအောင် စီမံပေးခဲ့တာတော့ အမှန်ပဲဖြစ်သည်။

ချိုဂေဟာကြီး၏အရိပ်က ကင်းလွတ်ခဲ့ခြင်းအတွက်တော့ သူ ကျေနပ်ဝမ်းသာခဲ့တာ အမှန်ပဲဖြစ်သည်။

''ဆရာက မင်းအတွက် အကောင်းဆုံး စီစဉ်ပေးခဲ့တာပဲ မောင်ရဲရင့်၊ ချိုဂေဟာကြီးက မင်းအတွက် စိတ်သောကရောက်[illegible]ကောင်းတဲ့ နေရာဆိုတာ ဆရာကသိလို့ အခုလို စီစဉ်ပေးခဲ့တာ''

''ကျွန်တော်လည်း ကျေနပ်ပါတယ် ဦးလေးထွန်းရယ်၊ ကျွန်တော့်ကို မကြည်ဖြူတဲ့သူတွေရဲ့ အရိပ်မှာ ကျွန်တော် မနေချင်ပါဘူး''

''ဦးလေးထွန်း သိတယ် မောင်ရဲရင့်၊ နေ့စဉ် မြင်တွေ့နေရတာတွေကို ဦးလေးထွန်းလည်း စိတ်မကောင်းပါဘူးကွာ၊ ဘာပဲဖြစ်ဖြစ် သူတို့ မိသားစုရဲ့ရန်နဲ့ ကင်းတဲ့နေရာရောက်နေပြီ၊ မောင်ရဲရင့် ဘဝအတွက် ကြိုးစားကွာ''

ဦးလေးထွန်း စေတနာကို သူ နားလည်ပါသည်။ သူ့ဘဝ အနာဂတ်အတွက် စီစဉ်ပေးသော ဦးကောင်းမြတ်ကျော်၏ကျေးဇူးကိုလည်း သူ မမေ့ခဲ့ပါ။

ဒါပေမဲ့ ဒေါ်ခင်ထားချိုတို့ မိသားစု၏အငြိုးတရားတွေကို ကြ မမြင်နိုင်ခဲ့သော သူ့အဖြစ်က ...။

■ ■ ■

## အခန်း (၁၂)

ဦးကောင်းမြတ်ကျော် စီစဉ်ပေးထားသည့် တိုက်ခန်းမှာ သူ နှစ်ပတ်တောင်မနေလိုက်ရပါ။ ဦးကောင်းမြတ်ကျော်တို့ ဖနီးမောင်နှံ တစ်ရက်မှာ ရောက်လာကြသည်။

ဒေါ်ခင်ထားချို ကိုယ်တိုင်ပါလာတာမို့ သူ အံ့သြနေမိသည်။ ပြီးတော့ ဒေါ်ခင်ထားချိုမျက်နှာက ချိုသာလွန်းနေတာက ပိုလို့အံ့သြစရာ ကောင်းနေသည်။

''မောင်ရဲရင့် ဦးတို့နဲ့ ပြန်လိုက်ခဲ့''

''ဗျာ''

ဦးကောင်းမြတ်ကျော် အကြည့်တွေက နံဘေးမှ ဒေါ်ခင်ထားချိုဆီ ရောက်သွားကာ ခေါင်းညိတ်ပြလိုက်တော့

''ဟုတ်တယ် မောင်ရဲရင့်၊ အန်တီချိုတို့နဲ့ ပြန်လိုက်ခဲ့ပါကွယ်၊ ဘဝကို အန်တီချို စာနာနားလည်ပါပြီ၊ သားနဲ့သမီးကလည်း မင်း

www.burmeseclassic.com

www.burmeseclassic.com



ကို မောင်နှမရင်းချာလို ခင်မင်သွားကြပါပြီ၊ ဒီမှာနေထိုင်ရတာထက် စာရင် အန်တီချိုတို့နဲ့အတူ နေတာက မောင်ရဲရင့်အတွက် ပိုပြီး အဆင်ပြေတာပေါ့ကွယ်''

ဒေါ်ခင်ထားချို စိတ်ထားတွေ ချက်ချင်းပြောင်းလဲသွားခဲ့ခြင်း အတွက် သူ အံ့ဩမိတာအမှန်ပဲဖြစ်သည်။ ဦးကောင်းမြတ်ကျော်မျက်နှာ ကတော့ ရွှင်ပြုံးလို့နေသည်။

သူ့အရေးကိစ္စအတွက် ဒေါ်ခင်ထားချိုနှင့် ဦးကောင်းမြတ်ကျော် ကြားမှာ အဆင်ပြေစွာ ညှိနှိုင်းနိုင်ခဲ့တာလား။

''သားကြီး ကောင်းဝေယံကိုလည်း မောင်ရဲရင့် ခွင့်လွှတ်ပေးပါ ကွယ်၊ သားကြီးက စာမေးပွဲကျတော့ ဝမ်းနည်းပြီး သားကိုအထင်လွဲ စိတ်ဆိုးသွားတာပါ''

ဒေါ်ခင်ထားချို တကယ်ပဲ သူ့ကိုနားလည်ခွင့်လွှတ်သွားခဲ့တာ လား။ အံ့ဩမယုံနိုင်တာတော့ အမှန်ပဲဖြစ်သည်။ ဒါပေမဲ့လည်း ဦးကောင်း မြတ်ကျော်ကတော့ ဝမ်းသာအားရမျက်နှာနှင့်

''ဦးတော့ အရမ်းဝမ်းသာတယ် မောင်ရဲရင့်၊ ဘာလို့လဲဆိုတော့ မင်းကို ဦးရဲ့မိသားစုက နားလည်ချစ်ခင်သွားလို့ပဲ ကဲ မင်း ဦးတို့နဲ့ ချို ဂေဟာကို ပြန်လိုက်ခဲ့ပါ မောင်ရဲရင့်''

''ဟို ကျွန်တော့်အတွက် ဒီမှာလည်း အဆင်ပြေပါတယ် ဦး''

''မဟုတ်သေးဘူးလေကွာ ဒီမှာထက်စာရင် အိမ်မှာက မောင် ရဲရင့်အတွက် ပိုပြီးအဆင်ပြေတယ်၊ အားလုံးက လိုလားကြည်ဖြူနေ တော့ မောင်ရဲရင့် လိုက်ခဲ့တော''





''ဟုတ်ပါတယ် မောင်ရဲရင့် မင်းရဲ့ဘဝလေး တိုးတက်ကောင်း စားသွားတဲ့အထိ အန်တီချိုတို့ အိမ်မှာပဲနေပြီး ကြိုးစားပါကွယ် ဟုတ် လား''

အန်တီချိုကိုယ်တိုင်က သူ့ကိုလိုလားကြည်ဖြူနေသည်ဆိုတော့ လည်း သူ ငြင်းပယ်ခွင့် မရှိခဲ့ပါ။

နောက်ဆုံးတော့ ချို ဂေဟာကြီးကို သူ ပြန်ရောက်ခဲ့သည်။ သူ့အတွက် ဒုတိယအကြိမ်ပြန်ရောက်ချင်းက ကျေနပ်ဝမ်းသာစရာ ကောင်းခဲ့တာတော့ အမှန်ပဲဖြစ်သည်။

''မောင်ရဲရင့် ဒီအိမ်ကြီးမှာပဲနေပါ၊ အပေါ်ထပ်က သားကြီး အခန်းဘေးမှာ မောင်ရဲရင့် အတွက် အခန်းတစ်ခန်းစီစဉ်ထားတယ် ဟုတ်လား''

ဦးလေး ဦးလှထွန်း၏အိမ်မှာတောင် မဟုတ်ဘဲ သူ့အတွက် နေထိုင်စရာအခန်းကို ကောင်းဝေယံရဲ့အခန်းနံဘေးမှာ စီစဉ်ပေးနေ၏။

ကောင်းဝေယံနှင့်အေးသင်ချိုတို့ကို သူ အကဲခတ်ကြည့်တော့ ဒေါ်ခင်ထားချို ပြောသမျှ ငြိမ်သက်စွာ နားထောင်လို့ နှုတ်ဆိတ်နေခဲ့ ကြသည်။

*သူ့အပေါ်မှာ အားလုံး ပြောင်းလဲသွားခဲ့ခြင်းက အံ့ဩစရာ* ကောင်းသလို ဝမ်းသာစရာလည်း ကောင်းပါသည်။

ကျောင်းသွားကျောင်းပြန် ဦးလေးထွန်းကားနှင့်ပဲ သူ သွားရ သည်။ ထို့အတွက် ဝမ်းသာပျော်ရွှင်နေသူကတော့ အလက်ာချိုပဲဖြစ်သည်။

''ကိုကို နောက်ဆို ဒီလိုပဲ အလက်ာတို့နဲ့ပဲ လိုက်ခဲ့နော်၊ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း လမ်းလျှောက်မသွားပါနဲ့နော်"

"အင်းပါ ညီမလေးရာ ကိုကိုတို့မောင်နှမတွေ အတူတူသွားကြမှာပေါ့"

တစ်ကောင်ကြွက်သူ့ဘဝမှာ ဒီလိုမောင်နှမတွေ အများကြီးနှင့် ပျော်စရာဘဝလေးကို တကယ်ပဲ ပိုင်ဆိုင်ချင်ခဲ့သည်။ ဒီဘဝလေးကို ပေးစွမ်းသည့် ဦးကောင်းမြတ်ကျော်ကိုလည်း ကျေးဇူးတင်မိ၏။

ကောင်းဝေယံနှင့်အေသင်ချိုတို့ကတော့ ရုတ်တရက်ကြီးပြောင်းလဲသွားမှုကြောင့် ထင်သည် သူ့ကိုတရင်းတနှီးတော့ မရှိသေးပါ။ ကြာလာလျှင်တော့ ကျွမ်းဝင်သွားမည် ထင်ပါသည်။

ဒေါ်ခင်ထားချိုရဲ့ဆက်ဆံမှုတွေကတော့ သိသာစွာပဲ ပြောင်းလဲသွားခဲ့ပါသည်။

"မောင်ရဲရင့်ရေ အန်တီချိုဆီ ခဏလာဦး"

"ဘာခိုင်းစရာရှိလို့လဲ အန်တီချို"

"ဘာမှခိုင်းစရာမရှိပါဘူးကွယ်၊ ဒီမှာ မင်းအတွက် အန်တီချို အဝတ်အစားလေးတွေ ဝယ်လာတာ"

"ဟာ ကျွန်တော့်မှာ အများကြီးရှိပါသေးတယ် အန်တီချို"

"ယူပါကွယ် အန်တီချို သားသမီးတွေအတွက် ဝယ်ရင်း မောင်ရဲရင့်အတွက်ပါ ဝယ်လာခဲ့တာ"

သူ့အပေါ်မှာ အန်တီချိုက သားသမီးရင်းချာတွေနှင့်ထပ်တူ သဘောထားသည့် အပြုအမူတွေပြတော့ သူ ဝမ်းသာမိသည်။

အန်တီချိုက အရင်လို ခြိမ်းခြောက်စွတွေမှာလည်း သူ့ကိုမခေါ်ခိုင်း





တော့ပါ။ သူ အလိုက်တသိ ဝင်လုပ်မိလျှင်တောင် တားမြစ်တတ်၏။

"မောင်ရဲရင့် အဲဒီအလုပ်တွေ မလုပ်နဲ့လေကွယ်၊ သွား သွား မင်းက ဆယ်တန်းဆိုတော့ ဒီနှစ်အရေးကြီးတယ်၊ ကျောင်းစာကို ဂရုစိုက်ဟုတ်လား"

"ဟုတ်ကဲ့ အန်တီချို"

သူ့အပေါ်မှာ မထင်မှတ်လောက်အောင် ပြောင်းလဲသွားခဲ့သော အန်တီချို ဆက်ဆံမှုတွေကြောင့် ချိုဂေဟာကြီးက သူ့အတွက် စိတ်ချမ်းသာစရာကောင်းသော ဂေဟာကြီးဖြစ်ခဲ့ရသည်။

ထိုကျေးဇူးတရားတွေအတွက်လည်း တစ်ချိန်မှာ သူ ပေးဆပ်ဖို့ အမြဲတမ်း စိတ်ကူးရည်ရွယ်ထားခဲ့သည်။

သို့ပေမယ့် ဒေါ်ခင်ထားချို၏ပဟန်ဆောင်မျက်နှာဖုံးကြီး ကွာကျသွားခဲ့ချိန်မှာတော့ ...။

■ ■ ■

"ကိုရဲရင့် ကိုရဲရင့်"

အခန်းထဲမှာ သူ စာဖတ်နေတုန်း အခန်းတံခါးခေါက်သံနှင့်အတူ အေသင်ချို ခေါ်သံကို ကြားလိုက်ရတာကြောင့် စာကြည့်စားပွဲကထကာ တံခါးဖွင့်ပေးလိုက်ရသည်။

"အေသင် ညီမလေး ဘာလဲ"

ညဝတ်အင်္ကျီဂါဝန်ပါးလေးနှင့် ရပ်နေသော အေသင်ချိုက သူ့ကိုတော့

"အေသင် အခန်းထဲက မီးသီးမလင်းတော့လို့ ဘာဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



တာလဲ [illegible]"

"[illegible]သွားတာဖြစ်မှာပေါ့ အေသင်ရဲ့"

"[illegible]ထင်တယ် ကိုရဲရင့်၊ ညနေကမှ ဦးလေးထွန်းကို [illegible] [illegible]ထားတာ၊ အခုဖွင့်မရလို့ တစ်ချက်လောက် [illegible]ကြည့်ပေးစမ်းပါ၊ အေသင် ကျောင်းစာတွေ လုပ်ရဦးမှာမို့ပါ"

"ဟို ကောင်းဝေယံ မရှိဘူးလား"

"ကိုကောင်းလား အလကားပဲ၊ ဘာမျှားအားကိုးရလို့လဲ၊ လာပါ ကိုရဲရင့်ပဲ ကြည့်ပေးပါနော်"

သူ့လက်ကိုဆွဲပြီး အေသင်ချို ဖွတ်ခေါ်နေတော့ သူ မငြင်းနိုင်ဘဲ လိုက်ခဲ့ရသည်။

အေသင်ချို အခန်းက သူနှင့်နှစ်ခန်းကျော်ဖြစ်ကာ ကြားမှာ ကောင်းဝေယံ အခန်းရှိသည်။ ကောင်းဝေယံ အခန်းတံခါးက ပိတ်ထားသည်။

ကောင်းဝေယံ အိပ်သွားပြီလား မသိပါ။

"လာပါ ကိုရဲရင့်ရဲ့၊ အေသင်ထင်တာတော့ မီးခလုပ်က မကောင်းတော့လို့လား မသိဘူး"

အေသင်ချို အခန်းထဲရောက်တော့ စာကြည့်စားပွဲက မီးလုံးက မှိတ်နေသည်။ သူ မီးခလုပ်ရှိရာကို လျှောက်ခဲ့ပြီး ဖွင့်ကြည့်လိုက်တော့ မီးလုံးက လင်းလာ၏။

"မီးခလုပ်က ကောင်းပါတယ် ညီမလေးရဲ့"

အနောက်မှာရပ်နေသည့် အေသင်ချိုကို သူ လှည့်ပြောတုန်း





ဘယ်လိုမှ မျှော်လင့်မထားသော အပြုအမူကို အေသင်ချို ပြုလုပ်လိုက်ချေပြီ။

"ဒယ်ဒီ မာမီ လာပါဦး၊ ဒီမှာ သမီးကို ကယ်ပါဦး"

"ဟာ အေသင် ဘာလုပ်တာလဲ မဟုတ်တာ"

ညဝတ်အင်္ကျီက ခါးစည်းကြိုးကို ဆွဲဖြည်ချကာ အေသင်ချို အသံကုန်ဟစ်အော်နေ၏။

"မာမီ ဒယ်ဒီ လာကြပါဦး ဒီမှာ ကိုရဲရင့် သမီးကို အဟင့် ဟင့်"

ဒီလောက်အထိ အေသင်ချို သူ့ကိုယုတ်မာလိမ့်မည်ဟု ထင်မှတ်မထားခဲ့တာ အမှန်။ အခန်းတံခါးဆီကို သူ အပြေးတစ်ပိုင်းလှမ်းအထွက်တော့

"ဟော့ကောင် ငရဲ မင်းကွာ"

အခန်းဝမှာ ရင်ဆိုင်လိုက်ရတာက ကောင်းဝေယံ။

"မဟုတ်ဘူး ကောင်းဝေယံ ငါ ငါ့"

"ဟာကွာ အယုတ်တမာကောင် ကဲကွာ"

"ခွပ် ခွပ်"

သူ ဘယ်လိုမှ ရှောင်တိမ်းမရလိုက်တဲ့ ကောင်းဝေယံ၏လက်သီးချက်တွေက မျက်နှာဆီကို ဆင်းကဲ့တိုးဝင်လာသည်။

"မင်းကွာ ဒီလောက်အထိ ယုတ်မာရသလား"

"မဟုတ်ဘူး ငါ မဟုတ်ဘူး"

"ဒယ်ဒီ မာမီ အဟင့် ဟင့် သူ သူ သမီးအခန်းထဲ ဝင်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



သမီးကို အဟင့် ဟင့်''

အခန်းထဲကို အပြေးရောက်လာသော ဦးကောင်းမြတ်ကျော်နှင့်ဒေါ်ခင်ထားချို့ကို အေးသင်ချို ပြေးဖက်ရင်း ငိုကြွေးတိုင်ကြားနေသည်။

''မဟုတ်ဘူး မဟုတ်ပါဘူး ဦး၊ ကျွန်တော် အေးသင်ခေါ်လို့မီးလုံးပျက် မပျက် လာကြည့်ပေးတာပါ''

''ဟော့ကောင် ငရဲ အခိပ္ပာယ်မရှိတာ၊ ဒီလိုအချိန်အခါကြီးမှာညီမလေးအခန်းထဲ ဝင်ရသလားကွ''

''အေးသင် တံခါးပိတ်ထားတာ တံခါးခေါက်တော့ မာမီဆိုင်လို့ ဖွင့်ပေးတာကို သူ သူ အဟင့် ဟင့် အတင်းဝင်ဖက်တာ''

''အမလေး မောင်ရဲရင့်ရယ် မင်းဒီလောက်ထိ ကြံစည်ရသလားမင်းအပေါ်မှာ ငါတို့ဒီလောက်အထိတောင် ကောင်းခဲ့ကြတဲ့ကျေးဇူးကိုမထောက်မညှာကွယ်''

''မ မဟုတ်ပါဘူး အန်တီချို ကျွန်တော်''

''ဟော့ကောင် မင်းလက်တွေ့မိတာတောင် ခံခြင်းချင်လို့လားတောက် ငါကွာ''

''သားကြီး ကောင်းဝေယံ မလုပ်နဲ့''

ဦးကောင်းမြတ်ကျော် တားမြစ်သံကြောင့် ကောင်းဝေယံ လက်သီးတွေ လေထဲမှာပဲ ရပ်တန့်သွားခဲ့၏။

''ဒယ်ဒီ ဒီကောင်က ညီမလေးကို စော်ကားဖို့ ကြံစည်တာလေ''

''ဟုတ်တယ် ဒယ်ဒီ သမီး သမီး သိပ်ရှက်တယ် အ





ဟင့်''

ဒေါ်ခင်ထားချို ရင်ခွင်ထဲမှာ မျက်နှာအပ်ရှိုက်ငိုနေသော အေးသင်ချို စွပ်စွဲချက်တွေကို သူ ဘယ်လိုရင်ဆိုင်ဖြေရှင်းရမည်လဲ။

''ထား သမီးကိုခေါ်သွားလိုက်''

ဦးကောင်းမြတ်ကျော် စကားကြောင့် ဒေါ်ခင်ထားချို သမီးဖြစ်သူကို အခန်းထဲက ပွေ့ဖက်ခေါ်သွားခဲ့၏။

''ဦး ကျွန်တော် ကျွန်တော်''

''နေဦး မောင်ရဲရင့် မင်းဘာမှမပြောနဲ့ဦး''

ဦးကောင်းမြတ်ကျော် လက်ကာတားရင်း အခန်းထဲက သူ့စာကြည့်စားပွဲဆီလျှောက်သွားသည်။ ပြီးတော့ အံဆွဲတွေဖွင့်ကာ တစ်စုံတစ်ရာကို ရှာဖွေနေသည်။

မျက်မှောင်ကြီးကုပ် လက်သီးတွေတင်းတင်းဆုပ် ရပ်ကြည့်နေသော ကောင်းဝေယံအကြည့်တွေက သူ့ဆီမှာ စူးစူးဝါးဝါး ရှိနေဆဲ။

ဦးကောင်းမြတ်ကျော်ကတော့ သူ့အဝတ်အထည်တွေရှိသော အခန်းထိပ်က ဗီရိုဆီ လျှောက်သွားကာ ထပ်မံရှာဖွေနေပြန်သည်။

အခေါက်လိုက် စီထားသော ပုဆိုးတွေအောက်မှ ဦးကောင်းမြတ်ကျော် လှမ်းယူလိုက်သော ငွေစက္ကူနှစ်အုပ်ကြောင့် သူ့မျက်ဝန်းတွေ ဒိတ်လန့်စွာ ပြူးကျယ်သွားရသည်။

''နိုင်ငံရဲရင့် ဒါ ဘယ်ကငွေတွေလဲ''

''ဗျာ ကျွန်တော် မသိဘူး ဦး''

''မင်း မသိဘူး ဟုတ်လား၊ ပြီးခဲ့တဲ့ သုံးရက်လောက်က ငါ့



www.burmeseclassic.com

www.burmeseclassic.com



အံဆွဲထဲက တစ်သိန်းထုပ်နှစ်ထုပ် ပျောက်သွားခဲ့တယ်၊ ဘဏ်ကထုတ်လာတဲ့ တံဆိပ်နဲ့ နှောင်ကြိုးပါ အတိအကျပါတယ်၊ ဒီငွေနှစ်ထုပ်က မင်းမယူဘဲ မင်းအဝတ်အစားတွေအောက် ရောက်နေသလား"

"ဟင့်အင်း ကျွန်တော် မယူပါဘူး တကယ်မသိပါဘူး ဦးရယ်"

သူ တကယ်မသိ မယူသောငွေနှစ်သိန်းက ဘာကြောင့် သူ့ဗီရိုထဲ ရောက်နေတာလဲဆိုတာ သူ နားမလည်နိုင်ပါ။ ဦးကောင်းမြတ်ကျော် အကြည့်တွေက သူ့အပေါ် မယုံသင်္ကာအရိပ်တွေ လွှမ်းနေတာ သေချာလှန်းသည်။

"နိုင်ငံရဲရင့် ငါ မင်းအပေါ် တကယ့် တူသားအရင်းအချာလို သဘောထား စောင့်ရှောက်ခဲ့တယ်၊ မင်းကို မကြည်ဖြူတဲ့မိသားစုကိုတောင် မင်းအပေါ် စာနာချစ်ခင်လာအောင် သွန်သင်စည်းရုံးနိုင်ခဲ့တယ်၊ ဒါနဲ့တောင် မင်းဘက်က မလုပ်သင့် မကြံအပ်တဲ့ အလုပ်တွေကိုလုပ်ရက်တယ်"

"မဟုတ်ဘူး ဦး၊ ကျွန်တော် ဘာမှမလုပ်ခဲ့ပါဘူး၊ ညီမလေးအေသင်ကိုလည်း ညီမအရင်းလိုပဲ သဘောထားခဲ့တာပါဗျာ"

"ဟောကောင် ငရဲ မင်းပြောင်ပြောင်းမနေနဲ့၊ ဒယ်ဒီ မာမီတို့က မင်းအပေါ် အရမ်းကောင်းနေတော့ မင်းက အခွင့်ကောင်းယူလိုက်တာ မဟုတ်လား။ ညီမလေးအေသင်ကို မင်း ကြံစည်ရဲတာတော့ တော်တော်ယုတ်မာတာပဲကွာ"

"တော်တော့ သားကြီး ဘာမှမပြောနဲ့တော့၊ အားလုံးက ဒယ်ဒီမှားခဲ့တာပါ။ မကာယ်တင်ကောင်းတဲ့ ခြေနှစ်ချောင်းကို ကယ်တင် ခဲ့မိ





ထားခဲ့လို့ ဒါတွေ ကြုံခဲ့ရတာ၊ ဒီမှာ နိုင်ငံရဲရင့် ဒီငွေတွေပျောက်နေတာကိုတောင် ငါက မင်းခိုးတယ် မထင်ခဲ့ဘူး၊ သားကြီးကိုပဲ ထင်ခဲ့တာကွ"

"ဟာ ဒယ်ဒီကလည်း သားက ကိုယ့်မိဘပိုက်ဆံကိုယ်ပြန်ခိုးရမလား"

"ဆောရီး သားကြီး၊ ဒယ်ဒီအတွေးမှားခဲ့တာပါ၊ အခုတော့ တရားခံအစစ်အမှန်ကို ဒယ်ဒီ သိလိုက်ပြီ၊ နိုင်ငံရဲရင့် မင်းလောက်မိုက်တဲ့ကောင် မရှိတော့ဘူး၊ သားရေပေါ်အိပ် သားရေနားစားတဲ့ကောင်ပဲ၊ ငါ့ရဲ့စေတနာ မေတ္တာတွေနဲ့ မထိုက်တန်တဲ့ မင်း ငါ့အရိပ်အောက်မှာ မနေသင့်တော့ဘူး"

"ဒယ်ဒီ ဒီကောင့်ကို ရဲစခန်းပို့ရမှာ"

"ပြဿနာတွေ ထပ်မရှုပ်ချင်တော့ဘူး သားကြီး၊ သမီးကိစ္စကိုလည်း လူသိရှင်ကြား မဖြစ်စေချင်ဘူး၊ ဟောကောင် နိုင်ငံရဲရင့် မင်း ဒီအိမ်ပေါ်က ချက်ချင်းဆင်းသွားတော့ မင်းမျက်နှာကို ငါ မမြင်ချင်တော့ဘူး"

"ဦး ကျွန်တော် ကျွန်တော်"

"ဟောကောင် ငရဲ မင်းသွားတော့နော်၊ ငါ မင်းကို သတ်ပစ်မိမယ်"

သူ့ကို ထိုးကြိတ်ဖို့ရွယ်သည့် ကောင်းဝေယံကို ဦးကောင်းမြတ်ကျော် လှမ်းတားမြစ်ဆွဲထားရင်း

"ဟောကောင် နိုင်ငံရဲရင့် သွားတော့၊ ငါ့မျက်စိအောက်ကနေ အမြန်ဆုံးသွားတော့"



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ ဦးကောင်းမြတ်ကျော်ကို သူ ဘယ်လိုမှ နားဝင်အောင် ဖြေရှင်းပြဖို့ မလွယ်တော့သည့် အခြေအနေဆိုတာ သေချာနေခဲ့ပြီ။

ဒါ ကံကြမ္မာက ဖန်တီးခဲ့သော အခြေအနေတစ်ခုမဟုတ်တာလည်း သူသိသည်။

ဒေါ်ခင်ထားချိုတို့သားအမိသုံးယောက်ရဲ့စနက်ဆိုတာ သေချာလွန်းသည်။ သူ့အပေါ်မှာ ဟန်ဆောင်စေတနာတွေနှင့် ဦးကောင်းမြတ်ကျော် ယုံကြည်အောင် သရုပ်ဆောင်ပြခဲ့ကြသည်။

နောက်ဆုံးမှာ သူ့ဘဝကို လူယုတ်မာတစ်ယောက်၊ ဒွန်ကျူးဖူးတရား မသိသော လူမိုက်တစ်ယောက် စာရင်းသွင်းလိုက်ကြတာဖြစ်သည်။

ချိုဂေဟာကြီးပေါ်က ညတွင်းချင်းဆင်းခဲ့ရသော ထိုညက ကြေကွဲဝမ်းနည်းခဲ့ရသော ခံစားမှုတွေကို သူ ဘယ်တော့မှ မေ့နိုင်မည်မဟုတ်ပါ။

သူ့ဘဝကို ပြောင်းလဲစေခဲ့သော တစ်ဆစ်ချိုးအကွေ့အပြောင်းအလဲကြီးကို သူ ရင်ဆိုင်ခဲ့ရခြင်းပင်။

■ ■ ■



## အခန်း (၁၃)

"ဆရာ ဆရာ"

အခန်းတံခါးကို ခပ်အုပ်အုပ်ခေါက်သံနှင့်အတူ ဇေနိုင်ခေါ်သံခပ်မရဲက သူ့အတွေးတွေကို ပြတ်တောက်သွားစေခဲ့သည်။

အိပ်ရာက နိုးနိုးချင်း ပြတင်းတံခါးမှရပ်ရင်း အတွေးတွေလွှင့်မျောသွားသည့်အဖြစ်။

"ဆရာ ဆရာ နိုးပြီလား ခင်ဗျာ"

ဇေနိုင်၏လှမ်းမေးသံကြောင့် သူ ပြတင်းတံခါးမှ ခွာခဲ့ရင်း ပြန်အသံပေးလိုက်ရသည်။

"အေး ငါ နိုးနေပြီ ဇေနိုင်၊ ညီ့ခန်းကစောင့် ငါလာခဲ့မယ်"

"ဟုတ်ကဲ့ပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



အခန်းအပြင်က ဇေနိုင် အသံပျောက်ဆုံးသွားတော့မှ ညဝတ်အင်္ကျီကြီးကို ချွတ်ကာ မွေးပွသဘက်ရှည်ကြီးကို ခါးမှာရစ်ပတ်လိုက်သည်။

ခုတင်နံဘေးက စားပွဲလေးပေါ်ရှိ နာရီလေးကို လှမ်းကြည့်လိုက်တော့ ရှစ်နာရီတောင်ကျော်နေပြီ။ သူ အိပ်ရာကနိုးလာတုန်းက ခုနစ်နာရီတောင် မခွဲသေးပါ။

ခါးသီးဖွယ် အတိတ်ပုံရိပ်တွေထဲ ပြန်လည်နစ်မျောသွားခဲ့တာ အချိန်အတော်ကြာသွားခဲ့သည်ပဲ။

ဇေနိုင်ကို မနက်ရှစ်နာရီ သူနှင့်တွေ့ဖို့ မှာထားတာကြောင့် ဇေနိုင် လာနိုးတာဖြစ်လိမ့်မည်။

ရေချိုးခန်းဝင်ကာ ရေမိုးချိုး အဝတ်အစားလဲပြီးသည်နှင့် သူ ဆင်းခဲ့လိုက်သည်။ ဧည့်ခန်းထဲက ဆိုဖာထိုင်ခုံမှာ ဇေနိုင် သူ့ကို ထိုင်စောင့်နေသည်။

သူ့ကိုမြင်တော့ ဇေနိုင် မတ်တပ်ရပ်ရင်း

"ဆရာ မနက်ရှစ်နာရီ လာခဲ့လို့ ခေါ်ထားလို့ ကျွန်တော်လာခဲ့တာပါ၊ ဆရာ အိပ်ရာက မနိုးသေးလို့ လာနိုးရတာ ခွင့်လွှတ်ပါဆရာ"

"ရတယ် ဇေနိုင် ငါ မင်းလာနိုးတော့ နိုးနေပါပြီ၊ ကဲ တစ်ခုခု စားရင်း စကားပြောရအောင် လိုက်ခဲ့ကွာ"

ဇေနိုင်ကိုခေါ်ကာ စားသောက်ခန်းဘက်ကို သူကပဲ ဦးဆောင်ခေါ်ခဲ့လိုက်သည်။ မီးဖိုခန်းထဲက ဒေါ်နန်းမြိုင်က သူ ဝင်လာတာမြင်သည်နှင့် မနက်စာကို ချက်ချင်းပြင်ဆင်ပေး၏။

"ဒေါ်နန်း နှစ်ယောက်စာ ပြင်လိုက်ဗျာ"





"ဟုတ်ကဲ့ ဆရာလေး"

စားသောက်ခန်းစားပွဲကြီးပေါ်မှာ ကော်ဖီခရားအိုးနှင့်အတူ သူနှစ်သက်သော စားစရာတွေကို ဒေါ်နန်းမြိုင်က စုံလင်အောင် ပြင်ဆင်ပေး၏။

"သုံးဆောင်လို့ရပါပြီ ဆရာလေး"

"ရပြီ ဒေါ်နန်း။ လုပ်စရာရှိတာ သွားလုပ်ပါ"

ဒေါ်နန်းမြိုင် ခေါင်းညိတ်ပြကာ မီးဖိုခန်းဘက် ထွက်သွားတော့မှ သူ ဇေနိုင့်ကိုမေးဆတ်ပြရင်း

"ကော်ဖီသောက် စားကွာ၊ ပြီးရင် မင်းကို ငါ ခိုင်းစရာတစ်ခု ရှိတယ် ဇေနိုင်"

"ဟုတ်ကဲ့ပါ ဆရာ"

ဒင်းဆမ်းအသားပေါင်းကို သူ စားရင်းကော်ဖီနှင့် မျောချလိုက်သည်။ ဇေနိုင်က ကော်ဖီသောက်ရင်း သူ ပြောလာမည့် စကားတွေကို စောင့်ထောင်နေ၏။

ဇေနိုင်က သူ့အတွက် လူယုံတော်လည်း ဟုတ်သလို သူစေခိုင်းမှုကို တိကျသေချာစွာ ဆောင်ရွက်ပေးနိုင်သူလည်းဖြစ်သည်။

သူ လုပ်ငန်းကိစ္စများအတွက်လည်း အားကိုးရသလို ကိုယ်ရေးကိုယ်တာကိစ္စများမှာလည်း ဇော်နိုင်က အားကိုးရ၏။

"ဇော်နိုင်"

"ပြောပါ ဆရာ၊ ကျွန်တော် နားထောင်နေပါ့မယ်"

"အေး အခု မင်းလုပ်ရမယ့်ကိစ္စက ငါ့အတွက် အရေးကြီးကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ခုပဲ၊ ဒါကြောင့် အသေအချာ ဆောင်ရွက်ပါ"

"ဟုတ်ကဲ့ စိတ်ချပါ ဆရာ"

"အေး ဒီနေ့ မင်းရွှေပြည်သာဘက်ကိုသွားပါ၊ ငါ လိပ်စာပေးလိုက်မယ်၊ ဒေါ်ခင်ထားချိုတို့ မိသားစု အခြေအနေကို စုံစမ်းပါ၊ ပြီးတော့ သူ့သားတစ်ယောက်နဲ့ သမီးနှစ်ယောက် အခြေအနေ အလုပ်အကိုင်တွေကိုလည်း ငါ သိချင်တယ်"

သူပြောသမျှ ဇော်နိုင် နားစိုက်ထောင်နေခဲ့သည်။ အလက်ာချိုကို တက္ကစီငှားပေးလိုက်စဉ်က မှတ်ထားသောလိပ်စာကို သူ အတိအကျပေးလိုက်သည်။

အာရုံထဲမှာ ဒေါ်ခင်ထားချိုနှင့် ကောင်းဝေယံမျက်နှာ ပြီးတော့ အေသင်ချိုတို့ပုံရိပ်တွေက နာကျည်းရွံရှာစရာ အရိပ်ထင်လာကြ၏။

သူ့ဘဝကို နင်းချေနိုင်စားခဲ့ကြသည့်သူတွေ။ လူယုတ်မာ သူခိုးသူဝှက်တစ်ယောက်ဟု စွပ်စွဲအနိုင်ကျင့်ခဲ့ကြသည်။

သူ့နှလုံးသားကို ဒဏ်ရာတွေရအောင် သူတို့တွေ ယုတ်မာရက်စက်စွာ ကြံစည်ခဲ့ကြ၏။

သူ့ရဲ့ကျေးဇူးရှင် ဦးကောင်းမြတ်ကျော်ကိုယ်တိုင် အထင်လွဲမှန်းတီးအောင် ကြံစည်ပက်စက်ခဲ့ကြသည်။ တကယ်ဆိုလျှင် သူတို့မိသားစုအပေါ်မှာ သူ ဘာအငြိုးအတေး မလိုတမာ စိတ်မထားခဲ့တာအမှန်။

နိုင်ငံရဲရင့် ဆိုသော သူ့ဘဝ ဒုက္ခပင်လယ်ဝေအောင် သူတို့လုပ်ပစ်ခဲ့ကြသည်။





ချိုဂေဟာကြီးမှ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ခြေဦးတည့်ရာ ထွက်ခဲ့ရသောညကို သူဘယ်တော့မှ မေ့နိုင်မည်မဟုတ်ခဲ့ပါ။ ဝမ်းနည်းအားငယ်စိတ်နှင့် ကျခဲ့သောမျက်ရည်တွေနှင့်လည်း သူ ပူလောင်ခဲ့ရသည်။

တစ်ညလုံး ခြေဦးတည့်ရာသွားခဲ့ရင်း နားခိုရာ ဆိုက်ကားဂိတ်ဘဲလေးအပေါ်မှာ သူ ပုဆိုးခြုံကွေးကာ အိပ်စက်ခဲ့ရသည်။

"ဟေ့ကောင်လေး ထစမ်း ထစမ်း"

အော်ငေါက်မာန်မဲသံနှင့်အတူ ကြမ်းတမ်းသောလက်တွေနှင့် ...ကိုက်မောင်း အနှိုးခံရမှ သူ လန့်နိုးလာ၏။

"မင်းဘယ်ကလဲ ဒီနေရာမှာ တစ်ညလုံး အိပ်နေတာပေါ့လေ"

"ဟုတ် ဟုတ်ကဲ့ ကျွန်တော် အိပ်စရာမရှိလို့ပါဗျာ"

"ဘာကွ အိပ်စရာမရှိတိုင်း တက်အိပ်ရအောင် ဒါ မင်းပထွေး...မိမဟုတ်ဘူးကွ၊ ငါ လုပ်လိုက်ရ နာတော့မယ်"

ဆိုက်ကားသမား ပုဂ္ဂိုလ်ကြီး၏ ဆူပူမာန်မဲမှုတွေကို သူ ခေါင်း...ခံယူနေခိုက်မှာပဲ ကားတစ်စီးအနားကို ထိုးဆိုက်လာသည်။

"မောင်ရဲရင့်"

"ဟာင် ဦးလေးထွန်း"

ကားတံခါးဖွင့်ဆင်းလာသော ဦးလေးထွန်း သူ့အနားရောက်လာ...ာ ပခုံးကို ဆုပ်ကိုင်လာ၏။

"ဒီကောင်လေးနဲ့ ခင်ဗျားသိသလား၊ ဒီမှာ ညက တစ်ညလုံး...အိပ်နေတယ်တဲ့၊ လုည့်ကင်းနဲ့တိုးမှ အချုပ်ထဲရောက်နေမယ်၊ ပြန်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



သွားပါဗျာ''

''ဟုတ်ကဲ့ပါဗျာ ကဲ မောင်ရဲရင့် လာ''

ဦးလေးထွန်းက သူ့ကို ကားနှင့်ခေါ်လာချိန်အထိ သူ နှုတ်ဆိတ်နေမိသေး။

''မောင်ရဲရင့်ရယ် ဦးလေး စိတ်မကောင်းလိုက်တာ''

''ကျွန်တော် ဘာမှမသိဘူး ဘာမှမလုပ်ခဲ့ပါဘူး ဦးလေးထွန်းရယ်''

''ငါ သိနေတယ် မောင်ရဲရင့် ဒီကိစ္စတွေက ဒေါ်ခင်ထားချိုဖန်တီးမှုတွေဆိုတာ ရိပ်မိတယ်၊ ဒါပေမဲ့ ဆရာကိုယ်တိုင်က ယုံကြည်သွားတော့ ခက်တယ်ကွာ''

''အခု ဘာလို့ ကျွန်တော့်ကို ခေါ်လာတာလဲ ဦးလေးထွန်း ကျွန်တော့်ကို ရဲစခန်းပို့မလို့လား''

သူ မေးတော့ ဦးလေးထွန်း ပင့်သက်ရှိုက်ကာ ကားလေးကိုထိုးရပ်သည်။

''ကဲ တစ်ခုခုစားရင်း ဦးလေးပြောပြမယ် မောင်ရဲရင့် လာကွာ မင်းဆာနေရောပေါ့''

လက်ဖက်ရည်ဆိုင်လေးထဲ ဝင်ထိုင်ရင်း ဦးလေးထွန်းက သူ့ကိုပြောပြသည်။

''ဆရာကိုကောင်းမြတ်ကျော်က တကယ်စိတ်ထားကောင်းတဲ့သူပါ၊ အခုကိစ္စမှာ အမှန်တရားကို သူ မသိလို့ ဒီလိုဖြစ်ကုန်တာ၊ မင်းအပေါ်မှာတော့ ဆရာက စေတနာဖြူစင်ပါတယ်၊ အခုလည်း မင်းကို





ရှာဖွေပြီး မင်းပိုင်ဆိုင်သင့်တာကို ပေးခိုင်းလိုက်တယ်၊ ဟောဒီဘဏ်စာအုပ်မှာ မင်းမိဘပိုင်တဲ့ ခြံကိုရောင်းပြီး ပိုတဲ့ငွေဆယ်သိန်း မင်းအတွက်သိမ်းထားပေးတာကို ဆရာက ပေးခိုင်းလို့''

ဦးလေးထွန်းကမ်းပေးသော စာအုပ်လေးကို သူလှမ်းယူလိုက်ရသည်။ ဦးကောင်းမြတ်ကျော် ဒီငွေတွေကို သူ့အတွက် စုဆောင်းပေးထားမည်ဟု ပြောခဲ့ဖူးသည်။

အခုတော့ ဒီငွေဆယ်သိန်းနှင့်အတူ သူ့ကိုသံယောဇဉ်ဖြတ်လိုက်ပြီထင်၏။

''မင်းကို ဦးလေးထွန်း ကူညီနိုင်တာ တစ်ခုပဲရှိတယ် မောင်ရဲရင့်၊ လတ်တလောတော့ ဦးလေးရဲ့သူငယ်ချင်းတစ်ယောက်အိမ်မှာ ခဏနေပါ၊ ဒီကိစ္စတွေကို ဆရာ သိပြီး အဖြေမှန်ပေါ်သွားတဲ့အခါ မင်းကိုပြန်ခေါ်မှာပါကွာ''

ချိုဂေဟာကြီးကို နောက်တစ်ကြိမ် ပြန်သွားဖို့ဆိုတာ သူ့အတွက် ပြန်မမက်လိုသော အိပ်မက်ဆိုးကြီးဖြစ်သည်။ ဟန်ဆောင်ကောင်းလွန်းသော ဒေါ်ခင်ထားချိုတို့သားအမိတွေကို သူ ကြောက်သွားခဲ့ပြီ။

လတ်တလောမှာတော့ ဦးလေးထွန်းရဲ့မိတ်ဆွေဆိုသူ အရိပ်အောက်မှာ သူ ခိုလှုံခဲ့ရသည်။

ကျူးကျော်ရပ်ကွက်ငယ်လေးထဲက ဦးလေးထွန်း မိတ်ဆွေဆိုသူ၏အိမ်လေးက ကျဉ်းကျဉ်းသေးသေးလေးဖြစ်သည်။

အိမ်ထောင်သည် သားနှစ်ယောက်နှင့် စုပေါင်းနေထိုင်ကြသောအိမ်လေးနှင့်လူက မမျှတပါ။



www.burmeseclassic.com

www.burmeseclassic.com



ခိုစရာနေအိမ်မရှိတာကြောင့် နေရတာဖြစ်ပေမယ့် သူ အားနာမျက်နှာပူသည်။ နေရေးအိပ်ရေးကလည်း ခက်ခဲလှသည်။

ဒီလိုဘဝကြီးမှာ သူ မနေချင်သလို ဦးကောင်းမြတ်ကျော်ရဲ့ အရိပ်အောက်ကိုလည်း မပြန်ချင်တော့သည့်အဆုံး သူ့ဘဝကို အရဲစွန့်ဖို့ သူဆုံးဖြတ်မိတော့သည်။

ဦးလေးထွန်းကိုလည်း မတိုင်ပင် အသိမပေးဖြစ်ပါဘဲ သူ ရန်ကုန်မြေက ထွက်ခဲ့သည်။

သူ့လက်ထဲမှာရှိနေသော ငွေလေးအားကိုးနှင့် ဖားကန့်ဘက် သူထွက်ခဲ့သည်။

သူ့ဘဝကို ပညာတတ်ကြီးတစ်ယောက်ဖြစ်ဖို့ မျှော်မှန်းခဲ့ပေမယ့် မျှော်လင့်ချက်တွေ အားလုံး ပျက်စီးခဲ့ရပြီ။

ကြိုးစား၍မဖြစ်ခဲ့သော အိပ်မက်တစ်ခုကိုလည်း သူ အဆုံးသတ်လိုက်ပြီ။ နေရာသစ်တစ်ခုမှာ သူ့ဘဝတိုးတက်လမ်းကို သူ ကြိုးစားရှာဖွေချင်သည်။

မျက်စိမှိတ်ဆုံးဖြတ်ခဲ့သော သူ့အနာဂတ်မှာရင်ဆိုင်ရသည့် ဒုက္ခဆင်းရဲခြင်းတွေ၏အဆုံးသတ်မှာတော့ လက်ရှိဘဝတစ်ခုကို သူပိုင်ဆိုင်ခဲ့ရသည်။

ဒါပေမဲ့ ပေးဆပ်ခဲ့ရသည်က သူ့ရဲ့ရိုးသားမှုနှင့်ဖြူစင်သော စိတ်ဓာတ်တွေကိုပဲဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ထိုက်တန်ပါသည်။ နိုင်ငံရဲရင့်ဆိုသော သူ ဒီလိုဘဝအခြေအနေကြီးကို ပိုင်ဆိုင်နေချိန်မှာ ဒေါ်ခင်ထားချိုတို့ဘဝအခြေ



အနေက ပြောင်းလဲသွားခဲ့ပြီ။

ကံကြမ္မာက ပေးလာသော အတုံ့အလှည့်တစ်ခုကို သူ ပြန်ပေးဆပ်ခွင့်ရခဲ့ချိန်မှာ . . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဒေါ်ခင်ထားချိုမှာက ယောက်ျားမရှိတော့ဘူး ဆရာ၊ သူ့ ယောက်ျား ဦးကောင်းမြတ်ကျော်က ဆုံးပါးသွားတာ ငါးနှစ်လောက်ရှိ ပြီတဲ့၊ လက်ရှိမှာ ကောင်းဝေယံဆိုတဲ့သားတစ်ယောက်နဲ့ အေးသင်ချို အလင်္ကာချို ဆိုတဲ့ သမီးနှစ်ယောက်နဲ့ နေကြတာ၊ သူတို့မိသားစုက ပြောရရင် အထည်ကြီးပျက်တွေတဲ့ ဆရာ၊ အရင်တုန်းက ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာနေရပေမယ့် ဒေါ်ခင်ထားချိုရဲ့ ခင်ပွန်း ဆုံးပါးသွားပြီး တဲ့နောက်ပိုင်းမှာ စီးပွားပျက်ပြီး နိမ့်ကျသွားတာပါ"

ဖင်နိုင်က သူ စုံစမ်းသိရှိလာသမျှ သူ့ကိုတိတိကျကျ ပြောပြ နေသည်၊ သူ့အတွက်တော့ အလင်္ကာချို ပြောပြကတည်းက သိရှိပြီး နေပေမယ့် နှုတ်ဆိတ်စွာပဲ နားထောင်နေမိ၏။

"အခုလက်ရှိ မိသားစုစီးပွားရေးအခြေအနေက အတော်ကြ





တည်းနေပုံပဲ ဆရာ၊ သားကြီး ကောင်းဝေယံက ကားပွဲစားယောင်ယောင် အိမ်ပွဲစားယောင်ယောင်ပဲ၊ အဲ အလတ်မ အေးသင်ချိုက စားသောက်ဆိုင် တွေမှာ အချိန်ပိုင်းအခိုတော်လုပ်နေတယ်၊ အလင်္ကာချိုဆိုတဲ့ အငယ်ဆုံး ကတော့ စက်မှုဇုံထဲက အထည်ချုပ်စက်ရုံမှာ အလုပ်လုပ်နေပါတယ်၊ ပြောရရင် မိသားစုစားဝတ်နေရေးအတွက် အလင်္ကာချိုဆိုတဲ့ကောင်မ လေးကိုပဲ မိသားစုအားကိုးနေကြရတာပါ"

သူ ကြားချင်သိချင်နေတာလည်း ဒီစကားတွေပဲဖြစ်သည်။ တစ် ချိန်တုန်းက ငွေဂုဏ် မနဂုဏ်တွေ မောက်မာခဲ့သော ဒေါ်ခင်ထားချိုရဲ့ ဘဝအခြေအနေကတော့ နိမ့်ကျသွားခဲ့ပြီ။

ဒီလိုအချိန်မှာ ဒေါ်ခင်ထားချိုနှင့်သူ မျက်နှာချင်းဆိုင် ဆုံတွေ့ ချင်လွန်းပါသည်။ ဒါပေမဲ့ အခြေအနေ အတိုင်းအတာတစ်ခုတော့ စောင့် ကြည့်ရဦးမည်။

"ဒီနေ့တော့ ကျွန်တော် အဲဒီလောက်အထိပဲ စုံစမ်းလို့ရခဲ့တယ် ဆရာ ဒီထက်ပိုသိချင်တယ်ဆိုရင် ကျွန်တော် ထပ်စုံစမ်းပေးပါ့မယ်"

"အိုကေ ရပြီ ဖေနိုင်၊ ဒီလောက်သိရရင် ငါ ကျေနပ်တယ်၊ ကျန်တဲ့အပိုင်းက ငါနဲ့ပဲဆိုင်သွားပြီ၊ မင်းကိုကျေးဇူးတင်တယ် မင်းပြန် လို့ရပြီ ဖေနိုင်"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော့်ကိုခွင့်ပြုပါဦး၊ မနက်ဖြန် ကျွန်တော် စက်မှုဇုံထဲသွားရဦးမှာလား ဆရာ"

"အေး မင်းဒီရက်တွေမှာ အဲဒီစက်ရုံမှာပဲ နေ့တိုင်းရှိရမယ်၊ ဒါ နေ့တိုင်းရောက်ဖို့ မလွယ်ဘူး၊ မင်းရှိနေဖို့လိုတယ်၊ အရေးကိစ္စပေါ်ရင်



www.burmeseclassic.com

www.burmeseclassic.com



ငါ့ဆီဖုန်းဆက်ပေါ့''

''ဟုတ်ကဲ့ဆရာ ကျွန်တော် နားလည်ပါပြီ''

ဇေနိုင် နှုတ်ဆက်ပြန်သွားတော့ သူကျေနပ်စွာ ပြုံးလိုက်မိသည်။ သူသိချင်သော ဒေါ်ခင်ထားချို့တို့အကြောင်းတွေကို ဇေနိုင်က တိကျ သေချာစွာ စုံစမ်းပေးခဲ့သည်။

အလက်ာလေးနှင့်ဆုံတုန်းကအတိုင်း ဒေါ်ခင်ထားချို့တို့ဘဝက ထင်မှတ်မထားလောက်အောင် ပြောင်းလဲနိမ့်ကျသွားခဲ့တာတော့ သေချာ သည်။

ဆယ်နှစ်ကျော်ဆိုသော ကာလအပိုင်းအခြားတစ်ခုမှာ အခြေ အနေတွေက ဒီလောက်အထိ ပြောင်းလဲသွားခဲ့သည်လား။ ဦးကောင်း မြတ်ကျော်လည်း ဆုံးပါးခဲ့ပြီတဲ့။

ထိုသတင်းအတွက်တော့ သူ စိတ်မကောင်းဖြစ်မိတာတော့ အမှန်ပဲဖြစ်သည်။ ချိုဂေဟာကြီးမှာတုန်းက သူ့အပေါ်မှာ ဦးကောင်းမြတ် ကျော်ပဲ ကောင်းခဲ့တာဖြစ်သည်။

သွေးမတော် သားမစပ် သူ့ဘဝကို ဦးကောင်းမြတ်ကျော်က စောင့်ရှောက်ကယ်တင်ခဲ့သည်။ ဒါပေမဲ့ သူ့ကို အလိုမရှိ မကြည်ဖြူ တွေက ရှိနေတော့လည်း. . .။

ဦးကောင်းမြတ်ကျော် ကိုယ်တိုင် သူ့ကိုချိုဂေဟာကြီးက ထွက် ခွာစေခဲ့သည်။ ဒါပေမဲ့ ဦးကောင်းမြတ်ကျော်က အလုံးစုံဥပေက္ခာပြု တာမျိုး မဟုတ်ဘဲ သူ့ဘဝ ဆက်ရှင်သန်နိုင်ဖို့အတွက် စုဆောင်း ထားသော ငွေကြေးကိုပေးခဲ့သည်။





ဦးလေးဦးလှထွန်း သည်လည်း သူ့အရပေါ်မှာတော့ စာနာမေတ္တာ ထားနိုင်သူတစ်ယောက်ပါပဲ။ ပြီးတော့ အလက်ာချို့. . .။

သူတို့သုံးဦး၏မေတ္တာ စေတနာတွေကြောင့် သူ စိတ်ချမ်းမြေ့ နိုင်ခဲ့ပေမယ့်လည်း နောက်ဆုံးတော့ ချိုဂေဟာက သူ ထွက်ခွာခဲ့ရသည်။

သူ အဝေးဆုံးရောက်အောင် ဒေါ်ခင်ထားချို့တို့မိသားစုက ကြိ စည်ယုတ်မာခဲ့ကြတာဖြစ်သည်။

ထိုဇာတ်ရာဇာတ်ချက်တွေကို သူ့ဘဝတစ်ခုလုံး မမေ့နိုင်အောင် ရှိခဲ့သည်။ တစ်ချိန်မှာ ပြန်လည် တုံ့ပြန်ပေးဆပ်ခွင့်ရနိုင်ပါစေဟု သူ အမြဲဆုတောင်းခဲ့သည်။

လောကကြီးက မျှတပါသည်။ သူ ဆုတောင်းသည့်အတိုင်း ဖြစ်အောင် ဖန်တီးပေးခဲ့ပြီ။

လွန်ခဲ့သော ဆယ်နှစ်တုန်းက ဒေါ်ခင်ထားချို့တို့ထက်သာလွန် သော ဘဝအခြေအနေတစ်ခုကို သူ ပိုင်ဆိုင်နေချိန်မှာ ဒေါ်ခင်ထားချို့ တို့မိသားစုဘဝ လုံးဝနိမ့်ကျနေ၏။

အတုံ့အလှည့်တစ်ခုကိုတော့ သူတို့ပြန်ရင်ဆိုင်ခံစားစေရမှာပဲ ဖြစ်သည်။

နိုင်ငံရဲရင့်ရဲ့အလှည့်ကို အခုချိန်မှာ ပြန်ရောက်ခဲ့ပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

သူတို့ကားပွဲစားအုပ်စု ဆုံနေကျ ကော်ဖီဆိုင်လေးရှေ့မှာ ကောင်းဝေယံ ကားကိုထိုးရပ်လိုက်သည်။

ဒက်ရှ်ဘုတ်ပေါ်တင်ထားသည့် နေကာမျက်မှန်ကိုလှမ်းယူရင်း ဆိုင်ထဲကို လှမ်းကြည့်တော့ ဝေလုတို့တစ်အုပ်စုလုံး ဝိုင်းဖွဲ့ထိုင်နေကြတာ တွေ့၏။

နေကာမျက်မှန်ကိုတပ်ပြီး ကားတံခါးဖွင့်ဆင်းခဲ့လိုက်သည်။ ဆိုင်ထဲလှမ်းဝင်သည်နှင့် ဝေလု သွားအဖြီးသားနှင့် လှမ်းနှုတ်ဆက်သည်။

"တို့ရွှေမင်းသား ရောက်လာပြီလား။ ကြွပါဗျာ ကြွပါ အယ်"

ဝေလု ဆွဲယူပေးသော ထိုင်ခုံမှာ ဝင်ထိုင်ရင်း ကောင်းဝေယံ မျက်နှာကို ရှုံ့မဲ့ပစ်လိုက်သည်။

"ဟေ့ကောင် လာဖားမနေနဲ့၊ မင်းကိုကျွေးမွေးစရာ ပိုက်ဆံ အပိုမပါဘူး"





"ဟာ ရွှေမင်းသားကလည်း ညည်းလိုက်တာ၊ လက်ဖက်ရည် တစ်ခွက် ပေါက်စီတစ်လုံးဖိုးတောင် မရှင်းနိုင်ဘူးလား"

"လုံးဝ မရှင်းပေးနိုင်တာ ဝေလု၊ အိတ်ထဲကြည့်ဦး ငါးထောင်တန်တစ်ရွက်ပဲ ပါတယ်၊ အနည်းဆုံး တစ်ပတ်လောက်ချွေတာသုံးရမှာ"

"ညည်းပြန်ပြီကွာ မင်းမှာက လက်ဖြန့်တောင်းစရာ ညီမနှစ်ယောက်စလုံး ရှိနေတာကို"

ဝေလု စကားကြောင့် ကောင်းဝေယံ မျက်နှာကြီး ပိုလို့ရှုံ့မဲ့သွားသည်။ သူများတွေပြောလည်း ပြောချင်စရာပါပဲ။ သူ့အဖြစ်က လက်ထဲမှာ အသုံးစရိတ်ပြတ်တိုင်း ညီမနှစ်ယောက်ဆီကပဲ လက်ဖြန့်တောင်းနေရသည်။

အထူးသဖြင့် ညီမလေး အလင်္ကာကိုပဲ အသုံးစရိတ်ပြတ်တိုင်း အကူအညီတောင်းရသည်။ အလတ်မ အေးသင်က သူရတာနဲ့ သူတောင် လောက်ချင်တာမဟုတ်။ ဆယ်ခါတစ်ခါ အွာပေါက်အောင်တောင်းမှ ငါးထောင်တစ်သောင်း ကျောက်ခဲရေညှစ်သလို ထွက်ကျတတ်တာဖြစ်သည်။

ဒါတောင် သူ့လက်ထဲမှာ ငွေမမြင်လိုက်နှင့် မရမက ပြန်တောင်းတော့၏။

"ကိုကြီး ဟိုတစ်ခါ ချေးထားတဲ့ငွေတစ်သောင်း ပြန်ပေးလေ၊ ကိုကြီး အိတ်ထဲမှာ ပိုက်ဆံရှိတာ အေးသင်မြင်တယ်နော်"

"ဟာ နင်ကလည်း မယူပါနဲ့ဦးဟ ဒီပွဲက ငါ့ပွဲမဟုတ်ဘူး၊ ဟော်ဒါတစ်ယောက် ကားတစ်စီး အရောင်းအဝယ်ဖြစ်လို့ ဒေါ်ဒါကြေး



www.burmeseclassic.com

ပေးသွားတာလေးပါ၊ လကုန်ရက်က မာမီ့ဆီက ခွဲထားတဲ့ တစ်သောင်း ခွဲတောင် အပြည့်ပြန်မပေးနိုင်ဘူး"

"မရဘူး ကြွေးယူတုန်းက ပြုံးပြုံး တောင်းတော့မုန်း မလုပ်နဲ့ နောက်ဆို လုံးဝမချေးဘဲနေမှာနော်"

"အေသင် နင်က တကယ့်ချစ်တီးပဲ၊ နင့်ကိုတစ်သောင်းပေး လိုက်ရင် မာမီ့ကို ဘယ်လိုလုပ်ပေးနိုင်တော့မှာလဲ"

"ဟဲ့ ဟဲ့ သားကြီး မာမီ့ကိုမပေးလို့ မဖြစ်ဘူးနော်၊ မင်းကို ပေးလိုက်တာ ဈေးဖိုးငွေထဲက ထုတ်ပေးလိုက်တာ၊ အဲဒီငွေ ပြန်မရရင် လမကုန်ခင် အိမ်စရိတ်ပြတ်သွားမှာပေါ့"

မာမီက တစ်စခန်းထလာပြန်တော့ အေသင်ချိုကလည်း မကျေ နပ်ချက်ကို ဝင်ပြောပြန်၏။

"မာမီရာ မာမီ တစ်နေ့တစ်နေ့ ချက်လိုက်တဲ့ဟင်းတွေက မမိုက်ပါဘူး၊ တကယ် စားလို့မျိုမကျဘူး၊ ချက်တဲ့ဟင်းက တစ်မျိုးတည်း တစ်ယောက်နှစ်တုံး စကေးနဲ့ ဘယ်လိုမှ အဆင်မပြေဘူး"

"ဟဲ့ ဒါကတော့ နင်တို့ပေးကြတဲ့အိမ်စရိတ်နဲ့ အဆင်ပြေအောင် ချက်ရတာလေ၊ တကယ်ဆို သားကြီးပေးတာကလည်း ပြန်တောင်းတာနဲ့ ဘာကျန်လို့လဲ၊ နင်ကကော အမြဲပုံမှန်ပေးနိုင်သလား၊ ပြောရရင် သမီး လေး အလက်ာဆီကပဲ ပုံမှန်ရတာ၊ လကုန်ခါနီးလို့ရင်လည်း သမီးလေး ခမြာ မစားရက်မသုံးရက် စုထားတာလေး ထုတ်ပေးရရှာတာ"

"မာမီကတော့ ပြောလိုက်ရင် အလက်ာ အကောင်းချည်းပဲ သမီးလည်း မပေးလို့လား၊ ကိုကြီးထက်တော့ အမြဲတမ်း ပိုတာချည်းပဲ"





အေသင်က သူပြဿနာ သူမရှင်းဘဲ သူ့ဘက်ဦးလှည့်လာတာ မို့ ကောင်းဝေယံ မျက်မှောင်ကြီးကုပ်ကြည့်ရင်း·

"အေသင် ငါ့အလုပ်က နင်တို့လိုမှ မဟုတ်တာ၊ ပြီးတော့ ဒီရက်တွေမှာ ကားအရောင်းအဝယ်က အေးနေတာ၊ ဘယ်လိုအဆင်ပြေ မှာလဲ၊ မာမီချက်တဲ့ဟင်းတွေ အဆင်မပြေလည်း နင့်လိုမပြောဘူး ကြိတ် မှိုချရတာပဲ"

"အံမယ် မသိတာမှတ်လို့ လက်ထဲမှာ ငွေလေးရှိနေရင် ဘီယာ လေးငုံ စိတ်ကြိုက်အပြင်က အဝစားပြီးမှ ပြန်လာတာများ တကယ်ဆို ကိုကြီးက အကြီးဆုံး ဒယ်ဒီမရှိရင် မိသားစုတာဝန်က အစ်ကိုကြီးတာဝန်ပဲ"

"လာပြန်ပြီ ဒီစကား နင်နဲ့စကားကြောကို မတည့်ဘူး ရော့ နင့်ပိုက်ဆံတစ်သောင်း၊ မာမီက တစ်သောင်းခွဲ မယူနဲ့တော့ တစ်သောင်း ပဲယူ"

"သားကြီးကတော့ လုပ်ပြီ မာမီ့မှာ ဝင်ငွေရှိတာမဟုတ်ဘူး နော်၊ မင်းတို့သုံးယောက် ပေးတာလေးနဲ့ အဆင်ပြေအောင်စီမံနေရတာ"

"သိပါတယ်ဗျာ သားပိုက်ဆံရရင် ထပ်ပေးမှာပေါ့၊ အဆင်မပြေ ဘို့ လိုရင်လည်း ညီမလေး အလက်ာကိုပြောလိုက်ပေါ့၊ သူ့မှာရှိမှာပါ"

နောက်ဆုံးတော့ စက်ရုံမှာ အလုပ်လုပ်နေသော ညီမလေး အလက်ာကိုပဲ မြားဦးတည်ပြီး ကောင်းဝေယံ ထွက်ခဲ့လိုက်သည်။

"ခက်တယ် ခက်တယ် သမီးလေးလို နင်တို့သိတတ်ရင် ကောင်း မယ် ကိုယ့်ဘဝကိုယ့်အခြေအနေက အရင်လို ရွှေထီးဆောင်းတဲ့ဘဝမျိုး မဟုတ်တော့ဘူးဆိုတာ မသိကြဘူး"

www.burmeseclassic.com



စိတ်ပျက်စွာ ညည်းတွားကျန်ရစ်ခဲ့သော မာမီ့အသံကိုတော့ ကြားဖြစ်အောင် ကြားလိုက်ပါသေးသည်။

တကယ်လည်း မမြင်နိုင်သော ကံကြမ္မာက သူတို့မိသားစုဘဝကို မယုံနိုင်အောင် ပြောင်းရန်နိမ့်ကျစေခဲ့သည်။

ဒယ်ဒီရဲ့စီးပွားရေးတွေ ကျဆင်းခဲ့ချိန်တွင် သူလည်း ဆယ်တန်း နှစ်နှစ်ဆက်ကျကာ ကျောင်းကထွက်ခဲ့ရပြီ။ ဒယ်ဒီရဲ့ရှုပ်ထွေးလှသော အလုပ်တွေကိုလည်း သူ မကူညီနိုင်ခဲ့ပါ။

အေသင်ကတော့ ဆယ်တန်းအောင်ကာ တက္ကသိုလ်ဆက်တက် နေသည်။ တက္ကသိုလ်တက်ရမည်ဆိုကတည်းက ကိုယ်ပိုင်ကားနှင့် စတိုင် ကျကျ ကျောင်းတက်ချင်သည်ဆိုတာကြောင့် ဒယ်ဒီက အဆင်မပြေသည့် ကြားက ပံ့ပိုးပေးသည်။

တကယ်ဆို မိသားစုထဲက သားသမီးသုံးယောက်မှာ အေသင် ချိုက ပထမဆုံး တက္ကသိုလ်တက်ခွင့်ရသူမို့ ဒယ်ဒီက အလိုလိုက်ခွင့်ပြု ခြင်းဖြစ်၏။

ဒါကို သင်းကအခွင့်ကောင်းယူကာ တက္ကသိုလ်တက် သုံးဖြုန်း ပျော်ပါးကောင်းနေတာ သူ သိသည်။

ကိုယ်ကိုယ့်တိုင်ကလည်း ဆယ်တန်းတောင် မအောင်သည့် ကောင်ဆိုတော့ ဘာမှပြောလို့ အရာမဝင်ပါ။ ဒီတော့ အေသင် တက္ကသိုလ် တက်ပြီး သုံးဖြုန်းသလို သူကလည်း အပေါင်းအသင်းတွေနှင့် စိတ်တိုင်း ကျ ပျော်နေလိုက်သည်။

နောက်ဆုံး ဒယ်ဒီရဲ့ စီးပွားရေးလုပ်ငန်းတွေ အရှုံးနှင့် ဇာတ်



သိမ်းသွားခဲ့ချိန်မှာ ဘယ်သားသမီးမှ မကယ်နိုင်ခဲ့။

ကောင်းဝေယံ ဆိုသော သူကလည်း အလုပ်မရှိအကိုင်မရှိ ဝေလေလေ။ အေသင်က ဘွဲ့တစ်ခုပိုင်ဆိုင်ထားသည်ကလွဲ၍ ဘာမှ အားကိုးမရတာလည်း အမှန်။

ညီမလေး အလက်ာချိုကတော့ ဆယ်တန်းကိုနှစ်ချင်းပေါက် အောင်ကာ ကျောင်းဆက်တက်ရမည့် အရွယ်ပဲရှိသေးသည်။

ကျရှုံးသော စီးပွားရေးနှင့်အတူ ဒယ်ဒီသည်လည်း စိတ်ကြောင့် ကြေနှင့် ကျန်းမာရာကိုထိခိုက်လာ၏။

ဝင်ငွေရှိသည့် အလုပ်အကိုင်မရှိဘဲ တစ်မိသားစုလုံး ထိုင်စား ရင်း ဟန်မပျက်ရှင်သန်ဖို့ ကြိုးစားနေကြချိန်က ရေရှည်မခံပါ။

ဒယ်ဒီ ဆုံးပါးချိန်မှာတော့ ဖြေရှင်းပေးဆပ်ရမည့် အကြွေးရှင် တွေ ဝိုင်းလာသည်။

လက်ထဲမှာ ပေးစရာငွေမရှိ၊ ကျန်နေသေးသည့် ရွှေထည်ပစ္စည်း လေးတွေ ရောင်းချဆပ်တော့လည်း အဆင်မပြေခဲ့ပါ။ နောက်ဆုံးတော့ ပိုင်ဆိုင်သော ခြံနှင့်တိုက်ကြီးကို ရောင်းချအကြွေးဆပ်လိုက်ရ၏။

"ရပ်ကွက်ထဲမှာတော့ မနေချင်ဘူး မာမီရာ၊ ကွန်ဒိုတိုက်ခန်း တစ်ခန်းပဲဝယ်ဗျာ"

"ဟုတ်တယ် မာမီ ကိုယ့်ခြံနဲ့တိုက်နဲ့ မနေရရင်တောင် ကိုယ် ပိုင်တိုက်ခန်းနဲ့က သိက္ခာရှိသေးတယ်"

"အင်း မာမီလည်း အဲဒီလိုပဲ စဉ်းစားထားပါတယ်၊ သမီးတို့ ဒယ်ဒီမရှိတော့ဘူးဆိုတော့ ဝင်ငွေရမယ့်အလုပ်လေးတော့ ရှာဖွေလုပ်

www.burmeseclassic.com

www.burmeseclassic.com



ကြရမှာပဲ''

စိတ်ကူးသာရှိသော မာမီ့ခမြာ ဘာမှလည်း မလုပ်တတ်ခဲ့ပါ။ သူကတော့ အပေါင်းအသင်းတွေနှင့်ပေါင်းမိကာ ကားပွဲစားလောကထဲ ခြေချဖို့ ကြိုးစားဖြစ်သည်။

''အခုချိန်မှာ ကားဝယ်ရောင်းလုပ်ရင် အဆင်ပြေတယ် မာမီ၊ သားကို အရင်းအနှီးထုတ်ပေး၊ ဒီအလုပ်ပဲ သားလုပ်မယ်''

မာမီက သူ့ကိုယုံကြည်ကာ အရင်းအနှီးငွေ ထုတ်ပေးသည်။ ဒါပေမဲ့ ထင်သလို ဖြစ်မလာဘဲ ထုတ်ပေးထားသည့် အရင်းအနှီးလေးတွေ ကုန်သွားခဲ့၏။

''ကိုကြီး အလုပ်က အဆင်မပြေပါဘူး၊ သမီးကိုပဲ မော်ဒယ်သင်တန်းပို့ပေးပါ မာမီ၊ သင်တန်းဆင်းပြီးရင် စီးပွားရေးကုမ္ပဏီတွေနဲ့ အေဂျင်စီက ချိတ်ဆက်ထားတာ၊ လုံးဝ အဆင်ပြေတယ်''

အေသင်ချိုက သူ့စိတ်ကူးရည်ရွယ်ချက်နှင့် မာမီ့ကို စည်းရုံးကာ မော်ဒယ်သင်တန်းတွေ သရုပ်ဆောင်သင်တန်းတွေ အကုန်လျှောက်တက်သည်။ သင်တန်းကြေးတွေ အဝတ်အစားဖိုးတွေ ကုန်တာသာ အဖတ်တင်သည်။

အေသင့်မျှော်လင့်ချက်တွေလည်း အရာမထင်ခဲ့ပါချေ။

''အေသင် ဘယ်မှာလဲ နင့်အိပ်မက်တွေ အလကား အဓိပ္ပာယ်မရှိ လျှောက်လုပ်နေတာပဲ''

''ဟာ ဒါကတော့ အနုပညာအလုပ်ဆိုတာ အချိန်နဲ့ဝင်း... တိုက်ဆိုင်သွားရင် အောင်မြင်ပြီလေ''





''ဘာအချိန် ဘာစနီးလဲ၊ တော်စမ်းပါ နင့်ခေါင်းက ဆံပင်တွေ ဖြူသွားတောင် ဖြစ်လာမှာမဟုတ်ဘူး''

''သူများကို လျှောက်မပြောနဲ့လေ၊ ကိုကြီးကော ဘာထူးလို့လဲ ကားပွဲစားယောင်ယောင် ဘာယောင်ယောင်နဲ့ ငွေသိန်းတစ်ရာလောက် ...မြန်းပစ်လိုက်တာ မဟုတ်လား''

''အေသင် နင်ဘာပြောတာလဲ၊ ငါက နင့်လို စိတ်ကူးယဉ်ဆန် ...ပြီး အလကားသုံးပစ်တာ မဟုတ်ဘူး နားလည်လား''

''ကဲ ကဲ တော်ကြတော့ အခုမှ တစ်ယောက်ကိုတစ်ယောက် အပြစ်လွှဲချမနေနဲ့၊ အခု မာမီ လက်ထဲမှာလည်း ငွေမရှိတော့ဘူး၊ မဖြစ် ...နေ ပေးရမယ့် အကြွေးပူတွေလည်း ရှိနေတယ်၊ ဒီတော့ ဘာဆက်လုပ် ကြမှာလဲ''

မာမီ မေးလာတော့ သူကော အေသင်ပါ ဘာမှမပြောနိုင်ဘဲ ...ငုံ့နှုတ်ပိတ်။

''မာမီတော့ ဆုံးဖြတ်ပြီးပြီ၊ ဒီကွန်ဒို တိုက်ခန်းကိုရောင်းမယ်''

''ဗျာ''

''ဟင် ဒီတိုက်ခန်းရောင်းပြီး သမီးတို့က ဘယ်မှာနေကြမလဲ ...မီရဲ့''

''မြို့သစ်ဘက်မှာ ခြံတစ်ကွက် ဝယ်နေကြရမှာပေါ့ကွယ်''

''ဟာ မာမီကလည်း မနေချင်ပါဘူး''

''ဒီအချိန်မှာ ဘာမှရွေးချယ်ခွင့် မရှိတော့ဘူး သမီး၊ ဆပ်ရမယ့် ...ကြွေးတွေနဲ့ ငွေလက်ကျန်က ဘာမှမရှိတော့ဘူး၊ မြို့သစ်ဘက်မှာ



www.burmeseclassic.com

www.burmeseclassic.com



နေစရာအိမ်လေးနဲ့ ခြံလေး ဝယ်ရမှာပဲ၊ သားကြီးနဲ့သမီးလည်း ဝင်ငွေပုံမှန်ရှိတဲ့ အလုပ်တစ်ခုလုပ်ကြ၊ သမီးလေး အလက်ာကတော့ တတိယနှစ်ရောက်ပြီဆိုတော့ ဘွဲ့ရအောင် ကျောင်းဆက်တက်''

ရွေးချယ်ခွင့် မရှိသောဘဝမှာ မာမီ စီစဉ်သည့်အတိုင်း နာခံလိုက်ကြရသည်။

ဘိုးဘွားပိုင်ဆိတ်ငြိမ်ရပ်ကွက်က ခြံနှင့်တိုက်ကြီးပေါ်မှ ကွန်ဒိုတိုက်ခန်းလေးဆီ သူတို့ဆင်းခဲ့ရ၏။ နောက်ထပ် မြို့သစ်ကနေထိုင်စရာ အိမ်ဝန်းကလေး။

ဘဝတွေက အံ့ဩစရာကောင်းလွန်းအောင် နိမ့်ကျသွားခဲ့ကြသည့်အဖြစ်မှာ သူနှင့်အေသင်ချိုတို့ကတော့ လက်မခံနိုင်ဘဲ အံတုမာန်တင်းထားမြဲ။

မိသားစု စားဝတ်နေရေးအတွက် ညီမလေးအလက်ာက အထည်ချုပ်စက်ရုံမှာ အလုပ်ဝင်သည်။ ညီမလေးလိုပဲ ဘွဲ့တစ်ခုပိုင်ဆိုင်ထားသော အေသင်ကတော့ ထိုအလုပ်တွေကို စိတ်မဝင်စားပါ။

''နေဝင်မိုးချုပ်အလုပ်လုပ်ရတဲ့ စက်ရုံအလုပ်တော့ စိတ်မဝင်စားဘူး၊ စားသောက်ဆိုင်တွေမှာ အချိန်ပိုင်း သီချင်းဆိုရတဲ့အလုပ်ပဲ စိတ်ဝင်စားတယ်''

လှလှပပ ကြော့ကြော့မော့မော့လေး ဝတ်စားကာ အေသင်ချိုစားသောက်ဆိုင်မှာ သီချင်းဆိုသည်။

ဒီအလုပ်ကြီးကို သူကော မာမီပါ သဘောမတူချင်ပေမယ့်ကန့်ကွက်ခွင့်လည်း မရှိခဲ့ပါ။ မိသားစု ဝမ်းရေးကို ဖြေရှင်းနိုင်ဖို့အတွက်



ဝင်ငွေက လိုအပ်ချက်ဖြစ်သည်။

ပုံမှန်အမြဲတမ်း မပေးနိုင်ပေမယ့် အေသင် အဆင်ပြေရင်ပြေသလို ပေးသောငွေလေးက မာမီအတွက် အထိုက်အလျောက်တော့ အဆင်ပြေခဲ့သည်။

သူကလည်း မပင်ပန်းဘဲ ဝင်ငွေလေးမြိုးမြိုးမြက်မြက်ရသော ဘားပွဲစားအလုပ်ကိုပဲ လုပ်ဖြစ်သည်။ လက်ထဲမှာ ငွေလေး ရွှင်လျှင် အပေါင်းအသင်းတွေနှင့် သုံးလိုက်ဖြုန်းလိုက် ကုန်သွားတာက များသည်။

အခုလို အရောင်းအဝယ် မဖြစ်သော ရက်လတွေကြာလာလျှင်နေ့စဉ် အသုံးစရိတ်တောင် ပြတ်လပ်တတ်သည်။

''ကောင်းကြီး ဘာငိုင်နေတာလဲ၊ မှာထားတဲ့ လက်ဖက်ရည်တွေ အေးကုန်ပြီ''

သူ့ပခုံးကို ပုတ်ပြီး ဝေလုပြောမှပဲ အတွေးတွေပြတ်တောက်ကာ ရှေ့ရောက်နေသော လက်ဖက်ရည်ခွက်ကို သတိရတော့သည်။

''အေးကွာ အခုတလော လုံးဝ ကံမကောင်းဘူး၊ ပွဲမဖြစ်တာ တစ်လကျော်လောက် ရှိနေပြီ''

လက်ဖက်ရည်ခွက်ကို ဖျော်ရင်း ကောင်းဝေယံ ပြောတော့ ဝေလုကလည်း ခေါင်းညိတ် ထောက်ခံသည်။

''အေးကွာ ကားဝယ်လက်က ရှားပြီး ပြန်ရောင်းချင်တဲ့သူက များနေတာ ခက်တယ်''

''ဟော့ကောင်တွေ ညည်းမနေကြနဲ့ကွာ၊ မင်းတို့နှစ်ယောက်တည်း ဖြစ်နေတာမှမဟုတ်တာ၊ အားလုံးရင်ဆိုင်နေကြရတာပဲလေ''

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်လုံး ငြိမ်နေသော ကိုအောင်ကြီးက ပြောသည်။ သူတို့ကားပွဲစားလောကမှာ ရာသီမကောင်းဖြစ်နေတာတော့ အမှန်။

အရောင်းအဝယ် မဖြစ်တာကြောင့် ဝင်ငွေက တခြားမှာမရှိပေမယ့် နေ့စဉ် ထွက်ငွေကတော့ ပုံမှန်ရှိသည်။ သူ့ကိုရောင်းဖို့ပေးထားသော မိတ်ဆွေတစ်ဦး၏ကားတစ်စီးကို သူ လက်ခံယူထားသည်။

ထိုပါဂျဲရိုးကားနှင့်ပဲ သွားလာနေရတော့လည်း ဆီဖိုးကလည်း ထည့်ရသည်။ မနက် လက်ဖက်ရည်ဖိုး နေ့လယ်ထမင်းစရိတ် ဒါတွေက နေ့စဉ်ကုန်ကျစရိတ်တွေပဲဖြစ်သည်။

ညနေ ဘီယာလေးသောက်ဖို့တောင် လက်ထဲမှာ ငွေပြတ်နေတာကြောင့် မတွေးရဲတာကြာနေပြီ။

"အင်း ကားပွဲစားမလုပ်ဘဲ တက္ကစီဆွဲစားရင်ကောင်းမလားဘဲ ဒီပုံနဲ့ဆို ကြာရင်မလွယ်ဘူး"

သူတို့ကို မညည်းကြနှင့်ဆိုသော ကိုအောင်ကြီးတောင် မနေနိုင်ဘဲ ညည်းတော့ သူ ပြုံးမိရင်း လက်ဖက်ရည်ကိုတစ်ငုံမော့သောက်လိုက်၏။

"ဒုန်း"

"ခွမ်း"

ငုံထားသော လက်ဖက်ရည်ကိုတောင် မမျိုချနိုင်သေးဘဲ အသံထွက်လာရာသို့ သူ လှည့်ကြည့်လိုက်မိသည်။

မျက်လုံးတွေ ပြူးကာ ထိတ်လန့်သွားရတာက ရပ်ထားသော သူ့ရဲ့ပါဂျဲရိုးကားကို နောက်က ဝင်ရပ်သည့်ကားတစ်စီးက ဝင်တိုက်လိုက်





သော မြင်ကွင်းကြောင့်ပဲဖြစ်၏။

"ကောင်းကြီး မင်းကားကို ဝင်တိုက်တာကွ"

မင်သက်ကြောင်တွေနေသော သူ့ကို ဝေလု သတိပေးပြောမှ သူလည်း ဝေါက်ခနဲ ထရပ်ကာ ကားဆီလှမ်းခဲ့လိုက်သည်။

အဆင်မပြေ ကံမကောင်းရသည့်ကြားထဲမှာ အကုသိုလ်ပြဿနာကြီးက ဝင်ပြန်ပြီ။ ကားနောက်ပိုင်းကိုကြည့်လိုက်တော့ နောက်မီးသီးတွေ ကွဲကြေသွားသည်။

သူ့ကားကို ဝင်တိုက်သည့် လင့်ခရူဆာနက်ပြာရောင်ကားကြီး၏ ရှေ့မီးသီးတစ်လုံးလည်း ကွဲသွားပုံရသည်။

လင်ခဲရူဆာ ကားထဲက ဆင်းလာသော လူရွယ်တစ်ယောက်တော့ ခန့်ညားတည်ငြိမ်သည်။ အပြာနုရောင် ရှပ်လက်ရှည်ကို အနက်ရောင်ဘောင်းဘီနှင့် တွဲဖက်ဝတ်ဆင်ထားသည်။

ပြောင်လက်တောက်ပနေသော ရှူးဖိနပ်နှင့် သူ့အနားသို့ တစ်လှမ်းချင်း လှမ်းလျှောက်လာ၏။

ခလယ်ခွဲဆန်သော ဆံပင်တိုတိုကို နောက်လှန်ဖြီးသင်ထားကာ အနက်ရောင်မျက်မှန် တပ်ထားသောမျက်နှာက ဝင်းဖန့်ရှင်းသန့်နေသည်။ ဆောင်းဝေယံ ရင်ထဲက စိုးရိမ်ထိတ်လန့်စိတ်တို့ ပြေလျော့သွားရတာ အမှန်။

စီးလာသောကားနှင့် စမတ်ကျနသော ပုဂ္ဂိုလ်အနေအထားက သက်ရှိမြှသနာအတွက် စိတ်ပူစရာမရှိတာ သေချာ၏။

"ဆောရီးဗျာ လွတ်မယ်ထင်လို့ ရှေ့တိုးရပ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အရေးကြီးတာက ကျွန်တော့်ကားပဲဗျ။ မြင်တဲ့အတိုင်း မီးလုံးတွေတော့ သွားပြီ၊ ဘော်ဒီလည်း နည်းနည်းထိသွားမယ် ထင်တယ်"

"အိုကေလေ ခင်ဗျား ဘာဖြစ်စေချင်သလဲ ပြောလေ"

လေသံနှင့် အမူအရာကတော့ သူ့အတွက် အားလုံးအဆင်ပြေ ငြိမ်းချမ်းမည့်သဘောရှိသည်။ သူ့ အကွက်ချတတ်လျှင် ကားလည်း အကောင်းကပတိဖြစ်ကာ သူ့အိတ်ထဲကိုလည်း ငွေလေးငါးသိန်းလောက် သပိတ်ဝင် အိတ်ဝင် ရောက်လာနိုင်သည်။

အနားကိုရောက်လာသော ဝေလုနှင့် ကိုအောင်ကြီးတို့ကလည်း မျက်စပစ်၍ ဖယားချဖို့ အရိပ်ပြနေ၏။

"ဒီကားက ကျွန်တော့်ဘော့စ်ပြန်ရောင်းဖို့ ပေးထားတဲ့ကားဗျ ရောင်းနိုင်းတဲ့ကား ဒီလိုဖြစ်သွားတာသိရင် မကောင်းဘူး၊ ဒီညနေပဲ ဝယ်လက်တစ်ယောက်က လာကြည့်မယ်ချိန်းထားတာ ဟူး တော်တော် တော့ ပြဿနာရှုပ်ကုန်ပြီဗျာ"

ကောင်းဝေယံ စိတ်ရှုပ်ညစ်ညူးသွားဟန်နှင့် ညည်းပြတော့ တစ်ဖက်ကလူရွယ် နှုတ်ခမ်းတွန့်၍ ပြုံးရင်း နေကာမျက်မှန်ကိုချွတ်သည်။

အခုမှ ထင်ထင်ရှားရှား မြင်ရသော ထိုလူမျက်နှာကိုကြည့်ကာ ကောင်းဝေယံ မျက်မှောင်ကုပ်သွားမိသည်။ ဒီမျက်နှာကို သူ မြင်ဖူးသလို ထင်မိသည်။

ဘယ်မှာမြင်ဖူး သိနေတာလဲဆိုတာတော့ ဦးနှောက်က ချက်ချင်း အဖြေရှာလို့မရတာလည်း အမှန်ဖြစ်သည်။

"ခင်ဗျားက ကားပွဲစားလား"





"ဟုတ်ပါတယ် ကျွန်တော့်နာမည် ကောင်းဝေယံပါ"

"ဟုတ်ပြီ ဒီကားကို အကောင်းဆုံးဝပ်ရှော့ပို့ပြီး ကွဲကြေသွားတဲ့ မီးသီးတွေ လဲလှယ်ပြင်ဆင်လိုက်ရင် နာရီပိုင်းပဲ ကြာမှာပါ၊ အဲဒီအတွက် ကုန်ကျစရိတ် ဘယ်လောက်လဲ ပွင့်ပွင့်လင်းလင်း တောင်းဆိုပါ ကောင်း ဝေယံ"

ပြောသည့်စကားက ပြတ်သားသည်။ သူ့အတွက် လမ်းကြောင်း သည်းဖွင့်ပေးနေတာမို့

"ဟုတ်ကဲ့ ကျွန်တော်နဲ့ရင်းနှီးတဲ့ မက္ကာနစ်တွေရှိပါတယ်၊ ပြင်ဆင်စရိတ်နဲ့ ပစ္စည်းဖိုးဆိုရင် အင်း ခြောက်သိန်းခွဲ ခုနစ်လောက် ကုန်ကျမယ်ထင်တယ်"

"အိုကေ ခဏလေး"

သူ့ကို လက်ကာပြပြီး လင်ခရူဆာကားကြီးဆီ လူရွယ်တစ်လှမ်းချင်း ပြန်လျှောက်သွား၏။

"ဟား မင်းတော့ လန်းပြီ ကောင်းကြီး၊ ကားက မီးသီးပဲထိသွားတာ၊ ဘော်ဒီကို မထိဘူးကွ"

"ရှူး တိုးတိုးနေစမ်း ဝေလုရာ၊ ဒီညနေ မင်းတို့ကို ဝမ်းတေ ဘယ်လ်နဲ့ ပြုစုမယ်၊ အေးဆေးနေစမ်းပါ"

သူ ဝေလုကို တိုးတိုးပြောနေတုန်း လူရွယ်ပြန်လျှောက်လာတော့ လက်ထဲမှာ အသစ်စက်စက် ငွေငါးထောင်တန်အုပ်နှစ်အုပ်ကိုင်လျက်

"ရော့ ဒီမှာ ဆယ်သိန်း အဆင်ပြေတယ်မဟုတ်လား၊ ပိုတာ ခင်ဗျားအတွက်မုန့်ဖိုးပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ကျေးဇူးပါဗျာ ကျေးဇူးပါပဲ"

"ကျေးဇူးတင်ဖို့မလိုပါဘူး ကောင်းဝေယံ၊ သူစိမ်းတွေမှမဟုတ်ဘဲကွာ"

သူ့ကို အပြုံးယဲ့ယဲ့နှင့် စိုက်ကြည့်ပြောလာသော လူရွယ်ကို သူ အသေအချာ စူးစိုက်ကြည့်မိ၏။

ဒီမျက်ဝန်းတွေကို သူ သိကျွမ်းနေသလိုလိုရှိ၏။ ဒါပေမဲ့ အသေအချာမမှတ်မိတာလည်း အမှန်ဖြစ်၏။

"ဟို ဟို စိတ်မရှိပါနဲ့ဗျာ၊ ခင်ဗျားကို ကျွန်တော် ဇဝေဇဝါ ဖြစ်နေတယ်၊ ကျွန်တော်တို့ ဘယ်မှာဆုံဖူးသလဲ မသိဘူး"

"ဆုံဖူးရုံမဟုတ်ဘူး အတူနေခဲ့ကြဖူးတာပဲကွာ၊ ငါ့နာမည် နိုင်ငံရဲရင့် ပါ"

"ဟင်"

ကောင်းဝေယံ အံ့သြစွာ မျက်လုံးကြီးပြူးလို့ မင်သက်နေတုန်းမှာပဲ နိုင်ငံရဲရင့် လွင့်ခနဲ တစ်ချက်ပြုံးကာ လှည့်ထွက်သွားခဲ့သည်။

လင်ခရူဆာကားကြီးပေါ် လှမ်းတက်ကာ ထွက်သွားသော နိုင်ငံရဲရင့်ကိုကြည့်ရင်း ကောင်းဝေယံ အံ့သြတုန်လှုပ်ခြင်းတွေနှင့် ငူငူကြီး ရပ်နေမိဆဲ။

နိုင်ငံရဲရင့် တဲ့လား။ ရဲဟုပဲ သူ အမြဲတမ်း တမင်နှိမ်ချခေါ်ခဲ့သော ဒီကောင့်ဘဝအခြေအနေက ပြောင်းလဲသွားခဲ့တာလား။ သူ မယုံချင်ပေမယ့် ရဲရင့်ကိုယ်တိုင်ပေးခဲ့သော ငါးထောင်တန်ငွေနှစ်အုပ်က သူ့ကိုလှောင်ပြောင် ကြည့်နေသလိုပါပဲ။

■ ■ ■

အခန်း (၁၆)

"ဘယ်လို သားကြီး ရဲ ရဲရင့် ဟုတ်လား"

မာမီ တအံ့တသြ ရေရွတ်ကာ မယုံနိုင်သလို ပြန်မေးသလို အက်သည်းနှိုးဆိုးနေသော အေသင်ချိုကလည်း ကောင်းဝေယံကို ဆတ်ခနဲ လှမ်းကြည့်သည်။

"ဟုတ်တယ် မာမီ၊ ဒီကောင်နဲ့ကျွန်တော် ဒီနေ့ပြန်ဆုံခဲ့တာ၊ ကျွန်တော့်ကားကို သူ့ကားက နောက်ကဝင်တိုက်တာ"

"ဟင် ဟုတ်လား ကိုကြီး၊ ရဲရင့်က ဒရိုင်ဘာလုပ်နေတာလား၊ ကိုကြီးကား ဘာဖြစ်သွားလဲ မလျော်ခိုင်းဘူးလား၊ မလျော်နိုင်လို့ကတော့ ဆောင်ထဲထည့်ပစ်လိုက် ကိုကြီး"

အေသင်ချို ဘာမသိ ညာမသိ ပြောချင်တာတွေကို တရစပ် ပြောနေချိန်မှာပဲ ညီမလေး အလက်ာချို ထွက်လာသည်။ ရဲရင့်နာမည်



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်လို့ အံ့ဩစိတ်ဝင်စားသွားတာဖြစ်မည်။

တစ်ချိန်က သူတို့ ချိုင်ဂေဟာကြီးမှာ မိဘမဲ့တစ်ကောင်ကြွက်ဘဝနှင့် ခိုကပ်နေခဲ့ရသော ရဲရင့်တစ်ယောက် ပြောင်းလဲနေတာသိရင် အားလုံး အံ့ဩသွားမှာသေချာ၏။

"ရဲရင့်က နင် ထင်သလိုမဟုတ်တော့ဘူး အေသင်၊ သူ စီးလာတဲ့ကားက လင့်ခရူဆာကြီး၊ အဲဒီကားနဲ့ ငါ့ကားကို ဝင်တိုက်မိတာ"

"ကိုကြီးကလည်း လင်ခရူဆာစီးနိုင်တဲ့ သူဌေးအိမ်မှာ ဒရိုင်ဘာလုပ်နေတာလားမှ မသိတာ"

"မဟုတ်ဘူး အေသင်၊ ငါတောင် မြင်မြင်ချင်း မမှတ်မိအောင် ရဲရင့်က စမတ်ကျ ခန့်ညားနေတာ၊ ငါ့ကားနောက်မီးကွဲသွားတာအတွက် ငါတောင်းတဲ့လျော်ကြေးတင်မကဘဲ ငွေဆယ်သိန်းတောင် ချက်ချင်းထုတ်ပေးသွားတာ"

"ဘာရယ်"

အေသင် အံ့ဩစွာ ရေရွတ်သည်။ မာမီကလည်း မျက်တောင်တစ်ချက်မခတ်ဘဲ သူ့ကိုစူးစိုက်ကြည့် နားစွင့်နေဆဲ။

"သူ့ကြည့်ရတာ တော်တော်ချမ်းသာနေတဲ့ပုံပဲ၊ စီးတဲ့ကားအောဝတ်စားထားပုံတွေကပါ ငါ လုံးဝမမှတ်မိဘူး၊ သူ ပိုပေးတဲ့ငွေအတွက် ကျေးဇူးတင်ကြောင်း ငါပြောမှ သူက နိုင်ငံရဲရင့်လို့ ဖွင့်ပြောမှကို ငါသိလိုက်ရတာ"

အေသင်ကော မာမီပါ ဘာမှမပြောနိုင်အောင် မင်သက်ကြောင်တွေနေကြသည်။ ကောင်းဝေယံက အိတ်ထဲက ငါးထောင်တန်တစ်ချပ်





ကို ထုတ်ယူလိုက်၏။

"တကယ်တမ်း ကားကို ပြင်ဆင်စရိတ်က သုံးသိန်းခွဲလောက်ပဲကျတာပါ"

"ဟင် ဒါဆို ကိုကြီး ခြောက်သိန်းခွဲလောက် ပိုရလိုက်တာပေါ့"

အေသင်ချို ဝမ်းသာအားရဆိုရင်း ကောင်းဝေယံအနားကို လှစ်ခနဲ ရောက်လာသည်။

"အေသင်လည်း အသုံးပြတ်လို့ ညစ်နေတာ၊ ကိုကြီး မုန့်ဖိုးပေးရမယ်နော်"

"အံမယ် နင့်အလှည့်ကျတော့ ငါးထောင်လောက်ချေးရင်တောင် မပေးချင်ဘူး၊ သူများဆီကျတော့ လိုချင်တယ်ပေါ့"

"အဟင်း ကိုကြီးကလည်း မောင်နှမချင်းတွေကို ကိုကြီးအသကားနီးပါးရလိုက်တာ မဟုတ်လား"

"ငါက ဒီလောက်ပိုမတောင်းပါဘူး၊ တစ်သိန်းလောက်ပဲ ပိုရအောင် ဖွင်ဖန်လိုက်တာ၊ ရဲရင့်က တမင်ပေးသွားတာ၊ သူက ငါ့ကိုကောင်းကောင်းမှတ်မိနေပုံပဲ"

"ဟုတ်ရဲ့လား သားကြီးရယ်၊ ရဲရင့်က သားကိုပိုပေးသွားတာထုတ်ပို့မလား"

မာမိ မယုံနိုင်စွာ ရေရွတ်သည်။ ရဲရင့်လို လူတစ်ယောက်က သူ့ကို ငွေတွေဒီလောက်ထိ ပိုပေးသွားခြင်းအတွက် သူလည်း အံ့ဩခဲ့တာအမှန်။ တကယ်ဆိုလျှင် ရဲရင့်အပေါ်မှာ သူတို့မိသားစုက ကောင်းခဲ့ကြတာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း အဲဒါကိုပဲ အံ့ဩသွားတာ မာမိရဲ့၊ ရဲရင့်က ဒီလိုဆိုတော့လည်း မဆိုးပါဘူး၊ ဒယ်ဒီ ကျွေးမွေးခဲ့တာတွေကို ကျေးဇူး သိတတ်သားပဲ"

"သူ သိတတ်လို့ပေးသွားတာဆိုရင် အေသင်တို့နဲ့လည်း ဆိုင် တယ်နော် ကိုကြီး"

သူ့လက်ထဲက ငွေတွေကိုမြင်နေတော့ အေသင် မျက်လုံးတ ကြည့်ကြည့် ဖြစ်နေသည်။ အခန်းတံခါးဝက ရပ်နားထောင်နေသည့် ညီမလေး အလင်္ကာတောင်မှ ဘာတစ်ခွန်းမှ ဝင်မပြောသေးပါ။ အေသင် ကတော့ ငွေနှင့်သာ ပတ်သက်လာလျှင် တကယ့်ကိုလောဘတက်လွန်း၏။

"အေသင် နင် လောဘတက်မနေနဲ့၊ ရော့ မုန့်ဖိုး ငါးသောင်း ယူ"

"ဟင် ငါးသောင်းထဲလား ကိုကြီးရဲ့"

"ဟဲ့ ဒီလောက်ပဲ ရမှာပေါ့၊ မာမိက နှစ်သိန်းခွဲယူ၊ ဒီရက်တွေ မှာ သားအိမ်စရိတ် မပေးနိုင်ဘူးနော်၊ အလင်္ကာ ညီမလေးအတွက် ငါးသောင်းလာယူလေ"

"ဟင့်အင်း အလင်္ကာအတွက် မလိုပါဘူး ကိုကြီး၊ မာမိကို ပေးလိုက်ပါ"

"ဒါဆို မာမိကို ပေးထားလိုက်မယ်၊ အလင်္ကာ လိုတဲ့အခါ ယူသုံးပေါ့ ဟုတ်လား"

ကောင်းဝေယံက ဒေါ်ခင်ထားချို လက်ထဲကို ငွေသုံးသိန်း ထည့်ပေးနေတော့ အေသင်ချို မကျေမနပ် နှုတ်ခမ်းမဲ့ကြည့်ရင်း





"ကိုကြီး မတရားဘူး၊ ခြောက်သိန်းခွဲလောက်ရတာဆိုတော့ ကိုကြီးက သုံးသိန်းတောင်ယူတယ်ပေါ့လေ"

"ဟဲ့ အေသင် ငါ့မှာ ချေးငှားထားတာတွေ ပြန်ဆပ်ရဦးမှာ၊ အဝတ်အစားလေး ဘာလေးလည်း ဝယ်ရဦးမယ်၊ နင့်လောက်တောင် ငါက ဝယ်နိုင်တာမဟုတ်ဘူး"

"သူများမုန့်ဖိုးပေးလိုက်တာကို ကိုကြီးက ညီညီမျှမျှပေးသင့် တာပေါ့"

"အေသင် နင် ငါ့ကိုလာပြီး ဆရာလုပ်မနေနဲ့၊ ငါးသောင်းရတာ တောင် ကံကောင်းတယ်မှတ်ပါ၊ ငါ တစ်ပြားမှ မပေးလည်းရတယ်၊ နင် အဲဒီလောက်လိုချင်ရင် ရဲရင့်နဲ့တွေ့တော့ လက်ဖြန့်တောင်းပေါ့"

အေသင်ချို မကျေမနပ် မျက်စောင်းထိုးကာ အခန်းထဲသို့ ခြေဆောင့်ဝင်သွားခဲ့၏။

"တကယ် လောဘတက်တဲ့ မာမို့သမီးပဲ၊ သူသာ ရကြည့်ပါလား သားတို့ တစ်ပြားမှရမှာမဟုတ်ဘူး"

ကောင်းဝေယံက မိခင်ဖြစ်သူကို တိုင်တန်းသလိုပြောရင်း ထ ထွက်သွားသည်။ လက်ထဲမှာ ငွေယားကလေးရှိနေပြီဆိုတော့ ကောင်းဝေ ယံ ဒီနေ့တော့ အိမ်ထမင်း ပြန်စားတော့မှာမဟုတ်။

ဒေါ်ခင်ထားချိုက လက်ထဲမှာဆုပ်ကိုင်ထားဆဲ ငွေတွေကို ငုံ့ ကြည့်ရင်း နှုတ်ဆိတ်နေ၏။ အလင်္ကာ မာမို့အနားလျှောက်ခဲ့သည်။

အလင်္ကာ အနားရောက်တော့ မာမိက မော့ကြည့်ရင်း

"စောစောက သားကြီးပြောတာတွေကို သမီးလေး ကြားမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့''

''ဟုတ်ကဲ့ ကြားပါတယ် မာမီ''

''မောင်ရဲရင့် အခြေအနေက အတော် အဆင်ပြေချမ်းသာနေပုံ ပဲ''

မာမို့လေသံက နောင်တနှင့်သံဝေဂအသိတို့ ရောစွက်နေသည် လား မသိ။

''အင်း ကံကြမ္မာဆိုတာ မမြင်နိုင်ဘူး။ ဒီနေ့ချမ်းသာတဲ့သူက နောက်နေ့ကျ ဆင်းရဲမွဲတေသွားနိုင်တာပဲ၊ လောကဓံတရားကြီးက တွေး ကြည့်ရင် ကြောက်စရာကောင်းတာပဲ''

''အတိတ်ကို ပြန်တွေးပြီး မာမီ စိတ်မကောင်းဖြစ် ဝမ်းနည်း နေတာလားဟင်''

''မာမီ ခံနိုင်ရည်ရှိခဲ့ပါပြီ သမီး၊ တစ်ခုတော့ရှိတာပေါ့ကွယ် အဲဒီအချိန်တုန်းက မာမီ ဂုဏ်ခနေတွေမောက်မာပြီး မှားခဲ့တဲ့ကိစ္စတွေ အတွက်တော့ စိတ်မကောင်း နောင်တတွေရမိတာလည်း အမှန်ပဲ''

မာမီ ဘာကိုဆိုလိုသည်ဆိုတာကိုလည်း အလင်္ကာ နားလည်ပါ သည်။ တကယ်ဆို ကိုကို့အပေါ်မှာ မာမီတို့ မကောင်းခဲ့ကြတာ အလင်္ကာ သိပါသည်။

ကိုကို ချိုဂေဟာကြီးက ထွက်ခွာသွားရအောင် မာမီတို့သုံး ယောက် ပူးပေါင်းစီစဉ်လိုက်တာဖြစ်မှန်း ဒယ်ဒီ သိသွားချိန်တွင် နောက်ကျ သွားခဲ့ပြီဖြစ်သည်။

ကိုကို့ကို သတင်းအစအနတောင် မရတော့ပါ။ ဦးလေးထွန်း





ပို့ထားသောအိမ်မှာလည်း ကိုကို မရှိတော့ပါ။

''ထား မင်း တော်တော်မိုက်မဲ့တဲ့ မိန်းမပါလားကွာ၊ မောင်ရဲရင့် ကို မင်းဘာကြောင့် ဒီလောက်အထိတောင် မုန်းတီးနေရတာလဲ၊ တကယ် ဆို သူ့ဘဝလေးက သနားစရာပါ၊ ဒါကိုမင်းတို့က မကြဲစည်အပ်တဲ့အကြံ အစည်တွေနဲ့ ငါ့ကိုတောင် ယုံကြည်အောင် လှည့်စားနိုင်ကြတယ်၊ အခု တော့ မောင်ရဲရင့်လေးခမျာ ဘယ်လောက်ဒုက္ခရောက်ရှာပြီလဲ၊ ငါ စေတနာထား ကူညီခဲ့တာတွေလည်း အလကားဖြစ်ပြီ၊ ဒါ မင်းတို့ရဲ့ မကြံစည်အပ်တဲ့ အကြံအစည်တွေကြောင့်ပဲ၊ လောကမှာငွေကြေးချမ်းသာ ပြည့်စုံတာထက် စိတ်နှလုံးသား ဖြူစင်ရိုးသားမှုက အရေးကြီးတယ်ကွ''

ဒယ်ဒီ ထိုစဉ်က ပေါက်ကွဲစွာ ပြောခဲ့တာတွေကို အလင်္ကာ မှတ်မိနေပါသေးသည်။ ကိုကို့ကို ဒယ်ဒီ ပြန်တွေ့တောင် ဘယ်လိုရှာရှာ တွေ့နိုင်တော့ပါ။

အလင်္ကာ ကိုယ်တိုင်လည်း ကိုကို အလင်္ကာတို့ဆီ ပြန်လာပါ စေဟု အမြဲတမ်း ဆုတောင်းခဲ့မိသည်။ ဒါပေမဲ့ အလင်္ကာရဲ့ဆုတောင်း တွေ မပြည့်ခဲ့ရပါ။

ကိုကိုသည် ချိုဂေဟာကြီးကို နာကြည်းမုန်းတီးသွားခဲ့သည်လား။ မာမီတို့လုပ်ရပ်တွေက ကိုကိုရဲ့အပေါ်မှာတော့ သိပ်ကိုဆိုးခဲ့တာအမှန်။

''သမီးလေး အလင်္ကာ''

မာမီ ခေါ်သံကြောင့် အလင်္ကာ အတွေးတွေ ပြတ်တောက်ကာ လှည့်ကြည့်တော့

''သမီးလေးသုံးဖို့ ပိုက်ဆံယူထားဦးလေ''



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး ပေးခဲ့သော မာမီ့လက်ထဲက ငွေတွေကိုကြည့်ကာ အလက်ာ ခေါင်းလေးခါမိ၏။

"ဟင့်အင်း သမီးမယူပါဘူး မာမီ၊ သမီးမှာ ရှိပါသေးတယ်၊ မာမီပဲလိုတာသုံးပါ"

"အင်း ဟိုတစ်လက သားကြီးနဲ့သမီးအေသင်တို့ အိမ်စရိတ် မပေးနိုင်တော့ စားကြွေးလေးတွေ တင်သွားတယ်၊ အဲဒီအကြွေးလေး ဆပ်နိုင်ပြီပေါ့"

လစဉ်တိုင်း မာမီခမြာ ကြုံဆုံနေရသောအခက်အခဲတွေကို အလက်ာ သိပါသည်။ ဖြစ်နိုင်လျှင် မာမီ့ကို ဒီလိုစိတ်သောကတွေက ကင်းလွတ်စေချင်ပါသည်။

အလက်ာ ရသမျှ လခတွေကို မာမီ့လက်ထဲ လစဉ်အပ်ပေမယ့် မိသားစုလေးယောက်အတွက် စားစရိတ်ဆိုသော ဝန်ပိုးကြီးက အလက်ာ ပေးသည့်ငွေလေးနှင့် မလောက်ငနိုင်ပါ။

ကိုကြီးနှင့် မမအေသင်တို့ကလည်း သိလျက်နှင့် မသိကျိုးကျွံ ပြုနေတော့ ခက်သည်။

ကိုယ်က အငယ်ဆုံးဆိုတော့လည်း အလက်ာပြောလျှင် ဆရာ လုပ်သည်ထင်ကြသည်။ ဒီအသက်အရွယ်ဆိုတာ ရင့်ကျက်သော အသိ တရားနှင့် ဆင်ခြင်သင့်သည်ပဲ။

"ကဲ သမီးလေး နားဦးနော်၊ မာမီ ဟင်းချက်လိုက်ဦးမယ်"

"သမီး ဘာကူပေးရဦးမလဲ မာမီ"

"ရတယ် သမီး၊ တစ်ရက်တာလေ နားရက်လေးမှာ သမီးလေး





နားပါကွယ်၊ မာမီဟင်းအိုးတစ်အိုးပဲ ချက်ရမှာပါကွယ်"

မာမီ မီးဖိုခန်းဘက် လှမ်းဝင်သွားတော့ မမအေသင်အခန်း ထဲက ထွက်လာသည်။ မှုန်နေအောင် ပြင်ဆင်ခြယ်သ ဝတ်စားထားပုံက အပြင်သွားမည့်ပုံစံ။

"အလက်ာ မမ အပြင်သွားမလို့၊ မာမီ့ကိုပြောလိုက် အိမ်ပြန် ညနေညနေနောက်ကျမယ်လို့"

အလက်ာကိုပြောပြီး အိမ်ပေါ်က ဆင်းသွားသော မမအေသင် ဆီက ရေမွှေးရနံ့တွေက မွှန်ထူကျန်ရစ်ခဲ့သည်။

အလက်ာ ပင့်သက်လေးရှိုက်ရင်း ကိုကို့ပုံရိပ်ကို အာရုံထဲမှာ ပြေးမြင်မိသည်။ ကိုကိုနှင့် အလက်ာ ဆုံခဲ့ကြတာ တစ်ပတ်လောက်ကြာ ခဲ့ပြီ။

အလက်ာ အလုပ်လုပ်သည့်စက်ရုံကို ကိုကို သိနေတာမို့ ကိုကို ရောက်လာမည်လား အလက်ာ မျှော်ခဲ့မိတာအမှန်။

ဒါပေမဲ့ ကိုကို ရောက်မလာခဲ့ပါ။ အလက်ာတို့မိသားစုကို ကိုကို အကြည်းနေတာကြောင့်လားဟု ထင်ခဲ့မိသည်။

ကိုကိုနှင့်ဆုံခဲ့တာကိုလည်း အလက်ာ မာမီတို့ကိုဖွင့်မပြောခဲ့ပါ။ အခုတော့ ကိုကိုနှင့်ကိုကြီးတို့ ဆုံကြသည်တဲ့။

ကိုကြီးအပေါ်မှာ ကိုကို ခွင့်လွှတ်ပေးတာကြောင့် ငွေကြေးတွေ ထောက်ပံ့ကူညီလိုက်တာလား။

အလက်ာကတော့ ကိုကိုနှင့်ထပ်ဆုံချင်ပါသေးသည်၊ ဒါက ကိုကို့ ဆီက ဘာကိုမှ မျှော်လင့်ရယူချင်တာကြောင့် မဟုတ်ပါ။ ကိုကိုနှင့်ဝေး



www.burmeseclassic.com

www.burmeseclassic.com



ကွာနေခဲ့သော ကာလတွေမှာ ကိုကို ဘာတွေဖြစ်ခဲ့သည်လဲ အလက်ာ သိချင်သည်။

ပြီးတော့ မာမီတို့ ကိုကို့အပေါ် မှားခဲ့အနိုင်ယူခဲ့တာတွေအတွက် အလက်ာ ကိုကို့ကိုတောင်းပန်ချင်သည်။

ကိုကို ဘာကြောင့် အလက်ာနှင့် ထပ်ဆုံခွင့်မပေးတာလဲ။ ကိုကို့ ကို အလက်ာ ထပ်တွေ့ချင်ပါတယ် ကိုကိုရယ်။

■ ■ ■

## အခန်း (၁၇)

သူ တစ်ကြိမ်ဆုံတွေ့လိုက်ရုံနှင့်ပဲ ကောင်းဝေယံ၏စိတ်ဓာတ်ကို ဆင်ထင်ရှားရှား မြင်တွေ့ခဲ့ရသည်။

ဆယ်နှစ်ကျော်ကာလကြီး ကြာခဲ့ပေမယ့် ကောင်းဝေယံရဲ့စိတ်ဓာတ် အမူအကျင့်တွေက ပြောင်းလဲမသွားခဲ့သေးတာ သေချာသည်။

လောဘတွေ အတ္တတွေနှင့် ကောင်းဝေယံ၏စိတ်ဓာတ်တွေက ဟိုစဉ်တုန်းကအတိုင်း ညစ်ညူးနေတုန်းဖြစ်၏။ သူ့ကိုချက်ချင်း မမှတ်မိလောက်အောင် ကောင်းဝေယံသည် လောဘစိတ်တွေ အုပ်မိုးနေခဲ့သည်။

ငွေကို ငမ်းငမ်းတက်နေသော ကောင်းဝေယံကို ကိုင်တွယ်ဖို့ ဘာတော့ သူ့အတွက် ခက်ခဲသောကိစ္စ မဟုတ်မှာ သေချာသည်။

အခုလောက်ဆို ကောင်းဝေယံ ပြောပြတာကြောင့် ဒေါ်ခင်ထားမြို့တို့ သူ့ကို သံသယ ရှိသွားကြမှာသေချာနေပြီ။ သူ့အပေါ်မှာ ဒေါ်ခင်



www.burmeseclassic.com

www.burmeseclassic.com



ထားချိတ္တို့ ဘယ်လိုသဘောထားကြသလဲဆိုတာ သူ သိချင်သည်။

သူ့ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်ဖို့အတွက်တော့ သူ့ဘက်က အကောင်းဆုံး ပြင်ဆင်စီမံထားရမည်။

"ဆရာလေး မနက်စာသုံးဆောင်ဖို့ အသင့်ဖြစ်နေပါပြီရှင်"

သူ အိမ်အောက်ထပ်ကို ဆင်းခဲ့တော့ အသင့်စောင့်နေသော ဒေါ်နန်းမြိုင်က ပြောလာသည်။ သူ ခေါင်းတစ်ချက်ညိတ်ပြရင်း စားသောက်ခန်းဘက် လှမ်းခဲ့လိုက်သည်။

စားပွဲပေါ်မှာအသင့်ပြင်ပေးထားသော ပိုင်းမှာ သူ ဝင်ထိုင်တော့ ဒေါ်နန်းမြိုင်က အလိုက်တသိ ရပ်စောင့်နေ၏။

"ဒေါ်နန်းမြိုင် ဒီညနေ ကျွန်တော် အိမ်ပြန်နောက်ကျမယ်၊ ညနေစာလည်း အပြင်မှာပဲ စားခဲ့မယ်၊ ကျွန်တော့်အတွက် ဘာမှစီစဉ် မထားနဲ့ ဟုတ်လား"

"ဟုတ်ကဲ့ပါ ဆရာလေး"

ခေါင်းညိတ်ကာ ဒေါ်နန်းမြိုင် ထွက်သွားခဲ့သည်။ ဒီအိမ်ကြီးမှာ သူ့အတွက် စားသောက်ရေးကိစ္စနှင့် အိမ်မှုကိစ္စတွေကို ဒေါ်နန်းမြိုင်က တာဝန်ယူပေးသည်။

တစ်ကိုယ်တည်းသမားသူ့အတွက် ဒေါ်နန်းမြိုင် တစ်ယောက်တည်းနှင့် နိုင်နင်းသည်။

ခြံစောင့်ကြီး တာဝန်အတွက် ဦးနီ ရှိသည်။ လိုအပ်လျှင် တစ်ပတ်တစ်ကြိမ် အလုပ်သမားတွေငှားကာ ဦးနီက ခြံသန့်ရှင်းလုပ်မှု ကို စီမံပေးတာမို့ သူ စိတ်တိုင်းကျသည်။





ခြံဝင်းကျယ်ကြီးနှင့် ထည်ဝါလှသော နှစ်ထပ်တိုက်ကြီးကို သူ နှစ်သက်စွာ ဝယ်ယူခဲ့ပေမယ့် အလုပ်သမားတွေ အများကြီးလည်း မထား ချင်ပါ။ ဒရိုင်ဘာကိုတောင် သူ သီးသန့်ခေါ်မထားဘဲ လိုအပ်လျှင် ဇေနိုင်ကို ခေါ်ကာမောင်းခိုင်းသည်။

အများအားဖြင့်တော့ သူကိုယ်တိုင်ပဲ ကားကိုမောင်းတာဖြစ် ၏။ စားသောက်ပြီးသည်နှင့် သူ စားသောက်ခန်းထဲက ထွက်ခဲ့လိုက် သည်။

ဒေါ်နန်းမြိုင်က ဧည့်ခန်းတံခါးကို ပိတ်ဖို့ နောက်ကကပ်လိုက် လာ၏။

ဆင်ဝင်အောက်မှာ အသင့်ရပ်ထားသော Cygnus ကားကြီး ပေါ်ကို သူ လှမ်းတက်လိုက်သည်။ ဂိုထောင်ထဲမှာ ရှေ့မီးသီးတွေ ကွဲ နေသည့် လင်ခရူဆာကားကြီးကိုတော့ သူ မပြင်သေးဘဲ ဒီအတိုင်း ထားခဲ့၏။

ကောင်းဝေယံနှင့် နောက်တစ်ကြိမ်ထပ်တွေ့ဖို့အတွက် သူ့မှာ အစီအစဉ်တွေဆွဲထားပြီးဖြစ်သည်။

အခုတော့ ကားကို သူ စက်မှုဇုံဘက်သို့ ဦးတည်လိုက်သည်။ နက်ပိုင်းအတွင်း လည်ပတ်မည့် အချိုရည်စက်ရုံအတွက် အားလုံးအသင့် ဖြစ်နေပြီဟု ဇေနိုင် သူ့ကိုပြောပြထားသည်။

စက်ရုံဖွင့်ပွဲနှင့် အလုပ်သမားဝန်ထမ်းငါးရာကျော်ခန့်နှင့် ဆုံ တွေ့ဖို့ အစီအစဉ်တွေလည်း သူ့မှာရှိနေသည်။

ဒီရက်သတ္တပတ်ကတော့ သူ့အတွက် အလုပ်တွေရှုပ်တွေဦးမှာ



www.burmeseclassic.com

www.burmeseclassic.com



သေချာ၏။

သစ်လွင်နေသော စက်ရုံကြီးထဲကို သူ ကားကိုမောင်းဝင်ခဲ့သည်။ သူ့ရုံးခန်းအဆောက်အဦးရှေ့မှာ ကားထိုးရပ်သည်နှင့် အသင့်စောင့်ကြိုနေသော ဇေနိုင်နှင့်စက်ရုံမန်နေဂျင်းဒါရိုက်တာ ကိုအောင်မြင့်တို့ အနားရောက်လာ၏။

"မင်္ဂလာပါ သူဌေး"

"မင်္ဂလာပါ ကိုအောင်မြင့် ကဲ ကျွန်တော်တို့ ရုံးခန်းကိုသွားရအောင်"

"အားလုံး ဆရာ့ကိုစောင့်နေကြပါတယ် ဆရာ ကြွပါ"

စက်ရုံ၏အုပ်ချုပ်ရေးဝန်ထမ်းတွေနှင့် ဆုံတွေ့ဖို့အတွက် ဇေနိုင်ကို သူ ကြိုတင်စီစဉ်ခိုင်းထားခဲ့တာ ဖြစ်သည်။

ရုံးခန်းထဲရောက်တော့ သူ့ကိုစောင့်နေကြသော အားလုံးက မတ်တပ်ရပ် နှုတ်ဆက်ကြ၏။

"မင်္ဂလာပါ သူဌေး"

"အားလုံးတွေ့ဆုံရတာ ဝမ်းသာပါတယ် ထိုင်ကြပါ၊ မကြာခင်မှာ ကျွန်တော်တို့ လိုအပ်တာတွေ ညှိနှိုင်းတိုင်ပင်ကြမယ်၊ ခင်ဗျားတို့ဘက်က လိုအပ်တာတွေရှိရင်လည်း တင်ပြကြပေါ့"

တစ်နာရီခန့်ကြာသော အစည်းအဝေးပွဲမှာ စက်ရုံလည်ပတ်ရေးအတွက် အစီအစဉ်တွေ သူ့ကိုတင်ပြကြသည်။ လိုအပ်ချက်တွေကို ညှိနှိုင်းကြသည်။

အစည်းအဝေးပြီးဆုံးတော့ ဇေနိုင် သူ့အနားရောက်လာ၏။

"ဆရာ ဘာမှာချင်တာရှိသေးလဲ ခင်ဗျာ"





"မရှိဘူး ဇေနိုင်၊ အားလုံး အဆင်ပြေပါတယ်၊ စက်ရုံဖွင့်ပွဲအတွက် ဧည့်သည်တွေကိုကော မင်းဖိတ်ထားပြီးပြီလား"

"အားလုံး ပြီးပါပြီ ဆရာ"

"အေး ဒါဆို အဲဒီနေ့ကျမှ ငါတို့ဆုံကြတာပေါ့"

"ဆရာ အခု ဘယ်သွားမှာလဲ ကျွန်တော် လိုက်ပို့ပေးရမလား"

"ရတယ် ဇေနိုင်၊ ငါ ကိုယ်ရေးကိုယ်တာကိစ္စလေးရှိလို့ မင်းဘက်က စက်ရုံဖွင့်ပွဲအတွက် ဒီရက်မှာ လိုတာမရှိရအောင် စီစဉ်ထားကွာ"

"စိတ်ချပါ ဆရာ"

"အိုကေ ဒါဆို ငါသွားတော့မယ် ဇေနိုင်"

ဇေနိုင့်ကို နှုတ်ဆက်ကာ သူ ရုံးခန်းထဲက ထွက်ခဲ့တော့ ဇေနိုင်က ကားအနားထိ လိုက်ပို့ပေးသည်။

စက်ရုံဝန်းထဲက ကားကိုမောင်းထွက်ခဲ့ရင်း သူ ဦးတည်လိုက်သည်က အလက်ာချို့ရှိသော အထည်ချုပ်စက်ရုံဆီကိုပဲ ဖြစ်သည်။

■ ■ ■

စက်ရုံမန်နေဂျာက ခေါ်သည်ဆိုတော့ အလက်ာ ရုံးခန်းဘက် ထွက်ခဲ့လိုက်သည်။ တကယ်ဆို မန်နေဂျာနှင့်တွေ့စရာ အကြောင်းကို ရှိတာ အမှန်။

အလက်ာတို့အခြေအနေက မန်နေဂျာနှင့် တိုက်ရိုက်ဆုံစရာ အခွင့်မရှိပါ။ ဘာကြောင့်လဲဟု စဉ်းစားရင်း ရုံးခန်းရှေ့ရောက်ခဲ့၏။

"ဝင်သွားလိုက်ပါ အလက်ာချို"

ရုံးခန်းတံခါးဝ လုံခြုံရေးဝန်ထမ်းက မှန်တံခါးကို အသာဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပေးရင်းပြောတော့ အလင်္ကာ ခေါင်းလေးညိတ်ကာ လှမ်းဝင်လိုက်သည်။

စက်ရုံမန်နေဂျာကြီးက ညွှန့်သည်တစ်ယောက်နှင့်စကားပြောနေရာမှ အလင်္ကာကိုမြင်တော့ ပြုံးပြနှုတ်ဆက်ရင်း

"လာ သမီး ထိုင်ပါ၊ ဒီမှာ သမီးကိုတွေ့ချင်လို့တဲ့ ညွှန့်သည်ရောက်နေတယ်"

မန်နေဂျာကတစ်ဆင့် ခေါ်တွေ့ရသည့်ညွှန့်သည်ဆိုတာကြောင့် အလင်္ကာ မျက်ခုံးလေးပင့်တက် အံ့သြကာ လှည့်ကြည့်တော့

"ဟင် ကိုကို"

"အလင်္ကာနဲ့တွေ့ချင်လို့ ဦးခင်ဦးကို အကူအညီတောင်းလိုက်တာ၊ အလင်္ကာ ကိုကိုနဲ့ခဏလိုက်ခဲ့ပါ"

အလင်္ကာရှိသည့် စက်ရုံထဲအထိ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသော ကိုကို့ကို ဝမ်းသာအားရကြည့်ရင်း ဘာပြောရမှန်းမသိ ဖြစ်နေခဲ့၏။

အလုပ်ချိန်ကြီးမှာ ကိုကို ခေါ်ရာကို လိုက်ဖို့လည်း အလင်္ကာ ခေါင်းမညိတ်ရဲပါ။ မန်နေဂျာကြီးက

"လိုက်သွားလိုက်ပါ သမီး၊ ကိုနိုင်ငံရဲရင့်က စက်ရုံပိုင်ရှင်သော်နဲ့ မိတ်ဆွေရင်းချာတွေပါ"

"ဟုတ် ဟုတ်ကဲ့ အန်ကယ်"

ကိုကိုက စက်ရုံပိုင်ရှင်သူဌေးနှင့် မိတ်ဆွေတွေတဲ့လား။ အလင်္ကာအတွက်တော့ အံ့သြမင်သက်စရာတွေချည်း ဖြစ်နေခဲ့၏။

ဗျူး ၁၁၄၅



"ဦးခင်ဦး ခွင့်ပြုပါဦးဗျာ"

"ဟုတ်ကဲ့ ဟုတ်ကဲ့ပါ ဆောစ်"

ကိုကို့ဘဝအခြေအနေက အလင်္ကာ မှန်းဆထားသည်ထက်တောင် ခန့်ထည်နေခဲ့သည်။ ချိုဂေဟာကြီးက ထွက်ခွာသွားပြီး နောက်ပိုင်း ကိုကို ဒီအခြေအနေထိ ပြောင်းလဲတိုးတက်သွားတာ အလင်္ကာ သိပ်ကိုဝမ်းသာပါသည်။

"ကိုကိုတို့ တစ်နေရာသွားပြီး အေးအေးဆေးဆေး စကားပြောကြရအောင် အလင်္ကာ၊ ပြီးရင် အလင်္ကာကို ကိုကို ပြန်ပို့ပေးမယ်"

"ဟုတ်ကဲ့ ကိုကို၊ ဟို အလင်္ကာ ထမင်းချိုင့်နဲ့ လက်ဆွဲအိတ်လေး သွားယူလိုက်ဦးမယ်နော်"

ကိုကို့ကို ခွင့်တောင်းပြီး အလင်္ကာ ခပ်သုတ်သုတ်လေး ပြေးထွက်ခဲ့သည်။ အလင်္ကာဆီ ကိုကို မလာတော့ဘူးဟု ထင်မှတ်ထားခဲ့ကာ ဝမ်းနည်းနေခဲ့သမျှက အခုတော့ အလင်္ကာ သိပ်ပျော်ကြည်နူးနေသည်။

ကိုကို ကတိပေးခဲ့သည့်အတိုင်း အလင်္ကာဆီ အရောက်လာခဲ့သည်ပဲ။ အလင်္ကာ အရမ်းပျော်ရပါတယ် ကိုကိုရယ်။

■ ■ ■

အေးချမ်းတိတ်ဆိတ်သော ကော်ဖီဆိုင်လေးမှာ အလင်္ကာနှင့်သူ ဆိုင်ဖြစ်ကြသည်။

ပန်းဆီရောင်ဘလောက်စ်လက်တိုအကျီလေးနှင့် အောက်ခံအနက်မှာ အဖြူအပွင့်အစက်လေးတွေ ဖောက်သော ထဘီလေးကို အလင်္ကာ ဝတ်ဆင်ထားသည်။

ဗျူး ၁၁၄၅

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဝင်းဖန့်နေသော မျက်နှာလေးမှာ သနပ်ခါးလေးတွေက ပျက်ပြယ်နေ၏။ သူ့ရှေ့မှာရှိသော အလက်ာချိုသည် လွန်ခဲ့သောဆယ်နှစ်ကျော်က ကောင်မလေးနှင့်တော့ သိပ်ကိုကွာခြားသွားခဲ့ပြီ။

ဒါပေမဲ့ ချစ်စရာကောင်းသော မျက်ဝန်းလေးတွေက ဖြူစင်ရိုးသားရိပ်တွေ လွှမ်းခြုံနေ၏။ နှာတံလေးက စင်းစင်းလေးပေါ်လွင်ကာ ဆေးမကူသော နှုတ်ခမ်းလေးက စိုလဲ့နေသည်။

နက်မှောင်ကာ ခါးစပ်နားအထိရှည်သော ဆံပင်တွေကို စည်းကြိုးအဖြူလေးနှင့် ရိုးရိုးလေးပဲ ချည်နှောင်ထား၏။

တစ်ကိုယ်လုံးမှာ ဆင်မြန်းထားသည်ဆို၍ ကျောက်ပွင့်ဖြူနားကပ်လေးတစ်ရံကလွဲ၍ ဘာမှမရှိပေမယ့် ဝင်းမွတ်ကြည်လင်နေသော မျက်နှာလေးက ချစ်စဖွယ်ကောင်းသည်။

ဟိုးငယ်စဉ်ကတည်းက သူ့ကိုခင်တွယ်လွန်းသော ဒီကောင်မလေးကို သူလည်း ညီမလေးလို ချစ်ခင်ခဲ့ရ၏။

အခုချိန်မှာ ပြန်တွေ့တော့လည်း သူ့စိတ်တွေ ငြိမ်းချမ်းစေအောင် အလက်ာချို မျက်နှာလေးကဖြူစင်ပါသည်။

"ကိုကို ဘယ်တော့ရောက်လာမလဲလို့ အလက်ာ အမြဲမျှော်နေတာ"

ကြည်နူးရိပ်တွေဖြာသော မျက်ဝန်းတွေနှင့်ကြည့်ကာ အလက်ာ ပြောတော့ သူ ပြုံးလိုက်မိရင်း

"ကိုကိုလည်း အလက်ာကို သတိရပါတယ်၊ ဒီရက်ပိုင်းမှာ အလုပ်တွေရှုပ်ထွေးနေလို့ကွ"





"ကိုကို ရန်ကုန်ရောက်နေတာ ကြာပြီလားဟင်၊ အခု ကိုကို ဘာတွေလုပ်နေသလဲ"

ဘယ်တုန်းကတည်းက မေးချင်နေသည်မသိသော မေးခွန်းတွေနှင့် အလက်ာ မေးတော့ သူ ချက်ချင်းမဖြေဘဲ ကော်ဖီကိုတစ်ငုံမော့သောက်လိုက်၏။

မှာထားသော မုန့်တွေ ကော်ဖီတွေကို အာရုံမရှိဘဲ အလက်ာက သူ့အဖြေစကားကိုပဲ နားလေးစွင့်ထား၏။

"ကိုကို ရန်ကုန်ရောက်တာ မကြာသေးဘူး။ အခု စက်မှုဇုန်ထဲမှာ အချိုရည်စက်ရုံဖွင့်ဖို့ စီစဉ်ထားတယ်"

"ဟင် အမိုးအပြာရောင်ကြီးနဲ့ စက်ရုံကြီးလား ကိုကို၊ အလက်ာတို့ဖယ်ရီကားဖြတ်သွားတိုင်း မြင်တယ်"

"ဟုတ်တယ် နောက်တစ်ပတ်လောက်ဆို စက်ရုံဖွင့်တော့မယ်လေ"

အလက်ာ ခေါင်းလေးညိတ်ရင်း သူ့ကို စူးစိုက်ကြည့်နေသည်။ မျက်ဝန်းတွေထဲမှာ သူ့ကိုခင်မင်နှောင်တွယ်သည့်အရိပ်တွေက မဖုံးနိုင်အောင် ပေါ်လွင်နေခဲ့၏။

"ကိုကို ဘဝ ဒီလောက်အထိ ပြောင်းလဲသွားတာ အလက်ာ ဝမ်းသာတယ် သိလား ကိုကို၊ တကယ်ပါ ကိုကို အလက်ာတို့အိမ်က ထွက်သွားတော့ အလက်ာ ငိုရသေးတယ်"

အတိတ်ကို ပြန်သတိရကာ အလက်ာ ပြောနေပြန်တော့ သူ့စိတ်အာရုံတွေလည်း အတိတ်ကို ပြန်တွေးမိသွားသည်။ ခါးသီးလှသော အတိတ်သည် ပြန်တွေးမိတိုင်း ရင်ကိုနာကျင်စေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ထွက်သွားတာ မဟုတ်ပါဘူး အလင်္ကာ၊ ကိုကို့ကို အလိုမရှိသူတွေကြောင့် ထွက်ခွာခဲ့ရတာပါ"

"ကိုကို့ရယ် အလင်္ကာ အားလုံးသိပါတယ်၊ ကိုကို့အပေါ်မှာ မာမီတို့တွေ မကောင်းခဲ့တာပါ၊ ဒါကို ဒယ်ဒီ သိသွားလို့ ကိုကို့ကို လိုက်ရှာတော့ ကိုကို မရှိတော့ဘူး"

"ဦးက ကိုကို့ကို လိုက်ရှာသေးတယ်လား"

"ဟုတ်ပါတယ် ဒယ်ဒီနဲ့ဦးလေးထွန်းတို့ ကိုကို့ကို လိုက်ရှာကြတာ နေ့တိုင်းပဲ၊ အလင်္ကာလည်း ကိုကို အမြန်ပြန်လာပါစေလို့ ဘုရားမှာ ဆုတောင်းခဲ့တာပေါ့"

"ကိုယ့်ကိုမကြည်ဖြူတဲ့သူတွေ အရိပ်အောက်မှာ ကိုကို ဘယ်လိုဆက်နေလို့ရမှာလဲ အလင်္ကာ"

အလင်္ကာ မျက်နှာလေး ညှိုးသွားကာ ပင့်သက်လေးရှိုက်သည်။ ထိုစဉ်က ငယ်ရွယ်ပေးပေမယ့် အလင်္ကာ အခြေအနေအားလုံးကိုသိနေခဲ့သည်။

"မာမီကော ကိုကြီးနဲ့မမအေသင်ပါ ကိုကို့ရဲ့အပေါ်မှာ မကောင်းခဲ့ကြတာပါ၊ အလင်္ကာ သိပါတယ်၊ အဲဒီအတွက်လည်း အလင်္ကာ ကိုကို့ကို တောင်းပန်ချင်ပါတယ် ကိုကို"

သူ့နှုတ်ခမ်းတွေ ပြုံးလိုက်မိတာထက် မဲ့ကျသွားခဲ့တာက မှန်လိမ့်မည်။ အရာရာက တောင်းပန်ပါတယ်ဆိုသော စကားတစ်ခွန်းနှင့် မမျှတခဲ့တာသေချာသည်။

"ဒယ်ဒီကလည်း တော်တော့်ကို နောင်တရ စိတ်မကောင်းဖြစ်ခဲ့တာပါ ကိုကို"



"ပြီးခဲ့တာတွေ မေ့လိုက်တော့ အလင်္ကာ၊ ဒါနဲ့ ဦးလေးထွန်းကော ရှိသေးလားဟင်"

"ဒယ်ဒီ စီးပွားတွေပျက်တော့ ဦးလေးထွန်း ရွာကိုပြန်သွားတယ် ကိုကို၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဦးလေးထွန်း ဆုံးသွားပြီလို့ သတင်းကြားတယ်၊ ဦးလေးထွန်းက အလင်္ကာတို့မိသားစုအပေါ်ကောင်းခဲ့တဲ့သူပါ"

တကယ်ဆို သူ့အပေါ်မှာလည်း ဦးလေးထွန်း ကောင်းခဲ့တာပဲဖြစ်သည်။ ဒါပေမဲ့ ဦးလေးထွန်းကိုတော့ သူ ဘယ်တော့မှ ပြန်ဆုံတွေ့နိုင်တော့မည် မဟုတ်။

"အင်း ကိုယ် ဦးလေးထွန်းကို ပြန်မတွေ့နိုင်တော့တာအတွက် စိတ်မကောင်းဘူး"

"ကိုကို့ကို အခုလိုအခြေအနေမျိုးနဲ့ ပြန်တွေ့တာမြင်ရရင် ဒယ်ဒီတို့ ဦးလေးထွန်းတို့ အရမ်းဝမ်းသာကြမှာ၊ ကိုကို့ကို ဒုက္ခတွေနဲ့ ရင်ဆိုင်နေရပြီလို့ အလင်္ကာ ထင်နေတာ"

"ဒုက္ခတွေကိုလည်း ရင်ဆိုင်သင့်သလောက် ရင်ဆိုင်ခဲ့ရတာပေါ့ အလင်္ကာ၊ ဒါပေမဲ့ ကိုကို ကံကောင်းခဲ့ပါတယ်"

"ကိုကို ဒီလိုအခြေအနေရောက်အောင် ဘယ်လောက်ထိ ကြိုးစားခဲ့ရတာလဲဟင်"

သိချင်စိတ် ပြင်းပြစွာမေးသော မျက်ဝန်းလေးတွေထဲကို သူ အကဲခတ်ကြည့်လိုက်မိ၏။ ဖြူစင်ရိုးသားမှုအရိပ်တွေကလွဲ၍ ဘာမျှမတွေ့ရပါ။

www.burmeseclassic.com

www.burmeseclassic.com



အလက်ာချို ဆိုသော ကောင်မလေးရဲ့စိတ်ထားလေးက ဖြူစင်ရိုးသားလွန်းတာ ယနေ့အထိ မပြောင်းလဲ။

"ကိုကို ကံကောင်းခဲ့တာပါ အလက်ာ၊ ကိုကို့ကို ချမ်းသာတဲ့ မိန်းမကြီးတစ်ယောက်က မွေးစားခဲ့တာ၊ ဒါကြောင့် ကိုကို ဒီလိုအခြေအနေရောက်လာတာ၊ သူ ဆုံးပါးသွားမှ ကိုကို ရန်ကုန်ကိုပြောင်းလာတာ"

"ဘာပဲဖြစ်ဖြစ် အလက်ာ အရမ်းဝမ်းသာတယ် ကိုကို၊ ကိုကို့နဲ့ ပြန်ဆုံမယ်လို့ အမြဲမျှော်လင့်ခဲ့တာ၊ ပြန်ဆုံရတဲ့အချိန်မှာ ကိုကို ပြည့်စုံအဆင်ပြေနေတာ အလက်ာ အရမ်းဝမ်းသာတယ် သိလား"

"ကိုကို့နဲ့ပြန်ဆုံဖြစ်တာ အလက်ာ အမေ သိသွားပြီလား"

"ကိုကို့နဲ့ဆုံတာကို အလက်ာ မပြောသေးခင်မှာ ကိုကြီးကပြောလို့ အားလုံး သိသွားကြတယ် ကိုကို"

ကောင်းဝေယံက ပြောပြလိုက်သည်တဲ့လား။ ဒေါ်ခင်ထားချို့ရဲ့ တုံ့ပြန်စကားတွေကို သူ သိချင်လှ၏။

"အန်တီချိုကော နေကောင်းရဲ့လား အလက်ာ"

"မာမီ နေကောင်းပါတယ် ကိုကို၊ ဒါပေမဲ့ မပြည့်ဂုံတဲ့အခြေအနေမှာ ရှင်သန်နေရတော့ လူကောစိတ်ပါ ကျဆင်းသွားတာတော့ အမှန်ပဲ"

"မင်းတို့မောင်နှမသုံးယောက် ရှိနေတာပဲ"

အလက်ာ ခေါင်းလေးခါကာ ပင့်သက်လေးရှိုက်သည်။ ပြီးမှ

"ကိုကြီးရဲ့ပွဲစားအလုပ်က ဝင်ငွေမရှိဘူး၊ မမအေသင်ကလည်း သူ ဖြစ်ချင်တာကိုပဲလုပ်တဲ့သူလေ၊ မိသားစု စားဝတ်နေရေးအတွက်





အလက်ာရတဲ့ လစာလေးကိုပဲ အမိက မှီခိုနေရတာပါ"

"အေသင်ချိုက ဘာလုပ်နေလဲ အလက်ာ"

"မမအေသင်က စားသောက်ဆိုင်မှာ သီချင်းဆိုတယ် ကိုကို၊ အဲဒီအလုပ်ကို အားလုံးက မလုပ်ဖို့တားပေမယ့် မမအေသင်က လက်မခံဘူးလေ"

သူ ပြုံးလိုက်မိသည်။ အေသင်ချိုသည်လည်း ကောင်းဝေယံလိုပဲ မပြောင်းလဲသော အကျင့်တွေ ပိုင်ဆိုင်ထားဆဲထင်၏။ ဘာပဲဖြစ်ဖြစ် အေသင်ချိုနှင့်တော့ သူ ဆုံတွေ့ချင်သေးသည်။

"ကဲ ကော်ဖီတွေအေးကုန်ပြီ အလက်ာ သောက်လေ မုန့်တွေလည်းစားကွာ"

"တကယ် မစားနိုင်လို့ပါ ကိုကို၊ ကိုကို့နဲ့ပြန်ဆုံရတာကို ဝမ်းသာလို့ ရင်တွေအလိုလို ပြည့်နေတယ်"

သူ့ကို ပြုံးပြုံးလေးကြည့်ကာ အလက်ာ ဆိုသည်။ ဟိုးငယ်စဉ်ကတည်းက မိခင်မသိအောင် သူ့ကိုမုန့်တွေ ခိုးယူကျွေးတတ်သည့် ကောင်မလေး။

ဒီကောင်မလေးရဲ့ သံယောဇဉ်တွေကိုတော့ သူ အသိအမှတ်ပြုမိတာ အမှန်ပဲဖြစ်သည်။

"အလက်ာ မင်း ကိုယ့်ရဲ့အချိုရည်စက်ရုံမှာ အလုပ်လုပ်နိုင်မလား"

"ရှင်"

"အလက်ာရဲ့ပညာအရည်အချင်းကို ဦးခင်ဦးဆီမှာ ကိုကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြီ၊ ဒါကြောင့် အလင်္ကာကို ကိုကိုရဲ့ ရုံးဌာနမှာ တစ်နေရာစီစဉ်ပေးမယ်၊ အထည်ချုပ်စက်ရုံက အလင်္ကာ ထွက်ခဲ့လိုက်ပေါ့"

"ဟို ဟိုလေ ကောင်းပါ့မလား အလင်္ကာ့ကို မန်နေဂျာကြီး ခွင့်ပြုပါ့မလား"

တကယ့်ကို ရိုးသားလွန်းသည့် အလင်္ကာကိုကြည့်ကာ သူ သဘောကျစွာ ပြုံးမိပါသည်။

"အဲဒီအတွက် ဘာမှပြဿနာမရှိဘူး။ အလင်္ကာတို့စက်ရုံပိုင်ရှင်နဲ့ ကိုကိုရင်းနှီးတယ်၊ ကိုကိုပြောလိုက်မယ်၊ ကိုကိုက အလင်္ကာကို အခြေအနေတစ်ခုအထိ အဆင်ပြေစေချင်လို့ပါ"

"ဒါဆိုရင် အလင်္ကာ လုပ်ပါ့မယ် ကိုကို၊ ကိုကို့အလုပ်တွေကို အလင်္ကာ ကြိုးစားလုပ်မှာပေါ့"

ဝမ်းသာအားရ ခေါင်းလေးညိတ် ပြောနေသော အလင်္ကာ မျက်နှာချိုချိုလေးကို ကြည့်ကာ သူလည်း ချမ်းမြေ့သွားခဲ့၏။

ချိုဂေဟာကြီးရဲ့ မျိုးဆက်တွေထဲမှာ အလင်္ကာချိုလေးကိုတော့ သူ စာနာသနားသည်။ အခုလည်း တစ်ယောက်တည်း ရုန်းကန်နေရသော အလင်္ကာ ဘဝလေးကို သနားမိတာကြောင့် ဖြူစင်စွာ ကူညီလိုက်တာ ဖြစ်သည်။ သူ့ရင်ဘတ်ထဲက ဒဏ်ရာတွေအတွက်တော့ ကျန်သူတွေကို သူ ခွင့်မလွှတ်နိုင်တာ အမှန်။

အားလုံးထဲမှာ အလင်္ကာချိုဆိုတာ ခြွင်းချက်တစ်ခုဟုသာ ☰ သတ်မှတ်ထားခဲ့၏။

■ ■ ■

## အခန်း (၁၈)

"ရဲရင့်က စက်မှုဇုန်ထဲမှာ အချိုရည်စက်ရုံကြီး တည်ထားတယ် ဆိုတာလား ဟား ဒီကောင် ဒီလောက်အထိ ချမ်းသာသွားတာ အံ့သြစရာပဲ"

ကောင်းဝေယံ အံ့သြသံကြီးနှင့် ရေရွတ်သလို မာမီကလည်း အလင်္ကာကို ခေါင်းတညိတ်ညိတ် ကြည့်နေရှာ၏။

"ကိုကိုက အလင်္ကာကို သူ့စက်ရုံမှာ အလုပ်လုပ်ဖို့ပြောတယ် မာမီ ရုံးဌာနမှာတစ်နေရာ စီစဉ်ပေးမယ်တဲ့"

"ကောင်းတာပေါ့ ညီမလေးရဲ့၊ လက်ရှိအလုပ်ထက် ဝင်ငွေ ပိုကောင်းတဲ့နေရာတစ်ခုကိုတောင်းဟာ"

"အဲဒီလိုကြီးတော့ အလင်္ကာ မတောင်းပါဘူး၊ ကိုကို ခန့်ထားတဲ့နေရာမှာပဲ လုပ်ရမှာပေါ့"

"ဟ ညီမလေးကလည်း ရဲရင့်က သူစိမ်းမှမဟုတ်တာ၊ ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



နဲ့တုန်းကတောင် ဒီကောင် ငွေသိန်းချီပြီး အလကားပေးလိုက်တာကွ"

"ဟင့်အင်း အလင်္ကာ ဘယ်သူ့ဆီကမှ ငွေကိုအလကားမယူချင်ဘူး ကိုကြီး၊ ကိုကို့အလုပ်မှာလည်း အလင်္ကာ ထိုက်တန်တဲ့လုပ်အားခပဲ ယူမှာပါ"

"အမလေး အလင်္ကာရယ် နင်က ဘာမာနတွေ ထားနေတာလဲ"

တစ်ချိန်လုံး ငြိမ်နေသော အေးသင်ချိုက ဝင်ပြောသည်။ ကောင်းဝေယံကလည်း မျက်မှောင်ကြီးကုပ်ကြည့်ရင်း

"ညီမလေး နိုင်ငံရဲရင့်မှာ ဒယ်ဒီရဲ့ကျေးဇူးတွေ အများကြီးရှိတယ်၊ ဒါကြောင့် သူ ကိုကြီးတို့အပေါ်မှာ ထောက်ပံ့ကူညီပေးရမှာပဲ သူ့စေတနာနဲ့ ထောက်ပံ့တာကို ညီမလေး ယူရမှာပဲပေါ့"

"အေးလေ သူ ဒီလောက်ချမ်းသာနေတာကို ကိုယ့်ဘက်က လိုအပ်တဲ့အကူအညီတောင်းသင့် တောင်းရမှာပဲ၊ ဘာမဟုတ်တဲ့ မာန တွေ နင်ထားနေတာလဲ၊ ငါနဲ့မတွေ့သေးလို့ပေါ့ တွေ့ရင်ပွဲကပြတ်ပြီ"

ကိုကြီးကော မမအေးသင်ပါ လိုချင်တာအတွက်ပဲကြည့်တာ ပြောနေကြတာဖြစ်သည်။ တကယ်ဆိုလျှင် ကိုကို့အပေါ်မှာ သူတို့ယူ ဒုက္ခပေးခဲ့တာတွေကို ပြန်သတိရသင့်သည်။

ကိုကို့ကျေနပ်အောင် တောင်းပန်သင့်သည်။ အခုတော့ မျှော်လင့်လောဘတွေ ကြီးမားနေကြတာ မဖြစ်သင့်ပါ။

"ကိုကြီးတို့ မမအေးသင်တို့က ကိုကို့ဆီက ဘာလို့မျှော်လင့်ချက်တွေ ထားနေကြတာလဲ၊ တကယ်ဆို ကိုကို့ခမြာ ဒယ်ဒီအရိပ်ကထွက်



သွားခဲ့ရတာပါ၊ အဲဒီကာလတွေမှာ ကိုကို ဘယ်လောက်ထိ ဒုက္ခတွေ ရင်ဆိုင်ရမလဲ စဉ်းစားကြည့်ကြပါဦး"

"နေစမ်းပါဦး အလင်္ကာ နင်က နိုင်ငံရဲရင့်ဘက်က ရှေ့နေလိုက်နေတာလား၊ သူ အိမ်ကထွက်သွားပေမယ့် ဒယ်ဒီအရိပ်မှာနေခဲ့ရသေးတယ်၊ တစ်လုပ်စားဖူး သူ့ကျေးဇူးတဲ့"

မမအေးသင် လိုရာကိုဆွဲကာ ပြောနေတာကို အလင်္ကာ ဖြေရှင်းခွန်းတုံ့မပြန်ချင်တော့ပါ။ တကယ်ဆိုလျှင် ကိုကို အိမ်ကထွက်ခွာသွားရအောင် ကြံစည်ခဲ့သော အဓိကတရားခံက မမအေးသင်ပဲဆိုတာ တမင်မသိဟန်ဆောင်နေသည်လား။

"သူ့ဘက်က သိတတ်ပြီး ကူညီပေးလာရင် ယူရမှာပဲ၊ ဒီလောက် ချမ်းသာနေတာပဲလေ၊ သူ့အတွက်က ပါးပါးလေးပဲရှိမှာပါ"

"ကဲ ကဲ သမီးတို့ဘာမှမပြောကြနဲ့၊ ဘာပဲဖြစ်ဖြစ် သမီးအလင်္ကာလေးအတွက် သူ့ဘက်က ဒီလောက် ကူညီပံ့ပိုးတာပဲ မာမီချမ်းသာကျေးဇူးတင်လှပါပြီကွယ်၊ ဒီထက်အများကြီးလည်း မာမီ့ဘက်က အများကြီး မျှော်လင့်မထားချင်ပါဘူးကွယ်"

မာမီက အခြေအနေကို ဝင်ထိန်းသည့်သဘောနှင့်ပြောလာတော့သည်။ ကိုကြီးနှင့်မမအေးသင် မလျှော့ကြဘဲ

"မာမီကလည်း ဒီဘဝရောက်နေတာတောင် ဘာလို့ မာနတွေ ခံချင်နေတာလဲဗျ၊ ရဲရင့်ဆီက အထောက်အပံ့လေးရတော့ သားတို့ အဆင်ပြေတာပေါ့"

"မာမီ့သမီးနဲ့မာမီက အတူတူပဲ၊ တော်ပြီ ဘာမှမပြောတော့ဘူး

www.burmeseclassic.com



သမီးတော့ ဒီလိုဘဝကြီးကို ကျေနပ်နေမယ် မထင်နဲ့၊ ဒီလိုနေရာကြီးမှာ နေနေရတာကို တစ်ရက်လေးမှ မပျော်ဘူး''

''ဒါတော့ သမီးရယ်၊ ကိုယ့်ဘဝအခြေအနေက နိမ့်ကျခဲ့ပြီပဲ၊ အရင်တုန်းကလိုမျိုး နေချင်သလိုနေလို့ မရတော့ဘူးလေ၊ လက်ရှိဘဝ လက်ရှိအခြေအနေလေးမှာ အဆင်ပြေအောင်နေထိုင်ရမှာပေါ့''

''အဆင်ပြေအောင်ကို မနေတတ်ဘူး မာမီ၊ အပေါင်းအသင်း တွေကြားမှာ သိပ်မျက်နှာငယ်ရတယ်၊ လောကကြီးမှာ ငွေမရှိရင် သိပ် အောက်တန်းကျတယ်၊ သမီးကတော့ ငွေရဖို့အတွက် အဓိကပဲ''

အေသင်ချို ပြောချင်တာပြောပြီးသည်နှင့် ညှော်ခန်းထဲက ထွက် ခွာသွားသည်။ မာမီ ပင့်သက်မောကြီးရှိုက်ရင်း

''အင်း တကယ်မလွယ်တဲ့ သားသမီးတွေပဲ၊ လူဆိုတာ ကိုယ့် ဘဝ ကိုယ့်အခြေအနေကို အမှန်အတိုင်း သိမြင်ဖို့လိုတယ်၊ ပြည့်စုံချမ်း သာတဲ့ဘဝကြီးကိုလည်း ပိုင်ဆိုင်ဖူးကြတယ်၊ အဲဒီဘဝတုန်းကလည်း မာမီတို့အားလုံး စိတ်တိုင်းကျ သုံးခဲ့ဖြုန်းခဲ့ကြဖူးတယ်၊ ဒါပေမဲ့ အခုအချိန် မှာ အဲဒီဘဝတုန်းကလို နေချင်သုံးချင်လို့ မရတော့ဘူး၊ ဒါကို သားကြီး လည်း နားလည်သဘောပေါက်ဖို့လိုတယ်''

မာမို့စကားကြောင့် ကြိမ်ဆက်တီကုလားထိုင်မှာ နှုတ်ဆိတ်စွာ ထိုင်နေသော ကောင်းဝေယံ မျက်နှာကြီး အလိုမကျစွာ ရှုံ့မဲ့သွားခဲ့ရင်း

''မာမီကလည်း မာမို့သမီးက မရှိတော့ဘူး၊ သားဆီ မြားဦး လှည့်လာပြန်ပြီ''

''မာမီက သားသမီးတစ်ယောက်တည်းကို ပြောနေတာ မဟုတ်





ဘူး၊ သားကိုလည်း ဆင်ခြင်စေချင်လို့ ဆုံးမနေတာ''

''ဟာ ကျွန်တော်က ဘာလုပ်နေလို့လဲ''

''သား မာမီရဲ့သားသမီးသုံးယောက်ထဲမှာ သားက အကြီးဆုံး သားဆိုတော့ မိသားစုတာဝန်က သားအပေါ်မှာရှိတယ်၊ သားက ဦးဆောင် သင့်တာ''

ထုံးစံအတိုင်း ဒေါ်ခင်ထားချို့ဆုံးမစကားဆိုသည်နှင့် ကောင်း ဝေယံမျက်နှာကြီး ညိုညစ်ကာ ရှောင်ပြေးဖို့ ကြိုးစားတော့၏။

''တော်ပြီဗျာ တစ်ခါလာလည်း မာမို့စကားတွေက ကျွန်တော့် ကိုပဲ အပြစ်တင်နေတာ၊ ဒီမိသားစုလေးယောက်စလုံးက အရွယ်ရောက် နေကြပါပြီ၊ ကျွန်တော်တစ်ယောက်တည်း ဦးဆောင်တာဝန်ယူရအောင် ကျွန်တော့်မှာ ဘာစီးပွားရေးလုပ်ငန်းမှ မရှိဘူး၊ ဒယ်ဒီကလည်း ဘာ အမွေဥစ္စာမှ မထားခဲ့ဘူး၊ ကျွန်တော်က အားလုံးကို တာဝန်ယူကျွေးရမှာ မဖြစ်နိုင်တာပဲ''

''မင်းကိုပဲ မာမီ ဝန်ပိုးတွေ တင်ပေးနေတာမဟုတ်ဘူး ကောင်း ဝေယံ၊ မာမီဆိုလိုတာက မာမို့သားသမီးသုံးယောက်စလုံး တက်ညီလက် ညီလုပ်ဖို့ ပြောနေတာ၊ မင်းနဲ့အေသင်တို့သာ သမီးလေးလို အလုပ်မျိုး လုပ်ရင် မာမီတို့မိသားစုဘဝ အဆင်မပြေစရာမရှိဘူး''

''အခု ကျွန်တော်လည်း အလုပ်လုပ်နေတာပဲ မာမီ''

''ကောင်းဝေယံရယ် မင်းလုပ်တဲ့အလုပ်က တိကျသေချာတဲ့ ဝင်ငွေပြနိုင်သလား၊ မာမို့ကို တစ်လဘယ်လောက်ရယ်လို့ အိမ်စရိတ် ခင်းသတ်သတ်မှတ်မှတ် ပေးနိုင်သလား''

www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ မာမီရာ၊ မာမီက သားကိုပဲ အပြစ်မြင်နေတာပဲ"

ကောင်းဝေယံ စားပွဲပေါ်က ကားသော့ကို ကောက်ယူကာ အိမ်ပေါ်ကဆင်းသွားတော့ မာမီနှင့်အလင်္ကာပဲ ဧည့်ခန်းထဲမှာ ကျန်ရစ်ခဲ့သည်။

"အင်း ဒီသားနဲ့သမီးကြောင့် မာမီ တော်တော်စိတ်ဆင်းရဲရတယ် သမီးရယ်"

မာမီ စိတ်ညစ်ညူးစွာ ရေရွတ်တော့ အလင်္ကာလည်း စိတ်မကောင်းနိုင်ပါ။ မာမီရဲ့စိတ်ဒုက္ခတွေကို မြင်တွေ့နေရတော့ မာမီ့ကို သနားမိတာအမှန်။

"တကယ်ဆို သားကြီးနဲ့သမီးအေးသင်ကမှ ပြည့်စုံချမ်းသာတဲ့ ဘဝကို ခံစားခဲ့ရသေးတယ်၊ မာမီ့သမီးလေးကတော့ မခံစားခဲ့ရပါဘူးကွယ်၊ သမီးလေးအရွယ်ရောက်တော့ မာမီတို့စီးပွားတွေက ချွတ်ခြုံကျနေပြီလေ၊ အဲဒီလို မာမီတို့ အကျိုးစီးပွားကို မခံစားခဲ့ရတဲ့ သမီးလေးကမှ အခုချိန်မှာ မာမီတို့ကို လုပ်ကိုင်ကျွေးမွေးသေးတယ်၊ သားကြီးနဲ့သမီးအေးသင်တို့ထက် မာမီ့သမီးလေးက အားကိုးရပါတယ်ကွယ်"

"မာမီရယ် အဲဒါတွေ မပြောပါနဲ့တော့၊ တော်ကြာ မမအေးသင်ကြားသွားလို့ စိတ်ဆိုးနေပါဦးမယ်"

အခန်းထဲက မမအေးသင် ကြားကာ မာမီနှင့်စကားများပြဿနာမဖြစ်စေချင်တာမို့ အလင်္ကာ တားမိသည်။ ဒီအစ်ကိုနှင့်ဒီအစ်မကြောင့် မာမီ စိတ်ဆင်းရဲနေတာတွေလည်း အလင်္ကာ မမြင်တွေ့ချင်ပါ။

မာမီ့ကို သနားစိတ်ကြောင့်လည်း အလင်္ကာ ဘွဲ့ရသည်နှင့်





အထည်ချုပ်စက်ရုံမှာ အလုပ်ဝင်ကာ အိမ်စားဝတ်နေရေးကိစ္စအတွက် ဖြေရှင်းပေးခဲ့တာဖြစ်သည်။

အခုတော့ ကိုကိုက အချိုရည်စက်ရုံမှာ အလုပ်လုပ်ဖို့ အလင်္ကာကိုခေါ်တာမို့ အလင်္ကာ ဝမ်းသာမိသည်။

အလင်္ကာအတွက် အဆင်ပြေသလို မိသားစုအတွက်ပါ အလင်္ကာ တတ်စွမ်းသလောက် ထောက်ပံ့ပေးချင်သည်။ ဒါပေမဲ့ ကိုကြီးနှင့်မမအေးသင်ပြောသလို ကိုကို အလကားပေးသည့်ငွေကြေးတွေကိုတော့ အလင်္ကာ မလိုချင်ပါ။

ဒါကို ကိုကြီးနှင့်မမအေးသင်တို့က လက်မခံကြဘဲ အလင်္ကာကို အပြစ်ဖွဲ့ကြသည်။

မာမီကတော့ ကိုကို အလင်္ကာအတွက် ကူညီပေးတာကိုပင် အားနုပ်ဝမ်းသာလို့နေ၏။ ကိုကိုနှင့်ပြန်ဆုံစည်းရခြင်းအတွက် အလင်္ကာ ဝမ်းသာမိသည်။ ဒါပေမဲ့ ကိုကို့ရဲ့ ချမ်းသာပြည့်စုံခြင်းတွေအပေါ်မှာတော့ အလင်္ကာ မျှော်လင့်မက်မောတာမျိုး မရှိပါ။

အလင်္ကာချိုဆိုတာ ဟိုးငယ်စဉ်ကတည်းက ကိုကို့အပေါ်မှာ မျှော်လင့်ချက်ခြင်းမှာခင်မင်သံယောဇဉ်ကြီးခဲ့တာပါ ကိုကိုရယ်။

■ ■ ■



www.burmeseclassic.com

## အခန်း (၁၉)

အလင်္ကာ အလုပ်စဆင်းသည့်နေ့က ကိုကိုနှင့်မတွေ့ရပါ။ ကိုကို့ရဲ့လူယုံတော် မန်နေဂျာကိုဇော်နိုင်နှင့်သာ ဆုံတွေ့ခဲ့ရ၏။

"အလင်္ကာချိုအတွက် ဆရာက သူ့ရုံးခန်းမှာ အလုပ်ပေးထား ပါတယ်၊ အလင်္ကာချို လုပ်ဆောင်ရမယ့်လုပ်ငန်းပိုင်းကို တာဝန်ခံမန်နေဂျာ က ညွှန်ကြားပါလိမ့်မယ်"

"ဟုတ် ဟုတ်ကဲ့ ဟို ကိုကို အဲ ကိုနိုင်ငံရဲရင့်ကောဟင် ဒီနေ့ စက်ရုံ မလာဘူးလား"

"ဆရာ ဒီတစ်ပတ်အတွင်း စက်ရုံကို လာနိုင်မှာမဟုတ် အလင်္ကာချို အဲဒီအတွက် အလင်္ကာချို ဘာမှမပူပါနဲ့၊ အားလုံးကို တာ ခံ မန်နေဂျာက တာဝန်ယူစီမံပေးလိမ့်မယ်"

အလုပ်စဆင်းသည့်နေ့မှာ ကိုကိုနှင့်မဆုံရတော့ အလင်္ကာ





ငယ်သလိုလိုတော့ ဖြစ်မိသည်။ တကယ်ဆို အလင်္ကာကို အလုပ်ဆင်းဖို့အတွက် ကိုကို ကိုယ်တိုင်ပြောခဲ့တာ ဖြစ်သည်။

အခုတော့ ကိုကိုရဲ့လူယုံတော် ကိုဇော်နိုင်နှင့်သာ ဆုံနေရသည်။

"အလင်္ကာချို တာဝန်ခံမန်နေဂျာနဲ့ သွားတွေ့လိုက်ပါ"

"ဟုတ်ကဲ့ရှင့်"

ကိုဇော်နိုင် ညွှန်ပြသော အခန်းထဲသို့ အလင်္ကာ ဝင်ခဲ့လိုက်သည်။ တာဝန်ခံမန်နေဂျာဟု ကျွန်းဆိုင်းဘုတ်လေးထောင်ထားသော စားပွဲအနောက်မှာ ပါဝါမျက်မှန်ကြီးနှင့် အန်ကယ်ကြီးတစ်ယောက် ထိုင်နေ၏။

"ခွင့်ပြုပါ အန်ကယ်၊ သမီး အလင်္ကာချိုပါရှင်"

"ဪ အလင်္ကာချိုလား။ လာ သမီး ထိုင်ပါ၊ ဘော့စ်က အန်ကယ့်ကို သမီးအကြောင်း ကြိုဖုန်းဆက်ထားပါတယ်"

အန်ကယ်ကြီးက စားပွဲရှေ့က ထိုင်ခုံကို ညွှန်ပြကာ အလင်္ကာကို ထိုင်ခွင့်ပေးသည်မို့ အလင်္ကာ ဝင်ထိုင်လိုက်ရ၏။

"သမီး အန်ကယ်တို့စက်ရုံမှာ ဒုတာဝန်ခံမန်နေဂျာ ရာထူးနဲ့ အလုပ်ဝင်ရမှာကွဲ့"

"ရှင်"

အလင်္ကာ မယုံနိုင်စွာ ရေရွတ်မိ၏။ အလင်္ကာ့ကို ကိုကို ဒီလောက်မြင့်မားသည့် ရာထူးပေး အလုပ်ဝင်ခိုင်းမည် မထင်တာကြောင့် ဖြစ်၏။ မန်နေဂျာအန်ကယ်ကြီးက အလင်္ကာကို ပြုံးပြုံးကြီးကြည့်နေရင်း

"ဘော့စ်က သမီးအတွက် သတ်မှတ်ပေးတာပါကွယ်၊ သမီး သည်တတ်ကျွမ်းအောင် အားလုံးကူညီပေးဖို့လည်း အန်ကယ့်ကို

www.burmeseclassic.com



ဘော့စ်က မှာထားပါတယ်၊ ကဲ သမီးအတွက် ဟောဟိုမှာ အလုပ်စားပွဲ စီစဉ်ထားတယ်''

''ဟုတ် ဟုတ်ကဲ့ အန်ကယ်''

အခန်းထောင့်မှာ ပြင်ဆင်ထားသော ကျွန်းစားပွဲလေးဆီသို့ အလင်္ကာ လှမ်းခဲ့လိုက်သည်။ ကျောမှီဆုံကုလားထိုင်လေးနှင့် စားပွဲပေါ်မှာ ကွန်ပျူတာတစ်လုံးနှင့် ဖိုင်တွဲတွေက အစီစီအရီရီရှိနေသလို ဖုန်းတစ်လုံးပါရှိနေ၏။

အလင်္ကာ မဝံ့မရဲလေးနှင့် မတ်တပ်လေးရပ်နေတာကို မန်နေဂျာဖြစ်သူ အန်ကယ်ကြီး သတိပြုမိသွားတော့

''သမီး အလုပ်စားပွဲမှာ ထိုင်လေ၊ အန်ကယ်တို့တာဝန်ယူရမယ့်အပိုင်းနဲ့ လုပ်ငန်းသဘောတရားတွေကို အန်ကယ် သင်ကြားပြပေးလိုက်ရင် သမီး နားလည်သွားမှာပါ''

အလင်္ကာ ခေါင်းလေးညိတ်ကာ ဆုံလည်ထိုင်ခုံလေးမှာ ဝင်ထိုင်လိုက်ရပါသည်။

အခုချိန်ထိ အလင်္ကာ ကိုယ့်အဖြစ်ကို အံ့သြမယုံကြည်နိုင်အောင် ဖြစ်နေတုန်းရှိသည်။

လုပ်ငန်းအရောင်းတာဝန်ခံ မန်နေဂျာအန်ကယ်ကြီး၏ ခုတင်... မန်နေဂျာဆိုသော ရာထူးက အလင်္ကာအတွက် မြင့်မားလွန်းနေသည်ဟု ထင်မိ၏။

တကယ်ဆို အလင်္ကာ ဘာမှကျွမ်းကျင်တတ်မြောက်သေးသည် မဟုတ်တော့လည်း မနိုင်နင်းမှာ စိုးရိမ်မိသည်။





တွေတွေလေး ထိုင်နေတုန်းမှာပဲ အလုပ်စားပွဲပေါ်က ဖုန်းက မြည်လာတာမို့ အလင်္ကာ ဆတ်ခနဲ ဖြစ်သွားရ၏။ ပြီးမှ ဖုန်းကိုကောက်ယူနားထောင်လိုက်ရ၏။

''ဟဲလို အမိန့်ရှိပါရှင်''

''အလင်္ကာလား ကိုကိုပါ''

ကြားလိုက်ရတာက ကိုကို့အသံဖြစ်နေတာကြောင့် အလင်္ကာ ဝမ်းသာအားတက်သွားခဲ့ရင်း

''ဟုတ် ဟုတ်ကဲ့ ကိုကို''

''အခု အလင်္ကာ အလုပ်စားပွဲမှာ ရောက်နေပြီလား''

''ဟုတ်ကဲ့ ကိုကို''

''အိုကေ ကိုကိုသိချင်လို့ ဖုန်းဆက်လိုက်တာ၊ အလင်္ကာ အဆင်ပြေမှာပါ''

ကိုကိုက ပေါ့ပါးလွယ်ကူစွာ ဆိုနေပေမယ့် အလင်္ကာ ကိုယ့်ကိုကိုယ် မယုံမရဲမို့

''ကိုကို ဟိုလေ အလင်္ကာလေ ကိုကို စီစဉ်ပေးတဲ့တာဝန်ကြီးကို မနိုင်နင်းမှာကြောက်တယ်၊ အလင်္ကာအတွက် အရမ်းမြင့်မားနေသလားလို့''

''ဘာလို့ မနိုင်နင်းရမှာလဲ အလင်္ကာ၊ မင်းတာဝန်ကို မင်းယူနိုင်မှာပါ၊ ဦးလှိုင်မင်းကလည်း အလင်္ကာကို တတ်ကျွမ်းအောင် သင်ကြားပေးပါလိမ့်မယ်၊ အလင်္ကာ တတ်မြောက်ထားတဲ့ပညာနဲ့ ထိုက်သင့်တဲ့နေရာ ကိုယ် စီစဉ်ပေးတာ၊ အဆင်ပြေသွားမှာပါ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ဟုတ်ကဲ့ ကိုကို"

ကိုကိုကိုယ်တိုင်က အလင်္ကာကို ယုံကြည်အားပေးနေတော့လည်း အလင်္ကာ ရဲရင့်စိတ်လေးမွေး ခေါင်းညိတ်လိုက်ရ၏။

"ဟုတ်ပြီ ကိုကို့ကို ဘာပြောစရာရှိသေးလဲ အလင်္ကာ"

"ဟို ကိုကို စက်ရုံကို ဘယ်တော့ရောက်လာမှာလဲဟင်"

အလင်္ကာ သိချင်တာကိုပဲ မေးလိုက်မိ၏။ ကိုကို့ကို အလင်္ကာ မြင်တွေ့ချင်တာကြောင့်ပါပဲ။

"ဒီတစ်ပတ်လောက် ကိုယ် မအားဘူး အလင်္ကာ၊ ကိုယ် နောက်တစ်ပတ်လောက်တော့ ရောက်မှာပါ"

အလင်္ကာ နားလည်ပါသည်။ နိုင်ငံရဲရင့်ဆိုသော ကိုကို့မှာ အခြားသော စီးပွားရေးလုပ်ငန်းများစွာ ရှိနေနိုင်သည်။ ကိုကို့မှာက အချိန်ပိုဆိုတာ ရှားပါးရှာမည်။

"ကဲ ဒါပဲ အလင်္ကာ၊ အလင်္ကာ အဆင်မပြေတာရှိရင် ဖေနိုင်ကိုပြောပါ၊ သူ အားလုံးကူညီပေးလိမ့်မယ်"

ပြောပြီး ကိုကို ဖုန်းလေးပိတ်သွားတော့ အလင်္ကာလည်း ဖုန်းခွက်ကို ပြန်ချလိုက်ရသည်။

ကိုကို့စက်ရုံမှာ အလုပ်စဆင်းသည့်နေ့မှာပဲ အလင်္ကာ ရင်ခုန်စိတ်တွေလှုပ်ရှားရအောင် ကိုကိုရဲ့အသိအမှတ်ပြုမှုကို ခံရ၏။

မာမီသိလျှင်တော့ အလင်္ကာအတွက် ဝမ်းသာကာ ကိုကို့ကိုလည်း ကျေးဇူးတွေ တင်နေမှာသေချာသည်။

■ ■ ■





စက်ရုံက ကြိုပို့စီစဉ်ပေးသည့် တောင်းအေ့စ်ချောကလက်ရောင်ကားလေး ခြံရှေ့ကို ထိုးရပ်ချိန်မှာ အိမ်ဘေး ရေတံကင်မှာ ရေချိုးနေသော မမအေးသင် အကြည့်တွေ စူးစမ်းသလိုရောက်လာ၏။

အလင်္ကာ လက်ဆွဲအိတ်လေးဆွဲကာ ဆင်းလာသည်အထိ မမအေးသင် အံ့ဩမျက်ဝန်းတွေနှင့် စိုက်ကြည့်နေသည်။

အထည်ချုပ်စက်ရုံမှာတုန်းက ကြိုပို့ကားဆိုသည်က ဘီအမ်မ်ကားကြီးပေါ်မှာ အလင်္ကာတို့ဝန်ထမ်းတွေ ပြည့်ပြည့်ကြပ်ကြပ် စီးနင်းလိုက်ကြရတာဖြစ်သည်။

ပြီးတော့ အခုလို အိမ်ရှေ့အရောက်ပို့ပေးတာမျိုး မဟုတ်တော့ မမအေးသင်အတွက် ထူးဆန်းအံ့ဩစရာဖြစ်နေပုံရ၏။

မာမီကလည်း အိမ်တံခါးဝက အလင်္ကာကို ရပ်ကြည့်ရင်း ကျေနပ်ဝမ်းသာသောအပြုံးတွေနှင့်

"သမီးလေး ပြန်လာပြီလား"

"ဟုတ်ကဲ့ မာမီ"

မာမီက အလင်္ကာ ပခုံးလေးကိုဖက်ကာ ညှော်ခန်းထဲအထိခေါ်လာသည်။ ဆက်တီကြိမ်ထိုင်ခုံလေးတွေမှာ ဝင်ထိုင်မိသည်နှင့် မာမီက မေးတော့၏။

"သမီးလေး ဒီနေ့ စဆင်းတာဆိုတော့ အဆင်ပြေရဲ့လား၊ မာမီက သမီးလေးအလုပ်မှာ အဆင်ပြေပါစေလို့ ဆုတောင်းပေးနေတာ"

"အဆင်ပြေပါတယ် မာမီ"

"အင်း အိမ်ရှေ့အထိ ပြန်လိုက်ပို့ပေးတဲ့ ကြိုပို့ကားနဲ့ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



မာမီ ပိုဝမ်းသာသွားတယ်၊ အလုပ်ဆင်းချိန်ကလည်းစောတော့ မာမီ စိတ်မပူရတော့ဘူးပေါ့၊ ဒါနဲ့ သမီးက မောင်ရဲရင့်အလုပ်မှာ ဘာလုပ်ရတာလဲဟင်''

''ကိုကိုက အလက်ာကို ဒုတိယဝန်ခံမန်နေဂျာအဖြစ် ခန့်ထားတာပါ မာမီ''

''ဟယ် နင်က မန်နေဂျာ ဟုတ်လား အလက်ာ''

အိမ်ပေါ်ကို တက်လာသော မမအေးသင် မယုံသလိုမေးလာ၏။

''ဒုမန်နေဂျာပါ မမအေးသင်၊ အလက်ာ အထက်က မန်နေဂျာကြီးကလည်း သဘောကောင်းပါတယ်၊ အလက်ာ နားမလည်တာတွေ သင်ပေးပါတယ်''

''ဟာ့း နင် ကံကောင်းတာပေါ့၊ လခလည်းကောင်းမှာပေါ့၊ အိမ်ရှေ့အထိ လာကြိုတဲ့ သီးသန့်ဖယ်ရီနဲ့ဆိုတော့ နင့်အလုပ်ကို ငါတောင် စိတ်ဝင်စားလာပြီ''

အေးသင်ချို လုံချည်ရင်လျားနှင့် အလက်ာရှေ့ထိုင်ခုံမှာ ဝင်ထိုင်ကာ ပြောသည်။ စက်ရုံဝန်ထမ်းအလုပ်ကို စိတ်မဝင်စားဘူး ကြွေးကြော်ထားသော အေးသင်ချို အခုတော့ စိတ်ဝင်စားလာသည်တဲ့။

''အလက်ာ ဒါ ကိုရဲရင့်က နင့်ကိုတမင်ကူညီတဲ့သဘောနဲ့ စီစဉ်ပေးတာထင်တယ်၊ ဒါဆို ငါလည်း အလုပ်တစ်နေရာလောက် တောင်းဦးမယ်ဟာ၊ ငါလည်း ဘွဲ့ရပြီးသားပဲ''

အခွင့်အရေးဆိုလျှင် လိုချင်တတ်သော မမအေးသင်အကြောင်းကို အလက်ာ အသိဆုံးဖြစ်သည်။ တကယ်ဆိုလျှင် နေ့စဉ်ပုံမှန်သွား





ဆင်းရသောအလုပ်ကို မမအေးသင် စိတ်ဝင်စားတာမဟုတ်ပါ။

''အေးသင် သမီးက ဝန်ထမ်းအလုပ်ကို လုံးဝစိတ်မဝင်စားဘူးဆို ဖြစ်ပါ့မလား''

မာမီ ဝင်ပြောတော့ အေးသင်ချို ခေါင်းခါရင်း

''မာမီကလည်း အဲဒီလို အဆင့်အတန်းရှိရှိ နေရာမျိုးမှာလုပ်ရရင် မဆိုးပါဘူး၊ ပြီးတော့ စက်ရုံပိုင်ရှင်သူဌေးက ကိုရဲရင့်ဆိုတော့ အေးဆေး အငြိမ်းပဲပေါ့''

မမအေးသင်ရှေ့မှာ ပြောမိတာကိုတောင် အလက်ာ နောင်တရချင်မိသည်။ ကိုကိုနှင့် အားမနာပါးမနာ သွားတွေ့တောင်းဆိုနေလျှင်အခက်။

''ညီမလေး အလက်ာ ကိုရဲရင့်က စက်ရုံမှာ အမြဲရှိလား''

''ဟင့်အင်း ကိုကိုက စက်ရုံကိုမလာပါဘူး၊ ကိုကို့မှာက တခြားအလုပ်တွေအများကြီးရှိနေပုံပဲ''

''ဟုတ်လား ကောင်းတာပေါ့၊ ငါနဲ့အဆင်ပြေတဲ့တစ်နေရာလောက်တောင်းရမယ်၊ အဲ ကိုရဲရင့် ဖုန်းနံပါတ်ကော နင်သိလား''

''ဟင့်အင်း အလက်ာ မသိဘူး မမအေးသင်''

''ဟင် နင်ကလည်း ညံ့လိုက်တာ၊ ဖုန်းနံပါတ်လေးဘာလေး တောင်းမထားဘူး''

''အလက်ာက ဒီနေ့မှ အလုပ်ဆင်းတာလေ၊ ပြီးတော့ ကိုကိုက အလုပ်တွေ အများကြီးရှုပ်နေတဲ့ စက်ရုံပိုင်ရှင်သူဌေး၊ အလက်ာတို့က အလုပ်သမားဆိုတော့ တွေ့ဖို့မလွယ်ဘူးလေ''



www.burmeseclassic.com

www.burmeseclassic.com



အလက်ာ ဖြေရှင်းချက်ပေးတော့ မမအေးသင် ဘာမှမပြောသာဘဲ နှုတ်ဆိတ်သွား၏။

"ကဲ မာမီ အလက်ာ ရေမိုးချိုးလိုက်ဦးမယ်နော်"

"အေး အေး သမီးလေး ပြီးရင် ထမင်းစားကြရအောင်။ မာမီ ပြင်ဆင်ထားလိုက်မယ် ဟုတ်လား"

မမအေးသင်ရှေ့က အလက်ာ တမင်ရှောင်ထွက်ခဲ့လိုက်သည်။ တော်ကြာ ကိုကို့ဆီမှာ ဖွတ်အခွင့်အရေးတွေ တောင်းခိုင်းနေလျှင် အခက်။

ကိုကို့ဆီက ဘာအခွင့်အရေးမှ အလက်ာ မလိုချင်ပါ။ အခုတောင် ကိုကိုပေးသည့် အခွင့်အရေးတွေ အလက်ာအပေါ် များနေပြီ။

မာမီတို့ ပြုခဲ့မှားခဲ့သည့်အမှားတွေအတွက် ကိုကို့မျက်နှာကို မြင်တိုင်း အလိုလို အားနာနေမိသည်။ ကိုကြီးနှင့် မမအေးသင်တို့ကတော့ ရသမျှ အခွင့်အရေးကိုပဲ ချောင်းမြောင်းနေကြတာ ခက်သည်။

ကြားက အားနာမျက်နှာပူနေရသည့် အလက်ာမှာတော့...။

■ ■ ■

## အခန်း (၂၀)

ကားတံခါးဖွင့် ဆင်းလာသော သူ့ကိုမြင်လိုက်သည်နှင့် ကောင်းဝေယံ ထိုင်နေသည့် လက်ဖက်ရည်ဆိုင်လေးထဲက သုတ်ခနဲ ထထွက်လာ၏။

အပြုံးတို့ဖန်ဆင်းထားသော မျက်နှာပေါ်က မျက်ဝန်းတွေထဲမှာတော့ ကောက်ကျစ်စိတ်တွေပဲ အုံဖွဲ့နေမှာ သူ သိနေ၏။

"ရဲရင့် ဘယ်လာတာလဲ"

တရင်းတနှီး မေးပုံက ရင်းနှီးမှုတွေ ခိုင်ကျည်နေသော မိတ်ဆောင်းဆွေဟောင်းတို့ ဆုံတွေ့ဆက်ဆံပုံမျိုးဖြစ်သည်။ သူ နေကာမျက်မှန်ကို ချွတ်ကာ ကောင်းဝေယံ မျက်နှာကို တည်တည်ကြည်ကြည်ပဲ စိုက်ကြည့်ပစ်လိုက်သည်။

"ငါ့နာမည်ကို အပြည့်အစုံပဲ ခေါ်ပါ ကောင်းဝေယံ"

ကောင်းဝေယံ မျက်နှာပေါ်က အပြုံးတွေ ပျောက်ကွယ်သွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့၏။ ဒါပေမဲ့ အရှက်မဲ့သော မျက်နှာက ချက်ချင်းပဲ ဟန်ဆောင်အပြုံးတွေ ပြန်ရောက်လာခဲ့က

"အင်း ဆောရီးကွာ ငါက ရင်းနှီးခင်မင်မှုနဲ့ခေါ်တာပါ၊ ဒါပေမဲ့ မင်းမကြိုက်ရင် မခေါ်တော့ပါဘူး နိုင်ငံရဲရင့် ဒါနဲ့ အခုဘယ်လာတာလဲ"

"မင်းကိုခိုင်းစရာတစ်ခုရှိလို့ လာတာ"

"ခိုင်းစရာ ဟုတ်လား၊ ဘာကိစ္စလဲ နိုင်ငံရဲရင့်"

"ငါ ကားတစ်စီးလောက် လိုချင်လို့"

ကောင်းဝေယံ မျက်နှာတွေ အရောင်တဖျပ်ဖျပ် လက်သွားတာ သူ သတိထားမိသည်။ ချက်ချင်းပဲ ပျာပျာသလဲ အမူအရာနှင့်

"ဘယ်လိုကားမျိုးလဲ နိုင်ငံရဲရင့်၊ ရတယ် အားလုံးစိတ်တိုင်းကျ ဖြစ်စေရမယ်၊ ဟို ဆိုင်မှာထိုင်ရင်း စကားပြောကြရအောင်လေ"

ကောင်းဝေယံက သူထိုင်နေသည့် ဆိုင်ထဲမှာထိုင်ဖို့ ဖိတ်ခေါ်နေတော့ သူ ဆိုင်ထဲကို မျက်လုံးဝေ့ကြည့်ရင်း

"မင်းအချိန်ရရင် တစ်ဆိုင်ဆိုင် သွားရအောင်"

"ဟာ ရတယ် ရတယ် ရပါတယ် ခဏလေး"

ကောင်းဝေယံ ပြောပြီးဆိုင်ထဲက သူ့မိတ်ဆွေတွေဆီ ကသုတ်ကရိုက် ထွက်သွားသည်။ ပြီးတော့ လက်ဖက်ရည်ဖိုး ထုတ်ပေးကာ သူ့ဆီ ခပ်သုတ်သုတ်ပြန်ရောက်လာ၏။

"သွားကြမယ်လေ၊ ရှေ့ကသွားပါ နိုင်ငံရဲရင့်၊ ငါ့ကားနဲ့ နောက်ကလိုက်ခဲ့ပါ့မယ်"

ကောင်းဝေယံ စကားအဆုံးမှာ သူ ကားကိုမောင်းထွက်ခဲ့လိုက်





သည်။ ကောင်းဝေယံ၏ရှုပါဆလွန်းကားလေးက သူ့ရဲ့ Cygnus ကားကြီးနောက်က ကပ်မောင်းနှင်ပါလာသည်။

အခုလောက်ဆို ကောင်းဝေယံ ရင်ထဲမှာ ဝမ်းသာစိတ်တွေနှင့် ဘုရားဘုရားလုပ်နေလောက်ပြီ၊ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည့် အခွင့်အရေးကြီးတစ်ခုအတွက် စိတ်ကူးအပျော်တွေ ဝေနေမှာမလွဲ။

ငါးစာကိုသာမြင်ပြီး ချိတ်ကိုမမြင်ရှာသည့် ကောင်းဝေယံကို တော့ မကြာခင်မှာ သူ ကောင်းကောင်းကြီး ပညာပေးနိုင်မှာ သေချာနေသည်။

ဟိုတယ်တစ်ခု၏ ကားစတင်းမှာ ကားကိုသူ ထိုးရပ်တော့ ကောင်းဝေယံကားလေးက နံဘေးမှာ အလိုက်သင့်ထိုးရပ်လာ၏။

စားသောက်ခန်းဘက် သူ လျှောက်ခဲ့တော့လည်း ကောင်းဝေယံ ကျက်ဆိတ်စွာ အနားက ကပ်ပါလာသည်။

"မင်းလိုအပ်တာမှာ ကောင်းဝေယံ ညီလေး ကိုယ့်အတွက် ဘုတ်နှစ်ဘူးပေးပါ"

ဝိတ်တာလေးကိုပြောပြီး သူ စားချင်သော ဟင်းလျာတွေကို မီနူးကဒ်ထဲ တစ်ချက်ကြည့်မှာယူလိုက်သည်။ ကောင်းဝေယံကလည်း ဘီယာတွေမှာ၏။

"မင်းကို ဒီလိုအခြေအနေမျိုးနဲ့ ပြန်ဆုံရတာ အရမ်းဝမ်းသာတယ် နိုင်ငံရဲရင့်၊ ပြီးတော့ ညီမလေး အလက်ာကို မင်း ကူညီပေးတာ ကျေးဇူးပဲ"

အလက်ာချိကို သူ အလုပ်ပေးထားသည့်အတွက် ကျေးဇူးည္ထန်း



www.burmeseclassic.com

www.burmeseclassic.com



ကာ ကောင်းဝေယံ ပြောတာ သဘောပေါက်သည်။

"အလင်္ကာအတွက် ကိစ္စက ထားလိုက်ပါ၊ အခု မင်းနဲ့သက်ဆိုင်တဲ့ကိစ္စပဲ ငါပြောမယ်၊ ငါ ကားတစ်စီး လိုချင်တယ်"

"စိတ်ကြိုက် မော်ဒယ် စိတ်ကြိုက်အမျိုးအစား ရစေရမယ် နိုင်ငံရဲရင့်၊ ငါ အဆင်ပြေအောင် ကူညီပေးမှာပါ"

"ကောင်းပြီလေ မင်းအတွက်လည်း အဆင်ပြေအောင်လုပ်ပါ ငွေကြေးက အကြောင်းမဟုတ်ဘူး၊ ငါလိုချင်တဲ့အတိုင်း ရဖို့ပဲလိုတယ်"

ကောင်းဝေယံ မျက်နှာကြီး ကျေနပ်စွာ ပြုံးရွှင်ဝင်းလက်သွားရင်း ပုတ်သင်ညိုတစ်ကောင်လို ခေါင်းညိတ်၏။

"စိတ်ချ စိတ်ချ ငါ ဂရုစိုက် စီစဉ်ပေးပါ့မယ် နိုင်ငံရဲရင့် အခချိန်မှာ မင်းက ငါတို့မိသားစုရဲ့ကျေးဇူးရှင်ပါကွာ"

ကောင်းဝေယံ ချက်ချင်းကြီး အောက်ကာဝင်တိုးနေပါလား သူ ကြိတ်ပြုံးမိသည်။

ချိုဂေဟာကြီးမှာတုန်းက သူ့ကို အနိုင်ယူခဲ့သော အတိတ်ဒီကောင် အလွယ်တကူ မေ့ပစ်လိုက်ပြီလား။ တမင်ပဲ မေ့ချင်ယောင်ဆောင်နေခဲ့ခြင်းလား။

ပြုသူက မေ့ပစ်နိုင်ပေမယ့် ခံရသူအတွက်ကတော့ ရင်ထဲဒဏ်ရာတွေက လက်ဆတ်နေဆဲ။

မင်းအလှည့်ကျရင်လည်း လက်ခံယူနိုင်ဖို့ ပြင်ဆင်ထားကောင်းဝေယံ . . . ။

■ ■ ■



## အခန်း (၂၁)

ကိုယ့်အလှည့်မရောက်သေးတာမို့ စင်ဘေးဘက်ခုံတန်းလေးမှာထိုင်ပြီး အေးသင် စောင့်နေရပေမယ့် စိတ်က အလိုမကျဖြစ်နေတာအမှန်။

စတိတ်စင်ပေါ်မှာ သီဆိုဖျော်ဖြေနေသည့် ရွှေဝတ်လွှာ ကိုငေးကြည့်ရင်း စိတ်ထဲမှာ အတော့်ကို ခံရခက်နေသည်။

လှတာရော နုပျိုတာရော ရွှေဝတ်လွှာက ဒီဆိုင်မှာ ရှိသည့်အကာလေးတွေအတွက် အပုံကြီးသာသည်။ အသံက သိပ်မကောင်းလှသယ့် ရွှေဝတ်လွှာက သီဆိုရမည့်သီချင်းကို ရွေးချယ်တတ်သည်။

စားသုံးနားထောင်နေသူတွေ ဘဝင်ခိုက်အောင် အလှပ၊ အကာလေးတွေနှင့်ဖျော်ဖြေတတ်တော့ ဆိုင်ရောက်ပြီး မကြာခင်မှာပဲ စတားဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ဆိုင်ပိုင်ရှင်သူဌေးက ဦးစားပေးသည်။ စားသုံးသူတွေ ချိုးမြှင့်သည့် ဆုပန်းကုံးတွေအများကြီး ပိုင်ဆိုင်သည်။

ရွှေဝတ်လွှာ ရောက်မလာခင်ကဆိုလျှင် ဆိုင်ရှင်က သမ္မာန် သော အဆောင်တို့ကို ဂရုစိုက် ဦးစားပေးပေမယ့် အခုတော့ ရွှေဝတ်လွှာ မှ ရွှေဝတ်လွှာ ဖြစ်နေ၏။

အခုလည်း ရွှေဝတ်လွှာ အလှည့်ပြီးမှ အသင်ကို သီဆိုဖျော် ဖြေခိုင်းတာ ခံရခက်သည်။

"ကျေးဇူးအနန္တပါရှင်၊ လွှာကို ဆုပန်းကုံးချီးမြှင့်ပေးတဲ့ ဂုဏ် သရေရှိလူကြီးမင်းများကို ကျေးဇူးအထူးတင်ပါတယ်၊ လွှာ နောက်ဆုံး သီချင်းတစ်ပုဒ် သီဆိုခွင့်ပြုပါ"

နားထဲတိုးဝင်လာသော ရွှေဝတ်လွှာအသံနှင့်အတူ ဝေါ ဆူညံသွားသော လက်ခုပ်သံတွေကြောင့် အသင်မျက်ဝန်းတွေ စင်ပေါ် ကို လှမ်းကြည့်မိသည်။

ရွှေဝတ်လွှာ လည်တိုင်မှာ ဆုပန်းကုံးတွေအပြည့်။ ချီးမြှင့် ထားရ၏။ ရှေ့ကရသမျှ ဆုပန်းကုံးတွေ ရွှေဝတ်လွှာ သိမ်းပိုက်သွား တော့ အသင်အလှည့်မှာ ဆုပန်းကုံးတစ်ကုံးတောင် ရဖို့ခက်ပြီထင်သည်။

ငယ်သော၊ နုသော၊ စွဲဆောင်မှုတွေနှင့် ညှုတတ်သော ရွှေ ဝတ်လွှာကြောင့် အသင်တို့တွေ ဝင်ငွေထိခိုက်နေတာတော့ အ ကြာလျှင်တော့ မလွယ်တော့ဘူးထင်ရဲ့။

နားထဲမှာ ကြားနေသော သီချင်းသံ တိခနဲ ရပ်သွားခြင်း အတူ လက်ခုပ်သံတွေ မဆုံးခင် ရွှေဝတ်လွှာ လက်ကလေးဝှေ့





နှုတ်ဆက်ပြီး စင်ပေါ်က ဆင်းလာ၏။

"အိုကေ မကြီးအသင်"

လည်တိုင်မှာ ဖွေးဖွေးလှုပ်နေသော ဆုပန်းကုံးတွေကို လှုပ်ခါ ပြပြီး ရွှေဝတ်လွှာ နှုတ်ဆက်သွားတော့ အသင် ရင်ထဲမှာ ခံရခက်ခက် ဖြစ်ရသည်။

"အခုတစ်ခါ သီဆိုဖျော်ဖြေပေးမှာက ပင်တိုင်အဆိုတော် အသင်ချိုဖြစ်ပါတယ်ရှင်"

အစီအစဉ် ကြေညာသူစကားအဆုံးမှာ ခပ်အုပ်အုပ် ထွက်ပေါ် လာသော လက်ခုပ်သံတချို့ကို ကြားရသည်။ ရွှေဝတ်လွှာ အလှည့်မှာ အားပေးလိုက်ကြရသည့် လက်ခုပ်သံတို့နှင့် ကွာခြားတာတော့ အမှန်ပဲ ဖြစ်သည်။

စိတ်ထဲမှာ မကြည်လင်ပေမယ့် တာဝန်ဝတ္တရားတစ်ခုအဖြစ် အသင်ချို သီချင်းတစ်ပုဒ်ကို စတင်သီဆိုဖျော်ဖြေလိုက်သည်။ စတိတ် စင်အောက်မှာတော့ ဝိုင်းဖွဲ့သောက်စားနေသည့် စားပွဲဝိုင်းတွေအပြည့်။

ထိုမြင်ကွင်းတွေက အသင်အတွက် ရိုးအီနေပြီဖြစ်ပေမယ့် အခါတစ်ရံတော့ စိတ်ပျက်စရာကောင်းတာလည်း အမှန်ပဲဖြစ်သည်။

ဆိုင်ကိုလာရောက် စားသုံးသောက်ကြသည့်လူက အလွှာစုံ သလို စရိုက်တွေကလည်း တူညီကြတာ မဟုတ်ပါ။ တချို့က သောက်စား အားပေးမယ့် စည်းကမ်းရှိသည်။

အသင်တို့လို ဖျော်ဖြေသည့် အဆိုရှင်တွေကိုလည်း ဝမ်းရေး အတွက်ဟူသော စာနာစိတ်လေး ထားကြသူတွေရှိသလို အခြေသေး



www.burmeseclassic.com

www.burmeseclassic.com



အမြင်သေးနှင့်ဆက်ဆံကြသူတွေလည်း ရှိသည်။

အားလုံးနှင့်အဆင်ပြေအောင် နေတတ်အောင် အေသင်တို့က အတွေ့အကြုံ ရင့်ကျက်နေပြီ။

သီချင်းတစ်ပုဒ် သီဆိုဖျော်ဖြေအပြီးမှာပဲ အေသင် ဘယ်လိုမှ ထင်မှတ်မထားသော အဖြစ်အပျက်ကို ကြုံလိုက်ရ၏။ စတိတ်စင်ပေါ်တက်လာသော အောင်အောင်လက်ထဲမှာ သရဖူတစ်ခု။

"အေသင်ချိုအတွက် သရဖူချီးမြှင့်ဂုဏ်ပြုပါသော လူကြီးမင်းအား အထူးကျေးဇူးတင်ပါသည်ရှင်"

ဆုပန်းကုံးကောင်တာမှ ကြေညာသံကြောင့် အေသင် မယုံနိုင်စွာ မင်သက်နေတုန်း အောင်အောင်က အေသင် ခေါင်းထက်မှာ သရဖူကို ဆင်ပေးရင်း

"မမအေသင်တို့တော့ နိုင်သွားပြီ၊ ကျွန်တော့်ကို ဘောက်ဆူးပေးရမယ်နော်"

အံ့သြဝမ်းသာစိတ်တွေကြောင့် အေသင် ဘာမှမပြောနိုင်ဘဲ အောင်အောင့်ကို ခေါင်းလေးပဲ ညိတ်ပြမိသည်။ တကယ်ဆို သရဖူတင်ချီးမြှင့်ခံရဖို့ဆိုတာက အေသင်တို့ဆိုင်မှာ မလွယ်ပါ။

အများအားဖြင့် ဆုပန်းကုံးများသာ ရတတ်တာဖြစ်သည်။ ထူးထူးခြားခြား သရဖူရလိုက်ခြင်းကတော့ အေသင်အတွက် အရမ်းကံကောင်းပါသည်။

ဆုပန်းကုံးချီးမြှင့်သူကို အေသင် ကျေးဇူးတင်စကားဆိုပြီးနောက်ထပ်နှစ်ပုဒ်သီဆိုဖျော်ဖြေလိုက်သည်။





ကိုယ့်အလှည့်တာဝန် ပြီးဆုံးသည်နှင့် စတိတ်စင်လေးပေါ်က ဆင်းခဲ့ရင်း ဝိတ်တာလေး အောင်အောင့်ကို မေးရသည်။

"အောင်အောင် ငါ့အတွက် သရဖူချီးမြှင့်တာ ဘယ်ဝိုင်းကလဲ"

"တေဘယ်လ်နိုင်းဝိုင်းက အစ်ကိုကြီးတစ်ယောက် မမအေသင်"

ကိုယ့်ကို သရဖူဆုချီးမြှင့်ထားသည့်လူဆိုလျှင် ကိုယ်တိုင်ကျေးဇူးတင်စကားပြော ဝိုင်းမှာလိုအပ်လျှင် အတူခဏထိုင်ပေးရတာက အေသင်တို့ဝတ္တရားတစ်ခုဖြစ်သည်။

ဒါကြောင့် အခုလည်း အေသင် တေဘယ်လ်နိုင်းသို့ အသာလေးလျှောက်ခဲ့လိုက်သည်။ ထိုင်နေတာက တစ်ယောက်တည်းဖြစ်သည်။ အဖော်မပါသော တစ်ကိုယ်တည်းသမားဆိုတော့ ပိုလို့တောင် အဆင်ပြေသည်။

ခပ်လှမ်းလှမ်းက မြင်နေရသော မျက်နှာသွင်ပြင်ကတော့ လူရွယ်တစ်ယောက်ဆိုတာ သေချာသည်။ ရွှေညိုစိမ်းရောင် တီရှပ်လက်တိုနှင့် အနက်ရောင်ဘောင်းဘီကို ဝတ်ဆင်ထားသည်။

အနားရောက်မှ ရှင်းသန့်ချောမောသောမျက်နှာက အေသင်ထင်မှတ်ထားသည်ထက်တောင် ခန့်ညားလွန်းနေ၏။

ဒီနေ့တော့ အေသင် တကယ်ပဲ ကံကောင်းလွန်းနေပြီထင်သည်။ စမတ်ကျ ရှင်းသန့်လှသော ယောကျ်ားတစ်ယောက်ဆိုတာ မြင်ရုံနှင့် သိသာပါသည်။

"မင်္ဂလာပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



အေသင် ကိုယ်လေးကိုင်းညွတ် နှုတ်ဆက်တော့မှ မော့ကြည့်လာသည်။

"ကျွန်မ အေသင်ချိုပါ၊ သရဖူဆု ချီးမြှင့်တဲ့အတွက် အရမ်းပဲ ကျေးဇူးတင်ပါတယ်ရှင်၊ အေသင့်ကို ထိုင်ခွင့်ပြုပါနော်"

တည်ကြည်လွန်းသော မျက်နှာက မပြောင်းလဲဘဲ ခေါင်းတစ်ချက် ဆတ်ပြတော့ အေသင် ဝင်ထိုင်လိုက်သည်။

ကိုယ့်ကို နှစ်သက်သဘောကျသဖြင့် တန်ဖိုးကြီးမားသော ဆုချီးမြှင့်ထားသူဖြစ်ပေမယ့် မျက်နှာချင်းဆိုင်ဆုံနေချိန်ထိ တည်ကြည်လွန်းသော အမူအရာက မပြောင်းလဲတာမို့ အေသင် နည်းနည်းတော့ အံ့သြနေမိသည်။

ဒီလို ဆိုင်မှာထိုင် မိမိနှစ်သက် သဘောကျသူအတွက် ငွေကြေးအကုန်ခံတတ်ကြတာ အကြောင်းမဲ့မဟုတ်ပါ။ အနည်းဆုံး တစ်ဝိုင်းတည်းအတူထိုင် အဖော်အဖြစ်နေပေးစေချင်ကြသူတွေပဲဖြစ်၏။

ဒီတစ်ယောက်ကတော့ ထူးခြားနေတာ အမှန်။

"ဟို ဒီကအစ်ကိုက အဖော်မိတ်ဆွေတွေ မပါဘူးထင်တယ်"

"ကိုယ်တစ်ယောက်တည်း ထိုင်နေတာလေ"

"အဟင်း အဖော်မပါတော့ ပျင်းနေမှာပေါ့၊ အေသင် အတူထိုင်ပေးပါ့မယ် လိုတာရှိရင်ပြောပါနော်"

အေသင် ပြုံးပြုံးလေးပြောရင်း ခင်မင်ရင်းနှီးအောင် စကားလမ်းကြောင်း ဖွင့်ပေးလိုက်တော့ တည်လွန်းသော နှုတ်ခမ်းတွေ လွန်းခနဲ ပြုံးကာ အေသင်ကို ကြည့်နေသည်။





စိမ်းမှောင်နေသော မျက်ခုံးတွေအောက်မှ မျက်ဝန်းတွေကို မြင်နေတော့ အေသင် ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားသည်။ ဒီမျက်ဝန်းတွေကို အေသင် မြင်ဖူးသိဖူးနေသလိုလို ရှိနေ၏။

မျက်ဝန်းတွေ နှုတ်ခမ်းတွေ သေချာပါသည်။ အေသင် မှတ်မိလိုက်ပါသည်။

"ဟို ဟို ကို ကိုရဲရင့်မဟုတ်လားဟင်"

အေသင် အံ့သြမျက်ဝန်းလေးတွေ ဝိုင်းစက်ရေရွှတ်တော့ နိုင်ငံရဲရင့် သဘောကျသလို ပြုံးလိုက်ရင်း

"မင်းမဆိုးဘူး အေသင်ချို ကိုယ့်ကိုမှတ်မိသားပဲ"

"အေ ေ သင် ချက်ချင်းမမှတ်မိဘူး၊ ကိုရဲရင့်နဲ့ကိုကြီးနဲ့ တွေ့ဝ-ာ ကြာ-ာတည်းက ဆုံချင်နေတာ၊ ဟို ဟိုလေ အေသင် ဒီဆိုင်မှာ ရှိမှန်း ကိုရဲရင့် သိနေလားဟင်"

မျက်နှာပူပူနှင့်ပဲ အေသင် မေးမိသည်။ တကယ်ဆိုလျှင် ဒီလိုအခြေအနေမျိုးနှင့် မဆုံတွေ့ချင်တာ အမှန်။ ကိုယ့်ကိုအထင်သေးသွားမှာ စိုးရိမ်သည်။

"ကိုယ် မသိပါဘူး၊ ဒီလိုဆိုင်မျိုးလည်း မထိုင်တတ်ပါဘူး၊ ခထင်မှတ်ဘဲ ဝင်ထိုင်ဖြစ်သွားတာ၊ မင်း စင်ပေါ်တက်လာတော့ အံ့သြသွားမိသေးတယ်"

"အဟင်း ဟိုလေ အေသင်က သီချင်းဆိုတာကို ဝါသနာပါတယ်လေ၊ ပြီးတော့ ဒီဆိုင်ရှင်မမနဲ့ကလည်း ခင်မင်ရင်းနှီးနေတော့ ကူညီတဲ့အနေနဲ့ သီဆိုပေးနေတာ ကိုရဲရင့်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးပစ်တာကို ထန်းလက်နှင့်ကာသလို ဖြစ်နေမည်လား မသိပါ။ ဒါပေမဲ့ ကိုယ့်ကို ကိုရဲရင့် အထင်သေးသွားမှာကိုတော့ စိုးရိမ်စွာနှင့် အေသင် ဖြေရှင်းပြနေမိသည်။

ရဲရင့်ကတော့ နှုတ်ဆိတ်စွာနှင့် စားပွဲရှေ့က ဟင်းလျာတွေကိုသာ မြည်းစားနေ၏။

"ညီမလေး အလက်ာနဲ့လည်း ကိုရဲရင့် ဆုံပြီးပြီမဟုတ်လား မာမီကလည်း ညီမလေးကို အလုပ်ခန့်ကူညီပေးလို့ ကျေးဇူးတွေ တင်နေတာ"

"ရပါတယ် ဒါက ကိုယ့်အတွက် ပြဿနာမဟုတ်ပါဘူး၊ ကိုယ့်စက်ရုံအတွက် လိုအပ်တဲ့နေရာမှာ စီစဉ်ပေးတာပါ"

"ဘာပဲဖြစ်ဖြစ် ကိုရဲရင့် ကိုကြီးကိုလည်း အကူအညီပေးခဲ့တာတွေ အေသင်သိတယ်၊ ကိုရဲရင့်ကို အခုလို ပြန်ဆုံရတာ အေသင် အရမ်းပျော်တယ် ဝမ်းသာတယ် သိလား"

သကာရည်လွှမ်းသော မျက်နှာနှင့် အေသင်ချို ပြောနေတာတွေကို နားထောင်ရင်း နိုင်ငံရဲရင့် ကြိတ်ပြုံးမိသည်။ တစ်ခါတုန်းက နိုင်ငံရဲရင့်ဆိုသော သူ့အပေါ်ကို အေသင်ချို ဆက်ဆံခဲ့တာတွေက ဒီလိုမျိုး မဟုတ်ခဲ့ပါ။

ပြီးတော့ ချိုဂေဟာကြီးပေါ်က သူ အဝေးကြီး ထွက်ခွာသွားရအောင်လည်း ယုတ်မာပက်စက်စွာ ကြံစည်ခဲ့သည်။

အခုချိန်မှာ ဒါတွေကို အေသင်ချို လုံးဝမေ့လျော့နေသည်လား တော်တော်မျက်နှာပြောင်တိုက်နိုင်တဲ့ မိန်းမ။





"ကိုရဲရင့် မာမီနဲ့တွေ့ရအောင် အိမ်ကိုလာလည်ပါလားဟင်"

"အင်း နောက်တော့ ကြုံမှာပေါ့ အေသင်၊ ဒီရက်တွေတော့ ကိုယ်မအားဘူး"

"သိတယ် သိတယ် ကိုရဲရင့်မှာအလုပ်တွေ အများကြီးဆိုတာ ညီမလေးကလည်း ပြောပြပါတယ်၊ ကိုရဲရင့် အရမ်းကံကောင်းတာပဲနော်"

"ဘာကိုဆိုလိုတာလဲ အေသင်"

"ဪ အခုလို အရမ်းချမ်းသာပြည့်စုံတဲ့ဘဝကြီးကို ပိုင်ဆိုင်သွားတာကိုပြောတာပါ"

သူ့ဘဝအခြေအနေကို သိကာ အေသင်ချိုတို့ တစ်မိသားစုလုံး အံ့သြနေကြမည်ဆိုတာတော့ သူ သိထားပါသည်။

"မင်းပြောသလို ကိုယ် ကံကောင်းပါတယ်၊ မင်းတို့ရဲ့ချိုဂေဟာကြီးက ထွက်ခွာနိုင်ခဲ့တာကိုက ကံကောင်းသွားစေတာ"

သူ့စကားကြောင့် အေသင်ချို မျက်နှာတော့ ကွက်ခနဲ ပျက်သွင်းသွားခဲ့သည်။ သူမ ပြုခဲ့သော လုပ်ရပ်တွေကိုတော့ လိပ်ပြာမလုံဖြစ်နေမှာသေချာ၏။

"ဘာပဲဖြစ်ဖြစ် မင်းတို့မိသားစုရဲ့ကျေးဇူးတွေကိုတော့ ကိုယ်မမေ့ပါဘူး၊ ကဲ အေသင် ကိုယ်ပြန်ဦးမယ်"

"ဟင် ပြန်တော့မလို့လား ကိုရဲရင့်"

"မနက်ဖြန် အလုပ်ကိစ္စတွေရှိတယ်လေ၊ ဒီနေ့ ကိုယ်စောစောအိပ်နားမှဖြစ်မယ်"

"ဟို ကိုရဲရင့်ကို တစ်ခုမေးရဦးမယ်၊ ကိုရဲရင့် အိမ်ထောင်ကျ



www.burmeseclassic.com

နေပြီလား"

အေသင် မေးတော့ ရဲရင့် တစ်ချက်ပြုံးကာ ခေါင်းခါသည်။

"ကိုယ်က အခုချိန်အထိ တစ်ကောင်ကြွက် တစ်မျက်နှာပဲ"

"ဟုတ်လား၊ အေသင်တို့မောင်နှမသုံးယောက်နဲ့ အတူတူပဲပေါ့။ အဟင်း၊ အေသင်တို့ မောင်နှမသုံးယောက်စလုံးလည်း အိမ်ထောင်မကျကြသေးဘူးလေ"

"အင်း၊ အားလုံးနဲ့ ကိုယ် စုံစုံညီညီ ပြန်ဆုံချင်ပါသေးတယ်"

"ဟို ဒါဆို ကိုရဲရင့် အားလပ်တဲ့တစ်ရက် အေသင်တို့ ထမင်းဖိတ်ကျွေးပါရစေနော်"

"အင်း၊ အလက်ာနဲ့ ကိုယ်တွေ့ဦးမှာပါ။ အဆင်ပြေတဲ့ရက်မှပေါ့ကဲ ခွင့်ပြုဦး အေသင်"

နှုတ်ဆက်ကာ ကောင်တာကို လှမ်းလျှောက်သွားသော နိုင်ငံရဲရင့်ကို အေသင် ငေးကြည့်နေမိဆဲ။

တကာယ့်ကို မယုံကြည်နိုင်အောင် ပြောင်းလဲသွားခဲ့တာအမှန်ပဲ ဖြစ်သည်။ တစ်ခါတုန်းက နိုင်ငံရဲရင့်ဆိုသော သူသည် အေသင်တို့အခိုင်မှာ ခိုလှုံနေခဲ့ရသူ ဖြစ်သည်။

မာမီကော အေသင်တို့မောင်နှမပါ တစ်စက်လေးမှ ကြည့်မရခဲ့သောသူက အခုတော့ အေသင်တို့ရှေ့မှောက်ကို ပြန်ရောက်လာခဲ့သည်။

မိုးကျရွှေကိုယ်တစ်ပါးလို ခန့်ညားထည်ဝါစွာ ပြန်လည်ရောက်ရှိလာပုံက အိပ်မက်ဆန်လွန်းသည်။

သူသည် နိုင်ငံရဲရင့်ဟု စတင်သိလိုက်စဉ်က အေသင်ပြုခဲ့သော





သုပ်ရပ်ကြီးကို ပြန်သတိရကာ စိုးရိမ်မိသေးသည်။ ဒါပေမဲ့ နိုင်ငံရဲရင့်က ဆိုက်စွကို မေ့လျော့ခွင့်လွှတ်ထားပုံရှိသည်။

ဒါကပဲ အေသင်အတွက် ဝမ်းသာကျေနပ်စရာ ဖြစ်သည်။ အေသင်ဘဝမှာ အမြဲတမ်း မျှော်လင့်မက်ချင်ခဲ့သော ဘဝကြီးကို နိုင်ငံရဲရင့်ကပဲ ဖန်တီးပေးနိုင်မှာ သေချာသည်။

ဒီအခွင့်အရေးကိုတော့ အေသင် လက်လွှတ်မခံချင်ပါ။

ဒယ်ဒီရှိစဉ်တုန်းကလိုဘဝမျိုး ပိုင်ဆိုင်ရယူချင်တာကြောင့် အေသင် ဒီအချိန်ထိ အခွင့်အရေးကိုစောင့်နေခဲ့တာပဲ ဖြစ်သည်။

အေသင့်ဘဝမှာ ကြုံခဲ့ရသော အခွင့်အရေးတွေလည်း ရှိခဲ့သည်။ ဒါပေမဲ့ ဘဝတစ်ခုလုံး ပုံအပ်ရင်းနှီးပစ်ရလောက်အောင် မကောင်းခဲ့ပါ။

ဆိုင်ကိုလာရောက် သောက်စားရင်း ကြုံရသူတွေက အများအားဖြင့် လူပျိုလူလွတ်တွေ မဟုတ်ပါ။ ဇနီးမယား သားသမီးတွေနှင့် အရွယ်ဟိုင်းပုဂ္ဂိုလ်တွေက များသည်။

ဘဝပုံနှင်းလိုက်လို့လည်း ကိုယ့်ကိုတစ်ဆောင်တစ်နန်း ထားနိုင်ကြပုံ မမြင်။ အငယ်အနှောင်းဘဝနှင့် သဒ္ဓါလို့ပေးကမ်းတာလေးနှင့် ရောင့်ရဲရမှာမျိုးတော့ အေသင် မလိုချင်။

ဒါကြောင့်လည်း ရသလောက်လေး ခွာယူကာ အချိန်တန်တော့ ဥပေက္ခာပြု စာရင်းရှင်းလိုက်ရုံသာ။

ယခု ကြုံနေရသည့် နိုင်ငံရဲရင့်လို ယောကျ်ားမျိုးကတော့ စဉ်းစားစရာမလိုတဲ့နှင့် အဆင်ပြေမည့်သူဆိုတာ ထင်ရှားသည်။

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ် ကံကောင်းစွာ ဖန်တီးပေးလာသည့် အခွင့်အရေးကြီးကိုတော့ အေသင် ရအောင်ယူတတ်ဖို့ပဲ လိုသည်။

■ ■ ■

## အခန်း (၂၂)

"တကယ်ကို ရဲရင့်ဘဝက ပြောင်းလဲသွားတာ မာမီရေ ကိုကြီးတို့ အလက်ာတို့ပြောတုန်းက ဒီလောက် မထင်ဘူး။ အေသင်ကိုယ်တိုင် ကြုံလိုက်မှ သိလိုက်တာ"

ကိုကိုနှင့်ဆုံခဲ့သည့်အဖြစ်ကို မမအေသင် မာမီ့ကို ပြောပြနေသာ အလက်ာ အားလုံးကြားသည်။ အံ့လည်း အံ့ဩမိတာ အမှန်။ စက်ရုံကိုတောင် မလာနိုင်အောင် အလုပ်တွေ ရှုပ်နေသည့်ကိုကိုက မမအေသင်ရှိသည့်ဆိုင်ကို ရောက်သွားသည့်တဲ့လား။

အလက်ာ ကိုကို့စက်ရုံမှာအလုပ်ဝင်တာပဲ တစ်ပတ်ကျော်ပြီ။ ကိုကို စက်ရုံကို ရောက်မလာတာမို့ ထပ်ပြီး မဆုံရသေးပါ။

"သမီး ကိုရဲရင့်ကို ထမင်းစား ဖိတ်လိုက်တယ် သိလား မာမီ"

"ဟုတ်လား သမီး၊ ဘယ်တော့လာမှာလဲ မာမီလည်း မြင်ချင်လှချင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုရဲရင့် အားတဲ့တစ်ရက် လာမယ်တဲ့၊ အလကာ် ကိုရဲရင့်က နင်နဲ့မှာလိုက်မယ်တဲ့"

အလက်ာဘက်ကိုလှည့်ပြီး မမအေသင် လှမ်းပြောနေသဖြင့် အလိုက်သင့်ခေါင်းညိတ်လိုက်ရ၏။

"အင်း မောင်ရဲရင့် လာမယ်ဆိုရင် မာမီတို့ အသေအချာ စီစဉ်ထားမှာပေါ့၊ သမီးလေးက မာမီ့ကို ကြိုပြောနော်"

"ဟုတ်ကဲ့ပါ မာမီ"

ကိုကို တကယ် လာ မလာဆိုတာ မသေချာပေမယ့် မာမီက တော့ အုံ့ဩဝမ်းသာနေတာ အထင်အရှား။ မမအေသင် မျက်နှာကလည်း ကိုကိုနှင့်ဆုံတွေ့လိုက်ရတာမို့ ဝမ်းသာကျေနပ်နေတာ မဖုံးမဖိနိုင်။

ထိုအခိုက်မှာပဲ အိမ်ပေါ်လှမ်းတက်လာသူက ကောင်းဝေယံ။

"ဟယ် ကိုကြီး လာတိုင် ပြောရဦးမယ် သိလား။ ဒီနေ့ ကိုရဲရင့်နဲ့ ဆုံခဲ့တယ်"

"ဟုတ်လား ဘယ်မှာတွေ့တာလဲ"

"ဆိုင်မှာပေါ့ အေသင်တို့ဆိုင်ကို သူလာတာ"

ကောင်းဝေယံ မျက်နှာကြီး ရှုံ့မဲ့သွား၏။ ဒါကို သတိမပြုမိသော အေသင်ချိုကတော့ ပြောချင်တာကိုပဲ ဆက်ပြောနေ၏။

"အေသင်တောင် အရမ်းအံ့ဩသွားတာ ကိုကြီးရဲ့၊ အေသင်ကို သရဖူဆုချတာက ကိုရဲရင့်လေ"

"အေသင် နင်က ဒါကိုကျေနပ်နေတာလား၊ မမိုက်ပါဘူးဟာ သူက နင့်ကိုအထင်သေးသွားမှာ နင် မတွေးမိဘူးလား"



"မမျှော်လင့်ဘဲ ထိပ်တိုက်ဆုံလိုက်တာကို ဘယ်တတ်နိုင်မှာလဲ ဒါပေမဲ့ ကိုရဲရင့်ပုံစံက အဲဒီလို စိတ်ခံတတ်မျိုးမရှိပါဘူး၊ အေသင်ကလည်း နပ်ပါတယ်၊ ကိုယ့်ကိုအထင်မသေးအောင် ရှင်းထားတာပေါ့"

"ဘာကိုရှင်းတာလဲ အဲဒါကြောင့် နင့်ကို ဒီအလုပ်ကြီးမလုပ်ပါနဲ့လို့ အစကတည်းက ငါပြောတာ"

ကောင်းဝေယံ မကျေမနပ်ပြောနေသည်။ အေသင်ချို ဒီအလုပ်ကို စလုပ်ကတည်းက သဘောမကျခဲ့တာဖြစ်သည်။ ဘယ်လောက်ပဲ နှိုးသားပါသည့် ကြွေးကြော်ပါစေ သိက္ခာကို ထိခိုက်စေတာ အမှန်။

ကိုယ့်အပေါင်းအသင်း မိတ်ဆွေတွေကြားမှာတောင် အေသင်ချို ဘာလုပ်သည်ဆိုတာ မပြောပြရဲ။

"နိုင်ငံရဲရင့်နဲ့မှ နင် ထိပ်တိုက်သွားတိုးရတယ်ဟာ"

"နေပါဦး ကိုကြီးရဲ့၊ ဘာများဖြစ်သွားမှာမို့လဲ ကိုရဲရင့်က အေသင်ကို နားလည်လို့တောင် အတူတစ်ဝိုင်းတည်းထိုင်ပြီး စကားတွေ ပြောဖြစ်ကြသေးတယ်၊ ကိုရဲရင့်က ကိုကြီးလို အတွေးမတိမ်ပါဘူး"

"တော်တော့ အေသင် နင့်အလုပ်က ဘာလဲဆိုတာ ငါ သိတယ် ပြောချင်လို့ မသိချင်ဟန်ဆောင်ပေးနေတာ"

"ကိုကြီးနော် အေသင်ကို ပြဿနာလာမရှာနဲ့၊ ကိုကြီးအလုပ် ကကော ဘယ်လောက်ဂုဏ်ရှိတဲ့အလုပ်မို့လဲ"

"အေသင် နင် ငါ့အလုပ်ကို မစော်ကားနဲ့"

"ဟဲ့ ဟဲ့ ဘယ်လိုဖြစ်ကြတာလဲ၊ စကားအကောင်းပြောနေရင်း က"

www.burmeseclassic.com

www.burmeseclassic.com



သမီးနှင့်သား စကားများဖို့ တာဆူနေကြတော့ ဒေါ်ခင်ထားချို ကြားထဲက ဝင်ဖျန်ဖြေရပြန်၏။

"မာမီ့သားပြောတာ ကြည့်လေ"

"ငါပြောတာ မဟုတ်လို့လား မဆိုင်ဘဲ ဝင်ပြောတာလည်း မဟုတ်ဘူး။ လက်ရှိလည်း နိုင်ငံရဲရင့်နဲ့ငါ အလုပ်ကိစ္စတွေရှိနေတယ်၊ သူ့အတွက် ကားတစ်စီးရှာပေးဖို့ ငါ့ကိုမှာထားတယ်"

ကောင်းဝေယံ ပြောတော့ အေးသင်ချို မျက်နှာကိုမဲ့ချပစ်ရင်း

"ကိုကြီး ဂွင်ရိုက်ဖို့ တစ်ကွက်တွေ့သွားတာပေါ့၊ ကြည့်လည်း လုပ်နော် ကိုရဲရင့်က အေးသင်တို့မိသားစုအပေါ်မှာ ကျေးဇူးတွေရှိနေပြီ ကိုကြီး မဟားတရား အမြတ်ထုတ်မနေနဲ့ဦး"

"အဲဒါ နင့်အလုပ်မဟုတ်ဘူး အေးသင် ငါ့အလုပ်"

"သိတယ်လေ ကိုကြီးအလုပ်က ဒါပဲ၊ မသိတာမှတ်လို့"

အေးသင် မဲ့ကာရွဲ့ကာပြောရင်း အိပ်ခန်းထဲ လှမ်းဝင်သွားတော့ ကောင်းဝေယံ မျက်မှောင်ကြီးကုပ်ကာ မကျေမနပ် လိုက်ကြည့်နေသေး၏။ မာမီက ကိုကြီးမျက်နှာကိုလှမ်းကြည့်နေရင်း

"သားကြီး မောင်ရဲရင့်က မင်းကို ကားရှာခိုင်းထားတယ်ဆို တာက ဘာကိုပြောတာလဲ"

"သူ ကားတစ်စီးလောက်လိုချင်တယ်ဆိုလို့ ကျွန်တော် ရှာပေး ရမှာ မာမီ၊ ဟိုးနှစ်ရက်လောက်က အကူအညီလာတောင်းထားလို့ အဆင်ပြေရင် မာမီ့အတွက်လည်း အိုကေမှာပါ"

"မောင်ရဲရင့်ဆီက အမြတ်အစွန်းတွေ အများကြီးမယူပါနဲ့





သားကြီးရယ်၊ ထိုက်သင့်သလောက်ပဲ ယူပါ"

"ဟာ မာမီကလည်း အေးသင်ချိုလေသံနဲ့ သားကိုလာပြော နေပြန်ပြီ"

"မဟုတ်ဘူးလေကွယ်၊ မောင်ရဲရင့်က မာမီတို့အပေါ်ကောင်း ရှာပါတယ်၊ သမီးလေးကိုလည်း အလုပ်ပေးထားတယ်၊ ဒီကျေးဇူးတွေကို ထောက်ထားရမှာပေါ့"

"ဒီကောင်က လုံးဝခိုင်နေတာ မာမီရဲ့၊ ငွေပေါလို့ကားဝယ်နေ တာ မာမီ မသိပါဘူး။ အေးဆေးနေပါ၊ ကျွန်တော့်အလုပ် ကျွန်တော်ပိုင် ပါတယ်"

ကောင်းဝေယံ ပြောပြီးသည်နှင့် ထထွက်သွားတာမို့ ဒေါ်ခင်ထား ချို ဘာမှပြောခွင့်မရလိုက်ဘဲ ငုတ်တုတ်ကျန်ရစ်ခဲ့ရ၏။

"အင်း ဘယ်သူမှ ပြောမကောင်းကြပါလားကွယ်"

မာမီရဲ့ညည်းညူသံကိုကြားရတော့ အလက်ာ မနေသာတော့ဘဲ မာမီ့အနားကို လျှောက်ခဲ့မိ၏။

"မာမီ ဘာမှမပြောပါနဲ့၊ မာမီ့ဘာသာ စိတ်ချမ်းသာသာနေ ပါနော်"

"ဪ သမီးရယ်၊ သားသမီးဆိုတော့ မပြောဘဲ လွှတ်ထားလို့ ရော့ဘူးလေ"

"ကိုကြီးနဲ့မမအေးသင်က မာမီပြောလည်း နားမထောင်ဘဲ မာမီ ရယ်"

မာမီ ပင့်သက်ရှိုက်ရင်း ခေါင်းကိုခါယမ်းသည်။ ပြီးမှ အလက်ာ



www.burmeseclassic.com

www.burmeseclassic.com



ကိုမော့ကြည့်ရင်း

"အင်း သမီးလေး ပြောတာမှန်ပါတယ်၊ တကယ်ဆို အားလုံးဟာ မာမီ့အပြစ်တွေ မကင်းပါဘူး၊ သားသမီးနှစ်ယောက်ကို မာမီအလိုလိုက်ခဲ့မိတယ်၊ မလုပ်သင့်တဲ့အလုပ်တွေကို လုပ်ခိုင်းမိတယ်၊ ဒါတွေကြောင့်လည်း မာမီဆိုဆုံးမမရဖြစ်ခဲ့တာပေါ့ကွယ်"

ပြောရင်း မာမီ မျက်ရည်တွေဝဲလာတော့ အလင်္ကာ မမြင်မကြည့်ရက်ပါ။

"မာမီ ဘာမှစိတ်မကောင်း ဖြစ်မနေပါနဲ့တော့နော်၊ ဘာပဲဖြစ်ဖြစ် မာမီ့ကို သမီး စောင့်ရှောက်တာဝန်ယူနိုင်ပါတယ်၊ ကိုကြီးနဲ့ မမအေးသင်လည်း သူတို့ဘဝ သူတို့ရှင်သန်နိုင်ကြပါတယ်၊ မာမီ စိတ်ချမ်းသာအောင်ပဲ နေပါနော်"

ဒေါ်ခင်ထားချို သမီးငယ်လေး မျက်နှာကိုငေးကြည့်ရင်း ခေါင်းညိတ်ပြလိုက်မိသည်။ မွေးထားသည့် သားသမီးသုံးယောက်မှာ ဒီသမီးငယ် လေးကတော့ သူမအတွက် ဘယ်တုန်းကမှ စိတ်ဆင်းရဲစရာမွေးမပေးခဲ့ပါ။

ဒီသမီးငယ်လေးကြောင့်ပဲ စိတ်ချမ်းမြေ့မှုတွေ ပိုင်ဆိုင်နေရသောလည်း အကြီးနှစ်ယောက်ရဲ့ ဝဋ်ဒုက္ခတွေကို ခံနိုင်ရည်ရှိနေခဲ့တာလားမဆိုတတ်တော့ပါ။

■ ■ ■



## အခန်း (၂၃)

"ဟယ် ကိုကို"

ရုံးခန်းထဲကို သူ ဝင်လိုက်သည်နှင့် အလင်္ကာ မျက်နှက်ဝန်းလေးတွေ ဝိုင်းစက်ကာ စားပွဲက သုတ်ခနဲ ထလာသည်။

"အလင်္ကာ အဆင်ပြေရဲ့လား"

သူ မေးတော့ နုဖတ်ကြည်လင်နေသော မျက်နှာလေးက နှစ်လိုဖွယ်ပြုံးလျက် ခေါင်းလေးညိတ်ပြသည်။

"အဆင်ပြေပါတယ် ကိုကို၊ အန်ကယ်ဦးလှိုင်မင်းကလည်း အလင်္ကာကို အားလုံး နားလည်အောင်သင်ကြားပေးပါတယ်"

သူတို့နှစ်ယောက်ကို ပြုံးကြည့်နေသော ဦးလှိုင်မင်းကိုကြည့်ကာ အလင်္ကာ ပြောသည်။ ဦးလှိုင်မင်းက

"အလင်္ကာချိုက တော်ပါတယ်၊ ခက်ခက်ခဲခဲ ဘာမှမပြောရဘဲ နားလည်လွယ်တယ်၊ စာရင်းဇယားတွေ သူ ကောင်းကောင်းနိုင်နင်းကျွမ်းကျင်ပါတယ် ဘော့စ်"



www.burmeseclassic.com

www.burmeseclassic.com



"အလင်္ကာ အဆင်ပြေ စိတ်ချမ်းသာတယ်ဆိုရင် ကောင်းပါ
တယ်၊ ကဲ ကိုယ် စက်ရုံထဲ သွားလျှောက်ကြည့်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ကိုကို"

ရုံးခန်းထဲက ပြန်ထွက်သွားသော ကိုကို့ကို အလင်္ကာ ငေးကြည့်
ရင်း ကျန်ရစ်ခဲ့ရသည်။ နို့နှစ်ရောင် ရှပ်လက်ရှည်ကို ကြယ်သီးအပြည့်
တပ်ကာ နီညိုရောင် နက်ခ်တိုင်နှင့် စတိုင်ကျကျ ကိုကို ဝတ်ဆင်ထား
သည်။

အနက်ရောင်ဘောင်းဘီနှင့် တစ်လှမ်းချင်း လျှောက်သွားသော
ကိုကို အခန်းတံခါးဝရောက်မှ အလင်္ကာကို ပြန်လှည့်ကြည့်ရင်း

"ဪ အလင်္ကာ နေ့လယ် ဆယ့်တစ်နာရီလောက်ကျရင်
ကိုကိုနဲ့ ခဏလောက်လိုက်ခဲ့နော်"

ဘာကိစ္စလဲ ဘယ်လဲ မမေးပါဘဲ အလင်္ကာ ခေါင်းလေးညိတ်
ပြလိုက်မိတော့ ကိုကို တစ်ချက်ပြုံးကာ လှည့်ထွက်သွားခဲ့သည်။

ကိုကို့ကို ခေါင်းညိတ်ပြီးမှ အလင်္ကာ အန်ကယ်ဦးလှိုင်မင်းကို
သတိရကာလှည့်ကြည့်ရင်း

"အန်ကယ် ဟို သမီး ဆရာနဲ့ခဏလောက် လိုက်သွားလို့
ရမလား"

"နေ့လယ်ပိုင်းကျရင် အရောင်းစာရင်းတွေ ရှင်းရဦးမယ်လေ
သမီးရဲ့"

အန်ကယ် ဦးလှိုင်မင်း စကားကြောင့် အလင်္ကာ မျက်တော
လေးတွေ ပုတ်ခတ်ပုတ်ခတ်နှင့် ဘာပြောရမှန်းမသိ ဖြစ်သွား၏။ ကိုကို့

ဗျူး ၁၁၄၆



ခေါင်းညိတ်ကတိပေးပြီးမှ အန်ကယ့်ကို မေးမိတာ အလင်္ကာ အမှား။

"စိတ်ညစ်သွားပြီလား သမီးရဲ့၊ နောက်တာပါကွယ်၊ ဘော့စ်နဲ့
သမီးလိုက်သွားလိုက်ပါ၊ စာရင်းတွေက မနက်ဖြန်မှ လုပ်လို့ရပါတယ်
ကွယ်"

"ဟို ညနေပြန်လာရင် အလင်္ကာ စာရင်းတွေ လုပ်ပေးပါ့မယ်
အန်ကယ်"

"အဲဒီလောက် အလောတကြီး မလိုပါဘူး သမီးရယ်၊ အန်ကယ်
က သမီးကို စတာပါ၊ ဘော့စ်က ဘာကိစ္စရှိလို့ ခေါ်တာလဲမသိဘူး၊
သမီး လိုက်သွားလိုက်ပါ"

"ဟုတ်ကဲ့ ကျေးဇူးပါ အန်ကယ်"

အလင်္ကာ ဝမ်းသာမျက်နှာလေးနှင့် အလုပ်စားပွဲလေးဆီ ပြန်
လျှောက်သွားခဲ့သည်။ ဦးလှိုင်မင်း ပြုံးပြုံးကြီး ခေါင်းညိတ်ရင်း ငေးကြည့်
နေလိုက်မိသည်။

အလင်္ကာချို ဆိုသည့် ကောင်မလေးကို ရောက်လာကတည်းက
သဘောကျမိသည်။ လိမ္မာယဉ်ကျေးကာ လူကြီးတွေအပေါ်မှာလည်း ဂါရဝ
တရားရှိသည်။

စက်ရုံပိုင်ရှင်သူဌေးကိုယ်တိုင်က ဒုတာဝန်ခံမန်နေဂျာရာထူး
ပေးကာ အလုပ်ဝင်ခိုင်းသူဆိုတော့ သူဌေးအရှိန်အဝါနှင့် မာန်မာနကြီး
မည့်သူဟု သူ ကြိုတင်တွက်ဆထားခဲ့၏။

သူ့ရုံးခန်းထဲရောက်လာတော့လည်း အသက်က နှစ်ဆယ့်လေး
နှစ်သာရှိသေးသော မိန်းကလေးမို့ စိတ်တော့ပျက်သွားမိသေးသည်။

ဗျူး ၁၁၄၆

www.burmeseclassic.com



ဒါပေမဲ့ အလင်္ကာချိုဆိုသော ကောင်မလေးသည် သူ မျှော်လင့်ထားသလို မဟုတ်ခဲ့ပါ။

ခင်မင်စရာကောင်းသလို အလုပ်ကိုလည်း ဂရုစိုက်ကြိုးစားသူ ဖြစ်သည်။

ဘောစ်နှင့်အလင်္ကာချို ဆိုသည့်ကောင်မလေး ဘယ်လိုပတ်သက်မှုရှိသည်လဲတော့ သူ မသိပါ။ ဒါပေမဲ့ ချစ်စရာကောင်းသော ဒီကောင်မလေးနှင့် နိုင်ငံရဲရင့်ဆိုသော သူဌေးလေးကတော့ လိုက်ဖက်ညီသည်ဟု သူ ထင်သည်။

နိုင်ငံရဲရင့်ဆိုတာကလည်း စက်ရုံပိုင်ရှင်သူဌေးမို့ အားလုံးက တလေးတစား ခေါ်ဝေါ်ဆက်ဆံနေကြရပေမယ့် အသက်က ကြီးရင့်သေးတာမဟုတ်ပါ။

အလင်္ကာချိုလေးနှင့် ဆယ်နှစ်နီးပါး ကွာသည်ဆိုလျှင်တောင် မထင်ရလောက်အောင် နုပျိုသူပဲဖြစ်၏။

ဘယ်လိုပဲဖြစ်ဖြစ် ဘောစ်နှင့် ဒီကလေးမကို လိုက်ဖက်ညီသည်ဟုပဲ ဦးလှိုင်မင်း ထင်သည်။

အခုလည်း စက်ရုံကို ပထမဆုံးရောက်လာသည့် ဘောစ်က ဒီကလေးမလေးကို အလေးထားလာတွေ့သည်ဆိုတော့ ဘောစ် နှစ်သက်နေသည်ဟုပဲ ထင်သည်။

အလင်္ကာလေးကလည်း ဘောစ်ကို နာမည်တောင်မခေါ်ဘဲ ကိုကိုဟု တရင်းတနှီး ခေါ်နေခြင်းက သူတို့နှစ်ဦးကြားမှာ နှောင်တွယ်ကျွမ်းဝင်မှုရှိတာကြောင့် ဖြစ်မည်။





သူ မျှော်လင့်ထားသလို ဖြစ်လာခဲ့လျှင်တော့ စက်ရုံဝန်ထမ်းတွေအားလုံး ပျော်ရွှင်ဝမ်းသာကြမှာ သေချာသည်ထင်ပါရဲ့။

■ ■ ■

"ကိုကို အလင်္ကာတို့ ဘယ်သွားကြမှာလဲဟင်"

သူ့ရုံးခန်းရှေ့က ကားပါကင်လေးဆီ အတူလျှောက်ခဲ့ချိန်မှာ အလင်္ကာ မေးလာသည်။

"ကိုယ်တို့ မနက်စာစားရင်း စကားပြောချင်လို့ အလင်္ကာ"

အလင်္ကာ ဘာမှဆက်မမေးတော့ပါ။ ရပ်ထားသည့် လင်ခရူဆာကားကြီးအနားရောက်တော့ သူ ဖွင့်ပေးသည့် ကားတံခါးမှ အလင်္ကာ ဝင်ထိုင်သည်။ ဝတ်ဆင်ထားသည်က ပန်းနုဖျော့ဖျော့ ဘလောက်စ်အင်္ကျီလက်တိုလေးကို အရောင်တူထဘီလေးနှင့်ပဲ တွဲဝတ်ဆင်ထားတာ ဖြစ်သည်။

နက်မှောင်သော ဆံပင်ရှည်ကြီးတွေကို ဆံညှပ်ကလစ်ဖြူလေးနှင့်ပဲ စုစည်းနှောင်ဖွဲ့ထားကာ ဝင်းဖန့်နေသော မျက်နှာလေးကလည်း ထူးထူးခြားခြား ပြင်ဆင်မထားပါ။

သူ ကားလေးကို မောင်းထွက်ခဲ့ချိန်အထိ အလင်္ကာ ငြိမ်ငြိမ်လေး ငြိမ်သက်စွာ လိုက်ပါလာသည်။

နောက်ကြည့်မှန်လေးထဲမှာ မြင်နေရသော မျက်နှာလေးကို သူ တစ်ချက်ကြည့်ရင်း အာရုံထဲမှာ ပြေးမြင်မိတာ အေးသင်ချို့ရဲ့မျက်နှာကို ဖြစ်သည်။

ရွှေရောင်ဆံပင် အခွေအလိပ်လေးတွေနှင့် ကာလာရောင်စုံ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာအပြင်အဆင် ဝတ်စားဆင်ယင်ထားတာလည်း အလင်္ကာနှင့် တခြားစီဖြစ်သည်။

ဘာမှ ပြင်ဆင်ခြယ်သစရာမလိုတဲ့ အလင်္ကာချို မျက်နှာလေး နုဖတ်ကြည်လင်နေတာတော့ သူ လက်ခံရမှာပဲဖြစ်၏။

ချိုဂေဟာက တစ်မိသားစုလုံးအပေါ်မှာ သူ နာကျည်းမုန်းတီးသည်ဆိုပေမယ့် အလင်္ကာချို အပေါ်မှာတော့ ထိုစိတ်မျိုး ထားလို့မရတာလည်း အမှန်ဖြစ်သည်။

ကားကို ဟိုတယ်ကြီးထဲ ထိုးဝင်လိုက်တော့ အလင်္ကာချို မျက်နက်ဝန်းလေးတွေ ဝိုင်းစက်သွား၏။

ကားစတင်းမှာ ကားကိုထိုးရပ်ပြီး သူ ဆင်းလိုက်ချိန်အထိ အလင်္ကာ သူ့ကိုမော့မော့လေးကြည့်နေဆဲ။

"အလင်္ကာ ဆင်းလေ"

"ရှင် ဟုတ် ဟုတ်ကဲ့"

ဖွင့်ပေးသည့် ကားတံခါးက အလင်္ကာ တွန့်ဆုတ်ဆုတ်လေး ဆင်းရှာသည်။ သူ့ရှေ့မှ ဦးဆောင်ခေါ်ခဲ့တော့ စားသောက်ခန်းမကြီးထဲ အထိ အလင်္ကာ ငြိမ်ငြိမ်လေး လိုက်ပါလာ၏။

စားပွဲဝိုင်းကြီးမှာ သူတို့နှစ်ယောက် ထိုင်မိသည်နှင့် ဝိတ်တာလေးနှစ်ဦး ထမင်းပွဲတွေကို ချက်ချင်းပြင်ဆင်ပေး၏။

"ကိုယ် ကြိုပြီး ဖုန်းဆက်မှာထားတာလေ ကဲ အလင်္ကာ ဆာနေရောပေါ့"

"ကိုကိုရယ် အလင်္ကာကို ဒီလိုနေရာမျိုးမှာ ကျွေးမွေးဖို့ ပေး





ပါဘူးရှင်"

"အလင်္ကာနဲ့ အေးအေးဆေးဆေး ဆုံချင်လို့ပါ၊ ကဲ စားသောက်ပြီးမှ စကားပြောရအောင် ဟုတ်လား၊ အလင်္ကာ ထည့်စားနော်"

အလင်္ကာက ဟင်းပန်းကန်လေးထဲက ဟင်းတွေခပ်ထည့်ပြီး သူ့ပန်းကန်ထဲ ခပ်ထည့်ပေး၏။

"ကိုကို့ကို အလင်္ကာ ဦးချတာပါ"

အလင်္ကာ ပြုံးပြုံးလေး ပြောတော့ သူ ခေါင်းညိတ်ကျေနပ်မိတာလည်း အမှန်ပဲဖြစ်သည်။ အလင်္ကာသည် ကောင်းဝေယံတို့ အသေင်ချိုတို့နှင့် သွေးရင်းတွေဟု မထင်မှတ်ရလောက်အောင် ဖြူစင်ရိုးသားသည်။

အလင်္ကာရဲ့မျက်ဝန်းလေးတွေထဲမှာပဲ အလင်္ကာ၏ရိုးသားဖြူစင်မှုတွေကို သူ မြင်နေခဲ့ရ၏။

ဒါကြောင့်လည်း အလင်္ကာကိုတော့ သူ စေတနာအပြည့်နှင့် ကူညီပေးမိတာ ဖြစ်၏။

စားသောက်ပြီးတော့ အလင်္ကာက သူ ပြောမည့်စကားတွေကို နားစိုက်ထောင်နေတာမို့

"အလင်္ကာ ကိုယ့်အလုပ်မှာ အဆင်ပြေတယ်နော်"

"တကယ်ပြေပါတယ် ကိုကို၊ အလုပ်လုပ်ရတာလည်း အလင်္ကာ ပျော်ပါတယ်၊ လခကလည်း အထည်ချုပ်စက်ရုံမှာထက် ပိုတော့ အလင်္ကာတို့မိသားစုအတွက် အဆင်ပြေပါတယ်"

"နေပါဦး အလင်္ကာ ကောင်းဝေယံကော အသေင်ချိုပါ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြတာမဟုတ်လား၊ အလက်ာတို့ မိသားစု အဆင်မပြေဘူးလား"

"ကိုကြီးနဲ့ မမအေသင်က ပုံမှန်ဝင်ငွေရတဲ့အလုပ်တွေ မဟုတ်တော့ အိမ်ကို သိပ်မထောက်ပံ့နိုင်ဘူး ကိုကို"

သူ သဘောပေါက်လိုက်ပါသည်။ အလက်ာတို့ မိသားစုမှာ အလက်ာဝင်ငွေက အဓိကဖြစ်နေမည်ထင်၏။ ကောင်းဝေယံနှင့်အေသင်ချိုဆိုတာ အားကိုးမရမှာ သေချာသည်။

"အင်း ကိုယ် သဘောပေါက်ပြီ အလက်ာအတွက် အဆင်ပြေအောင် ကိုယ် လခတိုးပေးပါ့မယ်"

"ဟင့်အင်း မလုပ်ပါနဲ့ ကိုကို၊ ကိုကို အခုပေးထားတဲ့လခနဲ့ အလက်ာ အဆင်ပြေပါတယ်၊ အဲဒီအတွက် ကိုကို့ကို ကျေးဇူးတင်ပါတယ်၊ ကိုကို့ကျေးဇူးတွေ အလက်ာတို့အပေါ် များနေပါပြီ"

အလက်ာရဲ့စိတ်ထားက သူ ထင်မှတ်ထားသည့်ထက်တောင် ဖြူစင်ရိုးသားနေသည်။ သူနှင့်ပြန်ဆုံချိန်မှာ ကောင်းဝေယံကော အေသင်ချိုကပါ သူ့ဆီကရသမျှ အခွင့်အရေးကို ယူချင်ကြသည်။

ချောင်းမြောင်းမျှော်လင့်နေကြတာ သူ အထင်အမြင်တွေ့နေရ၏။

အလက်ာကတော့ သူ ကြည်ဖြူစွာပေးနေသည့် အခွင့်အရေးတွေကိုပင် ငြင်းပယ်နေခဲ့၏။ ဘာပဲဖြစ်ဖြစ် အလက်ာရဲ့ဖြူစင်သောစိတ်ဓာတ်ကို သူ အသိအမှတ်ပြုမိ၏။

"ဘာပဲဖြစ်ဖြစ် အလက်ာမှာ အခက်အခဲရှိလာရင် ကိုကို့ကို ပြောပါ အလက်ာ၊ ကိုကို ကူညီပေးမယ်ဟုတ်လား"





"ကျေးဇူးတင်ပါတယ် ကိုကို"

"မနက်ဖြန်ကျရင် အလက်ာအတွက် ကိုကို ဖုန်းတစ်လုံး ဖေနိုင်ကို ပေးခိုင်းလိုက်မယ်"

"ဟင် ဘာလုပ်ဖို့လဲ ကိုကို၊ အလက်ာ ရုံးခန်းထဲမှာ ဖုန်းရှိနေတာပဲ"

"အဲဒါက အလုပ်ကိစ္စအတွက် သုံးတဲ့ဖုန်းလေ၊ ကိုကိုပေးမှာက အလက်ာ သီးသန့်သုံးဖို့ ဖုန်းပါ၊ ကိုယ်ရေးကိုယ်တာအရေးကြီးကိစ္စရှိရင် အလက်ာ ကိုကို့ဆီ ဆက်သွယ်လို့ရအောင် အလက်ာ မငြင်းနဲ့၊ ဒါ လိုအပ်လို့ ကိုတို စီစဉ်ပေးတာ"

သူ ယတိပြတ်ပြောတော့ အလက်ာ ခေါင်းလေးညိတ် ငြိမ်သက်သွားခဲ့၏။ တကယ့်ကို အပြစ်ကင်းစင် ဖြူစင်သော ပန်းလေးတစ်ပွင့်ကိုတော့ သူ စာနာပါသည်။

ဒါပေမဲ့ သူ့အပေါ်မှာ ယခုအချိန်ထိ မရိုးသားသောသူတွေအတွက်တော့ . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"မော်ဒယ်ကော ကားအင်ဂျင် အစိတ်အပိုင်းအားလုံး စိတ်တိုင်းကျ စမ်းသပ်ကြည့်ပါ နိုင်ငံရဲရင့်"

သစ်လွင်တောက်ပနေသော ကားကြီးကို ညွှန်ပြကာ ပြောနေသည့် ကောင်းဝေယံ မျက်နှာက ပီတိအပြုံးတွေ လွှမ်းခြုံနေသည်။ သူကတော့ တည်ငြိမ်စွာပင်ပြုံးရင်း

"ရပြီလေ မင်းဘက်က အားလုံးစီစဉ်ပေးပြီးရင် ငါ့ဘက်က တာဝန်ကျေရမှာပေါ့။ မင်းပြောတဲ့ဈေးအတိုင်း ဟောဒီအိတ်ထဲမှာ ငွေသားအပြည့်ပဲ ကောင်းဝေယံ စစ်ကြည့်ပါဦး"

"ဟာ ရပါတယ်ကွာ၊ စစ်ဆေးစရာမလိုပါဘူး။ သူစိမ်းတွေမဟုတ်တာဘဲ ဟဲ ဟဲ"

ကောင်းဝေယံ သူ ကမ်းပေးနေသော အိတ်ကို လှမ်းဆွဲယူရင်း





ပြောသည်။ ပြုံးရွှင်နေသော မျက်နှာပေါ်က ဟန်ဆောင်ထားသည့် မျက်နှာဖုံးကို သူ မမြင်မသိ၍မဟုတ်ပါ။

ကောင်းဝေယံအတွက် ပွဲအပြင် သိန်းရာဂဏန်းနီးပါး သူ့ဆီက ရယူလိုက်တာကိုလည်း သိထားသည်။

တကယ်ဆို ကောင်းဝေယံဆိုတာ အေသင်ချိုလို စရိုက်မျိုးပဲဖြစ်သည်။ သူ့ဆီက ငွေကိုရသမျှ ပိုက်ယူဖို့ ဝန်လေးသူမဟုတ်ပါ။

"အိုကေ နိုင်ငံရဲရင့် အားလုံးအဆင်ပြေပြေ ပြီးစီးသွားလို့ ဝမ်းသာပါတယ်၊ ငါလည်း ကူညီပေးလိုက်ရတာအတွက် ကျေနပ်ပါတယ်"

"ကူညီလက်စနဲ့ ငါ့ကို နောက်တစ်ခု ကူညီပေးစေချင်တယ် ကောင်းဝေယံ"

"ပြောပါ နိုင်ငံရဲရင့် ငါ ဘာကူညီပေးရမလဲ"

"ငါ့စက်ရုံအတွက် ထရပ်ကား ဆယ်စီးလောက် လိုချင်တယ်"

ကောင်းဝေယံ မျက်ဝန်းတွေထဲမှာ ရောင်စဉ်တွေ တောက်ပလက်ဖြာသွားခဲ့သည်။ လောဘရမ္မက်ရောင်စဉ်တွေပဲ ဖြစ်လိမ့်မည်။

"ဆယ်စီး ဟုတ်လား"

"ဟုတ်တယ် စက်ရုံမှာ သုံးချင်လို့၊ မင်းက ဒါကိုကျွမ်းကျင်ပိုင်နိုင်တော့ မင်းနဲ့အလုပ်လုပ်ချင်လို့ပဲ"

"ဟာ ရပါတယ် လုံးဝအဆင်ပြေစေရမယ်၊ ဘယ်တော့လောက် လိုချင်တာလဲ နိုင်ငံရဲရင့်"

"တစ်လခွဲအတွင်း ငါလိုချင်တယ်၊ မင်းဘက်က အဆင်ပြေမလား ကောင်းဝေယံ"



www.burmeseclassic.com

www.burmeseclassic.com



"ပြေပါတယ် ပြေအောင် ငါ စီစဉ်ပေးမှာပေါ့"

"အိုကေ ဒါဆို ငါ စိတ်ချမယ်၊ အခြေအနေထူးခြားတာနဲ့ ငါ့ဆီ ဖုန်းဆက်လိုက်ပေါ့"

ပုတ်သင်ညိုတစ်ကောင်လို ကောင်းဝေယံ ခေါင်းကိုတဆတ်ဆတ်ညိတ်ပြသည်။

"ဒါဆို ငါ့ကိုခွင့်ပြုဦး"

"ကောင်းပြီ နိုင်ငံရဲရင့် မင်းပြောတဲ့ အချိန်ကာလအတွင်း ငါ့ဘက်က အဆင်ပြေအောင် ရှာပေးပါ့မယ်"

သူ ခေါင်းညိတ်ပြကာ ကောင်းဝေယံကို ကျောခိုင်းလိုက်သည်။ စိတ်ထဲက ကြိတ်ပြုံးမိသော အပြုံးကိုတော့ ကောင်းဝေယံ မြင်တွေ့နိုင်မှာမဟုတ်တာ သေချာသည်။

လက်ရှိမှာတော့ ကောင်းဝေယံ လောဘအိပ်မက်ကြီးကို လှလှကြီးမက်လို့နေမှာ သေချာသည်။

သူ့အတွက် မြိုးမြိုးမြက်မြက် ပိုင်ဆိုင်ရမည့်ငွေပုံကြီးအတွက် စိတ်ကူးယဉ် ပျော်လို့နေလိမ့်မည်။

စိတ်မကောင်းပါဘူး ကောင်းဝေယံ။ မင်းရဲ့လောဘရမ္မက်က မင်းကိုပြန်လောင်မြိုက်တဲ့အခါ မင်းရဲ့နောင်တတွေကို ငါမြင်ကြည့်ချင်နဲ့

■ ■ ■

## အခန်း (၂၅)

အခုတလော ကိုကြီး အသုံးအဖြုန်းကြီးနေတာကို အလက်ာ သတိထားမိသည်။

လကုန်ရက်မတိုင်မီကတည်းက မာမို့လက်ထဲကို ငွေတစ်သိန်း အိမ်စရိတ်ဟုဆိုကာ ပေးတော့ မာမီတောင် အံ့ဩသွားခဲ့သေး၏။

"ဒီလအတွက် ကျွန်တော် တစ်သိန်းပေးတယ်နော်၊ မာမို့သမီး တွေကိုလည်း အသိပေးထားဦး၊ တော်ကြာ ကျွန်တော်က ဘာမှမပေးဘူး ဆိုနေဦးမယ်"

"ငါ့သားကြီး အဆင်ပြေလို့လား"

"အဆင်ပြေလို့ ပေးတာပေါ့ မာမီရာ စိတ်ချ နောက်လတွေကျ ရင်လည်း မာမို့ကို ပုံမှန်ပေးမှာပါ"

အရင်လတွေကဆိုလျှင် အိမ်စရိတ် လေးငါးသောင်းကိုတောင် လေးငါးကြိမ်လောက် ခွဲပေးတတ်သူ၊ ပေးပြီးလျှင်လည်း အသုံးစရိတ်

www.burmeseclassic.com

www.burmeseclassic.com



ပြတ်ကာ မာမီ့ဆီက အလက်ာဆီက ပြန်လက်ဖြန့်တောင်းတတ်သည့် ကိုကြီး ပြောင်းလဲလာတာတော့ အမှန်။

အိမ်မှာလည်း ထမင်းပြန်မစားပါဘဲ ညနေမိုးချုပ်လျှင် ရီဝေဝေမျက်ဝန်းတွေနှင့် ပြန်လာတတ်၏။

ဆေချာသည်က ကိုကြီးလက်ထဲမှာ ငွေကြေးရွှင်နေတာ သိသာလွန်းသည်။ ဒါကို မာမီကလည်း သံသယဝင် စိုးရိမ်နေတာမို့ အလက်ာကို တီးတိုးပြောလာ၏။

"သားကြီး လက်ထဲမှာ ပိုက်ဆံတော်တော်များများ တွေ့နေတယ် သမီး၊ ဟုတ်မှဟုတ်ရဲ့လားကွယ် မာမီ စိုးရိမ်တာက မဟုတ်မဟတ်တာတွေများ လုပ်နေသလားလို့"

"အဲဒါမျိုးတော့ ကိုကြီးလုပ်မယ် မထင်ဘူး၊ ဟိုတစ်လောက ကိုကိုကားတစ်စီး ဝယ်ခိုင်းတယ် ပြောတယ်လေ"

"အင်း ဟုတ်သားပဲ ကြည့်စမ်း ဒီကောင်လေး မောင်ရဲရင့် အပေါ် ရိုးရိုးသားသား ကူညီပေးတာမှဟုတ်ရဲ့လား၊ သမီးလေးနဲ့မောင်ရဲရင့် မတွေ့ဘူးလား ဘာပြောသေးလဲ"

မာမီ စိုးရိမ်စွာမေးတော့ အလက်ာ ခေါင်းပဲခါပြမိ၏။ ကိုကိုနှင့် ဒီရက်တွေမှာ ဆုံဖြစ်ပေမယ့် ဒီအကြောင်းနှင့်ပတ်သက်ပြီး ကိုကို့နှုတ်က ပြောတာ မကြားပါ။

ပြီးတော့ ကိုကိုကလည်း ကိုကြီးနှင့် ပတ်သက်ပြီး အလက်ာကို ပြောမှာမဟုတ်တာ သေချာ၏။

"ကိုကိုကတော့ ဘာမှမပြောပါဘူး မာမီ၊ ပြီးတော့ ကိုကြီးနဲ့





မမအေးသင်တို့နဲ့ ဆုံခဲ့တာတောင် သမီးကို မပြောပါဘူး"

"အင်း မောင်ရဲရင့်က မပြောဘူးဆိုရင်တောင် ကိုယ်က သိတတ်ရမယ်လေ သမီးရဲ့"

"ပြောမနေပါနဲ့တော့ မာမီရယ်၊ ကိုကြီးက မာမီပြောလည်း ရတာမှမဟုတ်တာ"

"အင်း မာမီလည်း မပြောချင်တော့ပါဘူးကွယ်၊ ဒါနဲ့ မောင်ရဲရင့်အိမ်မှာ ထမင်းလာစားမယ်ဆို သမီး၊ သမီးကို မပြောဘူးလား"

မမအေးသင် ပြောခဲ့တာကို သတိရကာ မာမီ မေးနေသည်။ ကိုကိုလည်း အလက်ာကို တစ်ခါမှ မပြောဖူးပါ။ မမအေးသင် စကားကို မယုံတာမို့ အလက်ာ မမေးဖြစ်ပါ။

"ဘာမှမပြောဘူး မာမီ၊ ကိုကိုက အလုပ်တွေရှုပ်တွေးနေတော့ မအားသလောက်ပဲ"

"အင်း ဟုတ်မှာပါ မောင်ရဲရင့်မှာက အလုပ်တွေရှုပ်နေမှာပါ၊ ကဲ သမီး ရေမိုးချိုးတော့မှာမဟုတ်လား"

"ဟုတ်ကဲ့ မာမီ၊ မမအေးသင်ကော ပြန်မလာသေးဘူးလား၊ ဒီည ဖျော်ဖြေရမှာတဲ့လား"

"သမီး အစ်မက အဲဒီအလုပ်ကို မလုပ်တော့ဘူးတဲ့"

"ဘာရယ် မာမီ"

အလက်ာ တကယ်ပဲ အံ့သြသွားမိ၏။ မမအေးသင်ကို အလုပ်သွားသည်ဟု ထင်ထားမိတာဖြစ်၏။

"ဟုတ်တယ် သမီး၊ သမီးအစ်မက ဘာတွေစိတ်ပြောင်းသွား



www.burmeseclassic.com

www.burmeseclassic.com



သလဲမသိဘူး အဲဒီအလုပ်ကို စိတ်မပါတော့ဘူးတဲ့၊ တခြားအလုပ်တစ်ခု လုပ်မယ်တဲ့လေ''

စားသောက်ဆိုင်မှာ သီချင်းဆိုမည်ဆိုတော့ ဘယ်သူမှ တားမရခဲ့သော မမအေးသင် ဘာကြောင့် စိတ်ပြောင်းသွားခဲ့သည်မသိ။ ဘာပဲဖြစ်ဖြစ် မာမီကတော့ ကျေနပ်ဝမ်းသာနေပုံရ၏။

''မာမီကတော့ ဝမ်းသာတယ် သမီးလေးရယ်၊ သမီးအစ်မ ဒီအလုပ်ကြီးလုပ်နေတာ မာမီ အမြဲတမ်း ရင်ထိတ်နေရတယ်၊ ညဘက် အချိန်မတော် အိမ်ပြန်မရောက်မချင်း အိပ်မပျော်ဘူး၊ ပြီးတော့ ဒီအလုပ်ကြီးက ပတ်ဝန်းကျင်ကလည်း အထင်သေးတယ်လေ''

မာမီပြောတာကို အလင်္ကာလည်း လက်ခံပါသည်။ မမအေးသင်ကို စလုပ်မည်ဆိုကတည်းက အလင်္ကာလည်း လက်မခံချင်ခဲ့ပါ။ ခေါင်းမာလှသော မမအေးသင် စိတ်တိုင်းကျ ရွေးချယ်ခဲ့တာ ဖြစ်၏။

အခုတော့ မမအေးသင် စိတ်ပြောင်းသွားတာကို အလင်္ကာတို့ ဝမ်းသာရမည်ပဲဖြစ်၏။

''အခုလည်း အလုပ်သွားရှာတာလား မသိဘူး၊ နည်းနည်း နောက်ကျမယ်လို့တော့ ပြောသွားတယ်၊ ကဲ သမီး ရေချိုးတော့နော်''

မာမီ့ကို ခေါင်းညိတ်ပြရင်း အလင်္ကာ အဝတ်အစားလဲဖို့ အခန်းထဲ လှမ်းဝင်လိုက်သည်။

ထိုအချိန်မှာပဲ ခုတင်ဘေးက စားပွဲလေးပေါ်က ဖုန်းလေးက မြည်လာသည်။ အလင်္ကာ ရင်လေးထိတ်ခနဲ ခုန်ကာ လှမ်းကိုင်လိုက်တော့ ကိုကို့အသံကို ကြား၏။





''အလင်္ကာလား ကိုကိုပါ''

''ဟုတ်ကဲ့ ကိုကို ပြောပါ ဘာကိစ္စလဲဟင်''

''အခု အလင်္ကာ အလုပ်က ပြန်လာပြီလား''

''အိမ်ရောက်နေပြီ ကိုကို''

''မနက်ဖြန် ဆန်းဒေးပိတ်ရက် အလင်္ကာ ဘယ်သွားစရာရှိသလဲ''

''ဟင့်အင်း ဘယ်မှသွားစရာမရှိပါဘူး ကိုကို၊ ဘာဖြစ်လို့လဲဟင်''

''မနက်ဖြန် ကိုကိုနဲ့ အလင်္ကာ ခဏလောက် လိုက်ခဲ့ပါ၊ နှစ်နာရီလောက်ပဲ အချိန်ပေးနိုင်မလား''

''ရပါတယ် ကိုကို၊ အလင်္ကာမှာ ဘာကိစ္စမှ မရှိပါဘူး''

''အိုကေ ဒါဆို အလင်္ကာတို့ လမ်းထိပ်က မနက်ကိုးနာရီတိတိစောင့် ဟုတ်လား''

ကိုကို ဖုန်းချသွားတော့ အလင်္ကာ ဖုန်းလေးပိတ်ကာ ရေမိုးချိုးဖို့ ပြင်ဆင်လိုက်ရသည်။ မနက်ဖြန် ကိုကိုနှင့် ဆုံရမည်ဆိုသော အတွေးပျော်တွေနှင့် ဒီညတော့ အလင်္ကာ အိပ်လို့ပျော်မည်မထင်ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

ကိုကို ချိန်းထားတာက မနက်ကိုးနာရီဆိုပေမယ့် အလက်
မိနစ်နှစ်ဆယ်လောက်ကတည်းက စောကာရောက်နေခဲ့တာဖြစ်သည်

အလက်ာတို့အိမ်ကို ကိုကို ဘာကြောင့်မလာချင်တာလဲ မေ
ပါ။ မာမီနှင့်မျက်နှာချင်းမဆိုင်ချင်တာကြောင့်လား။ ကိုကို့ကိုတော့
အလက်ာ နားလည်နိုင်ပါသည်။

မာမီတို့အားလုံးက ကိုကို့အပေါ်မှာ ဆိုးခဲ့ကြသည်မဟုတ်လား
ဒါပေမဲ့ ကိုကိုကတော့ အားလုံးကို ခွင့်လွှတ်ပေးခဲ့နိုင်သည်။ ကိုကြီးနှ
မမအေသင်တို့ကို ကိုကို အသိအမှတ်ပြု ဆက်ဆံနေတာက သက်သေ
ဖြစ်၏။

အလက်ာရှေ့ကို ငြိမ့်ခနဲ ထိုးရပ်လာသော ကားကြီးကိုမြင်
အတွေးလေးတွေ ပြတ်တောက်သွားခဲ့သည်။

"အလက်ာ စောင့်နေရတာ ကြာပြီလား"





ကားတံခါးကို ဖွင့်ဆင်းလာသော ကိုကို့ကို အလက်ာငေးကြည့်မိသည်အထိ ဖြစ်သွားခဲ့သည်။ အဝါစင်း စပို့ရှပ်လက်တိုနှင့် နက်ပြာရောင်ဘောင်းဘီရှည်ကို ဝတ်ဆင်ထားသော ကိုကို့စတိုင်က ရှင်းသန့်ကြည်လင်နေခဲ့သည်။

"ဟင့်အင်း မကြာသေးပါဘူး ကိုကို"

"ကဲ ကားပေါ်တက်လေ သွားကြစို့"

ကိုကိုဖွင့်ပေးသည့် ကားတံခါးက အလက်ာဝင်ထိုင်လိုက်၏။ ကိုကို ဘယ်သွားမှာလဲ အလက်ာ မမေးမိပါ။ ကိုကိုနှင့်အတူ ရှိနေချိန်လေးတွေကိုပဲ အလက်ာ ကျေနပ်နေမိတာဖြစ်သည်။

ကားလေးကို ငြိမ့်ခနဲ မောင်းထွက်ရင်း အလက်ာကို သူ တစ်ချက်ပဲ ကြည့်မိသည်။ ဝင်းမွတ်နုညက်သော မျက်နှာလေးကို ပြေပြေလေးပဲ ခြယ်သထားသည်။

ပန်းနုဖျော့ဖျော့လေးသာ ဆိုးခြယ်ထားသည့် နှုတ်ခမ်းလေးတွေက စိုလဲ့နေ၏။

လိမ္မော်ရောင် ဆင်တူဝတ်စုံလေးက အလက်ာ၏ခန္ဓာကိုယ်ကောက်ကြောင်းလေးတွေ ပေါ်လွင်စေသည်။ ထူးထူးခြားခြား မပြင်ဆင်ပါဘဲ ဒီကောင်မလေးအလှက ပေါ်လွင်တာတော့ သူ မငြင်းချင်ပါ။

"ကိုကို ဘယ်သွားမလို့လဲဟင်"

" Junction ကိုသွားကြမယ်"

အလက်ာ ဘာမှ ဆက်မမေးတော့ဘဲ ငြိမ်ငြိမ်လေးပဲ ပါလာခဲ့သည်။ ဘယ်တော့မှ အလက်ာဆိုသည့်ကောင်မလေးသည် သူ့ကို တန်



www.burmeseclassic.com

www.burmeseclassic.com



ပြန်မေးခွန်းတွေ မထုတ်တတ်ပါ။

ပကတိ ရိုးသားဖြူစင်သော မျက်နှာလေးကိုမြင်တိုင်း သူခင် တွယ်မိတာအမှန်။

အခုလည်း အလက်ာလေးကို လိုချင်တာ ဝယ်ပေးချင်တာကြောင့် ခေါ်လာမိတာဖြစ်သည်။ မိသားစုတာဝန်ပိုတွေ ပိနေသော အလက်ာလေးခမြာ ရသည့်လခငွေကိုလည်း သုံးချင်သလိုသုံးခွင့်မရှိဘူး ဆိုတာ သေချာသည်။

စက်ရုံလာတိုင်းလည်း ရိုးရိုးယဉ်ယဉ် အဝတ်အစားနွမ်းဖတ်ဖတ်လေးတွေနှင့်ပဲ ဖြစ်သည်။

ကျောက်ပွင့်နားကပ်လေးတစ်ခုပဲ အလက်ာရဲ့နားလေးမှာတွေ့ရသည်။ မိသားစုမှာ အငယ်ဆုံးပေမယ့် ကောင်းဝေယံတို့ အေးသင်ချိုတို့လောက်တောင် အလက်ာ မဝတ်စားရတာ သိသာသည်။

ကောင်းဝေယံဆိုသည့်ကောင်က သူနှင့်ဆုံတိုင်း သူဌေးသားစတိုင်အပြည့်နှင့်ဖြစ်သည်။ အေးသင်ချိုသည်လည်း အမြဲတမ်း မင်းသမီးရှုံးလောက်အောင် ပြင်ဆင်ထားသူဖြစ်၏။

"အလက်ာကို ပြောရဦးမယ်"

"ပြောလေ ကိုကို ဘာပြောမလို့လဲ"

"မနေ့က ကိုကို့ဆီကို အေးသင် ဖုန်းဆက်တယ်"

"ဟင်"

အလက်ာ အံ့ဩသွားသည်။ ကိုကို့ဖုန်းနံပါတ်ကို မမအေးသင် ဘယ်လိုသိနေသည်လဲ။





"အလက်ာဆီက ဖုန်းနံပါတ် အေးသင် တောင်းသေးလား"

မမအေးသင် မတောင်းခဲ့ပါ။ တောင်းလျှင်လည်း အလက်ာ ပေးမှာမဟုတ်ပါ။ ဒါပေမဲ့ အလက်ာဖုန်းကို အလက်ာမသိအောင် ယူဖွင့်ကြည့်လျှင်တော့ မပြောတတ်။

"ဟို မတောင်းဘူး ကိုကို၊ အလက်ာလည်း မပေးပါဘူး"

အလက်ာ အမှန်အတိုင်းပဲပြောလိုက်သည်။ ကိုကိုက ခေါင်းတစ်ချက်ညိတ်ရင်း

"သူ ကိုကို့ဆီက အလုပ်တစ်ခုတောင်းနေတယ်"

"ဟင် ဟုတ်လား"

"ကိုကို့ရဲ့အရောင်းကုန်တိုက်တစ်ခုမှာ အရောင်းစာရေးမ တစ်နေရာပေးမယ်ဆိုတော့ သူ မလုပ်နိုင်ဘူးတဲ့"

မမအေးသင် လုပ်ရပ်အတွက် အလက်ာ ကိုကို့ကို မျက်နှာပူသွားမိသည်။ ကိုကိုကတော့ တည်ငြိမ်စွာပဲ ကားကိုမောင်းနေရင်း

"ကိုကို သဘောပေါက်ပါတယ်၊ သူက အလက်ာလို ရာထူးမျိုး လိုချင်နေတာလေ"

"ဟို ဟိုလေ မမအေးသင် ကိုယ်စား အလက်ာ ကိုကို့ကို တောင်းပန်ပါတယ်နော်၊ ကိုကို့အပေါ်မှာ အလက်ာတို့မောင်နှမတွေ အခွင့်အရေးယူသလို ဖြစ်နေပြီ"

"အလက်ာနဲ့မဆိုင်ပါဘူး၊ ကိုကိုကလည်း နားလည်ပါတယ်၊ အေးသင် ကျေနပ်လောက်တဲ့ အလုပ်တစ်ခု ကိုကို ပေးလိုက်မှာပါ"

"ဘယ်လို ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"သူလိုချင်တဲ့အလုပ်တစ်ခုပေါ့ကွာ၊ ကဲ ထားလိုက်ပါ အခု ဂျုန်းရှင်းမှာ အလက်ာအတွက် ဝယ်စရာတွေ ကိုကို ဝယ်ပေးမလို့ အေသင် ကိစ္စမေ့လိုက်တော့"

"အလက်ာအတွက် ဘာမှမလိုပါဘူး ကိုကို၊ ဟိုလေ"

အလက်ာ အပြြင်းစကားမဆုံးခင် ကိုကို လက်ကာတားတော့ အလက်ာ အသံလေး ထိတ်သွားရသည်။

"အလက်ာ ဘာမှပြြင်းဖို့မတွေးနဲ့တော့၊ ကိုကို့အတွက် ဒီနေ့ အလက်ာ နှစ်နာရီလောက် အချိန်ပေးဖို့ တောင်းဆိုထားပြီးပြီလေ"

အလက်ာ ဘာမှထပ်မပြောသာခဲ့ပါ။ ရင်ထဲမှာ ကိုကိုရဲ့စေတနာနှင့် သိတတ်မှုအတွက် ကြည်နူးရင်ခုန်မိသလို ကိုကို့ကိုလည်း အားနာနေမိတာအမှန်ပဲဖြစ်သည်။

ကိုကိုရဲ့ကျေးဇူးတရားတွေကတော့ အလက်ာတို့မိသားစုအပေါ်မှာ အရမ်းကို ကြီးမားနေခဲ့ပြီ။

■ ■ ■

"ဒါတွေအားလုံး ကိုရဲရင့်က နင့်ကိုဝယ်ပေးတာ ဟုတ်လား"

မမအေသင် အံ့ဩမျက်ဝန်းတွေနှင့် ဝိုင်းစက်ကြည့်ရင်း မေးတော့ အလက်ာ ခေါင်းလေးညိတ်ပြမိသည်။

"ဟယ် လှလိုက်တာဟယ် တော်တော်စျေးကြီးမယ့် အထည်တွေပဲ"

မမအေသင် အဝတ်အစားတွေကို တစ်ထည်ပြီးတစ်ထည် ကိုင်ကြည့်ရင်း ပြောနေသည်။ မျက်ဝန်းတွေမှာ လိုချင်တပ်မက်အရိပ်တွေ





ကတော့ အထင်အရှားပေါ်လွင်နေသည်။

"မမအေသင် လိုချင်တာရှိရင် ရွေးယူလေ၊ ဒီလောက်အများကြီး အလက်ာအတွက် မလိုပါဘူး၊ ကိုကို ဖွတ်ဝယ်ပေးလို့သာ ယူလာရတာပါ"

"ငါ မယူပါဘူးဟယ် အခု ငါက ကိုရဲရင့်ရဲ့ရုံးခန်းမှာ အလုပ်လုပ်ရမှာဆိုတော့ ဒီအဝတ်အစားတွေ ဘယ်ဝတ်လို့ဖြစ်မှာလဲ၊ နင့်ကို ဝယ်ပေးထားတာတွေ ငါ ဝတ်သွားရင် ဗီလင်အောက်ပါတယ်"

"ဟင် မမအေသင်က အလုပ်ရသွားပြီလား"

အေသင်ချို ဂုဏ်ယူကျေနပ်သည့်အပြုံးတွေနှင့် ခေါင်းညိတ်သည်။

"အေး ဒီညနေကပဲ ကိုရဲရင့် ဖုန်းဆက်တယ်လေ၊ ပထမ သူ့ရဲ့အရောင်းကုန်တိုက်တစ်ခုမှာ လုပ်ခိုင်းတာ၊ ငါ ငြင်းလိုက်တော့ အခု သူ့ရုံးခန်းမှာ ငါ့ကို သူ့ရဲ့စက္ကထရီ ခန့်လိုက်ပြီ"

ဒီတစ်ခါတော့ အလက်ာ အံ့ဩမျက်လုံးတွေ ဝိုင်းသွားရတာဖြစ်သည်၊ မမအေသင် တကယ်ပဲ ပြောတာလား။ ကိုကိုက သူ့ရဲ့အတွင်းရေးမှူး ခန့်လိုက်သည်တဲ့လား။

"အဟင်း ငါလိုချင်တာ အဲဒီရာထူးမျိုးပဲလေ၊ နောက်တစ်ပတ်ဆို အလုပ်စဆင်းရပြီ၊ ကိုရဲရင့်နားမှာ နီးနီးကပ်ကပ် နေထိုင်ခွင့်ရတဲ့ အလုပ်မျိုးကိုပဲ ငါကလိုချင်တာ၊ ဒါကို သူက လိုလိုလားလား ခွင့်ပြုတယ်ဆိုတော့ ပြီးပြီပေါ့ ညီမလေးရယ်"

မမအေသင် စကားတွေက အလက်ာ ရင်ထဲကို ဆို့နစ်သွား



www.burmeseclassic.com

www.burmeseclassic.com



စေသည်။

ကိုကိုနှင့်ပတ်သက်ပြီး အလင်္ကာ ရင်ခုန်ကြည်နူးနေမှုတွေက ချက်ချင်းပျောက်ဆုံးသွားသလိုပါပဲ။

မမအေးသင်ကို ကိုကိုက သူ့ရုံးခန်းအထိ နေရာပေးလိုက်သည် တဲ့လား။ ဒါဆို ကိုကို့ရဲ့စိတ်အာရုံ တည်ရာက မမအေးသင်ပဲပေါ့။

အလင်္ကာအပေါ် ကိုကို ပေးနေတာတွေက ရိုးသားဖြူစင်သော စေတနာတွေပဲပေါ့။

"ကဲ အိပ်တော့မယ် ညီမလေးရေ"

မမအေးသင် နှုတ်ဆက်ပြန်ထွက်သွားတော့ ခုတင်ပေါ်မှာ ပြန့် ကျဲကျန်ရစ်ခဲ့သည့် အဝတ်အစားတွေကို အလင်္ကာ ငေးငေးလေး ကြည့် မိသည်။

အလင်္ကာအတွက် အဝတ်အစားတွေအပြင် တခြား အသုံး အဆောင်ပစ္စည်းများနှင့် အလှပြင်ပစ္စည်းတွေကိုတောင် ကိုကို ဝယ်ပေး ခဲ့တာဖြစ်သည်။

"စက်ရုံရဲ့ ဒုတာဝန်ခံမန်နေဂျာမလေးက အမြဲ‌ေ‌ ခမ်း လှပနေ ဖို့လိုတယ် အလင်္ကာလေးရဲ့"

ကိုကိုက အလင်္ကာ ခေါင်းလေးပုတ်ကာ နောက်ပြောင်ခဲ့သေး ၏။ အလင်္ကာ ရင်တွေ တဒိတ်ဒိတ်ခုန်ခဲ့ရတာ ကိုကို သိမည်မဟုတ်။

ကိုကို့အချစ်ကို အလင်္ကာ မျှော်လင့်နေမိခြင်းက မိုက်မဲမှုတစ် ခုပဲလား။

■ ■ ■

## အခန်း (၂၇)

သည်နေ့တစ်နေ့လုံး သူ့စိတ်တွေ ကြည်လင်ချမ်းမြေ့နေခဲ့တာ တော့ အမှန်ပဲဖြစ်သည်။

အလင်္ကာချိုနှင့်အတူ ရှိနေသော နာရီပိုင်းလေးသည် သူ့စိတ် တွေကို အေးချမ်းစေခဲ့၏။ အလင်္ကာကို သူ Junction ထဲမှာ လိုအပ်တာ တွေ ဝယ်ပေးခဲ့သည်။

မနက်စာ အတူစားဖြစ်ခဲ့သည်။ ထိုအချိန်တိုလေးအတွင်းမှာ ခံစားပိုင်ဆိုင်ခဲ့ရသော ကြည်နူးမှုတွေကတော့ ထူးဆန်းပါသည်။ သူ့ဘဝ မှာ ဒီလို ချမ်းမြေ့ကြည်နူးခြင်းတို့ကို မပိုင်ဆိုင်ခဲ့တာ ကြာပြီ။

နိုင်ငံရဲရင့်ဆိုသော သူတစ်ယောက်ဘဝမှာ ရင်ဆိုင်ဖြတ်သန်း ခဲ့ရသော ဒုက္ခတွေကို ဘယ်သူ သိနိုင်မည်လဲ။

ရန်ကုန်မြေက သူ စွန့်ခွာခဲ့သော ကာလများကို ဘယ်တော့မှ

ဗျူး ၁၁၄၉

www.burmeseclassic.com

www.burmeseclassic.com



မေ့နိုင်မည် မဟုတ်ခဲ့ပါ။ ဦးကောင်းမြတ်ကျော်၏အရိပ်မှာ ခိုနေခဲ့ရင်း ပညာတတ်တစ်ယောက်ဖြစ်အောင် ကြိုးစားမည်ဆိုသော စိတ်ကူးဆန္ဒတွေ အားလုံး ပျောက်ဆုံးခဲ့ရ၏။

လောကကြီးထဲမှာ မရှိတော့သော အဖေ့ကို မြင်ယောင်ကာ သူ့ဘဝကိုသူ ကြေကွဲဝမ်းနည်းမျက်ရည်ကျခဲ့မိသည်။

ဖေဖေသာရှိလျှင် သူ ဒီလိုဘဝအခြေအနေမျိုး မကြုံဆုံရမှာ သေချာသည်။ အခုတော့ ဖေဖေ ယုံကြည်စိတ်ချစွာ ထားရစ်ခဲ့သော ဦးကောင်းမြတ်ကျော်ကိုယ်တိုင် သူ့ကို နှင်ထုတ်ခဲ့သည်။

ဒါတွေက ချိုဂေဟာကြီးမှ ဒေါ်ခင်ထားချိုတို့သားအမိတွေ ကြောင့်ဖြစ်သည်။ သူ့ဘဝရဲ့ရည်ရွယ်ချက်တွေကို သူတို့ဖျက်ဆီးပစ်လိုက် ကြ၏။

ချိုဂေဟာကြီး၏အရိပ်မှာ သူ ဘယ်လိုမှ ဆက်နေခွင့်မရအောင် ဒေါ်ခင်ထားချိုတို့သားအမိတွေ အကွက်ကျကျ စီစဉ်လိုက်ကြတာကို သူ သိပေမယ့် ဖြေရှင်းဖို့ သူ့မှာအခွင့်အရေးမရှိခဲ့ပါ။

အခုတော့ သူ့ဘဝ ရှေ့ခရီးကို သူပဲ ရင်ဆိုင်ဖြတ်သန်းရတော့ မည်။

တစ်ကောင်ကြွက်တစ်မျက်နှာဘဝနှင့် သူ ခိုနားရာမေတ္တာ အရိပ်ကင်းဝေးခဲ့သည်။ ရှေ့ဆက်ရင်ဆိုင်ရမည့်ဘဝအတွက် သူ အရာရာ ကို ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်သည်။

လက်ထဲမှာ ရှိနေသော ငွေလေးကိုပိုက်ကာ သူ ရန်ကုန်က ထွက်ခဲ့သည်။ မျက်စိသူငယ် နားသူငယ်နှင့် မန္တလေးရောက်တော့လည်း





ကျောပိုးအိတ်လေးနှင့် သူ ချာလည်လည်။

အငှားကားသမားတစ်ဦးကို မေးမြန်းကာ တည်းခိုနေထိုင်နိုင် မည့် တည်းခိုဆောင်တစ်ခု ရောက်ခဲ့သည်။

လူကောစိတ်ပါ ပင်ပန်းနုံးချိနေပေမယ့် တည်းခိုခန်းထဲမှာ သူ အိပ်စက်မပျော်နိုင်ခဲ့ပါ။ သူရောက်ရှိနေတာ ရန်ကုန်မဟုတ်သော မန္တလေး မြို့ကြီးဖြစ်သည်။ သူနှင့်သိကျွမ်းခင်မင်သူလည်း တစ်ယောက်မှ မရှိခဲ့ပါ။

လက်ထဲမှာတော့ ဦးကောင်းမြတ်ကျော် ပေးလိုက်သော ငွေ ဆယ်သိန်းက ကိုးသိန်းကျော်လောက် ကျန်နေသေးသည်။ ဒီငွေလေးနှင့် သူ ဘယ်အချိန်ထိ ရှင်သန်ရပ်တည်ရမည်လဲ။

တည်းခိုခန်းခစရိတ်၊ သူ့စားစရိတ်တွေက နေ့စဉ်ပုံမှန်ကုန်နေ ခဲ့ရင်း တစ်ပတ်ကျော်ကြာခဲ့ပြီ။

"အင်း ငါ ဒီအတိုင်းနေလို့ မဖြစ်ဘူး၊ ဝင်ငွေရှိတဲ့အလုပ်တစ်ခု လုပ်ရမယ်၊ နေစရာတစ်ခုလည်း ရှာရမယ်၊ တည်းခိုခန်းမှာ အမြဲနေဖို့ မလွယ်ဘူး"

ကိုယ့်ကိုကိုယ် ပြန်သတိပေးရင်း ဆင်ခြင်မိပေမယ့် သူနှင့်မ ကျွမ်းဝင် မရင်းနှီးသော နေရာတစ်ခုမှာ သူ ဘာမှမလုပ်တတ်ခဲ့ပါ။

သည်လိုနှင့် ဆယ်ရက်ကျော်အကြာမှာ ကိုဇော်ကြီးဆိုသော လူတစ်ယောက်နှင့်သူ သိကျွမ်းခဲ့သည်။

"ညီလေး မင်းကို ကိုယ် သတိထားမိနေတာ ကြာပြီ၊ ဒီတည်း ခိုခန်းမှာ တည်းနေတာ ကြာပြီထင်တယ်"

"ဟုတ်ကဲ့ အစ်ကို ဆယ့်နှစ်ရက်ရှိပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား မန္တလေးကို အလည်လာတာလားကွ၊ ညီလေး အပြင်ကိုထွက်တာလည်း သိပ်မမြင်လို့ မေးတာပါ"

သူ့ထက် လေးငါးနှစ်ခန့် ကြီးပုံရသော ကိုဇော်ကြီးက မန္တလေးမှာ ပထမဆုံးသိကျွမ်းခင်မင်သူဖြစ်သည်။ ဒါကြောင့်လည်း သူ့ဘဝဒုက္ခတွေကို သူ ရင်ဖွင့်ပြောပြမိ၏။

"ညီလေး အကြောင်းကြားရတာ ကိုယ် စိတ်မကောင်းပါဘူး ကိုယ်ကလည်း ရန်ကုန်ကပဲကွ"

"ဗျာ ဟုတ်လား မန္တလေးကို အလည်လာတာလား အစ်ကို"

"မဟုတ်ပါဘူး အလုပ်လုပ်ဖို့ ထွက်လာတာကွ၊ ကြီးပွားချမ်းသာမှ ရန်ကုန်ပြန်မယ်လို့ ဆုံးဖြတ်ထားတယ်"

"ဟို အစ်ကို အလုပ်ရှိရင် ကျွန်တော်လည်း လုပ်ပါရစေ အစ်ကို"

သူ အားကိုးတကြီး အကူအညီတောင်းမိသည်။ ကိုဇော်ကြီးက သူ့အစီအစဉ်တွေကို ပြောပြ၏။

"ကိုယ်က ဒီကနေ ဖားကန့်ဆက်သွားမှာကွ၊ ဟိုမှာ ကိုယ့်သူငယ်ချင်းတွေရှိတယ်၊ မှော်ထဲမှာ ကျောက်တူးနေကြတာလေ၊ အဲဒီမှာ သွားစွန့်စားမယ်ကွာ၊ ကျောက်အောင်ခဲ့ရင်တော့ ကိုယ့်ဘဝပြီးပြီပေါ့"

"ကျွန်တော်လည်း ကိုဇော်ကြီးနဲ့ လိုက်ခဲ့မယ်ဗျာ"

သည်လိုနှင့် သူ ကိုဇော်ကြီးနှင့်အတူ ဖားကန့်မြေကို လိုက်ခဲ့တာဖြစ်သည်။

တစ်ကြိတ်တစ်ခါမှ မရောက်ဖူးသော ရတနာမြေနှင့် ပတ်သက်



သည့်အကြောင်းတွေကို ကိုဇော်ကြီးက တစ်လမ်းလုံး ပြောပြသည်။

"အဲဒီမှာ ကျောက်တူးရင်း အောင်သွားတဲ့သူတွေ အများကြီးပဲ ငါ့ညီရ၊ ကိုယ်နဲ့သိတဲ့ဘော်ဒါတစ်ယောက်ဆို မင်းလိုပဲ တစ်ကောင်ကြွက် မိဘဆွေမျိုးမရှိတော့ဘူး၊ ဘုန်းကြီးကျောင်းမှာ မှီခိုနေရင်း စွန့်စားမယ်ဆိုရင်း ဖားကန့်တက်သွားတာ တစ်နှစ်တောင် မကြာလိုက်ဘူး၊ ကျောက်အောင်ပြီး ချမ်းသာသွားတာ၊ ပြန်လာတော့ ဖိမ်ခံကားကြီးနဲ့ သိန်းထောင်ချီပိုက်ပြီး ပြန်လာတာကွ၊ အခုတော့ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတွေနဲ့ မိန်းမချောချောလေးရပြီး ငြိမ်းချမ်းနေပြီ"

ကိုဇော်ကြီး စကားတွေကို နားထောင်ရင်း သူ စိတ်ဓာတ်တွေ တက်ကြွခဲ့ရသည်။ သူ့ဘဝလည်း ထိုသို့ပြောင်းလဲသွားလျှင် ဘယ်လောက်ကံကောင်းမည်လဲ။

ကျောက်အောင်ပြီး ချမ်းသာလျှင်တော့ သူ ရန်ကုန်ကိုပြန်ဖြစ်အောင် ပြန်မည်။ သူ့ကိုနှိမ့်ချ အနိုင်ကျင့်ခဲ့သော ဒေါ်ခင်ထားချို့တို့ အံ့ဩတုန်လှုပ်သွားအောင် ရင်ဆိုင်လိုက်ချင်သည်။

သူ့အပေါ် မိန်းမမာယာနှင့် ယုတ်မာခဲ့သော အေးသင်ချို ပြီးတော့ အမြဲတမ်း သူ့ကိုနှိမ်ချအနိုင်ကျင့်ခဲ့သော ကောင်းဝေယံ၊ အားလုံးကိုတော့ သူ ပြန်အနိုင်ယူပြချင်သည်။

ကံကြမ္မာဆိုတာ မြင်နိုင်သောအရာမဟုတ်။

အမြဲတမ်း သူ့အပေါ် မစာနာခဲ့သော ကံကြမ္မာကြီးက တစ်ကြိမ်တစ်ခါလောက် ကံကောင်းမှုလေး ပေးခဲ့လျှင်တော့ ...။

■ ■ ■

www.burmeseclassic.com

## အခန်း (၂၈)

ဖားကန့်ရောက်တော့ သူ့မှာပါလာသော ငွေလေးကြောင့် ကြီးမားသော အခက်အခဲတွေ မကြုံခဲ့ရပါ။ အားလုံးကို ကိုဇော်ကြီးကပဲ ဦးဆောင်စီမံသည်။

"ဒီမှာ ဘယ်မော်တွင်းမှာပဲ အလုပ်ဝင်လုပ်လုပ် အဆင်ပြေတယ် ငါ့ညီ၊ ဒါပေမဲ့ ကိုယ့်သူငယ်ချင်း မိတ်ဆွေတွေရှိတဲ့နေရာမှာဆိုတော့ ပို အဆင်ပြေတာပေါ့ကွာ"

"ဟုတ်ကဲ့ ကိုဇော်ကြီး အဆင်ပြေသလို စီစဉ်ပါ"

"တစ်ရက် နှစ်ရက်လောက်တော့ ကိုယ်တို့ ဒီတည်းခိုဆောင်လေးမှာပဲ တည်းကြမယ်၊ ဒီရက်အတွင်းမှာ မော်တွင်းတွေအနှံ့ လိုက်ကြပြီး ကိုယ့်သူငယ်ချင်းတွေ ရှာရမယ်"

ကိုဇော်ကြီး စကားအတိုင်း ခေါင်းညိတ်လက်ခံဖို့ပဲ သူ တတ်





နိုင်သည်။ ကိုယ့်မှာက အားကိုးရသည့် ကိုဇော်ကြီးတစ်ယောက်ပဲရှိသည်။

ရန်ကုန်သားချင်းတူပေမယ့် ကိုဇော်ကြီးက သူ့ထက်လည်ဝယ်သည်။ လူပုံကလည်း စမတ်ကျနသည်။ ပြောရဲဆိုရဲပြီး အပေါင်းအသင်းဝင်ဆံ့ပုံရ၏။

ပထမတစ်ရက်လုံး ကိုဇော်ကြီးနှင့် မော်တွင်းအနှံ့ လိုက်ကြည့်ရင်း သူ့အတွက်တော့ မြင်တွေ့ရသမျှက အထူးအဆန်းတွေပဲဖြစ်သည်။

ကိုဇော်ကြီးကတော့ သူ့မိတ်ဆွေတွေအကြောင်း မေးမြန်းစုံစမ်း၏။

"ခင်ဗျားပြောတဲ့ နာမည် မကြားဖူးဘူးဗျ၊ ဒီအနီးတစ်ဝိုက်က မော်ထဲမှာရှိမှာ မဟုတ်ဘူး"

"ဟုတ်လား ကျေးဇူးပါဗျာ၊ တခြားမော်ကျင်းတွေမှာ ဆက်စုံစမ်းလိုက်ဦးမယ်"

ကိုဇော်ကြီး မိတ်ဆွေ သူငယ်ချင်းတွေဆိုတာ သူ မြင်ဖူးတာမဟုတ်ပါ။ နာမည်တွေ ပြောပြတာတောင် သူ အသေအချာ မမှတ်မိပါ။

"ညီလေးရေ ဒီနေ့ ပြန်နားကြရအောင်ကွာ၊ မနက်ဖြန်မှ ဆက်စုံစမ်းမယ် အဆင်ပြေမှာပါ"

သူ့လက်ထဲမှာ ငွေနှစ်သိန်းကျော်လောက် ကျန်နေသေးသည်။ အလုပ်တစ်ခုရနိုင်သည့် မော်မြေထဲလည်း ရောက်နေပြီမို့ ဘာကိုမှလည်း သူ ပူပန်ခြင်းမရှိပါ။

အချိန်တန်လျှင်တော့ ကိုဇော်ကြီးနှင့်သူ အဆင်ပြေမှာ ဟု ကြည့်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီညနေ ကိုယ်တို့နည်းနည်းပါးပါး သောက်ရအောင် ငါ့ညီ"

"ဗျာ ကျွန်တော် မသောက်တတ်ဘူး ကိုဇော်ကြီး"

"ဟာကွာ ယောကျ်ားဆိုတာ နည်းနည်းပါးပါးတော့ သောက်တတ်ရမှာပေါ့ကွာ၊ ဒီလိုနေရာမှာ ကျန်းမာရေးအတွက် တစ်ခွက် နှစ်ခွက်လောက်သောက်မှ အဆင်ပြေတာကွ၊ ကဲ တည်းခိုခန်းဝယ်သွားပြီးမှ သောက်ကြမယ်၊ ဒီည အားရှိအောင် အိပ်ပြီး မနက်ဖြန် ကိုယ့်သူငယ်ချင်းတွေ မှော်ကျင်းကိုရှာမယ်၊ ဒီကောင်တွေ ဘယ်မှာဆိုတာ ကိုယ်သတင်းအစအန ရထားပြီကွ"

ကိုဇော်ကြီးဆိုတာ သူ့ရဲ့ခေါင်းဆောင်ဖြစ်သလို အစ်ကိုတစ်ယောက်လိုလည်း ခင်မင်မိသူမို့ သူ ခေါင်းညိတ်နာခံဖို့လည်းအသင့်။

မသောက်ဖူးသော အရက်ကို တည်းခိုဆောင်အခန်းမှာပဲ ထိုညနေက နှစ်ယောက်အတူ သောက်ဖြစ်ခဲ့သည်။

သုံးခွက်မြောက်မှာပဲ သူ ခေါင်းငိုက်စိုက်ကျသွားခဲ့သည်။

■ ■ ■

မနက်မိုးလင်းတော့ မသောက်စဖူး သောက်ထားသော အရက်ကြောင့် ခေါင်းတွေ ကိုက်နေသည်။ နံဘေးကိုကြည့်တော့ ကိုဇော်ကြီးကို မတွေ့ပါ။ နိုးနေပြီပဲထင်၏။

သူ အိပ်ရာက လူးလဲထလိုက်တော့ ခြေရင်းက စားပွဲလေးပေါ်မှာ ညတုန်းက သောက်စားထားသော အရက်ပုလင်းနှင့် အမြည်းတွေက ဒီအတိုင်း ပြန့်ကျဲနေ၏။

မျက်နှာသစ်ပြီးတော့ ဗိုက်ကဆာလာသည်။ ကိုဇော်ကြီး တည်းဆောင်ရှေ့က ကော်ဖီဆိုင်လေးမှာ ရောက်နေသည်လား။





သူ လိုက်ခဲ့တော့လည်း ကော်ဖီဆိုင်လေးမှာ ကိုဇော်ကြီးကို မတွေ့ရပါ။ သူ အိပ်ပျော်နေတာကြောင့် မှော်ထဲကို တစ်ယောက်တည်း သွားပြီလား။

"မဟုတ်သေးပါဘူး ကိုဇော်ကြီးက ငါမပါဘဲ မသွားလောက်ပါဘူး၊ အင်း ငါ အိပ်ရာက မနိုးလို့ ထားခဲ့တာထင်တယ်"

တည်းခိုခန်းဆီ ပြန်လာခဲ့ကာ ကိုဇော်ကြီး ပြန်အလာကိုပဲ စောင့်နေလိုက်သည်။

"သူ့သူငယ်ချင်းတွေတွေ့ရင် ကိုဇော်ကြီး ငါ့ကို လာခေါ်မှာပါ၊ ဒီကပဲ စောင့်နေလိုက်တော့မယ်"

နေ့လယ်ထမင်းစားချိန်အထိလည်း ကိုဇော်ကြီး ပြန်မလာသေးတော့ သူတစ်ယောက်တည်းပဲ နေ့လယ်စာစားဖို့ စဉ်းစားလိုက်သည်။

အိတ်ကပ်ထဲက လက်ကျန်ငွေလေးက မနက်ကော်ဖီဆိုင်မှာ ကုန်သွားပြီမို့ သူ ငွေတွေသိမ်းထားသည့်ခေါင်းရင်းက ကျောပိုးအိတ်လေးကို ဆွဲယူလိုက်သည်။

ငွေရှစ်သိန်းကျော် သိမ်းထားသော ကျောပိုးအိတ်ထဲ လက်နှိုက်ကြည့်တော့ ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွား၏။

သူ့အဝတ်အစားတွေ အောက်ဆုံးမှာ အသေအချာ ပလပ်စတစ်အိတ်နှင့် ထည့်သိမ်းထားသော ငွေထုပ်က ပျောက်နေသည်။ စိုးရိမ်မှုနှင့် ကျောပိုးအိတ်ကို သွန်မှောက်ရှာမိသည်။

သူ့ရဲ့အဝတ်အစားတွေ ထွက်ကျလာတော့ အသေအချာ ဖြန့်



www.burmeseclassic.com

www.burmeseclassic.com



ခါကြည့်သည်။

"ဟာ မ မရှိတော့ဘူး"

ကျောပိုးအိတ်ထဲမှာ ငွေတွေက လုံးဝမရှိတော့ပါ။ အာရုံထဲမှာ ပြေးမြင်မိတာ ကိုဇော်ကြီး မျက်နှာကိုပဲဖြစ်သည်။

သူ့မှာငွေတွေရှိတာ သိသူဆို၍ ကိုဇော်ကြီးတစ်ယောက်သာဖြစ်လေ၏ အခု ကိုဇော်ကြီးလည်း မရှိတော့ စဉ်းစားစရာ။

"ဒေါက် ဒေါက်"

အခန်းတံခါးခေါက်သံကြောင့် သူ ငုတ်တုတ်မင်သက်ကြောင် တွေနေရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။ ကိုဇော်ကြီး ပြန်လာတာထင် ၏။ အခန်းတံခါးကို သူ ကသောကမျော ဖွင့်လိုက်တော့ . . .

တံခါးဝမှာ မြင်လိုက်ရသူက တည်းခိုဆောင်က ဝန်ထမ်း ပုဂ္ဂိုလ် ဖြစ်နေသည်။

"ငါ့ညီ ဘယ်အချိန် အခန်းပြန်အပ်မှာလဲ၊ တည်းခိုမယ့် နောက် ထပ်ဧည့်သည်အတွက် စီစဉ်ရဦးမှာမို့ပါ"

"ဗျာ ဟို ကိုဇော်ကြီး အဲ ကျွန်တော့်အစ်ကို အပြင်သွားနေလို့ ခင်ဗျ"

"ညီလေးနဲ့အတူ နေတဲ့လူကိုပြောတာလား၊ အဲဒီလူ မနက် အစောကြီးကတည်းက ထွက်သွားပြီလေ၊ ဒီအခန်းကိုလည်း သူ ပြန်အပ် သွားပြီ၊ ငါ့ညီ နေချင်ရင် ပြန်လိမ့်မယ်တဲ့"

"ဗျာ"

"အခန်းပြန်အပ်ပြီဆိုတော့ ငါ့ညီ ဆင်းပေးရမယ်၊ နေဦးမယ်





ဆိုရင် အခန်းခ ထပ်ပေးရမယ်"

"ဟို ဟို ကျွန်တော့်ပိုက်ဆံတွေ ကိုဇော်ကြီး ယူသွားပြီ၊ ကျွန် တော် သွားပြီဗျာ သွားပြီ ဟား"

သူ သဘောပေါက်လိုက်ပါသည်။ ကျောချမှ မားပြမှန်းသိရ သည့်အဖြစ်၊ ကိုဇော်ကြီး သူ့ကို လိမ်ညာသွားခဲ့ပြီ၊ ရှိသမျှ ငွေတွေလည်း ကိုဇော်ကြီးနှင့် ပါသွားတာ သေချာသည်။

ကံကြမ္မာက သူ့ကို ဒုက္ခတွင်းထဲ ရက်စက်စွာ ကန်ချပစ်လိုက် ခြင်းလား။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

သည့်နောက်ပိုင်းမှာတော့ သူ ရင်ဆိုင်ရသော ဒုက္ခဆင်းရဲခြင်းတွေက နာကျင်စရာကောင်းလှသည်။

လက်ထဲမှာ ငွေကြေးတစ်ပြားတစ်ချပ်မှ မရှိသော သူ့အတွက် အသက်ဆက်ရှင်သန်နေထိုင်ဖို့အတွက် ကိုယ့်ခွန်အားကိုပဲ အားကိုးရတော့မည်။ မော်ကျင်းတစ်ခုမှာ သူ အလုပ်လုပ်ခဲ့ရ၏။

ပင်ပန်းကြမ်းတမ်းလှသောဘဝမှာ သူ့ရဲ့အိပ်မက်တွေက မလှပခဲ့ပါ။ ကိုဖော်ကြီး ပြောခဲ့သော ပုံပြင်တွေက နားထောင်ကောင်းသော အိပ်ရာဝင်ပုံပြင်များသာ ဖြစ်ခဲ့သည်။

လက်တွေ့မှာ သူ ရင်ဆိုင်ကြုံတွေ့ရသည်က တစ်ဝမ်းတစ်ခါးအတွက် တစ်နေကုန် လုပ်ကိုင်ရသော အလုပ်ကြမ်းများပဲဖြစ်၏။

လော်ပန်တွေပိုင်ဆိုင်သော မော်ကျင်းမှာ သူတို့ဘဝက နေ့စားအလုပ်သမားများသာ ဖြစ်သည်။ ဝမ်းရေးအတွက် အလုပ်လုပ်မှ အစား





အစာက လာမည်။

တစ်ရက်အလုပ်မလုပ်လျှင် ထိုနေ့အတွက် စားဖို့မရှိသည့် ဘဝကြီးကို သူ ရှင်သန်ရင်ဆိုင်ရမည်။

နေပူမိုးရွာရွာ နားခွင့်မရှိသော မော်ကျင်းထဲမှာ ဝမ်းရေးအတွက် ခွန်အားနှင့်ရပ်တည်ရှင်သန်နေကြရသူတွေ အများကြီးဖြစ်သည်။ အလုပ်က ပင်ပန်းဆင်းရဲတော့ ယမကာကျေးကျွန်ဖြစ်နေသူတွေလည်း မနည်းပါ။

အဆိုးဆုံးက မူးယစ်ဆေးစွဲနေသော သနားစရာ အလုပ်သမားတွေကို သူ မျက်ဝါးထင်ထင် မြင်ရ၏။

"ကောင်လေး ငါ ဒီကိုရောက်တာ မင်းအရွယ်လောက်ကတည်းက ဆိုတော့ နှစ်နှစ်ဆယ်နီးပါးရှိပြီ၊ ရောက်လာတုန်းကတော့ မင်းလို ရွှေအိပ်မက်ကြီးမက်လို့ပေါ့ကွာ၊ ဒါပေမဲ့ အချိန်တွေပဲ ကုန်သွားတယ် ငါ့ဘဝက ဒီဘဝပဲ"

သူ့ထက် အတွေ့အကြုံရင့်ကျက်သော လူကြီးက သူ့ခံစားချက်တွေကို ပြောပြသည်။

"တကယ်တော့ တံလျှပ်ကို ရေထင်မိတဲ့ လူမိုက်တွေပဲကွ၊ ဒီ မော်ထဲမှာ အိမ်မပြန်နိုင်ဘဲ ဘဝပျက်နေကြသူတွေလည်းရှိတယ်၊ ဆေးစွဲပြီးအဝေးမှာကျန်ခဲ့တဲ့ ဇနီးမယားသားသမီးတွေဆီတောင် မပြန်နိုင်ဘဲ ဘဝ တစ်ခုလုံး နစ်နေတဲ့သူတွေ အများကြီးကွ"

တကယ့်ကို ခါးသီးလှသော ဘဝကြီးထဲမှာ သူ ရုန်းမထွက်သာဘဲ ဒိတ်လှောင်ခံနေရသည်။ ကိုယ့်ရှေ့မှာ မြင်တွေ့နေရသော သူတွေကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကာ ဆေးစွဲဘဝမပျက်အောင်တော့ သူ သတိထား ဆင်ခြင်ခဲ့၏။

အလုပ်ပင်ပန်းဒဏ်ကြောင့် အရက်သောက်လျှင်တောင် လွန်ကျူံအောင် သူ မပြုခဲ့။

ခြစ်ခြစ်ကုပ်ကုပ် စုဆောင်းထားသော ငွေလေးတွေကလည်း တိုးပွားလာမည်သား မျှော်လင့်ချက်နှင့် ဝင်တိုးမိသော လောင်းကစားဝိုင်းမှာပဲ ကုန်သွားသည်။

မှော်တောက လွတ်မြောက်သည်ပဲထားဦး သူ့ဘဝအတွက် ဦးတည်ရာလမ်းစက မရှိတော့။ မှော်ထဲမှာပဲ သူ ရှင်သန်ခဲ့ရ၏။ ပျော်မွေ့ကျေနပ်ခဲ့ရ၏။

ညတိုင်း မက်သော အိပ်မက်တွေထဲမှာ ဒေါ်ခင်ထားချိုတို့သားအမိ၏ လှောင်ရယ်သံတွေက သူ့ကိုခြောက်လှန့်ခဲ့ဖူးသည်။

■ ■ ■

"ငရဲ ငါ့နှမကို စော်ကားတဲ့ကောင် ကဲကွာ"

"အဟင့် ဟင့် သူ သမီးအခန်းထဲ အတင်းဝင်လာတာ ဒယ်ဒီ အဟင့် ဟင့်"

"နိုင်ငံရဲရင့် မင်း ငါ့ကိုကျေးဇူးကန်းတဲ့ကောင် ခုချက်ချင်း ငါ့အိမ်ပေါ်ကဆင်း"

သူ့သိက္ခာ ဘဝတစ်ခုလုံး ရစရာမရှိသော စွပ်စွဲချက်တွေနှင့် ပြောခဲ့သည့်စကားတွေ ရွံရှာမုန်းတီးသော အကြည့်တွေအောက်မှာ သူ ပူလောင်ခဲ့ရသည့် အတိတ်။

"ရဲရင့် ဟေ့ကောင် ရဲရင့် ထ ထလေကွာ"





"အင်း ဟင်း အင်း အင်း"

သူ့ကို လှုပ်နှိုးနေတာ သိပေမယ့် လူက မျက်လုံးတွေ ဖွင့်မရပါ။ မျက်ဝန်းတွေ မှိတ်ထားပေမယ့် ဒေါ်ခင်ထားချိုတို့သားအမိမျက်နှာတွေ မြင်နေသည်။

ခန္ဓာကိုယ်က မီးနှင့်မြိုက်ထားသလို ရင်ထဲပူလောင်နေ၏။

"ဟာ ရဲရင့် ဒီကောင် ငှက်ဖျားမိနေပြီ၊ အလုပ်ဆင်းနိုင်မှာ မဟုတ်ဘူး"

"ဒုက္ခပါပဲကွာ၊ အလုပ်တွေ အရေးကြီးမှ ဖျားရပြန်ပြီ ကဲ အလုပ်သမားခေါင်း ကိုတူကြီးကို သွားပြော ဆေးလေးဘာလေး ထိုးမှ သက်သာမှာပေါ့ မြန်မြန်လုပ်"

ငှက်ဖျားဝင်ကာ သူ ဖျားနာသည့်ရက်တွေမှာတော့ ဘဝတူ အလုပ်သမားတွေကပဲ သူ့ကို ပြုစုကြသည်။

လော်ပန်သူဌေးကတော့ ငှက်ဖျားဆေးထိုးကာ အဖျားသက်သာအောင် စီမံပေး၏။

"အဖျားမြန်မြန်ပျောက်အောင် ဂရုစိုက် ကောင်လေး၊ ရက်ရှည် ဖျားနေလို့မဖြစ်ဘူး အလုပ်တွေက အများကြီးကွ"

အဖျားဝေဒနာနှင့် သူ နှစ်ရက်လောက် အိပ်ရာထဲ လဲနေခိုက်မှာ အားငယ်ဝမ်းနည်းစိတ်တွေက အမြဲတမ်း ခံစားဖြစ်တည်ရ၏။ သူ့ဘဝ ဒီမြေပေါ်မှာပဲ ဇာတ်သိမ်းသွားမည်လား။

ဒီမြေကြီးပေါ်မှာပဲ အသက်ကိုစတေးပြီး ဘဝနိဂုံးချုပ်သွားသူတွေကို သူ မြင်ဖူးတွေ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



မှော်မြေထဲရောက်နေခဲ့သည့် နှစ်နှစ်ကျော်ကာလမှာ ဒုက္ခဆင်းရဲခြင်းတွေလည်း ရင်ဆိုင်ခဲ့ရသည်။ သွေးပျက်ထိတ်လန့်စရာ အဖြစ်တွေကိုလည်း မြင်တွေ့ခဲ့ရသည်။

မှော်ကျင်းပိကာ သေဆုံးသူတွေထဲမှာ သူနှင့်ခင်မင်ကျွမ်းဝင်နေသူတွေလည်း ပါသည်။ ငှက်ဖျားဝေဒနာနှင့် သေဆုံးကာ ဖြစ်သလို သင်္ဂြိုလ်လိုက်ရသူတွေလည်း ကြုံဖူးသည်။

ထိုဝဋ်ဆင်းရဲတွေ ကြုံတွေ့မြင်နေရတိုင်း ဆိုးရွားလှသော သူ့ဘဝကြီးကို ကြေကွဲဝမ်းနည်းမိ၏။

ဒါပေမဲ့ မမြင်နိုင်သော ကံကြမ္မာသည် လူတစ်ယောက်ဘဝကို အိပ်မက်ဆန်လွန်းအောင် လှည့်စားပြောင်းလဲပေးနိုင်မှန်းလည်း သူ သိလိုက်ရသည်။ ကြုံခဲ့ရ၏။

■ ■ ■

အဖျားသက်သာစပြုသည့် တစ်ညနေမှာ သူ အညောင်းပြေလမ်းလျှောက်ထွက်ခဲ့သည်။

မှော်ကျင်းတွေနှင့် အလှမ်းဝေးလှသော တောစပ်သေးနားအထိ သူတစ်ယောက်တည်း လမ်းလျှောက်ထွက်ခဲ့တာဖြစ်၏။ ထိုနေရာလေးကို သူ အမြဲရောက်သည်။

မှိုင်းညိုနေသော တောတန်းလေးကို ငေးကြည့်ရင်း စိတ်အတွေးတွေ လွင့်မျောခွင့်ရသည့်နေရာလေးမို့ သဘောကျမိတာဖြစ်သည်။

ဒီနေ့လည်း ခြုံနွယ်တစ်ခုအနားက တောင်ကပူလေးမှာ ထိုင်ရင်း တောအုပ်ကြီးကို သူ ငေးကြည့်နေမိ၏။ စိတ်အာရုံထဲမှာတော့





လောကကြီးထဲမှာ မရှိတော့သော ဖေဖေ့ကိုလည်း ဆုံတွေ့နိုင်၏။

"လုံးဝ အသံမထွက်နဲ့နော် ငြိမ်ငြိမ်လိုက်ခဲ့"

ခပ်အုပ်အုပ် ကြိမ်းဝါးသံနှင့်အတူ ဝရုန်းသုန်းကား ကြားလိုက်ရသော ခြေသံတွေကြောင့် အတွေးတွေပြတ်ကာ သူ သတိဝင်လာ၏။ သူနှင့်အနီးဆုံး ခြုံနွယ်တစ်ဖက်က အသံတွေမို့ ချောင်းမြောင်းကြည့်လိုက်မိတော့

"အသက်ကို ချမ်းသာပေးပါရှင် တောင်းပန်ပါတယ်"

"တိတ်စမ်း ဘာအသံမှ မကြားချင်ဘူး"

မြင်လိုက်ရတာ ယောကျ်ားနှစ်ယောက်က မိန်းမတစ်ယောက်ကို ချုပ်ကိုင်ဆွဲခေါ်လာတာဖြစ်သည်။

ရှေ့ကလူက မိန်းမပျိုကို ခပ်ကြမ်းကြမ်း ချုပ်ကိုင်ကာ တောလမ်းဘေးက ခြုံတွေထဲ ဆွဲခေါ်နေ၏။ နံဘေးက တစ်ယောက်လက်ထဲမှာက ဓားမြှောင်အတိုတစ်ချောင်း ကိုင်ထား၏။

နှစ်ယောက်တစ်ယောက်မှာ တစ်ယောက်သမားက အားနွဲ့သော မိန်းကလေးဆိုတော့ လွတ်မြောက်လမ်းမရှိပါ။

ဒီနေရာ ဒီလမ်းမှာ အခုလို လူရမ်းကားတွေရှိတတ်တာ သိလျက်နှင့် တစ်ယောက်တည်း သွားလာရဲသည့် အမျိုးသမီးကို သူ့စိတ်ထဲက ကရုဏာဒေါသဖြစ်ရသေး၏။

လူသူရှင်းလင်းသည့် ဒီဘက်ပိုင်းမှာ ဆေးစွဲ၍ ထင်ရာစိုင်းလုယက်နေသူတွေ ရှိတတ်သည်။ အခုလည်း လုယက်သမား နှစ်ယောက်ပုံစံက ထိုလူစားမျိုးတွေဆိုတာ သိသာလွန်း၏။



www.burmeseclassic.com

www.burmeseclassic.com



"လူကို အန္တရာယ်မပေးပါနဲ့ရှင်၊ ရှင်တို့လက်ထဲမှာ အားလုံးပါသွားပြီပဲ၊ ကျွန်မကို လွှတ်ပေးပါ"

မိန်းမပျို တောင်းပန်သံကို ကြားသည်။ ကြောက်လန့်နေသော မျက်နှာကို သူ ထင်ထင်ရှားရှား မြင်နေရ၏။ အသက်သုံးဆယ်ကျော်လောက်ရှိမည်ထင်၏။

အညိုရောင်ဆိုးထားသော ဆံပင်အခွေအလိပ်နှင့် ဝတ်ဆင်ထားသော အဝတ်အစားကလည်း တန်ဖိုးကြီးတွေမို့ ငွေကြေးချမ်းသာသူဆိုတာ ခန့်မှန်းနိုင်၏။

"သူ့ကိုလွှတ်ပေးလို့ မရဘူး၊ မိုက်ခဲ ပြဿနာတွေ ရှုပ်လာနိုင်တယ်၊ ရှင်းပစ်ကွာ"

"မလုပ်ပါနဲ့ရှင်"

"သတ်ပစ်ရမှာ နှမြောစရာလေးကွ အဟီး"

မိုက်ခဲဆိုသည့်ကောင်က အဆီပြန် နီမြန်းနေသော မျက်နှာကြီး ပြုံးဖြဲကာ ရေရွတ်တော့ ဓားကိုင်လူက

"ဟေ့ကောင် သောက်ရေးထဲ မှုန်မနေနဲ့၊ ငါတို့လက်ထဲမှာ ငွေတွေရနေပြီကွ၊ သူ့ကိုရှင်းပြီး အမြန်ဆုံးလစ်မယ်၊ ဘေးကင်းတဲ့နေရာရောက်မှ မင်းစိတ်ကြိုက် ကဲစမ်းပါ မိုက်ခဲရ"

"အေးပါ အေးပါကွာ ငါ ရှင်းလိုက်မယ်၊ မင်းဒီကစောင့်"

"တောင်းပန်ပါတယ်ရှင် ကျွန်မကို သနားပါ"

တောစပ်ထဲ အမျိုးသမီးကို မိုက်ခဲ ဆွဲခေါ်သွားတော့ တစ်ယောက်က ရပ်လို့ကျန်ခဲ့သည်။

ဗျူး၀၁၆ပ



သူရှိနေသော နေရာနှင့် မလှမ်းမဝေးလှဘဲ ကျောခိုင်းထားသော သူကို ရင်ဆိုင်မည်ဆိုလျှင် ဖြစ်နိုင်သည်။

"မလုပ်ပါနဲ့ သနားပါရှင် အဟင့် ဟင့်"

မိန်းမပျို၏ငိုသံနှင့် ဗလုံးဗထွေး တောင်းပန်သံကြောင့် သူ့အနားမှာ တွေ့သော ခဲလုံးတစ်လုံးကို ကောက်ယူပြီးဖြစ်နေ၏။

ခြုံထဲကို အာရုံရောက်နေသော ဓားကိုင်လူဆိုးရှိရာကို တရွေ့ရွေ့ တိုးကပ်ခဲ့ရင်း အနားရောက်တော့ အုတ်ခဲနှင့်ခေါင်းကို ချိန်ရွယ်ရိုက်ချပစ်လိုက်၏။

"ခွပ်"

"အ"

ခပ်အုပ်အုပ် အသံပဲ ထွက်နိုင်ကာ သတိလစ် ခွေလဲကျသွားသူကို ဂရုမစိုက်နိုင်ဘဲ သူ တောစပ်ထဲ တိုးဝင်ခဲ့လိုက်၏။

နာမည်နှင့်လိုက်အောင် မိုက်မဲသော မိုက်ခဲကတော့ ဆန္ဒရမ္မက်ခေါ်စေရာအောက်မှာ အန္တရာယ်ကို အာရုံမပြုနိုင်ခဲ့။

"ဒုတ်"

"အင့်"

ချိုစောင်းကို ချိန်ရွယ်ကာ တစ်ချက်တည်း ထုလိုက်သည်နှင့် မိုက်ခဲ ခန္ဓာကိုယ်ကြီး အမျိုးသမီးငယ်အပေါ် လဲပြိုကျသွားခဲ့၏။ ဒီတော့မှ လဲကျနေသော အမျိုးသမီး လူးလဲထလာကာ သူ့ကိုကျေးဇူးတင်မျက်ဝန်းတွေနှင့်ကြည့်၏။

"ကျေး ကျေးဇူးတင်လိုက်တာ မောင်လေးရယ်"

ဗျူး၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



"ဟို ရ ရတယ် ကျွန်တော့်ကြောင့် ဒီလူ သေပြီလား မသိဘူး ကျွန်တော်"

အခုမှ ကိုယ့်လုပ်ရပ်ကို ကိုယ်ပြန်ထိတ်လန့်ကာ ချောက်ချား သွားရ၏။ ကြောက်စိတ်ကြောင့် လူက တုန်တုန်ယင်ယင် ဖြစ်လာ၏။

"မောင်လေး ဘာမှမပူနဲ့၊ မကြောက်နဲ့ အားလုံးကို မမ ရှင်း နိုင်တယ်"

အမျိုးသမီးငယ် သူ့ပခုံးကို ဆုပ်ကိုင်အားပေးပေမယ့် ကြောက် စိတ်နှင့် အဖျားရှိန် ရောနှောကာ သူ တုန်ယင်လာ၏။

"မောင်လေး မောင်လေး ဘာဖြစ်တာလဲ"

"ကျွန် ကျွန်တော် အား မူး မူးလိုက်တာ"

ခေါင်းတွေ မူးမိုက်လာခြင်းသာ နောက်ဆုံး သိလိုက်ရ၏။ သူ့ခန္ဓာကိုယ်က ဒူးတွေ ခွေညွှတ်ပြိုလဲသွားခဲ့၏။

■ ■ ■

## အခန်း (၃၀)

သူ သတိပြန်လည်လာတော့ သူ့ကို မိုးကြည့်နေသော အမျိုး သမီးမျက်နှာကိုမြင်သည်။ အပြုံးတို့ ဖြာနေသော မျက်နှာက သူ့ကို အားပေးမျက်ဝန်းတွေနှင့်ကြည့်ရင်း

"သတိရပြီလား ငါ့မောင်၊ ဘာမှမဖြစ်ပါဘူး၊ မင်း ငှက်ဖျား အရှိန်ကြောင့် သတိလစ်သွားတာ"

"ဟို ကျွန်တော် ဘယ်ရောက်နေတာလဲဟင်"

"မင်း ဆေးရုံပေါ်မှာလေ ဆရာဝန်ကြီးတွေ ဂရုစိုက်ပေးနေ တယ် ဘာမှမပူနဲ့ ဟုတ်လား"

သူ့ကို ဆေးရုံပို့ပေးခဲ့တာ ဒီအမျိုးသမီးပဲထင်သည်။ လူက လန်းဆန်းကြည်လင်မနေပေမယ့် စိတ်က သူ ခဲနှင့် ခေါင်းကိုရိုက်ခဲ့သူ နှစ်ဦးအဖြစ်ကို ပြန်သတိရသွားမိ၏။

www.burmeseclassic.com



"ဟို ဟိုလူနှစ်ယောက်ကော သူတို့ မသေပါဘူးနော်"

"တို့ကို လုယက်ပြီး စော်ကားဖို့ ကြံစည်တဲ့နှစ်ယောက်လား ရဲစခန်းရောက်နေကြပြီလေ၊ လူယုတ်မာတွေ သေသွားသင့်တာ၊ ငွေသိန်း တစ်ရာကျော်နဲ့ ကျောက်ရိုင်းတွေ ရနေတာတောင် လူကို အန္တရာယ်ပေး ချင်ကြတာလေ"

"ဗျာ မမဆီက သူတို့ငွေတွေ အဲဒီလောက် လုလိုက်တာလား"

"ဟုတ်တယ် တို့ မှော်တွင်းက ကျောက်ရိုင်းတွေ လာ၀ယ်ပြီး အပြန်မှာ တို့ကားကိုတားပြီး လုယက်တာ၊ ဒရိုင်ဘာကို သတိမေ့အောင် ရိုက်၊ တို့ကိုစော်ကားပြီးမှ သတ်မယ် ရည်ရွယ်ချက်နဲ့ တောလမ်းထဲ ခေါ်သွားတာလေ၊ တို့ သိပ်ကံကောင်းတယ်၊ မင်းနဲ့မတွေ့ရင် တို့ဘ၀ တွေးရဲစရာမရှိဘူး"

မမ ရှင်းပြမှပဲ သူ အားလုံးကို သိရသည်။ မမက သူ့ကို ပြုံး ပြုံးလေး ကြည့်နေပြီးမှ

"တို့နာမည်က နန်းသဇင် အလုပ်ကတော့ ကျောက်ကုန်သည် ဆိုပါတော့၊ မန္တလေးမှာ နေတယ်၊ ကဲ မောင်လေးက ဘယ်သူလဲ ဘယ်မှာနေတာလဲဆိုတာ ပြောပါဦး"

မမ မေးတော့ သူ ရှင်းပြရသည်။ သူ့ဘ၀အကြောင်းတွေက မမ နန်းသဇင်လို မလှပတာ အမှန်ဖြစ်သည်။ သူ့စကားတွေအဆုံးမှာ နန်းသဇင် စာနာမျက်၀န်းတွေနှင့် စိုက်ကြည့်နေခဲ့၏။ ပြီးမှ

"မင်းဘ၀ကို မမ နားလည်ပြီ၊ မှော်ထဲမှာ အနာဂတ်အိပ်မက် ကြီး မင်းမက်နေလို့ကတော့ ဘ၀ပျက် ဒုက္ခရောက်သွားရုံပဲရှိမယ် မောင်

ဗျူး၀၁၇၆၀



လေး၊ မင်းမှာ အနှောင်အဖွဲ့မရှိရင် မမနဲ့လိုက်ခဲ့မလား"

"ဗျာ"

"မင်းက မမအသက်ကို ကယ်တင်ခဲ့တဲ့ ကျေးဇူးရှင်လေ၊ မင်း ဘ၀အတွက် မမ အားလုံးတာ၀န်ယူတယ်"

ကံကြမ္မာသည် ဘ၀တစ်ခုလုံးကို ပြောင်းလဲနိုင်စွမ်းသည်၊ နိုင်ငံ ရဲရင့်ဆိုသော သူ့ဘ၀ကြီး ပြောင်းလဲသွားအောင်လည်း မမနန်းသဇင် နှင့်မှ ထိပ်တိုက်ဆုံတွေ့ခွင့် ပေးခဲ့လေသည်။

■ ■ ■

နန်းသဇင် နေထိုင်သည့် မန္တလေးက ထည်၀ါလှသော တိုက်ကြီး ကို သူ ရောက်ခဲ့သည်။ မမနန်းသဇင်၏ ပြည့်စုံချမ်းသာမှုက သူ အံ့သြ လောက်အောင်ပဲဖြစ်သည်။

မှော်ထဲမှာ ၀မ်းရေးအတွက် ရုန်းကန်နေရသောသူသည် မမ နန်းသဇင်ရဲ့နံဘေးမှာ အမြဲအတူလိုက်ရင်း စောင့်ရှောက်ပေးရသော ကိုယ်ရံတော်ဖြစ်ခဲ့သည်။

နောက်ပိုင်းမှာ မမနန်းသဇင်အကြောင်းတွေကို သူ ပိုမိုသိခွင့် ရခဲ့သည်။

မမနန်းသဇင်က ကျောက်သူဌေးကြီးတစ်ဦးနှင့် အိမ်ထောင်ကျ ကာ လက်ရှိဘ၀ကို ပိုင်ဆိုင်နေသူပဲဖြစ်သည်၊ ခင်ပွန်းသူဌေးကြီး ဆုံးပါး ခဲ့သည်က တစ်နှစ်ကျော်ခန့်ရှိပြီ။

မိုးကုတ်မှာ ကျောက်တွင်းများနှင့် မန္တလေးမှာ ရတနာစိန်တိုက် ကြီးတစ်ခု မမ ပိုင်ဆိုင်သည်။ မိုးကုတ် မန္တလေးနှင့် ပြင်ဦးလွင်မှာ

ဗျူး၀၁၇၆၀

www.burmeseclassic.com

www.burmeseclassic.com



ဖိမ်ခံခြံကြီး အိမ်ကြီးတွေရှိသည်။

သူ့ထက် ဆယ်နှစ်ကျော်ခန့်ကြီးသော မမလို ချောချောလှလှ မုဆိုးမနံ့သားမှာ နေ့ချင်းညချင်း ရောက်လာသော သူ့ကို လူတွေပြောနေကြတာ သူ ကြားသည်။

"နန်းသဇင်တို့ကတော့ ဘယ်က ချာတိတ်ကို ရှာလာသလဲ မသိဘူးကွ"

"နွားအိုမြက်နုကြိုက်ဆိုတာ ယောကျ်ားတွေအတွက်တင် မဟုတ်ဘူးကွ၊ မိန်းမကြီးတွေအတွက်ပါ ရည်ညွှန်းတဲ့စကားပုံကွ ဟား ဟား"

"မွေးပြီးစားတဲ့ မွေးစားသားဆိုတာထင်တယ် အသက်ကတော့ ကွာမယ်ကွ"

"အသက်ကွာပေမယ့် နန်းသဇင်ကလည်း လန်းပါသေးတယ်ကွ၊ ပိုပြီး လန်းတာက သူ့ပိုင်ဆိုင်မှုတွေကွ"

ပတ်ဝန်းကျင်က စကားတွေကို သူ ကြားသလို နန်းသဇင်လည်းကြားမှာပဲဖြစ်သည်။

ပြင်ဦးလွင်က ဖိမ်ခံအိမ်ကြီးကိုရောက်တော့ နန်းသဇင် သူ့ကို ပွင့်လင်းစွာပဲ ဖွင့်ပြောခဲ့၏။

"မောင်လေး မမ အကြောင်းတွေ မင်း ကြားမှာပေါ့၊ ဒါပေမဲ့ မမဘဝက မင်းကြားထားတာထက်တောင် ခါးသီးခဲ့သေးတယ်၊ မမလူမှန်းမသိတတ်ခင်မှာ မိဘတွေဆုံးတယ်၊ အမေ့ဘက်က ဆွေမျိုးတော်တဲ့ ညီမတစ်ယောက်အိမ်မှာ မမ လိုက်နေရတယ်၊ မမအဒေါ်ရဲ့ယောကျ်ားက အရက်သမား၊ မမ အရွယ်မရောက်ခင်မှာ သူက မမကို စော်ကားဖို့





ကြံစည်တော့ မမ အဒေါ်အိမ်ကို စွန့်ခွာပြေးရတယ်၊ နယ်စပ်မြို့လေးမှာ မမဘဝက အရောင်းစားခံရတယ်၊ အဲဒီကတည်းက မမ ဘဝပျက်ခဲ့ရတာပဲ"

မမနန်းသဇင်ဘဝက သူ့ဘဝထက်တောင် ဆိုးလွန်းသည်လား။ မမဘဝကို သူ စာနာစွာ နားထောင်ခဲ့ရ၏။

"နောက်တော့ မမ ဘဝက ဝမ်းရေးအတွက် ခန္ဓာကိုယ်ကိုရင်းနှီးစားရတဲ့ဘဝအထိ ဆိုးခဲ့တယ်၊ ကံကြမ္မာက အဆိုးတွေပဲ အမြဲမပေးပါဘူး မောင်လေး၊ သူဌေးကြီး ဦးသော်ကောင်းနဲ့ တွေ့တော့ မမဘဝ ကံကောင်းခဲ့တယ်၊ မုဆိုးဖို မမ အသက်တစ်ဝက်လောက်ကြီးတဲ့ ဦးသော်ကောင်းကို မမ လက်ထပ်ခဲ့တယ်၊ ပတ်ဝန်းကျင်က ဝေဖန်စရာဖြစ်ခဲ့ပေမယ့် မမ ကြုံနေရတဲ့ဘဝထက် အများကြီးသာတဲ့ဘဝလေ၊ အဲဒီဘဝမှာ မမ အေးချမ်းခဲ့တာ အမှန်ပဲ၊ ဦးသော်ကောင်း ဆုံးပါးတော့ အမွေအားလုံးကို မမ ပိုင်ဆိုင်ခဲ့ရတယ်၊ မမအနားကို ချဉ်းကပ်လာတဲ့ ယောကျ်ားတွေ အန္တရာယ်က မမ ရှောင်တိမ်းခဲ့တယ်၊ လောဘ မောဟ ဒေါသရမ္မက်တွေနဲ့ လောင်မြိုက်တဲ့ဘဝမှာ မမ ပေးဆပ်ကျင်လည်ခဲ့ပြီးပြီလေ၊ အခုချိန်မှာ ဘဝကို အေးချမ်းစွာ ရှင်သန်ချင်တယ် မောင်လေး"

မမ ရင်ထဲက ခံစားချက်တွေကို သူနားလည်ခဲ့ရသည်။ ခါးသီးသော မမ ဘဝကြီးကိုလည်း စာနာခဲ့ရသည်။

"မမဘဝမှာ အခုမင်းနဲ့အတူ နေရချိန်တွေက အပျော်ရွှင်ဆုံးပဲ ဒီဘဝလေးကို မမ အမြဲတမ်း ပိုင်ဆိုင်သွားချင်တယ်၊ မင်း မမကို လက်ထပ်နိုင်မလား မောင်လေး"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

မမနှုတ်က ဒီလိုစကားကြီး ထွက်လာမည် မထင်ခဲ့ပါ။ သူ ပါးစပ်အဟောင်းသား မင်သက်ကြောင်တွေနေတော့ မမ နူးညံ့စွာပြုံးရင်း

"ပူလောင်တဲ့ရှမ္မက်တွေနဲ့ မမဘဝ ကြုံခဲ့ဖူးပြီလေ၊ အခုချိန်မှာ မမ အတောင့်တဆုံးက ငြိမ်းချမ်းနွေးထွေးမှုပဲ၊ မင်းဆီက မမ ပိုင်ဆိုင်ချင်တာ အဲဒီတစ်ခုပဲ မောင်လေး"

မျှော်လင့်မျက်ဝန်းတွေနှင့် တောင်းဆိုနေသော မမကို သူ ငေးစိုက်ကြည့်နေမိသည်။ မမရဲ့ပိုင်ဆိုင်မှုတွေက ပြီးပြည့်စုံသည်။ ထို အရာတွေနှင့် သူ့ဘဝကို လဲလှယ်လိုက်ဖို့ဆိုတာ သူ့အတွက် တွေဝေစရာ မဟုတ်ခဲ့ပါ။

မမနန်းသဇင်မှာက ပြီးပြည့်စုံသော စည်းစိမ်ချမ်းသာတို့ရှိသည်။ မမ လိုအပ်တာက နွေးထွေးသောမေတ္တာတရား။

သူ့အတွက်တော့ အချစ်ဆိုတာ နှလုံးသားမှာတစ်ကြိမ်တစ်ခါမှ မဖြစ်ပေါ်သေးဖူးပါ။

ဒါပေမဲ့ မမနန်းသဇင်ရဲ့ဆန္ဒတွေကို သူ ဖြည့်စွမ်းပေးခဲ့သည်။ နိုင်ငံရဲရင့်ဆိုသောသူသည် နေ့ချင်းညချင်း သူဌေးလေး ဦးနိုင်ငံရဲရင့် ဘဝကို ပိုင်ဆိုင်ခဲ့ရ၏။

မမက သူ့ကို သိပ်ချစ်သည်။ ဘာမှလိုလေသေးမရှိရအောင် အရိပ်လို ဂရုစိုက်သည်။ ဒါပေမဲ့ မမနန်းသဇင်ကို ချစ်သူတစ်ယောက်လို သူ ခံစားလို့မရတာတော့ အမှန်ပဲဖြစ်သည်။

သေချာသည်က မမနန်းသဇင်သည် သူ့အပေါ်မှာတော့ 



တကယ့်ကို ပြည့်ဝကောင်းမွန်သော မိန်းမတစ်ယောက် ဖြစ်ခဲ့သည်။

မမနှင့်သူ လက်ထပ်ပြီး ခုနစ်နှစ်ကျော်မှာပဲ မမ ဆုံးပါးခဲ့၏။ သူနှင့်မမကြားမှာ နှောင်တွယ်စရာ သားသမီးမရခဲ့တာက သူ့ဘဝကို ပိုလို့ လွတ်လပ်သွားစေခဲ့၏။

မမ မရှိတော့ချိန်မှာ ခါးသီးသော အတိတ်ကို သူ ပြန်သတိရကာ မန္တလေးမှာလည်း မနေချင်ခဲ့။

မိုးကုတ်က လုပ်ငန်းတွေကို လူယုံတော်တွေနှင့် လွှဲအပ်ထားခဲ့သည်။ ပြင်ဦးလွင်က ခြံကိုလည်း လူယုံတော်တွေနှင့် လွှဲအပ်ထားခဲ့လိုက်သည်။

ရန်ကုန်မှာ စီးပွားရေးလုပ်ငန်းတစ်ခု အခြေချဖို့ ဆုံးဖြတ်ချက်ကို အသေအချာ စီမံဖြစ်သည်။

ကံကြမ္မာသည် အရာရာ သူမျှော်လင့်ထားသည့်အတိုင်း စီမံပေးနေသလားဟု ထင်ရလောက်အောင် အခြေအနေတွေက စိတ်တိုင်းကျ ဖြစ်ခဲ့၏။

သူ့စီးပွားရေးလုပ်ငန်းက အဆင်ပြေခဲ့သလို ဒေါ်ခင်ထားချိုတို့ ဘဝက နိမ့်ကျပြောင်းလဲနေသည်။

သူ့ဆန္ဒရှိသည့်အတိုင်း ကောင်းဝေယံနှင့်အေးသင်ချိုတို့ကို လက်စားချေဖို့လည်း အသင့်ဖြစ်နေခဲ့၏။

ရင်ထဲက ဒဏ်ရာတစ်ခုအတွက်တော့ သူ ပြန်လည်တုံ့ပြန်ရဦးမည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ကျူပ်ကလည်း လုပ်ငန်းသုံးဖို့ ဝယ်ထားတာ၊ အခု လုပ်ငန်း မသုံးဖြစ်လို့ပြန်ရောင်းမှာ"

ကောင်းဝေယံ ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။ လိုချင်သည့် ကားဆယ်စီးစလုံး အလွယ်တကူ ရလိုက်တာအတွက် ဝမ်းသာနေတာတော့ သေချာသည်။

ဒီလိုအခြေအနေ အခွင့်အရေးမျိုးကို ကောင်းဝေယံ ဘယ်လိုမှ ငြင်းဆိုနိုင်မှာမဟုတ်မှန်းလည်း ဇေနိုင် သဘောပေါက်ပြီးသားဖြစ်၏။

"ကဲ ခင်ဗျားဘက်က ဆုံးဖြတ်ချက်ကို သိချင်တယ်၊ ဝယ်ဖြစ်မလား ကျွန်တော်က တခြားလုပ်ငန်းရှင်တစ်ယောက်နဲ့လည်း ရောင်းဖို့ စီစဉ်ထားတယ်"

ဒီတစ်ခါတော့ ငြိမ်သက်နေသော ကောင်းဝေယံ ခန္ဓာကိုယ် မတ်ခနဲဖြစ်သွားကာ ကသောကမျော ပြောလာ၏။





"တခြားဝယ်သူနဲ့ မချိတ်နဲ့တော့လေ ကျွန်တော့်ဘက်က ယူဖို့သေချာပါတယ်၊ နိုင်တိပါဆန့် သေချာပါတယ်"

ဇေနိုင် ယဲ့ယဲ့ပြုံးလိုက်မိသည်။ ကောင်းဝေယံကတော့ သူနှင်းသည့်အကွက်ထဲ ဆိုက်ဆိုက်မြိုက်မြိုက် ဝင်လာနေသည်။

ဒီလိုမငြင်းဘဲ ဝင်လာအောင်လည်း သူ့ဘက်က စီမံထားသည်ပဲ။

"မဟုတ်သေးဘူး ကောင်းဝေယံ၊ ပါးစပ်နဲ့ ကတိပေးတတ်တဲ့ ခင်ဗျားတို့ ပွဲစားတွေ စကားကို ကျွန်တော် သိပ်မယုံချင်ဘူး"

ကောင်းဝေယံ မျက်နှာမည်းခနဲ ဖြစ်သွားသည်။ ဒါပေမဲ့ ချက်ချင်းပဲ မချိပြုံးတစ်ခုနှင့်ဟန်ဆောင်ဖုံးကွယ်ရင်း

"ကျွန်တော့်ဘက်က သေချာလို့ပြောတာပါ ကိုဇေနိုင်၊ ကျွန်တော့် သူဌေးက ကျွန်တော်ပြီးရင် ပြီးပါတယ်"

"ဒါဆို တိကျသေချာမှုရှိအောင် စာချုပ်ချုပ်ကြရအောင်လေ ဖြစ်မလား"

ကောင်းဝေယံ တွေခနဲ ဖြစ်သွားသည်။ ဇေနိုင်ဆီမှာ ရှိနေသော အရပ်ကားတွေက နိုင်ငံရဲရင့်မြင်လျှင် သဘောကျမှာ သေချာသည်။ ပြီးတော့ ဈေးနှုန်းကလည်း အရမ်းချိုသာနေသည်။ ဒါက သူ့အတွက် အဆင်ပြေသောအချက်ဖြစ်သည်။

နိုင်ငံရဲရင့်ကို တစ်စီးငါးသိန်းလောက် ပိုတင်ရိုက်လိုက်လျှင်ပင် ဆယ်စီးအတွက် သိန်းငါးဆယ်က သူ့အိတ်ထဲကို သပိတ်ဝင်အိတ်ဝင် ရောက်လာမှာဖြစ်သည်။

သူ ရရှိခံစားရမည့် ပွဲခနှင့်ပေါင်းလျှင် ဒီပွဲအတွက်တော့ မြိုး



www.burmeseclassic.com

www.burmeseclassic.com



မြိုးမြက်မြက် ပိုင်ဆိုင်ရမည့်ငွေပုံကြီးက မျက်ဝန်းထဲမှာ မြင်လာ၏။

"ဘယ်လိုလဲ ကောင်းဝေယံ"

"ကိုဇေနိုင်က ဘယ်လိုဖြစ်ချင်တာလဲ"

"ကျွန်တော်တို့ သိန်းနှစ်ရာတန် စာချုပ်ချုပ်ကြမယ်၊ ဆိုလိုတာက ဒီနေ့ ခင်ဗျားငွေသိန်းနှစ်ရာ ကျွန်တော့်ကို ရှင်းထားပါ၊ ကျန်တဲ့ငွေကို တစ်ပတ်ပြည့်တဲ့နေ့ ရှင်းပေးပါ"

ကောင်းဝေယံ မျက်မှောင်ကြီးကုပ် မင်သက်သွားသည်။ ငွေသိန်းနှစ်ရာ လက်ငင်းရှင်းရမည်ဆိုတော့ နည်းနည်းတော့ ခေါင်းစားသွားသည်။

"ခဏလေး ကိုဇေနိုင်၊ ကျွန်တော့်မိတ်ဆွေဆီ ဖုန်းဆက်လိုက်ဦးမယ်"

ကောင်းဝေယံ ခွင့်တောင်းပြီး စားပွဲဝိုင်းက ထလာခဲ့သည်၊ ဆိုင်အပြင်ဝရန်တာလေးရောက်တော့ ဖုန်းခေါ်ကြည့်သည်။

"ဟဲလို အမိန့်ရှိပါရှင်"

နိုင်ငံရဲရင့် ဖုန်းက ကြားရတာ မိန်းကလေးတစ်ယောက်အသံဖြစ်နေသည်။

"နိုင်ငံရဲရင့်နဲ့ တွေ့ချင်လို့ပါ"

"ဘော့စ် မရှိပါဘူးရှင်၊ မိုးကုတ်ကို ခရီးထွက်သွားပါတယ် ဘာမှာခဲ့ချင်သလဲ မှာခဲ့ပါ"

"ဟာ သူနဲ့တွေ့မှဖြစ်မှာ၊ သူ့ကိုဆက်သွယ်လို့ရတဲ့ ဖုန်းနံပါတ်ရှိမလား"



"ဘော့စ်က မပေးခဲ့ဘူးရှင့်"

"ဟာ ပြဿနာပဲ သူ ဘယ်တော့ပြန်ရောက်မလဲမသိဘူး"

"နှစ်ရက် သုံးရက်လောက် ကြာလိမ့်မယ်ရှင့်"

"ဟုတ်ပြီ ဟုတ်ပြီ"

ဖုန်းကိုချပြီး သူ ပင့်သက်ရှိုက်လိုက်မိသည်။ နိုင်ငံရဲရင့် ခရီးထွက်သွားသည်ဆိုတော့ စရံငွေသိန်းနှစ်ရာအတွက် ခေါင်းစားရ၏။ ကိုဇေနိုင်ကို အကျိုးအကြောင်း ပြောပြ ညှိနှိုင်းတော့လည်း အဆင်မပြေ။

"ကျွန်တော်က ငွေလိုလို့ ရောင်းမှာပါ၊ အရေးပေါ်ငွေက ဒီနေ့ပဲ သိန်းနှစ်ရာလိုနေတယ်၊ ကိုကောင်းဝေယံ အဆင်မပြေဘူးဆိုရင်လည်း အစီအစဉ် ဖျက်လိုက်ပါ၊ နောက်ထပ်ညှိထားတဲ့ ဝယ်လက်နဲ့ပဲ စီစဉ်ရတော့မှာပေါ့"

"ဟာ ဒီလိုမလုပ်ပါနဲ့ ကိုဇေနိုင်လိုချင်တဲ့ သိန်းနှစ်ရာကို ဒီညနေပဲ ကျွန်တော်ပေးမယ် ဖြစ်မလား"

"သေချာရဲ့လား ကောင်းဝေယံ"

"စိတ်ချဗျာ ညနေ အမီရစေရမယ်"

ကောင်းဝေယံ ရဲရဲကြီး ကတိပေးလိုက်သည်၊ ခေါင်းထဲမှာတော့ ဉာဏ်နီဉာဏ်နက်တွေ ရှာဖွေရင်း ရှုပ်ထွေးသွားတာအမှန်။

ဒါပေမဲ့လည်း အကောင်းဆုံး အခွင့်အရေးတစ်ခုကို သူ လက်လွှတ်လို့မဖြစ်ပါ။

တစ်ပတ်အတွင်း ငွေသိန်းတစ်ရာနီးပါး ရရှိခံစားရမည့် အခွင့်အရေးအတွက် တစ်ခုတော့ ရင်းရမည်မဟုတ်လား။

■ ■ ■

www.burmeseclassic.com

## အခန်း (၃၂)

ပြင်ဦးလွင်ရှိ ဗိမ်ခံအိမ်ကြီးမှာ သူ ရောက်နေတာ တစ်ပတ် တင်းတင်းပြည့်မြောက်သည့်နေ့မှာပဲ ဇေနိုင်ဆီက ဖုန်းသတင်းက ဝင်လာသည်။

"ဆရာ အားလုံး ဆရာဖြစ်စေချင်တဲ့အတိုင်း ဖြစ်သွားပြီ"

"မင်္ဂလာရှိတဲ့သတင်းပဲ ဇေနိုင်၊ အခု ကောင်းဝေယံ ဘယ်မှာလဲ"

"သူ အချုပ်ထဲရောက်နေပြီ ဘော့စ်၊ ကျွန်တော့်ကို ကားဆယ်စီးအတွက် ပေးရမယ့် စရံငွေ သိန်းနှစ်ရာကို သူ လာပေးတယ်၊ ဒါပေမဲ့ တစ်ပတ်အတွင်း ကျန်တဲ့ငွေ မပေးနိုင်တော့ သူ စရံဆုံးသွားတယ်"

"ငါသိချင်တာ ဒီကောင် အဲဒီငွေကို ဘယ်လိုနည်းနဲ့ ရှာလိုက်တာလဲ ဇေနိုင်"

"သူ့ကို ရောင်းဖို့အပ်ထားတဲ့ သူများကားကို ပေါင်နှံပြီး ငွေ





ရှာခဲ့တာတဲ့ ဆရာ၊ အခု ကားပိုင်ရှင်က လိမ်လည်မှုနဲ့ တရားစွဲထားလို့ ထောင်ထဲရောက်နေတာ"

"အိုကေ ဇေနိုင်၊ အခုလောက်ဆို ဒီကောင် စိတ်ဒုက္ခရောက်နေပြီပေါ့၊ မင်း အောင်မြင်အောင် စီမံပေးတာ ကျေးဇူးတင်တယ်"

"ရပါတယ် ဆရာ၊ ဆရာ ရန်ကုန်ဘယ်တော့ ပြန်လာမှာလဲ ခင်ဗျ"

"ငါ ပြန်ဖြစ်မှာ မဟုတ်သေးဘူး ဇေနိုင်၊ ငါ ရှင်းရမယ့် ကိစ္စ တစ်ခုရှိသေးတယ်၊ အဲဒီကိစ္စပြီးပြတ်အောင် ငါ ရှင်းရဦးမယ်"

"ဟုတ်ကဲ့ ဆရာ၊ ဒါဆို ကျွန်တော် ဖုန်းချလိုက်တော့မယ်"

ဇေနိုင် ဖုန်းချသွားတော့ သူ အားရကျေနပ်စွာ ပြုံးရင်း ဒရင်ဘက်မှာ ထိုင်ချလိုက်သည်။

ကောင်းဝေယံ တစ်ယောက်တော့ လောဘရမ္မက်တွေနှင့် သူ ဆင်ထားသော အကွက်ထဲ တန်းတန်းမတ်မတ် တိုးဝင်လာခြင်း ဖြစ်၏။

ဇေနိုင်နှင့်သူ အကွက်ချ စီစဉ်ထားသော ထောင်ချောက်ထဲမှာ ကောင်းဝေယံ ပိတ်မိသွားခဲ့ပြီ။

အခုလောက်ဆိုလျှင် ကောင်းဝေယံ သူ့လုပ်ရပ်အတွက် တနုံ့နုံ့ နာကျင်ခံစားနေခဲ့ပြီလား။ တစ်ချိန်တုန်းက သူ့ကို အနိုင်ကျင့်ယုတ်မာခဲ့တာတွေအတွက် ဝဋ်လည်ပြီဆိုတာ ကောင်းဝေယံ သိစေချင်သည်။

ကိုယ်ပြုသည့်အမှုအတွက် ကိုယ် ခံယူလိုက်စမ်းပါ ကောင်းဝေယံ။

ကောင်းဝေယံအတွက် သူ ပေးဆပ်ပြီးခဲ့ပြီ။ ကျန်နေတာက



www.burmeseclassic.com

www.burmeseclassic.com



အေသင်ချို။

နိုင်ငံရဲရင့်ရဲ့ဘဝတစ်ခုလုံးနှင့်ပေးကာ ဒီလိုပြည့်စုံသော ဘဝကြီးကို ပိုင်ဆိုင်ရယူခဲ့ရသည်။

အခုလည်း အေသင်ချိုကို သူ တစ်သက်လုံး အနိုင်ယူနိုင်ဖို့ ဆုံးဖြတ်ထား၏။ ထိုရည်ရွယ်ချက်ကို သူ အကောင်အထည်ဖော်ရမည်။

ဒရင်းဘတ်နံ့ဘေးက ဟန်းဖုန်းလေးကို သူ ကောက်ယူလိုက်သည်။ အာရုံထဲမှာ မှတ်မိနေသော နံပါတ်လေးတွေကို ဖိနှိပ်လိုက်သည်။

"ဟဲလို"

"အေသင်လား ကိုယ် နိုင်ငံရဲရင့်ပါ"

"ဟင် ကိုရဲရင့် ကိုရဲရင့်လား၊ အေသင် ကိုရဲရင့်ကို တွေ့ချင်နေတာ"

အေသင်ချိုအသံတွေက တုန်တုန်ယင်ယင် ဖြစ်နေသည်၊ ကောင်းဝေယံနှင့်ပတ်သက်သည့် ပြဿနာတွေကြောင့် အေသင် ခေါင်းတွေပူနေတာပဲဖြစ်မည်။

"ကိုယ်လည်း မင်းနဲ့တွေ့ချင်နေတယ် အေသင်"

"ကို ကိုရဲရင့် အခုဘယ်မှာလဲဟင်၊ အိမ်မှာ ပြဿနာတွေတက်နေတယ် သိလား၊ ကိုကြီး အချုပ်ထဲရောက်နေတယ်"

"ကိုယ် သတင်းကြားတယ် အေသင်၊ မင်းအစ်ကိုက ကလိန်ကကျစ်ပဲလေ၊ သူလုပ်တဲ့အလုပ်နဲ့ပတ်သက်ပြီး သူခံရတာ သနားစရာမလိုပါဘူး"

"ဟင်"





"ကဲပါ အဲဒီကိစ္စတွေ ထားလိုက်ပါ၊ ကိုယ်ပြောချင်တာ အေသင်နဲ့ကိုယ့်ကိစ္စ ကိုယ် မင်းကို လက်ထပ်မယ် အေသင်"

"ရှင်"

သူ့စကားကြောင့် အေသင် အံ့ဩသွားမှာ သူ ကြိုတင်တွေးထားပြီးဖြစ်သည်။

"ကို ကိုရဲရင့် ဘာကယ်ပြောတာလားဟင်"

"ဒါ လိမ်ညာစရာမှ မဟုတ်တာပဲ အေသင်ရယ်၊ မင်းကို ကိုယ် လက်ထပ်မယ်၊ မနက်ဖြန်လေးမှာ ခမ်းခမ်းနားနား လက်ထပ်ဖို့ ကိုယ် စီစဉ်ထားပြီးပြီ"

"ကို ကိုရဲရင့် အေသင် အိပ်မက် မက်နေတာ မဟုတ်ပါဘူးနော် နော်"

ဝမ်းသာစိတ်နှင့် တုန်ခါနေသော အေသင်ချို အသံတွေကြားတော့ သူ မဲ့ပြုံးပြုံးမိသည်။

အေသင်ချို ဘယ်လိုရည်ရွယ်ချက်နှင့် သူ့အနားရောက်အောင် တိုးဝင်လာသလဲဆိုတာ သူ သိသည်။ နိုင်ငံရဲရင့်ဆိုသောကောင်ရဲ့ ပိုင်ဆိုင်မှုတွေကို မက်မောစိတ်နှင့် ချဉ်းကပ်လာတာဖြစ်သည်။

သူ လိုချင်တာလည်း ဒီလိုအခြေအနေပဲ ဖြစ်သည်။

"အေသင် မနက်လေးက ကိုယ်ပိုင်တဲ့ခြံကြီးထဲမှာ မင်းနဲ့ကိုယ် မနက်ဖြန်မှာ လက်ထပ်ကြမယ်"

"မ မနက်ဖြန်"

"ဟုတ်တယ် အမြန်ဆုံး လက်ထပ်ချင်တာ၊ မင်းကိုအနိုင်



www.burmeseclassic.com

www.burmeseclassic.com



လာခေါ်တာနဲ့ မင်း လိုက်ခဲ့လိုက်ပါ''

''ဝမ်း ဝမ်းသာလိုက်တာ ကိုရဲရင့်ရယ်၊ အေသင်လေ အရမ်း ပျော်နေတယ် သိလား''

''မင်း အမြဲတမ်း ပျော်ရမှာပါ အေသင်၊ ကဲ ဇေနိုင်လာခေါ်ရင် မင်း အဆင်သင့်ပြင်ထားတော့ အေသင် ဆီးယူ''

သူ့ ဖုန်းချအပြီးမှာတော့ ချုပ်ထိန်းထားသမျှကို ဖောက်ခွဲဟားတိုက် ရယ်လိုက်မိသည်။

''ဟား ဟား ဟား''

မင်း အရမ်းပျော်နေသလား အေသင်ချို။ စိတ်ချ မင်းလိုချင်တဲ့ အပျော်တွေ ဘယ်တော့မှ ရနိုင်မှာမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ မင်းကို လက်ထပ်ယူမှာ မင်းဘဝကို နှိပ်စက်ညှင်းပန်းချင်လို့ပဲ။

မင်းကိုတစ်သက်လုံး နောင်တရအောင် နိုင်ငံရဲရင့်ဆိုတဲ့ကောင်က ရက်စက်ပြမှာ စောင့်ကြည့်ထားလိုက်စမ်း အေသင်ချို။

ငါ့ကိုလက်ထပ်လိုက်တဲ့အတွက် မင်းနောင်တရစေရမယ်၊ အဲဒီ နောင်တတွေနဲ့ပဲ မင်းဘဝ နစ်မွန်းအဆုံးသတ်သွားရမယ်။

ဒါ ငါ့ရည်ရွယ်ချက်ပဲ။

ကောင်းဝေယံ ပြီးရင် မင်းအလှည့်ပဲပေါ့ အေသင်ချို။

တစ်ချိန်တုန်းက မင်းကိုစော်ကား ယုတ်မာခဲ့သူအဖြစ် ကိုယ့်ကို မင်းမာယာတွေနဲ့ လှည့်စားခဲ့တယ်။

ဒီတစ်ခါတော့ တကယ် ယုတ်မာရက်စက်ပြမှာ စောင့်ကြည့် လိုက်။



နိုင်ငံရဲရင့် ဆိုတဲ့ကောင်ဟာ မင်းတစ်ဘဝလုံး တစ်သက်လုံး မှာ လူယုတ်မာတစ်ယောက် ဖြစ်နေစေရမယ်။

အတုံ့အလှည့် တစ်ခုကိုတော့ မင်း ပေးဆပ်ရမယ် အေသင်ချို။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

အလင်္ကာ မယုံနိုင်ပါ။ ကိုကိုက မမအေးသင်ကို လက်ထပ်မည်တဲ့လား။

"သူက ငါ့ကို မြန်မြန်ဆန်ဆန် လက်ထပ်ချင်တာတဲ့ အလင်္ကာရဲ့ မန္တလေးမှာ မင်္ဂလာပွဲကို စီစဉ်ထားတယ်တဲ့"

မမအေးသင် အရမ်းပျော်ရွှင်နေတာကို အလင်္ကာ မြင်တွေ့နေရသည်။

ဒါပေမဲ့ ကိုကို့ရည်ရွယ်ချက်တွေကို အလင်္ကာ သိနေသလို ရှိသည်။

ကိုကြီးကို ကိုကို အချုပ်ထဲပို့ခဲ့သည်။ မမအေးသင်ကို လက်ထပ်မည်ဆိုတာကကော ဘာရည်ရွယ်ချက်လဲ။

သေချာသည်က ကိုကို့ရဲ့လက်စားချေမှုတစ်ခုပဲ ဖြစ်မည်။ ကိုကို့ဘဝမှာ မမနှင့်ကိုကြီးတို့ကြောင့် ဒဏ်ရာအနာတရတွေ ရရှိပိုင်ဆိုင်ခဲ့ရသည်။





ဒါတွေအတွက် ကိုကို ဒီအခြေအနေတွေကို ဖန်တီးနေတာဖြစ်မည်။

"အလင်္ကာ တို့ညီအစ်မ ဘဝက အရမ်းကံကောင်းတယ်နော်၊ အခုဆို နင်ကလည်း မိုးထက်ဇော်နဲ့ လက်ထပ်ရတော့မှာ"

"အလင်္ကာမပျော်နိုင်ဘူး မမအေးသင်၊ သူ့ကိုအလင်္ကာ မချစ်ဘူး"

"အချစ်က ဘာအရေးပါလို့လဲဟယ်၊ မိုးထက်ဇော်က သိပ်ချမ်းသာတယ်၊ နင့်ဘဝတစ်သက်လုံး ကောင်းစားသွားမှာ အခုတောင် ကိုကြီးလုပ်ခဲ့တဲ့ ကိစ္စကြီးက သူ ကူညီလို့ ငါတို့ မိသားစု ဘဝမပျက်တာလေ၊ ကိုကြီးက အိမ်ကိုတော်တော်ဒုက္ခပေးတာပဲ၊ ခုဖြော့ သူ့အပြစ်နဲ့သူ ဒုက္ခရောက်ပြီလေ၊ ဒါမှမှတ်မှာ"

"ဒီလို မပြောပါနဲ့ သမီးရယ်၊ သားကြီး ဒီလိုဖြစ်နေတာ [illegible] ဘယ်လောက် ပူလောင်နေရသလဲ သိလား"

မာမီ အခန်းထဲဝင်လာရင်း ပြောသည်။ မာမီ့မျက်နှာက ကိုကြီးအတွက် သောကတွေဝေနေ၏။

"မာမီတို့ကြောင့်ခက်တာ၊ မာမီ့သား လုပ်သွားတာ [illegible] ငွေသိန်းနှစ်ရာရဖို့အတွက် မရှိမဲ့ရှိမဲ့ အိမ်ကို ပေါင်နှံတယ် [illegible] ရောင်းဖို့ပေးထားတဲ့ကားကို ပေါင်နှံတယ်"

"မှားခဲ့တာ မှားခဲ့ပေမယ့် သားသမီးအရင်းကို [illegible] ဥပေက္ခာပြုနိုင်မှာလဲကွယ်"

"ဥပေက္ခာပြုသင့် ပြုရမှာပဲ မာမီ၊ သူလုပ်ပုံက [illegible] ဒုက္ခရောက်မှာလေ၊ နေစရာ ဒီအိမ်ခြံလေးပဲရှိတာ၊ သူ [illegible]



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို မငဲ့တဲ့အလုပ်ကြီးလေ''

မမအေးသင် ပေါက်ကွဲမည်ဆိုလည်း ပေါက်ကွဲချင်စရာပဲဖြစ်သည်။ ကိုကြီးက အိမ်ဂရံကို နိုးယူပေါင်သည်။ သူတစ်ပါး ယုံကြည်အပ်နှံထားသော ကားကိုပေါင်နှံသည်။

ထိုပြဿနာတွေကြောင့် အလက်ာမှာ မာမီ့စကားကို ခေါင်းညိတ်ခဲ့ရ၏။

မိုးထက်ဇော်က အလက်ာကို လက်ထပ်ဖို့ တောင်းဆိုလာတော့ မာမီ မငြင်းနိုင်ပါ။ သူတို့ တင်တောင်းသော ငွေသိန်းတစ်ရာနှင့် အိမ်နှင့်ခြံလေးကို ပြန်ရွေးမည်၊ ကိုကြီးအမှုကိစ္စကို မာမီ ဖြေရှင်းမည်။

''သမီးငယ်ကို မာမီ တောင်းပန်ပါတယ်ကွယ်၊ မိုးထက်ဇော်လေးကို သမီး လက်ထပ်လိုက်ပါနော်''

မာမီရဲ့ သောကတွေကို အလက်ာ မကြည့်ရက်ပါ။ အားလုံးအဆင်ပြေမှုအတွက် ခေါင်းညိတ်ခဲ့ရသည်။

အလက်ာ နှလုံးသားကို အားလုံးအတွက် တစ်သက်လုံးပေးဆပ်ရတော့မည်။

''အလက်ာ နင်လည်း နင့်ဘဝကို နင်ရှင်သန်ပါ၊ ငါလည်း ကိုရဲရင့်နဲ့ ငါ့ဘဝကိုရှင်သန်မယ်၊ ကိုကြီးကိစ္စကိုတော့ ငါ ဘာမှ မကူညီနိုင်ဘူး''

''သမီး အေးသင် ဘယ်လိုပြောလိုက်တာလဲကွယ်၊ ကောင်းဝေယံဆိုတာ သမီး အစ်ကိုရင်းလေ''

''တော်စမ်းပါ မာမီရေ၊ မိသားစုကို ဒီလောက်ဒုက္ခပေးနေတာကို အစ်ကိုလို့ သတ်မှတ်ရမှာလား၊ ကိုရဲရင့်ကလည်း ဒီကိစ္စကို လက်မခံဘူး၊ ရှင်းရှင်းပဲနော်၊ သမီးတို့ဘဝကို သူ့ကြောင့် အပျက်စီးမခံနိုင်ဘူး''

မမအေးသင်က သူမဘဝအတွက် ပြည့်စုံသည့်ဘဝကိုပဲ တပ်မက်နေသည်။ ကိုကြီးအရေးကိစ္စကို ဥပေက္ခာပြုထား၏။ အခုလည်း ယတိပြတ် စကားနှင့် ရှောင်သွားခဲ့၏။

''မာမီ စိတ်ဆင်းရဲတာ အဲဒါတွေပဲ သမီးလေး၊ ကြည့်စမ်း ဥပေက္ခာပြုရက်လိုက်တာ''

မျက်ရည်တွေဝဲကာ မာမီဆိုတော့ အလက်ာ မနေနိုင်ပါ။

''မငိုပါနဲ့ မာမီရယ်၊ မာမီ စိတ်ချမ်းသာအောင် သမီး ခေါင်းညိတ်ခဲ့ပြီးပြီပဲ၊ မာမီ အဆင်ပြေအောင် နေပါနော်''

''သမီးရယ် သမီးလေးက မာမီ့အတွက် တကယ်အားကိုးရတဲ့ သမီးလေးပါပဲကွယ်''

အလက်ာကို အားကိုးတကြီး ဖက်ကာဆိုသည့် မာမီ့ကို ပြန်သိုင်းဖက်တွယ်ထားရင်း မျက်ရည်တွေကို အလက်ာ ထိန်းချုပ်ထားခဲ့ရ၏။

ဘဝမှာ အလိုချင်ဆုံးက ကိုကို့ရဲ့ချစ်ခြင်းတွေ၊ ဒါပေမဲ့ အလက်ာ ဘယ်တော့မှ ပိုင်ဆိုင်ခွင့်မရတော့ဟု နားလည်ပြီးပြီ။

အလက်ာ နှလုံးသားနှင့်ဘဝကို စတေးရမည်ဆိုလျှင်လည်း ကျေနပ်ပါသည်။

ကိုကို့ရဲ့ဒဏ်ရာတွေ ပြေစေဖို့အတွက် အလက်ာ ပေးဆပ်ရမည်ဆိုလျှင် . . . ။

■ ■ ■



ဗျူး၁၇၈ပ
ဗျူး၁၇၈ပ
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

မနက်ဖြန်ဆိုလျှင် ဒီခြံကြီးထဲမှာ သူနှင့်အေသင်ချိုတို့ မင်္ဂလာပွဲကြီး ကျင်းပမည်။

ခြံဝင်းကျယ်ကြီးထဲမှာ ညကတည်းက ပြင်ဆင်စီမံနေကြသည်။ အေသင်ချိုအတွက် ပျော်ရွှင်စရာ မင်္ဂလာပွဲကြီးပေါ့။

သူ့အတွက်လည်း ကျေနပ်စရာဖြစ်သည်။ အေသင်ချိုကို တစ်သက်လုံး အနိုင်ယူ ရက်စက်ပြဖို့အတွက် စနစ်တကျ စီမံထား၏။

တစိမ့်စိမ့် တွေးပြုံးရင်း ဝရန်တာလေးမှာရပ်ကာ ခြံထဲမှာ ပြင်ဆင်နေတာတွေကို သူ ငေးကြည့်နေမိ၏။

ထိုအခိုက်မှာပဲ ဟန်းဖုန်းလေး မြည်လာတာမို့ ဖွင့်ကြည့်တော့ ဇေနိုင်ဆီက ဖြစ်၏။

"ပြော ဇေနိုင် ဘာကိစ္စလဲ"



"ဩော် မနက်ဖြန် မနက်ပိုင်း ဆရာ့ဆီကို ကျွန်တော်နဲ့မအေသင်ချို ရောက်မယ့်အကြောင်း အကြောင်းကြားတာပါ ဆရာ"

"အေး အေး ငါလည်း အခုမန္တလေးအိမ်မှာ ရှိပါတယ်"

"ဟုတ်ကဲ့ ဆရာ၊ တစ်ခုပြောချင်လို့ပါ မနေ့က ကျွန်တော် စက်ရုံရောက်တော့ အလင်္ကာချိုနဲ့တွေ့တယ်"

အလင်္ကာ နာမည်ကြားတော့ သူ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရ၏။ ရိုးသားဖြူစင်သော အလင်္ကာ မျက်နှာလေးကို မြင်မိသည်။

"ပြောလေ ဘာထူးခြားလို့လဲ"

"တခြားမဟုတ်ပါဘူး ဆရာ၊ အလင်္ကာချိုက ဆရာ ပြန်လာရင် အလုပ်က ထွက်ခွင့်တောင်းချင်လို့တဲ့"

"ဘာရယ် ဘာလို့ အလုပ်ကထွက်မှာလဲ"

"အလင်္ကာချိုက ဒီတစ်ပတ်ထဲမှာပဲ အိမ်ထောင်ပြုတော့မှာ ဆရာ"

"ဘာ"

သူ့ရင်ထဲမှာ မယုံနိုင်လောက်အောင် တုန်ခါသွားသည်။ အလင်္ကာမှာ ချစ်သူရည်းစားရှိသည် မကြားဖူးပါ။ အခုတော့ အလင်္ကာ အိမ်ထောင်ပြုတော့မည်တဲ့။

"နေပါဦး ဘယ်သူလဲ၊ ဘယ်ကကောင်နဲ့လဲ"

"သူ ပထမလုပ်တဲ့ အထည်ချုပ်စက်ရုံပိုင်ရှင် သူဌေးသားနဲ့ပါ ဆရာ၊ အဲဒီချာတိတ်က အလင်္ကာ့အမေဆီမှာ တင်တောင်းတာတဲ့၊ ကြည့်ရတာ သူ့အစ်ကို ကောင်းဝေယံ ပြဿနာတွေကြောင့်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်၊ ဒီကောင်က အိမ်ဂရုံပါ ယူပေါင်လိုက်တာတဲ့''

သူ မျက်မှောင်ကြီးကုပ်သွားရ၏။ ကောင်းဝေယံက ဒီလိုလုပ်သွားသည်လား။ ဒါ့အတွက် အလင်္ကာက မိခင်ဖြစ်သူဆန္ဒကို ခေါင်းညိတ်ခဲ့တာပဲဖြစ်မည်။

''ဆရာ ဘာမှာစရာရှိသေးလဲ''

''ဟင် မရှိဘူး ရပြီ ဒါပဲ''

ရင်ထဲမှာ တစ်ခုခုကို ဆုံးရှုံးလိုက်ရသလို သူ့ရင်တွေ ပူလောင်လစ်ဟာသွားခဲ့၏။

အလင်္ကာ မျက်နှာလေးကို ပြေးမြင်မိသည်။ ဖြူစင်သော မျက်နှာလေးနှင့် အပြစ်ကင်းစင်သော မျက်ဝန်းလေးတွေ အရိပ်ထင်လာ၏။

သူနှင့်ဆုံတိုင်း ကြည်လင်နေသော မျက်နှာလေးက သူ့စိတ်ကို ငြိမ်းချမ်းစေစမြဲဖြစ်သည်။

သူ့လက်ထဲက ဖုန်းကို ထုတ်ကာ အလင်္ကာဆီ လှမ်းဆက်သွယ်လိုက်မိသည်။

ဖုန်းခေါ်နေပေမယ့် ချက်ချင်းကိုင်မည့်သူ မရှိ။ အလင်္ကာ အိပ်ပျော်နေသည်လား။

''ဟဲလို အလင်္ကာပါ''

''အလင်္ကာ ကိုကိုပါ''

''ကိုကိုလား အလင်္ကာကို ဘာမှာစရာရှိလို့လဲ ကိုကို''

မကြားဖြစ်တာ ကြာပြီဖြစ်သော အလင်္ကာအသံလေးက ချိုလွင်





နေသည်။ ဒါပေမဲ့ သူ့ရင်ထဲမှာတော့ မချိုမြိန်နိုင်ပါ။

''အလင်္ကာ မင်း လက်ထပ်တော့မယ်ဆို''

''ဟုတ်ကဲ့ ကိုကို''

အလင်္ကာ အဖြေက ရင်ထဲကို စူးစူးနစ်နစ် ထိရှသည်။

''နေပါဦး အလင်္ကာ မင်း ဘာလို့ အလောတကြီး လုပ်လိုက်တာလဲ၊ ဒါ မင်းဆန္ဒပဲလား''

တစ်ဖက်က အလင်္ကာ အသံတွေ တိတ်ဆိတ်နေသည်။ သူ စိတ်မရှည်နိုင်စွာနှင့်

''အလင်္ကာ ကိုကို မေးတာ ဖြေလေ၊ မင်းဆန္ဒနဲ့ ရွေးချယ်လိုက်တာလား''

''ကိုကိုရယ် မာမီ့သောကတွေကို အလင်္ကာ မမြင်ရက်ဘူး''

''ဟာကွာ ဒီအတွက် မင်းဘဝကို ရင်းရသလား''

''မိသားစုအတွက် အလင်္ကာ ပေးဆပ်ရမှာပေါ့ ကိုကို၊ ကိုကို့ကိုလည်း အလင်္ကာ စိတ်ချမ်းသာစေချင်တယ်''

''ဘယ် ဘယ်လို''

''ကိုကို ဘာတွေဖြစ်ချင်တယ်ဆိုတာ အလင်္ကာ သိတယ် ကိုကို၊ ကိုကို့ရင်ထဲက ခံစားချက်တွေကို အလင်္ကာ မြင်သိနေတယ်၊ ကိုကို စိတ်ချမ်းသာစေချင်ပါတယ်''

အလင်္ကာက အားလုံးသိနေသည်တဲ့လား။ သူ့ရင်ဘတ်ထဲက ဒဏ်ရာတွေကို အလင်္ကာ မြင်နေသည်တဲ့လား။

သူ နာကျည်းလက်စားချေချင်တာ ကောင်းဝေယံနှင့် အဒသင်



www.burmeseclassic.com

ချိုပဲ ဖြစ်သည်။ အလင်္ကာကို မရည်ရွယ်ခဲ့။

"အလင်္ကာ"

"ပြောပါ ကိုကို"

"ကိုကို တစ်ခုတောင်းဆိုချင်တယ် ကိုကို ရန်ကုန်ပြန်မလာမချင်း အလင်္ကာ အလုပ်က မထွက်ဘဲ နေ့စဉ် ဆင်းပေးပါ"

"စိတ်ချပါ ကိုကို၊ ကိုကိုဖြစ်စေချင်တာ အားလုံး အလင်္ကာ နာခံပေးမှာပါ၊ ဒါပဲနော် ကိုကို"

ရှိုက်သံတိမ့်တိမ့်လေးနှင့် အလင်္ကာ ဖုန်းချသွားခဲ့သည်။ သူ့ရင်ထဲမှာ ရှုပ်ထွေးနောက်ကျိနေသော ခံစားချက်တွေ ပြေလျော့သွားခဲ့သည်။

အလင်္ကာ နှလုံးသားလေးကို ဒဏ်ရာတွေ မရစေချင်သလို သူ့နှလုံးသားက တောင့်တမှုကိုလည်း သူ ဥပေက္ခာပြုမပစ်နိုင်ပါ။

နှလုံးသားလေးက နုနယ်သည်။ ခံစားတတ်သည်။ အမုန်းတရားရဲ့ပူလောင်မှုတွေကို အလိုမရှိပါ။

ငြိမ်းချမ်းနွေးထွေးသော မေတ္တာတစ်ခုအတွက် ...။

■ ■ ■



## အခန်း (၃၅)

"ကျွီ"

"အလင်္ကာ"

"ဟင် ကိုကို"

နံဘေးကို ထိုးရပ်လာသော ကားလေးထဲမှာ ကိုကို့မျက်နှာကို မြင်လိုက်ရတာ အိပ်မက်တစ်ခုလားဟုတောင် မယုံမရဲ ဖြစ်နေ၏။

အလင်္ကာ မင်သက်နေတုန်း ကိုကို ကားတံခါးဖွင့်ဆင်းလာကာ အလင်္ကာကို ပြုံးပြုံးလေး ကြည့်၏။

"ကျေးဇူးတင်တယ် အလင်္ကာ"

"ရှင် ဘာကိုလဲ ကိုကို"

"ပြော် ကိုကို့စကားအတိုင်း အလုပ်ဆင်းပေးလို့ပါ၊ ကဲ့ညာနဲ့ခထာလေးလိုက်ခဲ့"

ကိုကို တံခါးဖွင့်ပေးကာ ပြောတော့ ဘယ်တုန်းကမှ ကိုကို့ရဲ့ ဆန္ဒကို မငြင်းတတ်ခဲ့သော အလက်ာ ခေါင်းလေးညိတ် ကားထဲဝင်ပြီး ဖြစ်နေ၏။

ကိုကို ဘယ်ကိုမောင်းနေတာလဲမသိ။ မမြင်ရတာ ကြာသော ကိုကို့မျက်နှာလေးကို အလက်ာ ငေးကြည့်နေမိ၏။

မနေ့ညက မန္တလေးမှ ဖုန်းဆက်သော ကိုကို ဒီမနက် ရန်ကုန် ရောက်နေတာ အလက်ာ အံ့ဩမဆုံးပါ။

"ကိုကို တစ်ညလုံး မန္တလေးက ကားမောင်းလာတာ"

"ဟင်"

"ဟုတ်တယ် အလက်ာနဲ့ဖုန်းဆက်ပြီးကတည်းက ရန်ကုန်ထွက်လာခဲ့တာ"

ဒီနေ့မန္တလေးမှာ မမအေးသင်နှင့် မင်္ဂလာဆောင်မည့် ကိုကို ဘာကြောင့် ထွက်လာရတာလဲ အလက်ာ နားမလည်နိုင်ပါ။

"ဟို ကိုကိုနဲ့မမအေးသင်"

"နောက်ထပ် အမှားကြီးတစ်ခု ကိုကို မကျူးလွန်တော့ဘူး အလက်ာ ကိုကို အဲဒီကိစ္စ ဖျက်သိမ်းလိုက်ပြီ"

"ရှင်"

"ဟုတ်တယ် ကိုကို အေးသင်ချို့ကိုချစ်လို့မဟုတ်ဘူး၊ ဘာကြောင့်ဆိုတာ အလက်ာ သိပါတယ်"

အလက်ာ ပင့်သက်လေးရှိုက် ခေါင်းလေးညိတ်မိသည်။ ကိုကိုက ကားကို လမ်းဘေးမှာထိုးရပ်လိုက်သည်၊ ပြီးတော့ အလက်ာဘက် ဦးလှည့်ကြည့်ရင်း





"ကိုကို လက်ထပ်ချင်တာ အလက်ာလေးပဲ"

"ရှင်"

"ဟုတ်တယ် အလက်ာကို ဆုံးရှုံးရတော့မယ်ဆိုတာ သိလိုက်ရချိန်မှာ ကိုကို အရမ်းတုန်လှုပ်သွားတယ်၊ နာကျည်းချက်တွေနဲ့ ကိုကို့ အမုန်းမီးတွေ ဘယ်လောက်ပဲ မွှေးနေပါစေ အလက်ာနဲ့ဆုံတိုင်း ကိုကို့ နှလုံးသားက အေးချမ်းနေခဲ့တယ်၊ အဲဒါ ဘာလို့လဲ သိလား"

အလက်ာ နှုတ်ဆိတ်နေမိဆဲ ကိုကို အပြုံးတွေ ကြည်လင်တောက်ပလျက်. . . ။

"အလက်ာကို ကိုကို ချစ်လို့ ကိုကို့နှလုံးသားက အလက်ာကိုပဲ တောင့်တနေလို့ပေါ့ကွာ"

"ကိုကိုရယ် အလက်ာက မကြာခင် လက်ထပ်"

"အဲဒါကြောင့် ကိုကို အပြေးရောက်လာတာပေါ့ ကလေးရယ်၊ အလက်ာကို ဆုံးရှုံးရင် ကိုကို တစ်သက်လုံး ခံစားရမှာ သေချာတယ်"

သူ အလက်ာ ပခုံးလေးကို ဆုပ်ကိုင်ရင်း မျက်နက်ဝန်းလေးတွေထဲ စူးစိုက်ကြည့်မိ၏။

အလက်ာ မျက်ဝန်းတွေထဲမှာလည်း နူးညံ့သော ချစ်ခြင်းရဲ့ အရိပ်တွေလွှမ်းခြုံနေတာ သေချာ၏။

"အလက်ာ ကိုကို့ကို နားလည်ပါနော်"

"အလက်ာ အမြဲနားလည်ခဲ့ပါတယ် ကိုကို"

"ဒါဆို ကိုကို အလက်ာကို လက်ထပ်ပါရစေ"

"ကိုကို အလက်ာမှာ"

www.burmeseclassic.com



"ဟင့်အင်း အဲဒါတွေ မတွေးနဲ့တော့၊ အားလုံးကို ကိုကို တပည့်ဖေနိုင် ရှင်းပေးလိမ့်မယ်၊ အရေးကြီးတာ ကိုကိုနဲ့အလက်ာ မဝေးရဖို့ပဲ"

"ကိုကိုရယ်"

"တစ်ညလုံး မျှော်လင့်ချက်တစ်ခုနဲ့ အလက်ာဆီ ရောက်အောင် ပြန်ခဲ့ရတာပါ၊ အလက်ာ ကိုကို့နှလုံးသားကို မခွဲလိုက်ပါနဲ့ကွာ"

မျှော်လင့်မျက်ဝန်းတွေ ကိုကို တောင်းဆိုနေချိန်မှာ အလက်ာ နှလုံးသားကလည်း ရင်ခုန်ကြည်နူးမှုတွေ တရိပ်ရိပ်တိုးနေခဲ့တာပဲဖြစ်သည်။

"ကိုကိုရယ် အလက်ာအမြဲတမ်း ကိုကို့အချစ်ကို မျှော်လင့်ခဲ့ရတာပါ၊ ကိုကိုဆန္ဒအလိုကျအတိုင်း ခေါင်းညိတ်ခဲ့ရတာပါ"

"ဟာ ဝမ်းသာလိုက်တာ ကလေးရယ်"

တင်းတင်းပွေ့ဖက်ထားသော ကိုကို့ရင်ခွင်ထဲမှာ အလက်ာ မျက်ရည်တွေ ဝဲနေသည်။

ကြည်နူးခြင်းမျက်ရည်တွေ ပျော်ရွှင်ခြင်း မျက်ရည်တွေ. . .။

အမုန်းတို့ ကင်းစင်သော ကိုကို့နှလုံးသားလေးအတွက် အေးမြငြိမ်းချမ်းသော ရေစင်အေးနှင့် အလက်ာ အေးချမ်းစေချင်ပါသည်။

ပရိသတ်အတွက်
အမြဲတမ်း
သျှိုး

www.burmeseclassic.com